International Finance Corporation
WORLD BANK GROUP

*Creating Markets, Creating Opportunities*

# အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏ လမ်းညွှန်ချက်မှတ်စု ၆ - ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် သက်ရှိသဘာဝ သယံဇာတ ရင်းမြစ်များကို ရေရှည်တည်တံ့စေသော စီမံခန့်ခွဲမှု

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ပြန်လည်တည်းဖြတ်ပြင်ဆင်သည်)

Plase find English version online at

https://www.ifc.org/wps/wcm/connect/5e0f3c0c-0aa4-4290-a0f8-4490b61de245/GN6_English_June-27-2019.pdf?MOD=AJPERES&CVID=mRQjZva

## အသိပေးငြင်းဆိုမှု

အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၏ ဤလမ်းညွှန်ချက်မှတ်စုအပါအဝင် အလေ့အကျင့်ကောင်းများ လက်စွဲစာအုပ်အတွဲများ ထုတ်ဝေခြင်း၏ ရည်ရွယ်ချက်မှာ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာပြဿနာများ ကိုင်တွယ်ဖြေရှင်းရန် ပုဂ္ဂလိကကဏ္ဍ၏ ချဉ်းကပ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အလေ့အကျင့်ကောင်းတစ်ခု သို့မဟုတ် ယင်းတို့၏ အင်္ဂါရပ်များရှိကြောင်း သက်သေပြထားသည်ဟု IFC မှ ယုံကြည်သည့် သတင်းအချက်အလက်များကို မျှဝေရန် ဖြစ်ပါသည်။ အဆိုပါ ပုဂ္ဂလိကကဏ္ဍ ချဉ်းကပ်ပုံများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို အများပြည်သူ အလွယ်တကူ ရယူနိုင်သော သတင်းရင်းမြစ်များ သို့မဟုတ် အခြားသော တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ သတင်း ရင်းမြစ်များမှ ထုတ်ယူထားခြင်းဖြစ်နိုင်သည်။ IFC နှင့်(သို့မဟုတ်) ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများသည် အချို့သော ကုမ္ပဏီများတွင် ငွေကြေးဆိုင်ရာ အကျိုးခံစားခွင့်များ သို့မဟုတ် အခြားသော စီးပွားရေးဆိုင်ရာ ဆက်ဆံရေးများ ရှိနေနိုင်သည်။ IFC သည် ဖော်ပြထားသော သတင်းအချက်အလက်များ၏ ခိုင်မာတိကျမှုအပေါ် ယုံကြည်မှုရှိသော်လည်း ထိုသတင်းအချက်အလက်များအပေါ် အာမခံခြင်း သို့မဟုတ် မည်သည့် ကိုယ်စားပြုမှုတစ်ခုမျှ မပြုလုပ်ဘဲ၊ သတင်းအချက်အလက်များကို အာမမခံဘဲ ပေးထားသော လက်ရှိအခြေခံနည်းလမ်း အတိုင်းသာ တိတိကျကျ ဆောင်ရွက် ပါသည်။ IFC သည် ဤလမ်းညွှန်ချက်မှတ်စု၏ အမှားအယွင်းများ၊ ဖယ်ချန်မှုများ သို့မဟုတ် နားလည်မှု လွဲစေသော ဖော်ပြချက်များ သို့မဟုတ် ဤလမ်းညွှန်ချက်မှတ်စုပါ အကြောင်းအရာများကို ယုံကြည်အားကိုးသုံးစွဲရာမှ ပေါ်ပေါက် လာနိုင်သော မည်သည့် ဆုံးရှုံးမှု၊ ကုန်ကျမှု၊ ပျက်စီးမှု သို့မဟုတ် တာဝန်ရှိမှု အတွက်မဆို တာဝန်ယူမည်မဟုတ်ပါ။ ဤစာရွက်စာတမ်း၏ အချို့အစိတ်အပိုင်းများသည် ပြင်ပအင်တာနက်လိပ်စာများနှင့် ချိတ်ဆက်နေနိုင်သလို အခြားသောပြင်ပအင်တာနက် ဝဘ်ဆိုက်များကလည်း ဤစာတမ်းကို လာရောက် ချိတ်ဆက်နေနိုင်သည်။ IFC သည် ပြင်ပမှရည်ညွှန်းကိုးကားထားသော အကြောင်းအရာများ အတွက် တာဝန်မရှိပါ။ ဤစာရွက်စာတမ်းပါ အချက်အလက် များနှင့် သဘောထားအမြင်များသည် ဥပဒေရေးရာ သို့မဟုတ် အခြားသော ပညာရပ်ဆိုင်ရာအကြံဉာဏ်များအား ဖွဲ့စည်းထည့်သွင်းရန် ရည်ရွယ်ခြင်းမဟုတ်သည့်အပြင် သက်ဆိုင်ရာအခြေအနေများနှင့် ဆက်စပ်၍ အထူးအကြံဉာဏ်များ ပေးရန် ယုံကြည်အားကိုးခြင်း မပြုသင့်သလို အစားထိုးစရာတစ်ခုအဖြစ်လည်း အသုံးမပြုသင့်ပါ။ IFC သည် ယင်း၏ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုများတွင် ဤလမ်းညွှန်ချက်မှတ်စု၌ ဖော်ပြထားသော အလေ့အကျင့်အားလုံး သို့မဟုတ် တစ်ခုခုကို မဖြစ်မနေ အသုံးပြုရန် မလိုအပ်နိုင်သလို ကုမ္ပဏီများ သို့မဟုတ် စီမံကိန်းများကို ချေးငွေထုတ်ပေးရန် သို့မဟုတ် ကူညီရန်ကိစ္စတွင်လည်း ယင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ဖြင့် ဤအလေ့အကျင့်များကို လိုက်နာစေရန် သဘောမတူဘဲ နေနိုင်သည်။ IFC သည် ထိုအလေ့အကျင့်များ သို့မဟုတ် အဆိုပြုအလေ့အကျင့်များကို စီမံကိန်း၏ သက်ဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ဖြစ်ရပ်တစ်ခုချင်း အလိုက်သာ အကဲဖြတ်သုံးသပ်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏ လမ်းညွှန်ချက်မှတ်စု ၆ - ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် သက်ရှိသဘာဝသယံဇာတ ရင်းမြစ်များ ကို ရေရှည်တည်တံ့သော စီမံခန့်ခွဲမှု

လမ်းညွှန်ချက်မှတ်စု ၆ သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ နှင့်သက်ဆိုင်ပါသည်။ လုပ်ဆောင်မှုစံသတ်မှတ်ချက် (၁-၅) အထိနှင့်(ရ-၈)တို့အပြင် ထပ်မံသိလိုသော သတင်းအချက်အလက်များအတွက် ယင်းတို့နှင့် ဆက်စပ်သည့်လမ်းညွှန်ချက်မှတ်စုများကို ကိုးကားရန်ဖြစ်ပါသည်။

## မိတ်ဆက်

***၁။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဂေဟစနစ်၏ ဝန်ဆောင်မှုများကို ထိန်းသိမ်းခြင်း၊ သက်ရှိ သဘာဝရင်းမြစ်များကို ရေရှည်တည်တံ့အောင် စီမံခန့်ခွဲခြင်း စသည်တို့သည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည်ဟု လုပ်ဆောင်မှုစံသတ်မှတ်ချက်၆က လက်ခံ သတ်မှတ်ထားသည်။ ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်တွင် ပါဝင်သည့် လိုက်နာရန်လိုအပ်ချက်များကို ဇီဝမျိုးစုံကွဲများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် ၏လမ်းညွှန်ချက်များနှင့်အညီ ရေးသားထားသည်။ ဇီဝမျိုးစုံကွဲများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်တွင် ဇီဝမျိုးစုံမျိုးကွဲကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ "ကုန်းမြေ၊ ပင်လယ်၊ အခြားနေရာများ၊ အခြား ရေနှင့် ဆက်စပ်သောနေရာ စသည်တို့ရှိ ဂေဟစနစ်များ အပါအဝင် အားလုံးသော အရင်းအမြစ်များတွင်ရှိသည့် သက်ရှိများအကြား ပြောင်းလဲဖြစ်ပွားနေခြင်းဖြစ်ပြီး၊ ယင်းဇီဝမျိုးကွဲသည် ဂေဟဆိုင်ရာ စုပေါင်းတည်ရှိမှုအစု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ကာ ဇီဝမျိုးကွဲတွင် မျိုးစိတ်များအတွင်း၊ မျိုးစိတ်များအကြား ကွဲပြားခြားနားခြင်းနှင့် ဂေဟစနစ်များ ကွဲပြားခြားနားခြင်း စသည်တို့ လည်း အကြုံးဝင်ပါသည်။"***

***၂။ ဂေဟစနစ်ဝန်ဆောင်မှုများ**(Ecosystem Services)* ***သည် လူသားများအတွက် ကောင်းကျိုးပေးသလို စီးပွားရေးလုပ်ငန်းများအတွက်လည်း အကျိုးဖြစ်ထွန်း စေသည်။ ဂေဟစနစ်ဝန်ဆောင်မှုများတွင် အမျိုးအစား ၄ မျိုးပါဝင်သည်၊ (၁) ထောက်ပံ့ပေးမှုများ**( Provisioning services)* ***- ယင်းတွင် ဂေဟ စနစ်မှ လူအများရရှိနေသောအရာများ၊ (၂) ထိန်းညှိပေးသော ဝန်ဆောင်မှုများ**(Regulating services)* ***- ဂေဟစနစ်ဖြစ်စဉ်တို့ ထိန်းညှိလုပ်ဆောင်ကြခြင်းအားဖြင့် လူအများကို အကျိုးပေးနေခြင်းများ၊ (၃) ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်ပေးမှုများ**(Cultural services)* ***- ဂေဟစနစ်မှ ရုပ်ဝတ္ထုမဟုတ်သော အကျိုးကျေးဇူးများကို လူအများခံစားရခြင်း၊ (၄) ထောက်ကူပေးသည့် ဝန်ဆောင်မှုများ**[၁] (Supporting Services)* ***- အခြား ထောက်ပံ့ဝန်ဆောင်မှုများကို ထိန်းသိမ်းပေးသည့် သဘာဝဖြစ်စဉ်များ။***

***၃။ လူသားတို့ တန်ဖိုးထားကြသည့် ဂေဟစနစ်ဝန်ဆောင်မှုများကို အများအားဖြင့် ဇီဝမျိုးစုံမျိုးကွဲများမှ အထောက်အကူပြု ပံ့ပိုးထားပါသည်။ ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲတို့အပေါ် ထိခိုက်သက်ရောက်မှုများသည် ဂေဟစနစ်မှပေးနေသည့် ဝန်ဆောင်မှုများကို ဆိုးဝါးစွာ ထိခိုက်စေသည်။ ယခု လုပ်ဆောင်မှု***

***စံသတ်မှတ်ချက်သည် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ(clients) အနေဖြင့် စီမံကိန်းကာလတလျှောက်လုံး ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ရေရှည်တည်တံ့အောင် မည်သို့ စီမံခန့်ခွဲနိုင်သည်များ၊ ထိခိုက် သက်ရောက်မှုများရှိလာလျှင်လည်း လျော့နည်းသွားအောင် မည်သို့ လုပ်ဆောင်နိုင်ပုံများကို ရှင်းပြထားသည်။***

---

[၁]ဥပမာများမှာ - (၁) ထောက်ပံ့ပေးမှု( provisioning) များတွင် အစားအစာ၊ ရေချို၊ သစ်၊ ဖိုင်ဘာ၊ ဘယဆေးပင်များ စသည်တို့ ပါဝင်သည်။ (၂) ထိန်းညှိပေးမှု (regulating) များတွင် မြေပေါ်ရှိရေကို သန့်စင်ပေးခြင်း၊ ကာဗွန်ဓာတ်ကို သိမ်းဆည်းသိုလှောင်ခြင်း၊ ရာသီဥတု ထိန်းညှိပေးခြင်း၊ သဘာဝဘေးတို့မှ အကာအကွယ်ပေးခြင်း စသည်တို့ပါဝင်သည်။ (၃) ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်မှုများ( cultural services) တွင် အများပြည်သူ အထွတ်အမြတ်ထားရာနေရာများ၊ အနားယူရန်နှင့် ရှုခင်းပသာဒ အမြင်ခံစားရန် တန်ဖိုးရှိသည့်နေရာများ ပါဝင်သည့် ဧရိယာများ/နယ်မြေများ ပါဝင်သည်။ (၄) ထောက်ကူပေး (supporting) သည့် လုပ်ငန်းစဉ်တွင် မြေဆီလွှာ ဖြစ်ထွန်းခြင်း၊ အပင်နှင့် တိရိစ္ဆာန်တို့ လိုအပ်သည့် အာဟာရစက်ဝန်းလည်ပတ်ခြင်း( nutrient cycling) ၊ အခြေခံကုန်ကြမ်းများ ထုတ်လုပ်ပေးခြင်း (primary production) စသည်တို့ ပါဝင်သည်။

အပိုဒ် ၁ (GN1)။ လုပ်ဆောင်မှု စံသတ်မှတ်ချက် ၆ ပါ သတ်မှတ်ချက်များနှင့် ထိုသတ်မှတ်ချက်များ အဓိပ္ပါယ်ဖွင့်ဆိုခြင်း (ဤလမ်းညွှန်ချက်မှတ်စုတွင် ဖော်ပြထားသည်) ကို ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်(Convention on Biological Diversity - CBD)၊ ယင်း၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၁-၂၀၂၀) နှင့် ဂျပန်နိုင်ငံ Aichi ဒေသ၌ ပြုလုပ်သည့် ညီလာခံ၌ ဆုံးဖြတ်ခဲ့သော ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ပန်းတိုင်များ (Aichi Biodiversity Targets) တို့မှ လမ်းညွှန်မှုပေးထားပါသည်။[GN1] ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (CBD)၏ ဖွံ့ဖြိုးရေး အတွက် ဇီဝမျိုးစုံမျိုးကွဲများ အစီအစဉ်တွင် အလေးအနက်ထား ဖော်ပြသည့်အတိုင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုသည် ကမ္ဘာမြေကြီး၏ ဂေဟစနစ်များမှ ထောက်ပံ့နေသော အရာများ နှင့် ဝန်ဆောင်မှုများ သိသိသာသာ လျော့နည်းသွားစေနိုင်၍ စီးပွားရေးဆိုင်ရာသာယာဝပြောမှုနှင့် လူသားဘဝ ဖွံ့ဖြိုးတိုးတက်ရေးများအပေါ် သက်ရောက်မှု ရှိပေမည်။ ဤအချက်သည် အထူးသဖြင့် သဘာဝသယံဇာတအခြေခံ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အများအပြား ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အဓိကသက်ဆိုင်သည်။ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်အရ ကျင်းပသော ၁၁ ကြိမ်မြောက် ညီလာခံ၏ဆုံးဖြတ်ချက်အမှတ် XI-7၊ အပိုဒ် ၂ တွင်" စီးပွားရေး လုပ်ငန်းများမှ ၂၀၁၂ ခုနှစ်တွင် ပြန်လည်မွမ်းမံ ပြင်ဆင် ထုတ်ဝေခဲ့သော IFC လုပ်ဆောင်မှုစံသတ်မှတ်ချက်များကို ထည့်သွင်းလိုက်နာဆောင်ရွက်ရန်" အတိအကျ ဖော်ပြထားကြောင်း မှတ်သားသင့်သည်။

အပိုဒ် ၂ (GN2) ။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၂ တွင်ဖော်ပြထားသော ဂေဟစနစ် ဝန်ဆောင်မှုများဟူသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ထောင်စုနှစ်ဂေဟစနစ် ဆန်းစစ်မှု (Millennium Ecosystem Assessment)[GN2]မှ ဆင်းသက်လာခြင်းဖြစ်သည်။ ဂေဟစနစ် ဝန်ဆောင်မှုအုပ်စု ၄ မျိုး (ထောက်ပံ့ပေးခြင်း၊ ထိန်းညှိပေးခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် အထောက်အကူပြု ဝန်ဆောင်မှုများ) ကို ဤလုပ်ဆောင်မှုစံသတ်မှတ်ချက်က အသိအမှတ်ပြုထား သည်။

---

[1] GN1 "ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ်"၊ ၂၀၁၁-၂၀၂၀ မဟာဗျူဟာ စီမံချက်အတွက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ပန်းတိုင်များ၊ http://www.cbd.int/decision/cop/?id=12268

[2] GN2 ထောင်စုနှစ်ဂေဟစနစ်ဆန်းစစ်မှုဆိုင်ရာ အင်တာနက်စာမျက်နှာ၊ "Millennium Ecosystem Assessment", 2006, http://www.millenniumassessment.org

ဇီဝမျိုးစုံမျိုးကွဲများ သို့မဟုတ် ဂေဟစနစ် ဝန်ဆောင်မှုများသည် ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် အရည်အသွေးနိမ့်ကျခြင်းတို့ဖြစ်လျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလည်း ရရှိနိုင်မည်မဟုတ်ကြောင်းကို လုပ်ဆောင်မှု စံသတ်မှတ်ချက် ၆ က အသိအမှတ်ပြုထားသည်။ အဆိုပါ အကြောင်းအရာနှစ်ခု၏ တစ်ခုနှင့်တစ်ခုခွဲခြားမရအောင် ချိတ်ဆက်နေမှုကို အသိအမှတ်ပြုလျက်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်ဂေဟစနစ်ဝန်ဆောင်မှုများအတွက် IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေနှင့် မဖြစ်မနေလိုက်နာရမည့် သတ်မှတ်ချက်များကို လုပ်ဆောင်မှု စံသတ်မှတ်ချက် ၆ တွင် သီးခြားဖော်ပြပေးထားသည်။ ထိုဖော်ပြချက်သည် တစ်စိတ်တစ်ပိုင်းမျှသာ ရှိသေးသည်။ အဘယ့်ကြောင့်ဆိုသော် ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုဟူသည် ဂေဟစနစ်ကျွမ်းကျင်သူများနှင့် ကာကွယ်ထိန်းသိမ်းရေး ဇီဝဗေဒပညာရှင်များ၏ ပူးပေါင်းလုပ်ဆောင် တူညီမှုရှိသော (community of practices) ကျွမ်းကျင်မှုများနှင့် သိပ္ပံနည်းကျ ဗဟုသုတများလည်း ပါဝင်သည်။ ထို့အပြင် ဂေဟစနစ်ဝန်ဆောင်မှုအခြေအနေကို ဆန်းစစ်ခြင်း၊ ထိခိုက်မှုများလျှော့ချခြင်းနှင့် စီမံခန့်ခွဲမှု အစီအစဉ်များ ဆောင်ရွက်ရာတွင်လည်း များသောအားဖြင့် လူမှုရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့် အခြားကျွမ်းကျင်သူများ (ဥပမာ- မြေယာနှင့် သီးနှံစိုက်ပျိုးရေး ပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ ဇလဗေဒပညာရှင်များ၊ မြေပေါ် မြေအောက်ရေထု ပြန်နှံ့တည်ရှိပုံကျွမ်းကျင်သူများ၊ မြေဆီလွှာ တိုက်စားမှုထိန်းချုပ်ရေး ကျွမ်းကျင်သူများ၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုကျွမ်းကျင်သူများ) နှင့် နစ်နာဆုံးရှုံးရသည့် ရပ်ရွာလူထုများနှင့် တိုက်ရိုက်ချိတ်ဆက်ခြင်းများလည်း လိုအပ်သည်။

အပိုဒ် ၃ (GN3) ။ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများသည် သက်ရှိသဘာဝသယံဇာတရင်းမြစ်များ (living natural resources) ကို အသုံးပြု၍ လူသုံးကုန်နှင့်အစားအစာများ ထုတ်လုပ်သည့် ကဏ္ဍများဖြစ်ကြသည့် စိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးတို့နှင့် အထူးဆက်စပ်နေသည်။ အဆိုပါကဏ္ဍများစွာအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုအလေ့အကျင့်များကို နိုင်ငံတကာအသိအမှတ်ပြုစံနှုန်းများတွင် စုစည်းဖော်ပြထားသည်။ ထိုအကြောင်းများကြောင့် သက်ရှိသဘာဝသယံဇာတရင်းမြစ်များမှ လူ့အသုံးအဆောင်များအဖြစ် အစပြုထုတ်လုပ်ရာ၌ ပါဝင်ပတ်သက်နေသောကုမ္ပဏီများအတွက် ထပ်လောင်း သတ်မှတ်ချက်များကို ဖော်ပြပေးခြင်း ဖြစ်သည်။

## *ရည်မှန်းချက်များ*

- ***ဇီဝမျိုးစုံမျိုးကွဲအား အကာအကွယ်ပေးနိုင်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊***
- ***ဂေဟစနစ် ထောက်ပံ့ဝန်ဆောင်မှုများမှ ရရှိသော အကျိုးကျေးဇူးများကို ထိန်းသိမ်းရန်၊***
- ***ထိန်းသိမ်းစောင့်ရှောက်ရေးသတ်မှတ်ချက်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေး လုပ်ဆောင်ရမည့် အချက်များ ပေါင်းစပ်ထားသည့် လုပ်ထုံးလုပ်နည်းများကိုအသုံးချ၍ သက်ရှိသဘာဝသယံဇာတရင်းမြစ်များ ရေရှည်စီမံခန့်ခွဲရေးကို မြှင့်တင်ရန် ။***

## *အသုံးပြုရာနယ်ပယ်*

***၄။ ဤလုပ်ဆောင်မှုစံသတ်မှတ်ချက်အား အသုံးပြုမည့် အတိုင်းအတာကို သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုလူမှုဘဝအပေါ် သက်ရောက်လာမည့် အန္တရာယ်နှင့် ထိခိုက်သက်ရောက်မှုများကို ရှာဖွေဖော်ထုတ်သည့် လုပ်ငန်းစဉ်အတွင်း သတ်မှတ်ရမည်။ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်မှ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် လုပ်ဆောင်ရန် လိုအပ်ပြီး***

***ယင်းသို့ ကိုက်ညီမှုရှိစေရေး စီမံရာတွင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) နှင့်အညီ စီမံဆောင်ရွက်ရမည်။***

***၅။ ယင်းအန္တရာယ်နှင့် ထိခိုက်သက်ရောက်မှုများ ရှာဖွေဖော်ထုတ်သည့် လုပ်ငန်းစဉ်ကို အခြေခံလျက် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ပါ သတ်မှတ်ချက်များကို ပူးတွဲပါ စီမံကိန်းများတွင် အသုံးပြုရမည် - (၁) ပြုပြင်ပြောင်းလဲသွားသည့် နေရင်းဒေသ(*modified habitat*) ၊ သဘာဝအတိုင်း တည်ရှိသည့် နေရင်းဒေသ( *natural habitat*) ၊ အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသ (*critical habitat*) များတွင် တည်ရှိသည့်စီမံကိန်းများ ၊ (၂) IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများမှ တိုက်ရိုက် စီမံခန့်ခွဲ ထိန်းချုပ်မှု (သို့မဟုတ်) သိသိသာသာ လွှမ်းမိုးမှုရှိသည့် ဂေဟစနစ်များအပေါ် မှီခိုနေသော (သို့မဟုတ်) သက်ရောက်မှုရှိနိုင်သော စီမံကိန်းများ (၃) သက်ရှိသဘာဝသယံဇာတရင်းမြစ်များ ထုတ်လုပ်ရေး (ဥပမာ - စိုက်ပျိုးရေး၊ တိရိစ္ဆာန်မွေးမြူရေး၊ ငါးလုပ်ငန်း၊ သစ်တော လုပ်ငန်း) စီမံကိန်းစသည်တို့ဖြစ်သည်။***

အပိုဒ် ၄ (GN4)။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာအန္တရာယ်များနှင့် ထိခိုက်သက်ရောက်မှုများ ရှာဖွေဖော်ထုတ်သည့် လုပ်ငန်းစဉ်အတွင်း လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ကို အသုံးပြုရန် သတ်မှတ်ထားပြီးဖြစ်သည်။ ထိုလုပ်ငန်းစဉ်အတွက် IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူနေသူများ လိုက်နာရမည့် အထွေထွေကိစ္စများကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁၊ အပိုဒ် ၇ မှ ၁၂ နှင့် ယှဉ်တွဲကိုးကားရမည့် လမ်းညွှန်ချက်မှတ်စု ၁ ၏ အပိုဒ် ၁၅ မှ ၂၈ တွင် ဖော်ပြထားသည်။ အန္တရာယ် နှင့် ထိခိုက်သက်ရောက်မှုများကို ရှာဖွေဖော်ထုတ်သည့် လုပ်ငန်းစဉ်တွင် ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်ဝန်ဆောင်မှုများ နှင့်ဆိုင်သော ဖြစ်နိုင်ခြေပြဿနာများ၏ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းကိုလည်း ထည့်သွင်းသင့်ပါသည်။ ယင်းနယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းလုပ်ငန်းကို ကနဦး စာတွေ့လေ့လာဆန်းစစ်ခြင်းနှင့် ရနိုင်သမျှ သုတေသန စာတမ်းများ ရှာဖွေသုံးသပ်ခြင်းအပြင် ဒေသဆိုင်ရာခြုံငုံလေ့လာမှုများနှင့် ဆန်းစစ်မှုများအပေါ် သုံးသပ်ချက်တစ်ရပ်နှင့် ကမ္ဘာတစ်ဝှမ်းလုံးဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ အန္တရာယ်များနှင့် ထိခိုက်နိုင်ခြေများ စိစစ်သတ်မှတ်သည့် နည်းလမ်းများ အသုံးပြုခြင်း၊ ဥပမာ- ဇီဝမျိုးစုံမျိုးကွဲများကို ဘက်စုံဆန်းစစ်သည့်နည်းလမ်း (Integrated Biodiversity Assessment Tool - IBAT) တို့အားဖြင့် ဆောင်ရွက်နိုင်သည်။ အစောပိုင်းကာလအတွင်း ကွင်းဆင်း၍ ကနဦးလေ့လာခြင်းနှင့် ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းသည်လည်း အသုံးဝင်နိုင်သည်။ ဂေဟစနစ် ဝန်ဆောင်မှုများဆိုင်ရာ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းကို ထိခိုက်နစ်နာမှုရှိသည့် ရပ်ရွာလူထုနှင့် အကြံဉာဏ်ရယူဆွေးနွေးရာတွင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁၊ အပိုဒ် ၂၅ မှ ၃၃ တွင်ဖော်ပြထားသော စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့် ယှဉ်တွဲကိုးကားရမည့် လမ်းညွှန်ချက်မှတ်စုကို လေ့လာ၍ ဆောင်ရွက်နိုင် သည်။ (လမ်းညွှန်မှတ်စု အပိုဒ်အမှတ် ၉၁ မှ ၁၀၅)

အပိုဒ် ၅ (GN5)။ အန္တရာယ်များနှင့် ထိခိုက်သက်ရောက်မှုများကို ရှာဖွေဖော်ထုတ်သည့် လုပ်ငန်းစဉ်သည် စီမံကိန်း၏ သဘောသဘာဝ၊ အရွယ်အစားနှင့် တည်နေရာအပေါ်မူတည်၍ အမျိုးမျိုး ဖြစ်နိုင်သည်။ IFC၏ ထောက်ပံ့ဝန်ဆောင်မှု များကို ရယူထားသူများသည် စီမံကိန်း၏ လွှမ်းမိုးသက်ရောက်မှုရှိသော နေရာများ (areas of influence)တွင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ထိခိုက်သက်ရောက်နိုင်ခြေရှိသော အန္တရာယ်များနှင့် ထိခိုက်မှု

များကို ဆန်းစစ်၊ ဖော်ထုတ်၊ သတ်မှတ်ရာ၌ အနည်းဆုံးအနေဖြင့် အောက်ပါတို့ကို ထည့်စဉ်းစားသင့်သည် (၁) စီမံကိန်း လုပ်ဆောင်ချက်များနှင့် ဆက်စပ်လုပ်ငန်းများ၏ တည်နေရာနှင့် အရွယ်အစား (၂) လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပိုဒ် ၃၀ တွင် သတ်မှတ်ထားသည့်အတိုင်း ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုဖြစ်လာရေးအတွက် လိုအပ်သည့် လုပ်ငန်း ကွင်းဆက်များ (၃) အသိအမှတ်ပြုထားသော ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးများရှိသည့်နေရာများ သို့မဟုတ် ဂေဟစနစ်ဝန်ဆောင်မှုများရှိနေကြောင်း အသိအမှတ်ပြုထားသော နေရာများသည် စီမံကိန်း၏အနီးတစ်ဝိုက်တွင် ရှိ/မရှိ (၄) အသုံးပြုမည့် နည်းပညာအမျိုးအစားများ (ဥပမာ- မြေအောက် သတ္တုတွင်းလုပ်ငန်း( underground minings) နှင့် မြေပေါ် ဟင်းလင်းပွင့် သတ္တုတွင်းလုပ်ငန်းများ ( open pits)၊ တွင်းကောက်တူးဖော်ခြင်း (directional drilling) နှင့် သတ်မှတ်ထား သော နေရာတစ်ခုထဲမှ တွင်းခုံပေါင်းစုဖြင့်တူးဖော်ခြင်း(multi-wellpads) နှင့် တွင်းခုံတစ်ခုထဲဖြင့် အင်ပြည့်အားပြည့် တူးဖော်ခြင်း (density single-well pads)၊ လေဖြင့်အအေးခံသော လျှပ်သိုများ (condensers) များနှင့် အရည်ဖြင့် အအေးခံသော cooling towers များ စသည်) နှင့် အဆိုပြု စက်ကိရိယာများ၏ ထိရောက်အကျိုးများမှုနှင့် (၅) စီမံကိန်းကို သက်ရောက်နိုင်ခြေရှိသည့် တတိယပုဂ္ဂိုလ်/အဖွဲ့အစည်းများ၊ ဥပမာ- တရားမဝင်အခြေချနေထိုင်သူများ သို့မဟုတ် အမဲလိုက်သူများ (ဥပမာ-ဝေးလံခေါင်ဖျားဒေသများသို့ ဝင်ထွက်သွားလာနိုင်သည့် လမ်းကြောင်းအသစ်များ ဖော်ဆောင် ခြင်းမှတဆင့်)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ကို ဗဟုသုတ အားနည်းကွာဟချက်( Knowledge gap) နှင့် ဆက်စပ် နေသော အန္တရာယ်များ အပါအဝင် အသေးစိတ်စိစစ်ထားပြီး ဇီဝမျိုးစုံမျိုးကွဲများ သို့မဟုတ် ဂေဟစနစ် ဝန်ဆောင်မှု များအပေါ် သိသာထင်ရှားသော အန္တရာယ်မရှိနိုင်ဟု ဖော်ထုတ်သတ်မှတ်ထားသော နေရာများတွင် အသုံးမပြုနိုင်ပါ။

အပိုဒ် ၆ (GN6)။ ဂေဟစနစ်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ အပိုဒ် ၁ တွင် ဖော်ပြထားသည့် အတိုင်း ထိခိုက်နစ်နာရသော ရပ်ရွာလူထုသည် အဆိုပါ ဂေဟစနစ်ဝန်ဆောင်မှုများ အကျိုးကျေးဇူးကို (အဓိက) တိုက်ရိုက် ရရှိနေသူများဖြစ်လျှင် လုပ်ဆောင်ချက်စံနှုန်း ၆ ကို များသောအားဖြင့် ကျင့်သုံးရန်ဖြစ်သည်။[GN3] IFC၏ ထောက်ပံ့ ဝန်ဆောင်မှုများကိုရယူထားသူများ၏စီမံကိန်းသည် အဆိုပါ ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် တိုက်ရိုက်စီမံခန့်ခွဲ ထိန်းချုပ် မှုမရှိခြင်း သို့မဟုတ် ကြီးမားသောလွှမ်းမိုးသက်ရောက်မှုမရှိခြင်းမျိုး ဖြစ်လျှင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ကို အသုံးမပြုဘဲနေနိုင်သည်။- ဥပမာ- ကမ္ဘာလုံးအတိုင်းအတာနှင့် အကျိုးကျေးဇူးများရရှိနိုင်သည့် ဂေဟစနစ်ဝန်ဆောင်မှု များအား ထိန်းညှိခြင်း (ဥပမာ- ဒေသအတွင်းကာဗွန်သိုလှောင်မှုသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေးအတွက် ပံ့ပိုးနိုင်ခြင်းမျိုး)။ သက်ရောက်မှုအတိုင်းအတာကို အန္တရာယ်များနှင့် ထိခိုက်သက်ရောက်နိုင်ခြေများ ရှာဖွေဖော်ထုတ်သည့်လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားပြီး၊ နောက်ထပ်လမ်းညွှန်ချက်အချို့ကိုလည်း, ယင်း၏ လမ်းညွှန်ချက်မှတ်စု အပိုဒ် ၃၁ မှ ၃၅ တွင်ဖော်ပြထားသည်။ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ လုပ်ငန်းလုပ်ဆောင်သူ လိုက်နာရမည့်အချက်များကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၃၊ အပိုဒ် ၇ နှင့် ၈ အပြင် ယင်း၏လမ်းညွှန်ချက်မှတ်စု အပိုဒ် ၁၆ မှ ၂၆ တွင် ဖော်ပြထားသည်။

အပိုဒ် ၇ (GN7) ။ သက်ရှိသဘာဝသယံဇာတရင်းမြစ်များနှင့်စပ်လျဉ်း၍ ထိုသယံဇာတများကို အခြေခံထား ထုတ်လုပ်သည့် စီမံကိန်းအားလုံးတွင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ကို အသုံးပြုရန်ဖြစ်သည်။

[3] GN3 ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် နောက်ထပ်လမ်းညွှန်ချက်ကို လမ်းညွှန်ချက်မှတ်စု ၁ စာပိုဒ် ၉၁ တွင် ဖော်ပြထားသည်။

## *သတ်မှတ်ချက်များ*

*အထွေထွေ*

***၆။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် အန္တရာယ်နှင့် ထိခိုက်သက်ရောက်မှုများ ရှာဖွေဖော်ထုတ်ရေး လုပ်ငန်းစဉ်တွင် စီမံကိန်းလုပ်ငန်းများမှ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သက်ရောက်မည့် အရေးတို့ကို ထည့်သွင်းစဉ်းစား ရမည်ဖြစ်ပြီး သက်ရောက်မှုများ လျော့နည်းသွားအောင် စီမံဆောင်ရွက်ပြီးနောက်ပိုင်းသိသိသာသာ ကျန်ရှိနေသေးသည့် ကြွင်းကျန်သက်ရောက်မှု မှန်သမျှကို သိရှိနားလည်အောင် လုပ်ဆောင်ထား ရမည်။ ယင်းလုပ်ငန်းစဉ်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ဝန်ဆောင်မှုများကို ခြိမ်းခြောက်နေသည့် အရာများကိုလည်း ထည့်သွင်းစဉ်းစားရသည်။ ယင်းခြိမ်းခြောက်မှုများတွင် နေရင်းဒေသများ ဆုံးရှုံးလာခြင်း၊ အရည်အသွေး ကျဆင်းခြင်းနှင့် အကွဲကွဲအပြားပြားဖြစ်လာခြင်း၊ ယင်းနေရာတို့ရှိ သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်တွင် ယခင်ကမရှိသည့် ပြင်ပမျိုးစိတ်များ ကျူးကျော်ဝင်ရောက်လာခြင်း၊ ယင်းနေရာတို့အား အလွန်အကျွံအသုံးချခြင်း၊ ဇလဗေဒဆိုင်ရာ အပြောင်းအလဲများ၊ ယင်းနေရာတို့တွင် အပင်နှင့် သတ္တဝါတို့ လိုအပ်သည့် အာဟာရများ လိုအပ်သည်ထက် အလွန်အကျွံ ပိုများလာပြီး စုပုံလာခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလာခြင်း စသည်တို့ကို အထူးအလေးထား အာရုံစိုက်ရမည်။ ထိခိုက်နစ်နာသည့် ရပ်ရွာလူထုနှင့် အခြား ပက်သက်ဆက်နွယ်သူများမှ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ဝန်ဆောင်မှုများအပေါ် ကွဲပြားခြားနားသည့် တန်ဖိုးထားမှုများကို လည်း သင့်လျော်သလို ထည့်သွင်းစဉ်းစားရမည်။ အပိုဒ် ၁၃ မှ ၁၉ တွင် ပါဝင်သည်များနှင့် ဆက်စပ်ပါက မြေမျက်နှာသွင်ပြင် (သို့မဟုတ်) ပင်လယ်ပြင်အနေအထားများ အပေါ် စီမံကိန်းမှ သက်ရောက်နိုင်မည့်အရေးတို့ကို ထည့်သွင်းစဉ်းစားရမည်။***

*၇။ IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ထိခိုက်သက်ရောက်လာနိုင်မှုများကို ကြိုတင်ကာကွယ် ရှောင်ရှားနိုင်ရေးကို ပထမဦးစားပေးအနေဖြင့် ကြိုးပမ်းသင့်သည်။ အကယ်၍ မရှောင်ရှားနိုင်တော့ပါက ထိခိုက်သက်ရောက်လာမှုများကို လျော့ချရန်၊ ပျက်စီးသွားသော ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ဝန်ဆောင်မှုများကို ပြန်လည်ပျိုးထောင်ရန် လုပ်ဆောင်သင့်သည်။ ရေရှည်တွင် စီမံကိန်းမှ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ထိခိုက်သက်ရောက်နိုင်မှုများကို မှန်းဆတွက်ချက်ရာတွင် ရှုပ်ထွေးမှုများရှိသဖြင့် ဖြစ်လာသော အခြေအနေနှင့် လိုက်လျောညီထွေ စီမံခန့်ခွဲမှုကို ချမှတ်လုပ်ဆောင်ရမည်။ ထိုစီမံခန့်ခွဲမှုသည် ပြောင်းလဲနေသော အခြေအနေများနှင့် စီမံကိန်းကာလတလျှောက်လုံး စောင့်ကြည့်စစ်ဆေးမှု၏ ရလဒ်များအပေါ် မူတည်၍ ထိခိုက်မှုလျှော့ချရေးနှင့် စီမံခန့်ခွဲမှု အတိုင်းအတာများကို လိုအပ်သလို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။*

***၈။ အပိုဒ် ၁၃ မှ ၁၅ အထိ အချက်များနှင့် သက်ဆိုင်လာပါက၊ ကျရောက်လာနိုင်သော အန္တရာယ်နှင့် ထိခိုက်သက်ရောက်မှုများကို ရှာဖွေဖော်ထုတ်ရေး လုပ်ငန်းစဉ်ကို အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်သူများကို ခေါ်ယူကာ အားဖြည့်လုပ်ဆောင်ရမည်။ အပိုဒ် ၁၆ မှ ၁၉ ပါ အချက်များနှင့် ဆက်စပ်ပတ်သက်လာပါက ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်နှင့် လိုက်လျောညီထွေမည့် ထိုထိခိုက် သက်ရောက်မှုများ လျော့ချရေး နည်းလမ်းအဆင့်ဆင့်ကို ဖော်ထုတ်ရာမှာဖြစ်စေ၊ ထိုနည်းလမ်းများ ကို အသုံးချနိုင်မှုကို စိစစ်အတည်ပြုရာတွင်ဖြစ်စေ ယင်းဒေသဆိုင်ရာ အတွေ့အကြုံရှိသည့် ပြင်ပ ကျွမ်းကျင်ပညာရှင်များအား ခေါ်ယူအသုံးပြုရမည်။***

အပိုဒ် ၈(GN8)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၆ မှ ၈ သည် စီမံကိန်းတစ်ခုတွင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ကို ကျင့်သုံးရန်ဆုံးဖြတ်ပြီးသည်နှင့်တစ်ပြိုင်နက် အန္တရာယ်များနှင့် ထိခိုက်သက်ရောက်နိုင်ခြေများ ဖော်ထုတ်သတ်မှတ်သည့် လုပ်ငန်းစဉ်ပြီးစီးကြောင်း ရည်ညွှန်းဖော်ပြထားသည်။ အန္တရာယ်များနှင့် ထိခိုက်သက်ရောက်နိုင်မှုများ ဖော်ထုတ်သတ်မှတ်သည့်လုပ်ငန်းစဉ်အား ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း (ESIA) ပုံစံဖြင့်ဆောင်ရွက်နိုင်သည့်အပြင် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုစနစ် (ESMS) ၏ ဆက်လက်ဆောင်ရွက်ဆဲ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း ဆောင်ရွက်သင့်သည်။ ဆန်းစစ်မည့် နယ်ပယ်အတိုင်းအတာသည် စီမံကိန်း၏ သဘာဝနှင့်အရွယ်အစား၊ ဇီဝမျိုးစုံမျိုးကွဲများ၏ ပင်ကိုယ်အရည်အသွေးနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအရ ထိလွယ်ရှလွယ် ကိစ္စရပ်များ ဖြစ်ပေါ်နိုင်ခြေအပေါ် မူတည်သည်။ IFC ၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် အလေ့အကျင့်ကောင်းများဆိုင်ရာ လမ်းညွှန်ချက်များနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ လက်ရှိ စုဆောင်းရရှိသောအချက်အလက်များ၊ ထိခိုက်သက်ရောက်မှု ဆန်းစစ်ခြင်း နှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ အခြားရည်ညွှန်းစာရွက်စာတမ်းများကို ကိုးကားဆောင်ရွက်သင့်သည်။ ဂေဟစနစ်ဝန်ဆောင်မှုများ နှင့်စပ်လျဉ်း၍ ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် ၁၀၆ မှ ၁၂ အထိကို ကိုးကားသင့်သည်။ ထိုအပိုဒ်များတွင် ဂေဟစနစ် ဝန်ဆောင်မှုများကို စနစ်တကျဆန်းစစ်နိုင်ရန် လမ်းညွှန်ချက်များကို ဖော်ပြထားသည်။

အပိုဒ် ၉ (GN9)။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း (ESIA) ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် သက်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများ၏ ပင်ကိုယ် အရည်အသွေးများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများဆိုင်ရာ အခြေခံအချက်အလက်များ ကောက်ယူလေ့လာခြင်း (baseline study)ကို ဆောင်ရွက်သင့်သည်။ အဆိုပါ အခြေခံအချက်အလက်များ ကောက်ယူခြင်းတွင် သုတေသန စာတမ်းများ စုစည်းသုံးသပ်ခြင်း၊ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်၍ တိုင်ပင်ဆွေးနွေးခြင်း၊ လက်တွေ့ကွင်းဆင်း လေ့လာခြင်းနှင့် အခြားသက်ဆိုင်ရာ ဆန်းစစ်ခြင်းများကိုလည်း ပေါင်းစပ်ထည့်သွင်းအသုံးပြုသင့်သည်။ လက်ရှိအခြေခံ အချက်အလက်များ ကောက်ယူရန် သတ်မှတ်ချက်သည် စီမံကိန်းသဘာဝနှင့် အရွယ်အစားပေါ်မူတည်၍ အမျိုးမျိုးကွဲပြားမည်ဖြစ်သည်။ သဘာဝနေရင်းဒေသများ၊ အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများနှင့် ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများအပေါ် ကြီးမားသော ထိခိုက်နိုင်ခြေများ ရှိနေသည့် နေရာများတွင် ပြုလုပ်သည့် အခြေခံအချက်အလက် ကောက်ယူပြုစုခြင်းအတွက် လက်တွေ့ကွင်းဆင်း လေ့လာခြင်းများကို ရာသီအမျိုးမျိုး ( multiple seasons) တွင် ပြုလုပ်သင့်သည်။ အဆိုပါလေ့လာမှုကို ကျွမ်းကျင်သော ပညာရပ်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ပြင်ပကျွမ်းကျင်သူများမှပါ လိုအပ်သလို ဆောင်ရွက်ရန် ဖြစ်သည်။ လက်တွေ့ကွင်းဆင်း လေ့လာမှု

များနှင့် ဆန်းစစ်မှုများသည် မကြာသေးမီက လေ့လာဆောင်ရွက်ခြင်းမျိုးဖြစ်သင့်သည့်အပြင် ထိုလေ့လာမှုတွင် စီမံကိန်းတိုက်ရိုက်ဆောက်ရွက်မည့်နေရာ (foot print)၊ ယင်းနှင့်ဆက်စပ်လုပ်ငန်းများ၏ နေရာအခင်းအကျင်းနှင့် ပစ္စည်းပစ္စယများ၊ စီမံကိန်း၏ လွှမ်းမိုးသက်ရောက်ခံနေရာများနှင့် ဖြစ်နိုင်လျှင် ယင်းထက်ကျော်လွန်၍ပင် အချက်အလက် ကောက်ယူသင့်ပါသည်။ (ဤလမ်းညွှန်ချက်အပိုဒ် ၅၈ ကိုကြည့်ပါ) ။

အပိုဒ် ၁၀ (GN10)။ လက်ရှိအခြေခံအချက်အလက်များ ကောက်ယူလေ့လာခြင်းကို သုတေသနစာတမ်းများ စုစည်း သုံးသပ်ခြင်းနှင့် ကနဦး စာတွေ့လေ့လာဆန်းစစ်ခြင်း တစ်ရပ်ဖြင့်စတင် ပြုလုပ်သင့်သည်။ သုတေသနစာတမ်းများ စုစည်းသုံးသပ်မည့်အတိုင်းအတာသည် စီမံကိန်း၏ လွှမ်းမိုးသက်ရောက်ခံနေရာနှင့် ဆက်စပ်နေသော ဇီဝမျိုးစုံမျိုးကွဲများ၏ ပင်ကိုယ်အရည်အသွေးများအပေါ် ထိရှလွယ်မှု နှင့် ထိခိုက်ခံရနိုင်သည့် ဂေဟစနစ်၏ ဝန်ဆောင်မှုများ အပေါ်မူတည်သည်။ သုတေသနစာတမ်းများ စုစည်းသုံးသပ်ခြင်းကို ဥပမာအားဖြင့် (၁) နယ်ပယ်တူ လုပ်ဖော်ကိုင်ဖက်များ သုံးသပ်ထုတ်ဝေထားသောဂျာနယ်များ၊ (၂) ဒေသတွင်းဆန်းစစ်မှုများ၊ (၃) နိုင်ငံအလိုက် သို့မဟုတ် ဒေသအဆင့် စီမံချက် စာရွက်စာတမ်းများ (တစ်မျိုးသားလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမဟာဗျူဟာနှင့်လုပ်ငန်းစီမံချက်၊ ဒေသန္တရ ဇီဝမျိုးစုံမျိုးကွဲလုပ်ငန်းစီမံချက်များ) (၄)စီမံကိန်းတည်နေရာနှင့် စီမံကိန်း၏ လွှမ်းမိုးသက်ရောက်ခံနေရာတို့ကို လေ့လာဆန်းစစ်ခြင်းများ (၅) ဝက်ဘ်ဆိုဒ်အခြေခံအချက်အလက်များဖြစ်ကြသည့် နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးသမဂ္ဂ (International Union for Conservation of Nature - IUCN) က ထုတ်ပြန်ထားသော မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ်ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်များစာရင်း (IUCN Red List) တွင် ဖော်ပြထားသော သတင်းအချက်အလက်များ၊ (၆) နိုင်ငံအလိုက်သတ်မှတ်ထားသော ကာကွယ်ထိန်းသိမ်းရမည့် မျိုးစိတ်စာရင်းများနှင့် စာအုပ်များ၊ (၇) အဓိကကျသော ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာနေရာများ အပါအဝင် ဦးစားပေး စောင့်ရှောက်ထိန်းသိမ်းရမည့် ရေ၊ မြေများသတ်မှတ်ခြင်း၊ (၈) စနစ်တကျ ကာကွယ် ထိန်းသိမ်းရန် စီမံရေးဆွဲဆန်းစစ်မှုများနှင့်စီမံချက်များနှင့် (၉) အခြားစာရွက်စာတမ်းများအပြင် မဟာဘွဲ့စာတမ်းများနှင့် ပါရဂူဘွဲ့စာတမ်းများ စသည့် အချက်အလက် ရင်းမြစ်များကို ထည့်သွင်းလေ့လာနိုင်သည်။

အပိုဒ် ၁၁ (GN11)။ စီမံကိန်းသဘောသဘာဝ၊အရွယ်အစားနှင့် တည်နေရာအပေါ်မူတည်၍ ပထဝီဒေသဆိုင်ရာ အချက်အလက်နှင့် ဦးစားပေးကာကွယ်ထိန်းသိမ်းရမည့် ရေ၊ မြေ၊ ရှုခင်းတို့ကို မြေပုံပေါ်တင်ရေးဆွဲခြင်းတို့ကို ကနဦး စာတွေ့လေ့လာဆန်းစစ်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်သည်။ စီမံကိန်း၏ ထိခိုက်မှုခံရမည့် ရပ်ရွာလူထုများစွာမှီခိုနေရသော ဂေဟစနစ်များတည်ရှိသည့် ပြုပြင်ပြောင်းလဲခံရပြီးဖြစ်သော နေရင်းဒေသ၊ သဘာဝနေရင်းဒေသ သို့မဟုတ် အရေးတကြီးကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော နေရင်းဒေသတစ်ခုခု တွင် ပြုလုပ်မည့် စီမံကိန်းများအတွက် အထက်ဖော်ပြပါ ကနဦးလေ့လာဆန်းစစ်မှုများသည် အရေးပါသည်။ အဆိုပါ ကနဦးလေ့လာဆန်းစစ်မှုကို မြေအမျိုးအစားခွဲခြားခြင်းများနှင့် မြေအသုံးချပုံပြမြေပုံများ၊ ဂြိုလ်တုမှရိုက်ယူသောပုံရိပ်များ သို့မဟုတ် ကောင်းကင်ဓာတ်ပုံများ၊ သဘာဝပေါက်ပင်အမျိုးအစားနှင့် ဂေဟစနစ်ဆိုင်ရာမြေပုံများ၊ မြေပြင်အသွင်သဏ္ဌာန်ဆိုင်ရာနှင့် ဇလဗေဒဆိုင်ရာ မြေပုံများ (ဥပမာ- ရေဆင်းရေိယာနှင့် မြစ်နှစ်ခုအကြားက ကျဉ်းမြောင်းရှည်လျားမတ်စောက်သော ကုန်းရိုးများကို မြေပုံရေးဆွဲခြင်း) မှလည်း ထုတ်နုတ်လေ့လာသင့်သည်။ ဒေသတွင်းနိုင်ငံများကို လွှမ်းခြုံသောဂေဟစနစ်များအား မြေပုံပေါ်တင်ရေးဆွဲခြင်းကို တက္ကသိုလ်ကောလိပ်များနှင့် အစိုးရအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများပါဝင်သောအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက အမြောက်အမြား ဆောင်ရွက်ခဲ့ပြီးဖြစ်သလို ဆောင်ရွက်ဆဲများလည်းရှိသည်။

ထိုအချက်အလက်များသည် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းနှင့် အခြားဆက်စပ်သော မြေ၊ ရေ၊ ရှုခင်းများ၏ သဘာဝအခြေအနေဆန်းစစ်ခြင်းများ၊ သဘာဝအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှုဆန်းစစ်ခြင်းများ၊ ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများကို တန်ဖိုးတွက်ချက်ခြင်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုအခြေအနေ (environmental trend) များကို ကြိုတင်ခန့်မှန်း ခြင်းနှင့် အစီရင်ခံခြင်းများအတွက် တိုက်ရိုက်သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်သည်။

အပိုဒ် ၁၂ (GN12)။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများနှင့်ဆိုင်သော ထိခိုက်သက်ရောက်မှုများကို နားလည်သဘောပေါက်ရန်နှင့် ဆီလျော်သော ဆိုးကျိုးလျော့ချနည်းများကို ဖော်ထုတ်သတ်မှတ်ရာတွင် အရေးပါသည်။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း (ESIA) သို့မဟုတ် ဇီဝမျိုးစုံမျိုးကွဲ သို့မဟုတ် ဂေဟစနစ်ဝန်ဆောင်မှုများဆိုင်ရာ နောက်ဆက်တွဲလေ့လာမှုများသည် သက်ရောက်ထိခိုက်ခံရသည့် ရပ်ရွာလူထုမှ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ထောက်ပံ့ဝန်ဆောင်မှုများအပေါ် ကွဲပြားခြားနားသည့် တန်ဖိုးထားမှုများကိုလည်း ထည့်စဉ်းစားရန် မျော်လင့်နိုင်ပါသည်။ ထိုအရာများတွင် IUCN ကထုတ်ပြန်ထားသော မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ် ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်များစာရင်းနှင့် နိုင်ငံအလိုက်ထုတ်ပြန်ထားသော ထိန်းသိမ်းမည့် မျိုးစိတ်စာရင်းများ၏ သတ်မှတ်တန်ဖိုးများလည်းပါဝင်သည်။ ဒေသခံတိုင်းရင်းသားများမှီခိုနေသည့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ထိခိုက်သက်ရောက်နိုင်သည့် စီမံကိန်းများအတွက် သတ်မှတ်ချက်များ ကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၇ တွင် ထည့်သွင်းထားသည်။[GN4] ဂေဟစနစ်ဝန်ဆောင်မှုများအတွက် ဤလုပ်ငန်းစဉ်အား ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် ၁၀၆ မှ ၁၂၂ တွင်ဖော်ပြထားသည့် စနစ်တကျဆန်းစစ်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်ရန်ဖြစ်သည်။ IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် သက်ဆိုင်ရာဒေသန္တရအဆင့်၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့် ပတ်သက်ဆက်နွယ်သူများမှ သက်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများ၏ ပင်ကိုယ်အရည်အသွေးများ အပေါ် သတ်မှတ်ထားသည့် တန်ဖိုးအမျိုးမျိုးကိုလည်း ထည့်စဉ်းစားသင့်သည်။ စီမံကိန်းကြောင့်ထိခိုက်နစ်နာသူများ၊ အစိုးရအရာရှိများ၊ တက္ကသိုလ်ကောလိပ်နှင့် သုတေသနအဖွဲ့အစည်းများ၊ ဇီဝမျိုးစုံမျိုးကွဲများ၏ ပင်ကိုယ်အရည်အသွေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အသိအမှတ်ပြုခံရသော ပြင်ပကျွမ်းကျင်သူများနှင့် အစိုးရမဟုတ်သော ပြည်တွင်းနှင့် နိုင်ငံတကာထိန်းသိမ်းရေး အဖွဲ့အစည်းများနှင့်လည်း သင့်တော်သလို ထည့်သွင်းတိုင်ပင်သင့်သည်။ ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ထိခိုက်မှုများ လျော့နည်းအောင် ဆောင်ရွက်ခြင်းဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် စီမံခန့်ခွဲမှုအစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန်၊ အထက်ပါတိုင်ပင်ဆွေးနွေးခြင်းနှင့်အတူ သုတေသနစာတမ်းများ စုစည်းသုံးသပ်ခြင်း၊ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ လက်တွေ့ကွင်းဆင်းလေ့လာခြင်းနှင့် ဆန်းစစ်ခြင်းများသည် အဓိကကျသော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုး အပြင် - ယင်းတို့ကို အထောက်အကူပြုသည့် ဂေဟဗေဒဆိုင်ရာ လုပ်ငန်းရပ်များနှင့် အင်္ဂါရပ်များ၊ တာဝန်များနှင့် လုပ်ငန်းစဉ်များကိုလည်း ထည့်သွင်းသတ်မှတ်နိုင်သင့်သည်။

အပိုဒ် ၁၃ (GN13)။ အချို့စီမံကိန်းများတွင် စီမံကိန်းနေရာတစ်ခုနှင့်ဆက်စပ်နေသည့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများနှင့် ဂေဟစနစ်၏ဝန်ဆောင်မှုများသည် အများအပြားရှိနေနိုင်သည်။ ထိုဖြစ်ရပ်များတွင် ရှိနေသည့် အရာများထဲမှာ ဦးစားပေးများ သတ်မှတ်ရန် အကြံပြုပါသည်။ ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းတစ်ခုမှာ- ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများနှင့် ဂေဟစနစ်၏

[4] GN4 ဒေသခံတိုင်းရင်းသားများဆိုင်ရာ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ လုပ်ဆောင်မှုစံ သတ်မှတ်ချက် ၇ နှင့် လမ်းညွှန်ချက်မှတ်စု ၇ ကို ကြည့်ပါ။

ဝန်ဆောင်မှုများကို အလျားလိုက်နှင့် ဒေါင်လိုက် ဝင်ရိုးနှစ်ခုတစ်လျှောက် နေရာချကာ ဦးစားပေးသတ်မှတ်ခြင်းဖြစ်သည်။ ထိုဝင်ရိုးနှစ်ခုမှာ (၁) ထိန်းသိမ်းစောင့်ရှောက်မှုဆောင်ရွက်နိုင်ရန် ကျန်ရှိနေသည့် ရွေးချယ်စရာ နေရာဒေသ အရေအတွက် (ဆိုလိုသည်မှာ နေရာဒေသ ကန့်သတ်ချက် သို့မဟုတ် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများနှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ၏ အစားထိုးမရနိုင်မှု) (၂) အဆိုပါ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုတို့ မဆုံးရှုံးသေးမီ ထိန်းသိမ်းစောင့်ရှောက်ရန် ရနိုင်သည့်အချိန် (ဆိုလိုသည်မှာ ဖော်ပြပါ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများနှင့် ဂေဟစနစ်၏ ဝန်ဆောင်မှုအပေါ် ခြိမ်းခြောက်မှုများဖြစ်စေနိုင်သည့် အချိန်ကာလ ကန့်သတ်ချက်၊ ထိုအချက်သည် အဆိုပါ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများနှင့် ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှု၏ ထိခိုက်အားနည်းလွယ်မှုအတိုင်းအတာကို နားလည်သဘောပေါက်မှုတစ်ရပ် ရရှိပေမည်)။ ဥပမာ- သက်ဆိုင်ရာသစ်တောတစ်ခုသည် မည်သည့်နေရာတွင်မျှ မတွေ့ရသော အမျှင်အမျိုးအစားတစ်ခု သို့မဟုတ် ဆေးဝါးအဖြစ်သုံးစွဲနိုင်သော အပင်တစ်မျိုးကို ပေးစွမ်းနိုင်ခြင်း၊ ကုန်းမြေပေါ်ရှိ တောင်ကျောခပ်နိမ့်နိမ့် တစ်ခုသည် ရေကြီးရေလျှံမှု ထိန်းချုပ်ပေးနိုင်ခြင်း၊ ဒေသရင်းနေရာဒေသတစ်ခုတွင်သာ ပျံ့နှံ့ပေါက်ပွား နိုင်သည့် ထူးခြားမျိုးစိတ်တစ်ခု သို့မဟုတ် ရေ၊ မြေ၊ ရှုခင်းတစ်ရပ်တွင် တစ်ခုတည်း ထီးထီးကျန်ရှိသလိုဖြစ်သွားနိုင်သည့် ဂေဟစနစ်တစ်ခု။ အထက်ဖော်ပြပါ ဥပမာအားလုံးသည် နေရာဒေသကန့်သတ်ချက်ပေါ်မူတည်သည့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများဖြစ်ကြ၍ သူ့အရပ်သူ့နေရာတွင် အစားထိုးမရနိုင်သော အရာများလည်းဖြစ်ကြသည်။ ခြိမ်းခြောက်မှု သို့မဟုတ် ထိခိုက်အားနည်းလွယ်မှုဟူသည့် သဘောတရားကို အတူတူသုံးစွဲနိုင်သည်- သစ်တောပြုန်းတီးမှုနှုန်း သို့မဟုတ် ဂေဟစနစ်အခြားအမျိုးအစားတစ်ခုဆုံးရှုံးမှု သို့မဟုတ် သတ်မှတ်အချိန်ကာလတစ်ခုအတွင်း မျိုးစိတ်တစ်ခု ဆုံးရှုံးသွားနိုင်သည့်ဖြစ်နိုင်ခြေ စသည်ဖြင့် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များစာရင်း တွင် တိုင်းတာ ဖော်ပြထားသည့်အတိုင်း၊ ဥပမာအားဖြင့် IUCN Red List စာရင်းသည် အချိန်ကာလ ကန့်သတ်ချက်များ သို့မဟုတ် ခြိမ်းခြောက်မှုအတိုင်းအတာများဆိုင်ရာ ဥပမာများဖြစ်သည်။ စီမံကိန်း လုပ်ကိုင်လည်ပတ်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အဆိုပါ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများနှင့် ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများကို ထိန်းသိမ်းဆောင်ရွက်ခြင်းသည် များစွာအရေးပါသောကြောင့် ဖော်ပြပါဝင်ရိုးနှစ်ခု (မြေမျက်နှာသွင်ပြင်/ပင်လယ်ပြင်အနေအထား ပိုင်းဆိုင်ရာ အစားထိုး မရနိုင်သည့် အရာဖြစ်ခြင်းနှင့် ထိုနေရာတွင် ဆက်လက်တည်ရှိနေနိုင်ရန် ထိခိုက်အားနည်းလွယ်မှု အတိုင်းအတာ) ဖြင့် ယင်းတို့၏ အခြေအနေကို သတ်မှတ်ဆုံးဖြတ်နိုင်သည်။

အပိုဒ် ၁၄ (GN14)။ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း (ESIA)နှင့် ယင်းနှင့်ဆက်စပ်နေသော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၆ တွင် ဖော်ပြထားသည့်အတိုင်း ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုးများနှင့် ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများအပေါ် ကျရောက်နိုင်သော ခြိမ်းခြောက်မှုများစွာကို စာရင်းပြုစုရန် စဉ်းစားသင့်သည်။ အခြားသော ခြိမ်းခြောက်မှုများကိုလည်း ဒေသတွင်းအခြေအနေနှင့်(သို့မဟုတ်) ဒေသန္တရအခြေအနေ များပေါ်တွင် မူတည်၍လည်း စဉ်းစားနိုင်သည်။ စီမံကိန်း၏ လွှမ်းမိုးသက်ရောက်ခံနေရာတို့နှင့် ဆက်စပ်နေသော ဒေသအဆင့် ခြိမ်းခြောက်မှုများအပါအဝင် ခြိမ်းခြောက်မှု အမျိုးမျိုးတို့ကို တိကျစွာ စာရင်းပြုစုဖော်ပြသင့်သည်။ ယခင်ကတည်းက ရှိနှင့်နေခဲ့သော ခြိမ်းခြောက်မှုများနှင့် စီမံကိန်းကြောင့် ပိုမိုကျယ်ပြန့်ကြီးမားသွားနိုင်သည့် အတိုင်းအတာတို့ကိုလည်း ဖော်ပြသင့်သည်။ ထိခိုက်မှုဆန်းစစ်ရာ၌ ထည့်သွင်းအသုံးပြုနိုင်ရန် အဆိုပါခြိမ်းခြောက်မှုများ အပေါ် ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုတစ်ရပ်မှ ရရှိသောအချက်အလက်များကိုလည်း အသုံးပြုသင့်သည်။ ဥပမာ- အမဲလိုက်ခြင်း၊

တောရိုင်းတိရစ္ဆာန်ရောင်းဝယ်ခြင်း သို့မဟုတ် သစ်ခုတ် ယူခြင်းကိစ္စများသည် လက်ရှိဖြစ်ပွားနေဆဲကိစ္စများဖြစ်လျှင် စီမံကိန်းက ဖောက်လုပ်ထားသော ဝင်ထွက်လမ်းများကြောင့် ထိုအခြေအနေ ပိုမိုဆိုးရွားသွားနိုင်ခြင်း ရှိ၊ မရှိ?

အပိုဒ် ၁၅ (GN15)။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုထိခိုက်မှုဆန်းစစ်ခြင်း(ESIA)သည် လက်ရှိအခြေခံ အချက်အလက်များ ကောက်ယူလေ့လာခြင်းမှ ဖော်ထုတ်ထားသော မျိုးစိတ်များ၊ ဂေဟစနစ်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် စီမံကိန်းကြောင့်ဖြစ်ပေါ်သည့် တိုက်ရိုက်၊ သွယ်ဝိုက်နှင့် သက်ရောက်မှုအကြွင်းအကျန်များကြောင့် ဖြစ်ပေါ်သောထိခိုက်မှု များကို အသေးစိတ်အစီအစဉ်တကျ ရေးသားဖော်ပြသင့်သည်။ တိုက်ရိုက်ထိခိုက်မှုများတွင် (၁) မျိုးစိတ်များ၏ စုစုပေါင်း အရေအတွက် သို့မဟုတ် ယင်းတို့၏ နေထိုက်ကျက်စားရာနေရာများအပေါ် ထိခိုက်နှောင့်ယှက်ခြင်း သို့မဟုတ် လျော့နည်းဆုံးရှုံးစေခြင်း (ဥပမာ- လေအားဖြင့်မောင်းနှင်သောတာဘိုင်များနှင့် ထိုတိုက်မိခြင်းများ၊ လမ်းမများတွင် အသက်ဆုံးရှုံးမှုများ သို့မဟုတ် ဆူညံသံများ၊ မီးအလင်းရောင်နှင့် ကုန်းလမ်း သို့မဟုတ် ရေလမ်း ယာဉ်ကြော ထူထပ်ခြင်း) (၂) လေထုညစ်ညမ်းစေသော ဓာတ်ငွေ့ထုတ်လွှတ်မှုများနှင့် စက်ရုံမှထုတ်လွှတ်သော အညစ်အကြေးများ၊ ရေဆိုးများကြောင့် ထိခိုက်မှုများ၊ (၃) မြေပြင်စီးဆင်းရေဆိုင်ရာ ဇလဗေဒ၊ မြေမျက်နှာအသွင်သဏ္ဍာန်များ၊ ကမ်းရိုးတန်းလုပ်ငန်းစဉ်များ ပြောင်းလဲခြင်းများ၊ (၄) အခြားကျူးကျော် မျိုးစိတ်များနှင့် အပြိုင်ရှင်သန်ရခြင်း၊ နေရင်းဒေသ သို့မဟုတ် ဂေဟစနစ်တစ်ခုနှင့် အခြားတစ်ခုတို့၏ နယ်နိမိတ်များထိစပ်သည့်အခါ အချို့မျိုးစိတ်များ ပိုမိုရှင်သန်ပေါက်ဖွားရန် အခွင့်အရေးပိုရစေခြင်း (edge effects) နှင့် အရပ်မျက်နှာအသီးသီးသို့ မျိုးပွါးပွားရန် အတားအဆီးများ (၅) ဂေဟစနစ်ဝန်ဆောင်မှုများ ဆုံးရှုံးခြင်း သို့မဟုတ် အရည်အသွေးအဆင့်အတန်း ယုတ်လျော့ခြင်းတို့အပါအဝင်ကို ထည့်စဉ်းစားနိုင်သည်။ သွယ်ဝိုက်ထိခိုက်မှုများတွင်- စီမံကိန်းကြောင့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းများ ဝင်ထွက်သွားလာမှုပိုမိုပြုလုပ်ခြင်း၊ စီမံကိန်းဒေသအတွင်းသို့ ရွှေ့ပြောင်းအခြေချခြင်းနှင့် ယင်းနှင့်ဆက်စပ်သည့် အရင်းအမြစ်သုံးစွဲမှုများ၊ မြေအသုံးပြုမှုပုံစံပြောင်းလဲခြင်းများ၊ အမဲလိုက်ခြင်းနှင့် တောရိုင်းတိရစ္ဆာန်ရောင်းဝယ်ခြင်း၊ ဒေသမျိုးရင်းမဟုတ်သည့် ကျူးကျော် မျိုးစိတ်များ ပျံ့နှံ့ပေါက်ပွားခြင်းတို့ပါဝင်သည်။ ဇီဝမျိုးစုံမျိုးကွဲများ သို့မဟုတ် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ဆိုးဆိုးရွားရွားထိခိုက်နိုင်ခြေများကို ကိုင်တွယ်ဖြေရှင်းရန် ထိခိုက်မှုလျှော့ချခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာအစီအမံများ ချမှတ်ထားသင့်သည်။ လုပ်ဆောင်မှု စံသတ်မှတ်ချက် ၁ တွင်ဖော်ပြထားသည့်အတိုင်း၊ စီမံကိန်း၏ ထိခိုက်မှု အကြွင်းအကျန်များဆိုသည်မှာ- ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများအပေါ် ထိခိုက်မှုများအား ရှောင်ကြဉ်ရန်နှင့် အနည်းဆုံးလျှော့ချရန် နှင့် သို့မဟုတ် အလားအလာကောင်းကို ပြန်လည်ထိန်းသိမ်းရန် အစီအမံများဆောင်ရွက်ပြီး နောက်တွင် ဆက်လက်ကျန်ရှိနေနိုင်သည့် ထိခိုက်မှုအကြွင်းအကျန်များဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိခိုက်မှုအကြွင်းအကျန်များကို သေချာစွာသတ်မှတ်ခြင်းတွင် အဆိုပြုထားသော ထိခိုက်မှုလျော့ချရေးအစီအမံများ၏ ထိရောက်မှုအပိုင်း မသေချာမှုများကိုလည်း ထည့်စဉ်းစားရန် လိုအပ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ပြန်လည်အသက်ဝင်မှု သေချာစေရန်မှာ လုပ်ငန်းလုပ်ဆောင်သူ၏ ဆောင်ရွက်နိုင်စွမ်းနှင့် များစွာသက်ဆိုင်သည့်ကိစ္စလည်းဖြစ်သည်။ မသေချာမှုများလျှင်၊ လုပ်ငန်းလုပ်ဆောင်သူသည် ကြွင်းကျန်သက်ရောက်မှု မည်မျှ များပြားကြောင်း သေချာစေရေး ခန့်မှန်းတွက်ချက် မှုတစ်ရပ်ပြုလုပ်သင့်သည်။ ပေါင်းစပ်သက်ရောက်မှုများနှင့် ပတ်သတ်၍ စီမံကိန်းအကောက်အထည်ဖော်သူသည် လုပ်ဆောင်မှုစံ သတ်မှတ်ချက် ၈ နှင့် ယှဉ်တွဲကိုးကားရမည့် လမ်းညွှန်မှတ်စုများနှင့်အညီ ထိုပေါင်းစပ်သက်ရောက်မှုများကို စဉ်းစားရန်တာဝန်ရှိသည်။

အပိုဒ် ၁၆ (GN16)။ IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁၏ "ရည်ရွယ်ချက်များ"တွင် ဖော်ပြထားသော ထိခိုက်မှုလျှော့ချရေးလုပ်ငန်းအဆင့်ဆင့်(mitigation hierarchy)ကို အပြည့်အဝ ဆောင်ရွက်မည်ဟု မျှော်လင့်ရပါသည်။ ထိုထိခိုက်မှုလျှော့ချရေး လုပ်ငန်းအဆင့်ဆင့်ကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ နှင့် ဤလမ်းညွှန်ချက်မှတ်စု ၊ အပိုဒ် ၁၆ တို့တွင်လည်း ထပ်မံရှင်းလင်းဆွေးနွေးထားသည်။ လုပ်ဆောင်မှုစံသတ်မှတ်ချက်၆ သည် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ထိခိုက်မှုများ ရှောင်ရှားနိုင်ရန် ဦးစားပေးဖော်ပြသည်။ လုပ်ဆောင်မှုစံသတ်မှတ်ချက်၆ ၊ အပိုဒ် ၇၊ ပထမစာကြောင်းတွင် ထိုအချက်ကို ထင်ဟပ် ဖော်ပြသည်။ ထိခိုက်မှု မရှိအောင်ရှောင်ကြဉ်ခြင်းသည် တစ်ခါတစ်ရံ၌ ဇီဝမျိုးစုံမျိုးကွဲ သို့မဟုတ် ယင်းနှင့်ဆက်စပ်နေသော ဂေဟစနစ်ဝန်ဆောင်မှု များတွင် အစားထိုးမရနိုင်သော ဆုံးရှုံးမှုကို တားဆီးကာကွယ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းလည်းဖြစ်သည်။ ထိခိုက်မှုလျှော့ချရေး လုပ်ဆောင်မှုအဆင့်ဆင့်တွင် မည်သို့ ရှောင်ကြဉ်နိုင်ကြောင်းကို အဓိကထား ဖော်ပြရာ၌၊ ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် ၁၃ တွင် ဖော်ပြထားသော စီမံကိန်း၏ ထိခိုက်မှုခံရမည့် ဇီဝမျိုးစုံမျိုးကွဲများ နှင့်(သို့မဟုတ်) ဂေဟစနစ်ဝန်ဆောင်မှုများ၏ အစားထိုးမရနိုင်မှုနှင့် ထိခိုက်အားနည်းလွယ်မှုတို့နှင့် အချိုးညီစွာ ဖော်ပြသင့်သည်။ လုပ်ဆောင်မှု စံသတ်မှတ်ချက် ၆ အရ ထိခိုက်မှုလျှော့ချရေး လုပ်ငန်းအဆင့်ဆင့် အကောင်အထည်ဖော်ရန် လက်ရှိ ရေမြေအနေအထားတွင် စီမံကိန်း၏ လွှမ်းမိုးသက်ရောက်ခံနေရာများ၏ အခြေအနေနှင့် စီမံကိန်းနှင့် ဆက်စပ်နေသည့် အခြား အဆောက်အဦ၊အထောက်အကူပြုလုပ်ငန်းများအပါအဝင်အပေါ် ဆန်းစစ်ခြင်းသည် ရှောင်ရှားနိုင်မှု ပုံစံတစ်ရပ်အဖြစ် အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများ ဖော်ထုတ်သတ်မှတ်၊ စိစစ်ခြင်းနှင့် အခြားဆောင်ရွက်နိုင်သည့် ဒီဇိုင်းရေးဆွဲခြင်းများအတွက် အချက်အလက်များ ပံ့ပိုးပေးနိုင်မည်။ အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများတွင် စီမံကိန်းနှင့် ဆက်စပ်အဆောက်အအုံများ၊ နေရာချထားမှု၊ အပြောင်းအလဲများ၊ အင်ဂျင်နီယာနှင့် ထုတ်လုပ်မှုဆိုင်ရာ အခြားနည်းလမ်း/လုပ်ငန်းစဉ်များ အသုံးပြုခြင်းနှင့် တည်ဆောက်ရေး အလေ့အကျင့် အမျိုးမျိုး၊ အခြားမတူညီသော နေရာများ သို့မဟုတ် စီမံကိန်းအဆောက်အအုံများနှင့် ချိတ်ဆက်နေသော အခြားလမ်းကြောင်းများ ရွေးချယ်ခြင်း၊ အခြားသော ပစ္စည်းပံ့ပိုးသူများကို ရွေးချယ်စိစစ်ခြင်းတို့ ပါဝင်နိုင်သည်။ ဤသို့အားဖြင့် သင့်လျော်သော ပတ်ဝန်းကျင် နှင့် (သို့မဟုတ်) လူမှုဆိုင်ရာ အန္တရာယ် စီမံခန့်ခွဲမှု စနစ်များ လုပ်ဆောင်သူများကို ရွေးချယ်နိုင်ကာ ယင်းတို့နှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဒုတိယအချက်မှာ လိုအပ်သော အခြားနည်းလမ်းများ ရွေးချယ်ပြီးသည်နှင့်တစ်ပြိုင်နက် ထိခိုက်မှုများ အနည်းဆုံးဖြစ်စေရန် (၁) ရေဆင်းစနစ်များ ဒီဇိုင်းရေးဆွဲခြင်း (၂)တည်ဆောက်ရေးနည်းလမ်းများ (ဥပမာ - ဖုန်မှုန့်နှင့် ဆူညံသံများ လျှော့ကျစေရန်) (၃) သဘာဝပေါက်ပင်များ ရှင်းလင်းသည့်ပုံစံ (၄) ညစ်ညမ်းမှုလျှော့နည်းရေး သန့်စင်မှုနည်းလမ်းအမျိုးမျိုး ရွေးချယ်ခြင်း (၅) တိုက်စားမှုနှင့် နုန်းပို့ချမှုထိန်းချုပ်ရေး အစီအမံများ ဆောင်ရွက်ခြင်း (၆) တောရိုင်းတိရိစ္ဆာန် ဖြတ်သန်းသွားလာမည့် လမ်းကြောင်းများ တည်ဆောက်ပေးခြင်း (ဥပမာ - တစ်နေရာနှင့် တစ်နေရာ ဆက်သွယ်ပေးသော အခြေခံအဆောက်အအုံများဖြစ်လျှင် ယင်းနှင့်ချိတ်ဆက်၍ တူးမြောင်းများ သို့မဟုတ် တံတားများ ဆောက်လုပ်ပေးခြင်း) နှင့် (၇) အခြေခံအဆောက်အအုံ အခင်းအကျင်း စသည်တို့အားဖြင့်လည်း ဆောင်ရွက်နိုင်သည်။ ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် (၄၂) တွင် သဘာဝ နေရင်းဒေသများနှင့်စပ်လျဉ်း၍ ထိခိုက်မှုများ အနည်းဆုံးလျှော့ချရန် အစီအမံများကို ရှင်းလင်းဆွေးနွေးထားသည်။ တတိယအချက်မှာ ဇီဝမျိုးစုံမျိုးကွဲသို့မဟုတ် ဂေဟစနစ်၏ ထောက်ပံ့ ဝန်ဆောင်မှုများအပေါ် ထိခိုက်နှောင့်ယှက်မှုများ ဖြစ်ပေါ်နေခဲ့လျှင် ပြန်လည်ထူထောင်ခြင်း( rehabilitation) နှင့် မူလအခြေအနေ အတိုင်းပြန်လည်အသက်ဝင်စေခြင်းများ (restoration) ပါဝင်သော ပြန်လည် ကုစားသည့်နည်းလမ်းများ

(remediation) အသုံးပြုနိုင်ပါသည်။ GN5 ထိုသို့ ဆောင်ရွက်ရာ၌ အပင်များ၊ သဘာဝပေါက်ပင်များ ပြန်လည်စိုက်ပျိုးပေးခြင်း (မြေဆီလွှာတိုက်စားမှုကို ထိန်းချုပ်၍ ဂေဟစနစ်များ သဘာဝအတိုင်း ပြန်လည်လည်ပတ် ဝန်ဆောင်မှုများ ထုတ်လုပ်ထောက်ပံ့ပေးရန် ပံ့ပိုးစီစဉ်ခြင်း)၊ မူလနေရင်းဒေသအမျိုးအစားကို ပြန်လည်ထူထောင်ထိန်းသိမ်းပေးခြင်း (ဆီလျော်သော နည်းစနစ်များကို သိရှိလျှင် အသုံးပြုရန်နှင့် ဖော်ထုတ်ပြုစုရန် ဆောင်ရွက်နိုင်သည်)၊ အဓိကကျသော ဂေဟစနစ်ဝန်ဆောင်မှုများအား မူလအခြေအနေအတိုင်း ပြန်လည်အသက်ဝင်စေခြင်း (ဥပမာ-ရေလမ်းကြောင်းစီးဆင်းမှု အဆင်ပြေချောမွေ့စေခြင်း)တို့ကို ဆောင်ရွက်နိုင်သည်။ ထိခိုက်မှုလျှော့ချရေးအစီအမံများကို ဇီဝမျိုးစုံမျိုးကွဲနှင့် အင်ဂျင်နီယာဆိုင်ရာ သင့်လျော်သည့် ကျွမ်းကျင်သူများက ဒီဇိုင်းရေးဆွဲ သုံးသပ်မှုပြုလုပ်သင့်သည်။ သို့မှသာ ထိခိုက်မှုလျှော့ချရေး လုပ်ငန်းအဆင့်ဆင့်မှ ဖော်ထုတ်ထားသည်နှင့်အညီ ထိခိုက်မှုလျှော့ချခြင်းကို အသင့်တော်ဆုံး ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများအပေါ် သိသာထင်ရှားသော ကြွင်းကျန်သက်ရောက်မှုများအတွက် အစားထိုးပေးလျော်ရန် နှင့် ထိခိုက်မှုလျှော့ချရေး လုပ်ငန်းအဆင့်ဆင့်တွင် ပါရှိသည့် အဆင့်များအား ကြိုတင် သုံးသပ်ပြီးနောက်တွင်နှင့် ဖြစ်နိုင်လျှင် လုပ်ငန်းလုပ်ဆောင်သူသည် ထိခိုက်ဆုံးရှုံးသွားသော ဇီဝမျိုးစုံမျိုးကွဲများ အစားထိုးပြန်လည်တည်ဆောက်ပေးခြင်းနည်းလမ်းများ (Biodiversity Offset) စဉ်းစားနိုင်သည်။

အပိုဒ် ၁၇ (GN17)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပိုဒ် ၆ တွင် ဖော်ပြထားသည့်အတိုင်း သဘာဝနေရင်းဒေသများနှင့် အရေးတကြီးကာကွယ်ထိန်းသိမ်းရန် လိုအပ်နေသည့် နေရင်းဒေသများတွင် ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် စီမံကိန်းနှင့် ဆက်စပ်သည့် ထိခိုက်မှုများမှ မြေမျက်နှာသွင်ပြင် သို့မဟုတ် ပင်လယ်ပြင်အပေါ် ထိခိုက်နိုင်ခြေကို ထည့်သွင်းစဉ်းစားသင့်သည်။ မြေမျက်နှာသွင်ပြင် ဟူသည့်စကားရပ်တွင်၊ ရေချိုနေသတ္တဝါများ၏ နေရင်းဒေသများသည် မြေမျက်နှာသွင်ပြင်အတွင်း တည်ရှိသည်။ မြေမျက်နှာသွင်ပြင် /ပင်လယ်ပြင်အနေအထား ဟူသည့်စကားရပ်သည် ပထဝီနေရာဒေသ သတ်မှတ်ချက်တစ်ခုနှင့်သာ သက်ဆိုင်သည်ဟု ပုံသေမှတ်ယူမထားရန်ဖြစ်သည်။ ဤစကားရပ်အပေါ် ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပါယ်ဖွင့်ဆိုရမည်ဆိုလျှင် ဂေဟဗေဒနယ်မြေတစ်ခု၊ ဇီဝအစုအဖွဲ့တစ်ခု သို့မဟုတ် ဒေသအဆင့်ရှိသည့် အခြားသော ဂေဟဗေဒဆိုင်ရာ သိသာထင်ရှားသော နေရာတစ်ခု (ဆိုလိုသည်မှာ နေရာအပေါ် အဓိကမထားခြင်း) နှင့် သက်ဆိုင်နိုင်သည်။ အချို့ဖြစ်ရပ်များတွင် မြေမျက်နှာသွင်ပြင် /ပင်လယ်ပြင်အနေအထားကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ အုပ်ချုပ်ရေးဆိုင်ရာ သို့မဟုတ် ပိုင်နက်နယ်မြေတစ်ရပ် သို့မဟုတ် နိုင်ငံတကာရေပိုင်နက် အတွင်းမှ သတ်မှတ်ထားသော

[5] GN5 ပြန်လည်ထူထောင်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှာ- မြေပြင်အခြေအနေတည်ငြိမ်မှု၊ ပြည်သူ့လုံခြုံရေးအာမခံမှု၊ ရှုခင်းပသာဒအလှတိုးတက်မှုနှင့် ဒေသအခြေအနေအတွင်း ရှိခဲ့သည့် အနေအထားအတိုင်း မြေပြင်အခြေအနေကို ပြန်လည်ထူထောင်ပေးခြင်းသည် အသုံးဝင်သော ရည်ရွယ်ချက်တစ်ခုဟု မှတ်ယူရန်ဖြစ်သည်။ သဘာဝပေါက်ပင်များ ပြန်လည်စိုက်ပျိုးပေးခြင်းသည် မျိုးစိတ်တစ်ခု သို့မဟုတ် အနည်းငယ်ကိုသာ ထူထောင်မှုဖြစ်ပေါ်စေနိုင်သည်။ ပြန်လည်ထူထောင်ခြင်းသည် ဤလမ်းညွှန်ချက်မှတ်စု တွင် မြေယာများ ပြန်လည်ဖော်ယူခြင်း ဟူသည့်စကားရပ်နှင့် အပြန်အလှန် ပြောင်းလဲသုံးစွဲနိုင်သည်။ ပြန်လည်အသက်သွင်းခြင်းသည် အရည်အသွေးအဆင့်အတန်း ယုတ်လျော့သွားခဲ့သော၊ ပျက်စီးခဲ့သော သို့မဟုတ် ဖျက်ဆီးခံခဲ့ရသော ဂေဟစနစ်တစ်ရပ် ပြန်လည်ရရှိရန် ကူညီပေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ ဂေဟစနစ်တစ်ရပ်သည် လုံလောက်သော biotic နှင့် abiotic အရင်းအမြစ်များ ရရှိလာ၍ ယင်း၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို နောက်ထပ် အကူအညီ သို့မဟုတ် ထောက်ပံ့မှုမလိုဘဲ ဆက်လက်ဆောင်ရွက်နိုင်သည့်အခါ ပြန်လည် ကျန်းမာလာခြင်းဖြစ်သည်။ ထိုဂေဟစနစ်သည် ပတ်ဝန်းကျင်ဆိုင်ရာ ဖိအားများနှင့် ထိခိုက်နှောင့်ယှက်မှု သာမန်အဆင့်မျှကို ကြံ့ကြံ့ခံနိုင်စွမ်းပြ၍၊ biotic နှင့် abiotic စီးဆင်းမှုများနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန် ဆက်နွယ်မှုများအားဖြင့် ယင်းနှင့် ထိကပ်နေသော ဂေဟစနစ်နှင့် အပြန်အလှန်ချိတ်ဆက်၍ ဖွဲ့စည်းတည်ဆောက်မှုပိုင်း ဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာကို ကိုယ်တိုင်အားဖြည့်ဆောင်ရွက်မည်ဖြစ်သည်။

နေရာတစ်ခုခုကိုလည်း ဖော်ပြနိုင်သည်။ ဤသတ်မှတ်ချက်၏ ရည်ရွယ်ချက်မှာ- စီမံကိန်းနှင့်သက်ဆိုင်သော ထိခိုက်သက်ရောက်မှုများကို ဖော်ထုတ်ရာတွင် အသုံးပြုနိုင်ရန်၊ အထူးသဖြင့် နေရင်းဒေသ၏ ချိတ်ဆက် ကူးလူးသွားလာနိုင်မှုနှင့်(သို့မဟုတ်) ရေဆင်းဧရိယာအောက်ဘက်ပိုင်း၊ စီမံကိန်းနယ်မြေ၏ နယ်နိမိတ်ပြင်ပ စသည်တို့အပေါ်၌ ကျရောက်သောထိခိုက်မှုများသတ်မှတ်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ မြေမျက်နှာသွင်ပြင်/ပင်လယ်ပြင်အနေအထား ဆိုင်ရာ ဆန်းစစ်ချက်သည် ဒေသတွင်းမှ ပိုမိုကျယ်ပြန့်သော ထိန်းသိမ်းရေးကြိုးပမ်းမှုများနှင့်ကိုက်ညီသည့်၊ ဂေဟဗေဒဆိုင်ရာဆီလျော်သည့် ထိခိုက်မှုလျှော့ချရေး ရွေးချယ်စရာနည်းလမ်းသတ်မှတ်သည့် အခြေခံအဆင့်တစ်ရပ်ဖြစ်သည်။ ထိုဆန်းစစ်မှုများသည် အစားထိုးအလျော်ပေးခြင်းအပါအဝင် ထိခိုက်မှုလျှော့ချရေးဗျူဟာကို ရွေးချယ်၊ ဒီဇိုင်းရေးဆွဲနိုင်ရန် အကူအညီ ရရှိနိုင်ပါသည်။ ဤသို့ဖြင့် စီမံကိန်းအဆင့် ထိခိုက်မှုသက်သက်ကိုသာလျှော့ချဆောင်ရွက်ခြင်းအစား၊ ဒေသအဆင့် ထိန်းသိမ်းရေး ပန်းတိုင်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ရာရောက်မည်ဖြစ်သည်။ မြေမျက်နှာသွင်ပြင်/ပင်လယ်ပြင်အနေအထားဆိုင်ရာ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုတွင် စီမံကိန်းနယ်မြေပြင်ပသို့ ကွင်းဆင်းကောက်ယူထားသော အချက်အလက်များကို ထည့်သွင်းအသုံးပြုရန်မလိုအပ်ပါ။ မြေပုံရေးဆွဲသည့် လေ့ကျင့်ခန်းများ ပါဝင်သော စာတွေ့လေ့လာဆန်းစစ်မှုနှင့် ဒေသဆိုင်ရာ ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းများသည် ပိုမိုကျယ်ပြန့်သော မြေမျက်နှာသွင်ပြင် /ပင်လယ်ပြင် အခြေအနေတွင် စီမံကိန်း၏ လွှမ်းမိုးသက်ရောက်ခံနယ်မြေကို နားလည်သဘောပေါက်နိုင်ရန် အထောက်အကူပြုနိုင်သည်။ ဤဆန်းစစ်မှုမျိုးသည် သဘာဝ နေရင်းဒေသများ အရည်အသွေးအဆင့်အတန်း ယုတ်လျော့ခြင်းနှင့် အကွဲကွဲအပြားပြားဖြစ်ခြင်း၊ အထူးသဖြင့် စုပေါင်းဆင့်ကဲထိခိုက်မှုများ မဖြစ်ပေါ်ရေး အတွက် အထူးအရေးပါသည်။ ဥပမာ - လေအားလျှပ်စစ်ထုတ်လုပ်ရေးတစ်ခုကြောင့် ငှက်အုပ်စုတစ်ခုအပေါ် ထိခိုက်မှုသည် ပိုမိုကြီးမားသော မြေမျက်နှာသွင်ပြင်၌ များပြားသော လေအားလျှပ်စစ်ထုတ်လုပ်သည့်နေရာများရှိနေခြင်းကြောင့် ထိုငှက်အုပ်စုတစ်ခုအပေါ်သို့ပင် ကျရောက်လာမည့် ထိခိုက်မှုများနှင့် များစွာ ကွာခြားကြောင်း တွေ့မြင်နိုင်သည်။

အပိုဒ် ၁၈ (GN18)။ ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများစွာအပေါ် ကြီးမားသောအန္တရာယ်များနှင့် ထိခိုက်သက်ရောက်မှုများ ကျရောက်နိုင်သည့်၊ ရှုပ်ထွေးသော၊ အရွယ်အစားကြီးမားသော စီမံကိန်းများတွင် ဂေဟစနစ်ဆိုင်ရာ ချဉ်းကပ်နည်း(ecosystem approach) တစ်ရပ်အသုံးပြုခြင်းသည် စီမံကိန်းတည်ရှိရာနေရာ၏ သဘာဝပတ်ဝန်းကျင်အခြေအနေကို နားလည်သဘောပေါက်နိုင်သည့်အကျိုးကျေးဇူးများရရှိနိုင်သည်။ ဇီဝမျိုးစုံမျိုးကွဲများ ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (CBD) တွင် ဖော်ပြထားသည့်အတိုင်း ဂေဟစနစ်ဆိုင်ရာချဉ်းကပ်နည်းသည် "လေထု၊ ရေထုနှင့် သက်ရှိသဘာဝအရင်းအမြစ်များအား ပေါင်းစပ်စီမံခန့်ခွဲသည့် ဗျူဟာတစ်ရပ်ဖြစ်ပြီး ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းတို့ကို လိုက်လျောညီထွေအားပေးဆောင်ရွက်ခြင်းဖြစ်သည်။" ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်(CBD)တွင် ဂေဟစနစ်ကို အဓိပ္ပါယ်ဖွင့်ထားသည်မှာ "အပင်များ၊ သတ္တဝါများနှင့် သေးငယ်သောသက်ရှိများနှင့် ယင်းတို့၏ သက်မဲ့ရုပ်ဝတ္ထုဝန်းကျင်များ သဟဇာတဖြစ်လျက် တည်ရှိနေသော သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့်ဖြစ်ပေါ်နေသော သဘာဝဝန်းကျင်ကို ဆိုလိုသည်။" ထိုအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် သက်ဆိုင်ရာနေရာဒေသတစ်ခု သို့မဟုတ် အရွယ်အစားတစ်ခုကို သတ်သတ်မှတ်မှတ်ဖော်ပြထားခြင်းမရှိပါ။ ထိုသို့ဖော်ပြမည့်အစား ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် တွင် အကြံပြုထားသည်မှာ- ဆန်းစစ်မည့်အတိုင်းအတာနှင့် လုပ်ဆောင်ချက်သည် ဖြေရှင်းမည့်ပြဿနာနှင့် ချိန်ညှိသတ်မှတ်ခြင်းမျိုးဖြစ်သင့်သည်ဟူ၍ ဖြစ်သည်။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် နေရင်းဒေသများ သတ်မှတ်ရာ၌ အလားတူချဉ်းကပ်နည်းကို အသုံးပြုသည်။

အပိုဒ် ၁၉ (GN19)။ ဂေဟစနစ်ဆိုင်ရာချဉ်းကပ်နည်းသည် ဂေဟစနစ်တစ်ခုအတွင်းရှိနေသော သက်ရှိသက်မဲ့အရာများ နှင့် ယင်းတို့၏လုပ်ငန်းစဉ်များအကြား ဆက်နွယ်မှုများကို အဓိကထားခြင်းဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများ၏ မျိုးစိတ်များစွာသည် စွမ်းအင်၊ ရေနှင့် ဂေဟစနစ်များအတွင်း အာဟာရဓာတ်များ ထိန်းသိမ်းခြင်းနှင့် စီးဆင်းခြင်းများကို ထိန်းချုပ်ရာ၌၊ ကြီးမားသောနှောင့်ယှက်မှုများ မဖြစ်အောင် ဟန့်တားပေးသည်ဟု သိနားလည်ထားသည်။ ဂေဟစနစ်၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်းရပ်များဆိုင်ရာ ဗဟုသုတများသည် ဂေဟစနစ်၏ ကြံ့ကြံ့ခံနိုင်ရည်နှင့် ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးခြင်းနှင့် နေရင်းဒေသများ အကွဲကွဲအပြားပြားဖြစ်ခြင်း ဆိုင်ရာ ထိခိုက်မှုများကို နားလည်သဘောပေါက်ရန် အထောက်အကူပြုသည်။ ဂေဟစနစ်များတွင် သဘာဝအတိုင်း လည်ပတ်နေသော ဇီဝမျိုးစုံမျိုးကွဲများသည် စီးပွားရေးနှင့် လူမှုရေးအတွက် အရေးပါသော ကုန်စည်နှင့် ဝန်ဆောင်မှုများစွာကို ပံ့ပိုးပေးသည် (ဆိုလိုသည်မှာ ဂေဟစနစ်ဆိုင်ရာ ထောက်ပံ့ဝန်ဆောင်မှုများကို ပေးအပ်ကြသည်)ဟု ဂေဟစနစ်ဆိုင်ရာ ချဉ်းကပ်နည်းက နားလည်လက်ခံထားသည်။ အန္တရာယ်များနှင့် ထိခိုက်သက်ရောက်နိုင်ခြေများ ဖော်ထုတ်သတ်မှတ်သည့် လုပ်ငန်းစဉ် ဆောင်ရွက်သည့်အခါ ထိုဂေဟစနစ်ဆိုင်ရာချဉ်းကပ်နည်းကို ထည့်သွင်းစဉ်းစားသင့်သည်။ ထိုလုပ်ငန်းစဉ်တွင် သက်ရောက်မှုများကို များသောအားဖြင့် တစ်ခုနှင့်တစ်ခု သီးခြားစီခွဲဆန်းစစ်ခြင်း သလို ထိခိုက်မှုလျှော့ချရေး အစီအမံများကိုလည်း ထိုနည်းအတိုင်း သတ်မှတ်လေ့ရှိသည်။ ရှုပ်ထွေးကာ အရွယ်အစားကြီးမားသော စီမံကိန်းကြီးများတွင် ပတ်ဝန်းကျင်နှင့် (သို့မဟုတ်) လူမှုဆိုင်ရာထိခိုက်သက်ရောက်မှုများ တမူထူးခြားပြီး ပုံစံအမျိုးမျိုးနှင့် ကွဲပြားခြားနားမှုများရှိနိုင်ပါသည်။ ထိုအခြေအနေမျိုးတွင် IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် လူမှုဆိုင်ရာနှင့် ဂေဟဗေဒဆိုင်ရာ ဝန်းကျင်အခြေအနေဆန်းစစ်ခြင်းများကို အချိန်နှင့်တပြေးညီဆန်းသစ်သောနည်းလမ်းများဖြင့် ထည့်သွင်းပေါင်းစပ်၊ ချဉ်းကပ်ဆောင်ရွက် သင့်ပါသည်။

အပိုဒ် ၂၀ (GN20)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ သည် လိုက်လျောညီထွေ စီမံခန့်ခွဲမှု ဟူသည့် စကားရပ်ကို အသုံးပြုထားသည်။ ဆိုလိုသည်မှာ မသေချာမှုများရှိနေသည့် ဇီဝမျိုးစုံမျိုးကွဲ ထိခိုက်မှု လျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ စီမံရေးဆွဲမှုတွင် လက်တွေ့ကျသည့် ချဉ်းကပ်နည်းများဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။ အန္တရာယ်ဖြစ်နိုင်ခြေများ နှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် သက်ရောက်နိုင်ခြေများ သတ်မှတ်ခြင်းတွင် တွေ့ကြုံနေကျဖြစ်သည့် အချက်အလက် အားနည်းခြင်းကိစ္စရပ်များသည် ကာလကြာရှည် အချက်အလက် ကောက်ယူခြင်းနှင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် နောက်ထပ်လေ့လာမှုများ ပြီးစီးသည့်အချိန်တွင်ပင် ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ထိခိုက်မှုသက်ရောက်မှု လျှော့နည်းစေရန်ဆောင်ရွက်မည့်ဗျူဟာသည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီစေရန် စီမံကိန်း၏ အန္တရာယ်များ၊ ထိခိုက်သက်ရောက်မှုများနှင့် အချိုးညီမျှသည့် ထိခိုက်သက်ရောက်မှု လျှော့နည်းစေရန် ဆောင်ရွက်မည့် ဗျူဟာဖြစ်သင့်သည်။ ထို့အပြင် ထိခိုက်သက်ရောက်မှုလျှော့ချရေး အစီအမံများ၏ တိုက်ရိုက်၊ သွယ်ဝိုက် ရလဒ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ဖော်ထုတ်ကာ၊ မသေချာမှုများ သတ်မှတ်ရန် အန္တရာယ်များကို ဖယ်ရှားသော ချဉ်းကပ်နည်းတစ်ရပ် အသုံးပြုသင့်သည်။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) သည် ပြုလွယ်ပြောင်းလွယ်သဘောဖြင့် တည်ဆောက်ထားသင့်သည်။ သို့မှသာ ထိခိုက်မှုများ လျှော့ချခြင်း နှင့် စီမံခန့်ခွဲခြင်းတို့ကို လုပ်ငန်းစွမ်းဆောင်ရည်နှင့် လိုက်လျောညီထွေ ချိန်ညှိ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လိုက်လျောညီထွေစီမံခန့်ခွဲမှုသည် စမ်းသပ်လိုက် ပြင်လိုက် နည်းလမ်းသုံးသော ပြဿနာဖြေရှင်းနည်းမျိုး မဟုတ်ပါ။ ပိုမိုစနစ်တကျ တည်ဆောက်ထားသည့် "လုပ်ရင်းကိုင်ရင်းလေ့လာသင်ယူသည့်" ပုံစံဖြစ်သည်။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း စီမံချက်များတွင် အခြေခံလုပ်ဆောင်မှုများကို သတ်မှတ်ထားသင့်သည် သို့မဟုတ် ထိခိုက်မှု လျှော့နည်းစေရန် နှင့် စီမံခန့်ခွဲခြင်းတို့ကို အခြေအနေနှင့်

လိုက်လျောညီထွေဖြစ်အောင် အစပျိုးပေးသင့်သည်။ သို့မှသာ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ပါ သတ်မှတ်ချက်များကို ပြည့်မီမည်ဖြစ်သည်။ အကြံပြုလိုသည်မှာ- အဆိုပါအစပျိုးလုပ်ဆောင်ချက်များအတွက် လိုက်လျောညီထွေသည့် လုပ်ဆောင်မှုများကို ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုစနစ်(ESMS)များတွင် ကြိုတင်ထည့်သွင်း သတ်မှတ်ထားရန် ဖြစ်သည်။ အခြားတစ်ဖက်တွင် လုပ်ကိုင်ရင်း အတွေ့အကြုံများမှ ရရှိလာသော အချက်အလက်များ သို့မဟုတ် အခြေအနေအပြောင်းအလဲများကြောင့် ထိခိုက်မှုလျှော့ချခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ရွေးချယ်စရာများကို အချိန်နှင့်အမျှ ပြောင်းလဲကျင့်သုံးရနိုင်သည်ဆိုသည်ကို နားလည်သဘောပေါက်လက်ခံထားရန်လိုအပ်သည်။ လုပ်ငန်းလုပ်ဆောင်သူ၏ စောင့်ကြည့် လေ့လာမှုအစီအစဉ် သို့မဟုတ် လွတ်လပ်အမှီအခိုကင်းသော သတင်းရင်းမြစ်များမှ ရရှိသော နောက်ထပ်အသစ်တွေ့ရှိချက်များလည်း ပေါ်ထွက်လာနိုင်သည်။ မည်သို့ဖြစ်စေ လုပ်ငန်းလုပ်ဆောင်သူသည် ထိုတွေ့ရှိချက်များကို ထည့်သွင်းပေါင်းစပ်၍ လက်ရှိလုပ်ဆောင်မှုကို မွမ်းမံပြင်ဆင်ရန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် သက်ရှိသဘာဝအရင်းအမြစ်များအပေါ် လက်ရှိစီမံခန့်ခွဲမှုကို ဆက်လက်ကောင်းမွန်အောင် ဆောင်ရွက်ရန် တာဝန်ရှိသည်။

အပိုဒ် ၂၁ (GN21)။IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ဖော်ထုတ်သတ်မှတ်ရန်နှင့် ထိခိုက်မှုလျှော့နည်းစေရန် သင့်တော်သောရွေးချယ်စရာများ ဆောင်ရွက်နိုင်မည့် ကျွမ်းကျင်ပညာရှင်များကို ခန့်ထားရန်လည်းတာဝန်ရှိသည်။ ကျွမ်းကျင်မှုပုဂ္ဂိုလ် နယ်ပယ်မှာ ကျယ်ဝန်းသလို ယင်းတို့၏တတ်ကျွမ်းမှုမျိုးစုံမှာလည်း ကွဲပြားသည်။ ဥပမာ- ဒေသဆိုင်ရာ အထူးအတွေ့အကြုံရှိသည့် ဂေဟဗေဒပညာရှင်များ၊ သက်ရှိအမျိုးအစားခွဲခြားမှုအပိုင်းတွင် ကျွမ်းကျင်သော ဇီဝဗေဒပညာရှင်များနှင့် သက်ရှိများ၏ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ် သို့မဟုတ် မြေ၊ ရှုခင်း၏ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်ကို ကျွမ်းကျင်သော ဇီဝဗေဒပညာရှင်များသည် ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုးအချို့ကို ဖော်ထုတ်သတ်မှတ်ရန် သင့်တော်နိုင်သည်။ ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု ကျွမ်းကျင်သူများသည် သက်ဆိုင်ရာ လုပ်ငန်းများ (ဥပမာ- သယံဇာတတူးဖော်ထုတ်လုပ်သော လုပ်ငန်းများ၊ ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ သစ်တော၊ ငါးလုပ်ငန်းနှင့် စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများ)၌ ရင်းနှီးကျွမ်းဝင်ကြသည်။ ယင်းတို့သည် သက်ဆိုင်ရာကဏ္ဍတွင် လက်ရှိနိုင်ငံတကာ အလေ့အကျင့်ကောင်းများနှင့်ကိုက်ညီသည့် ထိခိုက်မှုလျှော့နည်းရေး ရွေးချယ်စရာနည်းလမ်းများ ဖော်ထုတ်ရာ၌ တတ်ကျွမ်းမှုအမျိုးမျိုး ယူဆောင်လာနိုင်သည်။ တောရိုင်းတိရိစ္ဆာန် ရောင်းဝယ်မှု အပိုင်းတွင် ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များသည်လည်း ယင်းတို့နှင့်သက်ဆိုင်သောနေရာများတွင် အသုံးဝင်ကြသည်။ စီမံကိန်း တစ်ခုသည် ကျွမ်းကျင်သူပုဂ္ဂိုလ်အမျိုးမျိုးတို့နှင့် အတူတွဲလုပ်ကိုင်ရန် လိုအပ်နိုင်သည်။ သို့မှသာ ယင်း၏ ပတ်ဝန်းကျင်အနေအထားနှင့် ထိခိုက်မှုလျှော့ချရေး ဗျူဟာများကို လုံလောက်စွာ ဖော်ထုတ်သတ်မှတ်နိုင်မည် ဖြစ်သည်။ ဂေဟစနစ်ဝန်ဆောင်မှုများ ဆန်းစစ်မှုအတွက်လည်း ကျွမ်းကျင်ပုဂ္ဂိုလ်များစွာ လိုအပ်နိုင်သည်။ ဥပမာ- မြေနှင့် တိုက်စားမှု ထိန်းချုပ်ရေး ကျွမ်းကျင်သူများ၊ ဘူမိဗေဒပညာရှင်များ၊ဇလဗေဒပညာရှင်များ၊မြေပေါ်မြေအောက် ရေစီးဆင်းလည်ပတ်မှု ကျွမ်းကျင်သူများ၊ စားကျက်မြေသို့မဟုတ် တိရိစ္ဆာန်များအား အမဲလိုက်ရန် လွတ်လပ်စွာ အသုံးပြုနိုင်သော မြေနေရာများ နှင့်စပ်လျဉ်းသည့် ဂေဟဗေဒပညာရှင်များ၊ သဘာဝသယံဇာတများ၏ စီးပွားရေးဆိုင်ရာတန်ဖိုးများ တွက်ချက်ရာ၌ ကျွမ်းကျင်သောပညာရှင်များ၊ သဘာဝသယံဇာတအခြေခံ အသက်မွေးဝမ်းကျောင်းများတွင် ကျွမ်းကျင်သော လူမှုဆိုင်ရာ ပညာရှင်များနှင့် ပြန်လည်နေရာချထားရေးကျွမ်းကျင်သူများ။

အပိုဒ် ၂၂ (GN22)။ပျက်စီးဆုံးရှုံးလုနီးပါးဖြစ်၍ အရေးတကြီးကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော နေရင်းဒေသများ အတွင်း တည်ရှိသည့်စီမံကိန်းများတွင် IFC၏ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများမှ ခန့်အပ်ထားသော ပြင်ပ ကျွမ်းကျင်ပုဂ္ဂိုလ်များသည် ဇီဝမျိုးစုံမျိုးကွဲနှင့်(သို့မဟုတ်) အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများ ဆန်းစစ်ခြင်း အပိုင်းတွင် ပါဝင်ဆောင်ရွက်ဖူးသည့် ဒေသဆိုင်ရာအတွေ့အကြုံရှိသူများ ဖြစ်ရမည်။ နေရင်းဒေသများတွင် မျိုးသုဥ်းပျောက်ကွယ်မည်ကို အထူးစိုးရိမ်နေရသည့် (မျိုးသုဥ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့်) CR သို့မဟုတ် မျိုးသုန်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် (မျိုးသုန်းလုနီးပါး) EN မျိုးစိတ်များရှိနေသောကြောင့် အရေးတကြီး ကာကွယ်ထိန်းသိမ်းရန်သတ်မှတ်ထားသည့်နေရာဖြစ်လျှင်၊ အသိအမှတ်ပြုထားသော မျိုးစိတ်ဆိုင်ရာကျွမ်းကျင်သူ မဖြစ်မနေ ပါဝင်ဆောင်ရွက်ရမည်။ (ဥပမာ - IUCN ၏မျိုးစိတ်များ ရှင်သန်ရေးကော်မရှင် ၊ အထူးကျွမ်းကျင်သူအုပ်စုများမှ ပုဂ္ဂိုလ်များအပါအဝင်)။ အရေးတကြီးကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော နေရင်းဒေသများ နှင့်စပ်လျဥ်း၍ စီမံကိန်း၏ အန္တရာယ်များနှင့် ထိခိုက်သက်ရောက်မှုများ ဖော်ထုတ်သတ်မှတ်ရေးလုပ်ငန်းစဉ်နှင့် အဆိုပြုထားသော ထိခိုက်မှုလျှော့ချရေးဗျူဟာကို ပြန်လည်သုံးသပ်ရန် ပြင်ပလုပ်ငန်းစဉ်တစ်ရပ်(external mechanism) ထူထောင်ခြင်းသည် အကျိုးကျေးဇူးများ ရှိနိုင်ပါသည်။ မသေချာမှုများ မြင့်မားနေခြင်း၊ ထိခိုက်သက်ရောက်နိုင်ခြေ များပြားရှုပ်ထွေးခြင်း နှင့်(သို့မဟုတ်) အငြင်းပွားဖွယ်ရာဖြစ်ခြင်း နှင့်(သို့မဟုတ်) အဆိုပြုထားသော ထိခိုက်မှုလျှော့ချခြင်းများ (ဥပမာ - အစားထိုးအလျော်ပေးခြင်း အချို့ အတွက် သာဓက ကိုးကားစရာ မရှိလျှင် ပြင်ပလုပ်ငန်းစဉ်တစ်ရပ်ထူထောင်ခြင်းသည် များစွာသင့်တော်သည်။ ထိုပြင်ပလုပ်ငန်းစဉ်သည် စီမံကိန်းများအကြား နိုင်ငံတကာအလေ့အကျင့်ကောင်းများမျှဝေမှုကို တိုးတက်စေ၍ ဆုံးဖြတ်ချက်ချရာ၌ ပွင့်လင်းမြင်သာမှုများ တိုးတက်စေမည်ဖြစ်သည်။

အပိုဒ် ၂၃ (GN23) ။ ယုံကြည်စိတ်ချရသော အသိအမှတ်ပြု ထိန်းသိမ်းရေး(conservation) အဖွဲ့အစည်းများ နှင့်(သို့မဟုတ်) တက္ကသိုလ်ကောလိပ်များနှင့် မိတ်ဖက်အသွင် ချိတ်ဆက်ဆောင်ရွက်ရန် IFC ၏ ထောက်ပံ့ဝန်ဆောင်မှုရယူထားသူများအား အားပေးတိုက်တွန်းပါသည်။ ဤသို့ပူးပေါင်းဆောင်ရွက်မှုများသည် သဘာဝနေရင်းဒေသများ သို့မဟုတ် အရေးတကြီး ကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသောနေရင်းဒေသများ တိုးတက်ကောင်းမွန်လာနိုင်ခြေနှင့် များစွာဆက်နွယ်နေသည်။ မိတ်ဖက်အဖွဲ့အစည်းများသည် IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများထံတွင် မရှိသောဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနယ်ပယ်၏ ဒေသဆိုင်ရာအတွေ့အကြုံများကို ယူဆောင်လာနိုင်သည်။ မိတ်ဖက်အသွင် ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းများသည် မျိုးစိတ်ပညာရှင်များကို ရှာဖွေသတ်မှတ်ပေးရာ၌ အထောက်အကူရနိုင်သည်။ လက်တွေ့ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲမှုအစီအစဉ်များအပေါ် အကြံဉာဏ်များပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ စောင့်ကြပ်လေ့လာမှု အစီအစဉ်များ ဆောင်ရွက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ လုပ်ငန်းစီမံချက်များအပေါ် အကြံပြုခြင်းနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အခြားဒေသဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆက်ဆံရေးများကို စီမံခန့်ခွဲရာ၌ အထောက်အကူ ပြုနိုင်သည်။

### *ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း*

---

၉။ နေရင်းဒေသဆိုသည်ကို အဓိပ္ပါယ်ဖွင့်ရာတွင် ကုန်းမြေ၊ ရေချို (သို့မဟုတ်) ပင်လယ် စသည့် ပထဝီဝင် အစိတ်အပိုင်းများလည်း ပါဝင်သလို လေထုလည်းပါဝင်သည်။ ထိုနေရာများသည် ရှင်သန်နေသည့် ဇီဝရုပ်များ စုစည်းနေခြင်းနှင့် ယင်းဇီဝရုပ်များနှင့် သက်မဲ့သဘာဝပတ်ဝန်းကျင်တို့အကြား အပြန်အလှန် အကျိုးပြု

နေကြခြင်းကို ပံ့ပိုးပေးသည်။ ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေး အတွက် ရည်ရွယ်၍ အပင်နှင့် သတ္တဝါများ ၏ နေရင်းဒေသများကို မူလပုံစံမှပြောင်းလဲသွားပြီးသောနေရာ၊ သဘာဝအတိုင်းတည်ရှိနေရာ၊ အရေးကြီးအဖြစ် သတ်မှတ်ထားသည့်နေရာ စသည်ဖြင့် ခွဲခြားနိုင်သည်။ အရေးကြီးအဖြစ် သတ်မှတ်ထားသည့်နေရာသည် ပြောင်းလဲထားပြီးသောနေရာ (သို့မဟုတ်) သဘာဝအတိုင်း တည်ရှိနေရာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

၁၀။ ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် ထိခိုက် သက်ရောက်မှုများကို လျှော့နည်းအောင်ဆောင်ရွက်သည့်လုပ်ငန်းတွင် ထိခိုက်ဆုံးရှုံးသွားသော ဇီဝမျိုးစုံမျိုးကွဲများအစားထိုး ပြန်လည်တည်ဆောက်ပေးခြင်း (biodiversity offset) ကိုလည်းထည့်သွင်းရမည်။ ယင်းအစားထိုး ပေးလျော် ခြင်းလုပ်ငန်းအား ထိခိုက်သက်ရောက်မှုများကို ရှောင်ရှားရေး၊ လျော့နည်းသွားစေရေး၊ ပြန်လည်ထိန်းသိမ်း ရေး စသည့် လုပ်ငန်းများ လုပ်ဆောင်ပြီးသည့်နောက်ပိုင်းမှသာ စဉ်းစားသင့်သည်။ ထိခိုက်ဆုံးရှုံးသွားသော ဇီဝမျိုးစုံမျိုးကွဲများအစား အလျော်ပြန်ပေးဆပ်ခြင်းကို ထိန်းသိမ်းခြင်းဆိုင်ရာ သိသာထင်ရှားသည့် ရလဒ်များ[2] ရရှိစေရေးရည်ရွယ်၍ ပုံစံထုတ်ရမည်ဖြစ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်ရမည်။ ထိုရလဒ်များဟု ဆိုရာတွင် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အသားတင် ဆုံးရှုံးမှုမရှိခြင်းနှင့် အသားတင် အကျိုးအမြတ်တို့သာ ရရှိနိုင်မည်ဟု အကျိုးအကြောင်း ဆီလျော်စွာ မျှော်မှန်းနိုင်သည်။ အပင်နှင့်သတ္တဝါများ နေရင်းဒေသများထဲ တွင် အရေးကြီးနေရာအဖြစ် သတ်မှတ်ထားသော နေရာဆိုပါက စုစုပေါင်း အမြတ်သာ ရှိရပါမည်။ Bidiversity Offset အတွက် ပုံစံထုတ်ရာတွင် ပျက်စီးဆုံးရှုံးမှုနှင့်အညီဖြစ်သည့် (သို့မဟုတ်) ပိုမိုကောင်းမွန် သည့် လုပ်ဆောင်မှုမျိုး[3] ဖြစ်ရန်လိုပြီး အကောင်းဆုံးရနိုင်သည့် သတင်းအချက်အလက်များ၊ လက်ရှိ လုပ်ထုံး လုပ်နည်းများနှင့် လိုက်လျောညီထွေစွာလုပ်ဆောင်ရမည်။ ထိခိုက်သက်ရောက်မှုများ လျှော့ချခြင်းဗျူဟာ၏ တစိတ်တပိုင်းအနေဖြင့် Offset လုပ်ငန်းပုံစံထုတ်ရာတွင် ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်သူပြင်ပပညာရှင်များကို ခန့်အပ်အသုံးပြုရန် စဉ်းစားရမည်ဖြစ်သကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ၎င်းတို့ကို ပါဝင်စေရမည်။

---

[2] ထိခိုက်ဆုံးရှုံးသွားသောဇီဝမျိုးစုံမျိုးကွဲအစား အစားထိုးပြန်လည်တည်ဆောက်ခြင်း ဟုဆိုရာတွင် စီမံကိန်းလုပ်ဆောင်မှုကြောင့် သိသိသာသာ ကြွင်းကျန်ရစ်သည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ပြန်လည်အစားထိုးပေးသည့် လုပ်ငန်းများ၊ ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှားနိုင်သည့်၊ လျှော့ချနိုင်သည့်၊ ပြန်လည်ထိန်းသိမ်းပေးသည့် အစီအမံများ လုပ်ဆောင်ပြီးနောက်ပိုင်း ကျန်ရှိနေသေးသည့် ဆိုးကျိုးများအား ပြန်လည်အစားထိုးပေးသည့် လုပ်ငန်းများစသည်တို့ကို လုပ်ဆောင်ပေးခြင်းအားဖြင့် ပေါ်ထွက်လာသည့် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ တိုင်းတာနိုင်သည့် ရလဒ်များ ဆိုလိုသည်။

[၃]ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ သိသာထင်ရှားသည့် ရလဒ်များကို မူရင်းနေရာ (မြေပြင်) တွင်လည်း သက်သေပြနိုင်ရမည်ဖြစ်သလို၊ ဆီလျော်သည့် ပထဝီဝင် အတိုင်းအတာတို့တွင် (ဥပမာ - နေရာဒေသအတွင်း၊ ကျယ်ပြန့်သည့် မြေပြင်ဧရိယာအရ၊ နိုင်ငံအဆင့်အရ၊ ဒေသတွင်းအဆင့်အရ) သက်သေပြနိုင်ရမည်။

[၄] ပျက်စီးဆုံးရှုံးမှုနှင့်အညီ (သို့မဟုတ်) ပို၍သာလွန်ကောင်းမွန်သည့် ပေးဆပ်မှု (like-for-like of better) အခြေခံမှုသည် စီမံကိန်းကြောင့် ထိခိုက်သွားသည့် ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုးထားမှုများအတိုင်း ပြန်လည်အစားထိုးလုပ်ဆောင်သည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ပြန်လည်ပေးဆပ်မှုကို ဆိုလိုသည်။ သို့သော် အချို့အခြေအနေများတွင် - စီမံကိန်းကြောင့် ထိခိုက်သက်ရောက်ခံရသည့် ဇီဝမျိုးစုံမျိုးကွဲနေရာများသည် နိုင်ငံမှရော၊ ဒေသဆိုင်ရာမှပါ ဦးစားပေးအဖြစ် သတ်မှတ်ခံရခြင်း မရှိသောနေရာများ ဖြစ်နိုင်သည်။ ယင်းဇီဝမျိုးစုံမျိုးကွဲများနှင့် တန်ဖိုးတူရှိနေသော အခြားနေရာများသည် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်ဖြစ်စေ၊ ရေရှည်အသုံးပြုနိုင်ရေးအတွက်ဖြစ်စေ၊ ခြိမ်းခြောက်မှုများ ချက်ချင်းရောက်လာနိုင်သည့် အခြေအနေကြုံနေရသောကြောင့်ဖြစ်စေ၊ (သို့မဟုတ်) အကာအကွယ် စီမံချက်လိုအပ်မှု (သို့မဟုတ်) စွမ်းဆောင်ရည်ကောင်းသည့် စီမံချက် လိုအပ်နေသော အခြေအနေဖြစ်စေ၊ ထိုသို့သော အခြေအနေများအတွက် မြင့်မားသော ဦးစားပေးနေရာများဖြစ်နိုင်သည်။ ထိုအခြေအနေများတွင် “တန်ဖိုးမြင့်မားသော အရာတစ်ခုကို ဝယ်ရန် အခြားအရာကို ရောင်းခြင်း” ပါဝင်သည့် အလျော်အစားပြန်ပေးခြင်းလုပ်ငန်းတစ်ခုကို စဉ်းစားရန်သင့်လျော်ပေမည်။ (ဥပမာ အစားထိုးအလျော်ပေးခြင်းသည် စီမံကိန်းကြောင့် ထိခိုက်သည့် နေရာထက် ပိုမိုမြင့်မားသည့် ဦးစားပေးအဆင့် နေရာသတ်မှတ်ခံရသည် ဇီဝမျိုးစုံမျိုးကွဲနေရာကို ဦးတည်ထားခြင်း) အထူးအရေးကြီးသည့် မှီခိုရာနေရာများအတွက် ထိုပြန်လည်ပေးဆပ်ခြင်းကို လုပ်ဆောင်ရာတွင် ယခု လုပ်ဆောင်မှုစံသတ်မှတ်ချက်ပါ အပိုဒ် (၁၇) တွင် ဖော်ပြထားသည့် လိုအပ်ချက်များအား ပြည့်မီအောင် လုပ်ဆောင်ရမည်။

အပိုဒ် ၂၄ (GN24)။ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သတ်မှတ်ချက်များ ရေးသားပြုစုရာ၌ လုပ်ဆောင်မှု စံသတ်မှတ်ချက် ၆ ကို အောက်ပါနိုင်ငံတကာ သဘောတူစာချုပ်များကို ကိုးကားနိုင်သည့်အပြင်၊ အသုံးချနိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သဘောတူစာချုပ်များ လက်တွေ့ကျင့်သုံးမှုကိုလည်း လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ မှ အပြန်အလှန် အထောက်အကူပြုသည်။

- ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် ၊၁၉၉၂ (The Convention on Biological Diversity, 1992)
- ရွှေ့ပြောင်းကျက်စားသော တောရိုင်းတိရိစ္ဆာန် မျိုးစိတ်များ ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် ၊ ၁၉၇၉ (The Convention on the Conservation of Migratory Species of Wild Animals, 1979 (Bonn Convention) )
- မျိုးသုဉ်းလုနီးပါး တောရိုင်းတိရိစ္ဆာန်နှင့် သဘာဝအပင်မျိုးစိတ်များ ကုန်သွယ်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်၊ ၁၉၇၅ (The Convention on International Trade in Endangered Species of Wild Flora and Fauna, 1975)
- ရေကြက်များ နေရင်းဒေသအဖြစ် နိုင်ငံတကာတွင် အရေးပါသည့် စိမ့်မြေများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၊ ၁၉၇၁ (The Convention on Wetlands of International Importance especially as Waterfowl Habitat, 1971 (Ramsar Convention) )

- ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၊ ၁၉၇၂ (The Convention Concerning the Protection of World Cultural and Natural Heritage, 1972 (UNESCO World Heritage Convention))

အပိုဒ် ၂၅ (GN25)။ ထိခိုက်မှုဆန်းစစ်ခြင်းတွင် ဇီဝမျိုးစုံမျိုးကွဲများပါ ထည့်သွင်းပေါင်းစပ် ဆန်းစစ်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ စုစည်းထားသည့် လမ်းညွှန်ချက်အများအပြားရှိနေပါသည်။ မိမိတို့၏ ဝန်ဆောင်ထောက်ပံ့မှုရယူထားသူများသည် ဇီဝမျိုးစုံမျိုးကွဲများအပေါ် စီမံကိန်းနှင့် ဆက်နွယ်သည့် ထိခိုက်မှုများ ဖြစ်လာနိုင်သည်ဟု မျှော်မှန်းထားလျှင်၊ ထိုစာရွက်စာတမ်း အကိုးအကားများကို အသုံးချသင့်သည်။ ဒေသအလိုက်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် လမ်းညွှန်ချက်အသေးစိတ်နှင့် နမူနာလေ့လာစရာ ဖြစ်ရပ်များစွာကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ရနိုင်သည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ထဲထဲဝင်ဝင် ဆောင်ရွက်ထားသော ပညာရေးဆိုင်ရာ ဂျာနယ်များသည် လည်း နောက်ထပ်ရနိုင်သော သတင်းအချက်အလက်ရင်းမြစ်တစ်ခုဖြစ်သည်။

အပိုဒ် ၂၆ (GN26)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၉ တွင် နေရင်းဒေသကို ရည်ရွယ်ချက်ရှိရှိဖြင့် ပထဝီဒေသများသုံး၍ (ပင်လယ်နှင့် ကုန်းတွင်းရေချိုများရှိရာနေရာ နှင့်  လေလမ်းကြောင်းများအပါအဝင်) ကျယ်ကျယ် ပြန့်ပြန့် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ထိုအဓိပ္ပါယ်ဖွင့်ဆိုမှုသည် နေရင်းဒေသ၏ အဓိပ္ပါယ်ကို ယခင်က ဂေဟဗေဒဆိုင်ရာ သဘောတရားအား ဖြင့် ဖွင့်ဆိုခဲ့သည့်ပုံစံ (ဆိုလိုသည်မှာ သက်ရှိများ သို့မဟုတ် အပင်နှင့်သတ္တဝါများ သဘာဝအတိုင်း ပေါက်ပွားရာနေရာ သို့မဟုတ် အရပ်ဒေသအမျိုးအစားတစ်ခု) ဟူသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ခြားနားနေသည်။ ပြုပြင်ပြောင်းလဲမှု ခံထားရပြီးဖြစ်သော နေရင်းဒေသများ၊ သဘာဝနေရင်းဒေသနှင့် အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသ ဆိုသည်မှာ မျိုးစိတ်များ၊ ဂေဟစနစ်များနှင့် ဂေဟဗေဒဆိုင်ရာလုပ်ငန်းစဉ်များအရ သတ်မှတ်ထားသော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးရှိသည့်နေရာကို ဆိုလိုသည်။ အန္တရာယ်များနှင့် ထိခိုက်သက်ရောက်မှုများ ဖော်ထုတ်မှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စီမံကိန်း၏လွှမ်းမိုးသက်ရောက်မှုခံရမည့် မြေမျက်နှာသွင်ပြင် အဝန်းအဝိုင်းတွင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ကို အသုံးပြုနိုင်ရေးအတွက် သတင်းအချက်အလက်များ ရရှိရန်၊ ပြုပြင်ပြောင်းလဲ ခံထားရပြီးသော နေရင်းဒေသများ၊ သဘာဝ နေရင်းဒေသများ  နှင့် (သို့မဟုတ်)  အရေးတကြီးကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော နေရင်းဒေသများကို မြေပုံရေးဆွဲ တင်ပြဆွေးနွေးသင့်သည်။

အပိုဒ် ၂၇ (GN27)။ လက်တွေ့အားဖြင့် သဘာဝ နေရင်းဒေသများနှင့် ပြုပြင်ပြောင်းလဲထားပြီးဖြစ်သော နေရင်းဒေသများ ဟုဆိုရာတွင် မတို့ထိရသေးသည့် ပကတိမူလအတိုင်းရှိနေသည့် နေရာများမှသည် ကြီးမားစွာ ပြောင်းလဲသွားပြီးဖြစ်သော နေရာများအထိ  တစ်ဆက်တည်း ရှိနေကြသည်။ စီမံကိန်းတည်ရှိရာနေရာများသည် များသောအားဖြင့် လူသားတို့ပယောဂ နှင့်(သို့မဟုတ်)  သဘာဝဖြစ်စဉ်များ၏ ပယောဂ အမျိုးမျိုးတို့ဖြင့် တွေ့ကြုံနေရသော နေရင်းဒေသ အစုအဝေးများတွင် တည်ရှိနိုင်ပါသည်။ IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် စီမံကိန်းကို အကြမ်းဖျဉ်း နေရာသတ်မှတ်ရာ၌ ပြုပြင်ပြောင်းလဲထားပြီးဖြစ်သော နေရင်းဒေသများနှင့် သဘာဝ နေရင်းဒေသများဟူ၍ တတ်နိုင်သမျှ အသေးစိတ်ဖော်ပြရန် တာဝန်ရှိသည်။ ဤဆုံးဖြတ်ချက်သည် လူသားတို့၏ ပယောဂ အတိုင်းအတာ (ဥပမာ-ပြင်ပကျူးကျော်မျိုးစိတ်များ တည်ရှိမှု၊ ညစ်ညမ်းမှု အတိုင်းအတာ၊ နေရင်းဒေသများ ကွဲဖြာထွက်မှု အတိုင်းအတာ၊ သဘာဝအတိုင်း ပေါက်ဖွားကျက်စားနေသော

လက်ရှိမျိုးစိတ်များ တစ်စုတစ်စည်းတည်းနေထိုင်ရန် ဖြစ်နိုင်ခြေအလားအလာ၊ လက်ရှိဂေဟစနစ်၏ လုပ်ငန်းလည်ပတ်မှုနှင့် တည်ဆောက်ပုံသည် ရှေးယခင်အခြေအနေများနှင့် ဆင်တူမှုအတိုင်းအတာ၊ အခြားသော နေရင်းဒေသ အမျိုးအစားများ အရည်အသွေးအဆင့်အတန်း ယုတ်လျော့ထိခိုက်မှုအတိုင်းအတာ) နှင့် စီမံကိန်းနေရာရှိ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ (ဥပမာ - အနီးအနားရှိ အရေးတကြီး ကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော ကျက်စားရာနေရာများကို ထိန်းသိမ်းရန် မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ၊ ဂေဟစနစ်များနှင့် ဂေဟဗေဒဆိုင်ရာ လုပ်ငန်းစဉ်များအား လိုအပ်ခြင်း) တို့အပေါ် အခြေခံ၍ ချမှတ်ထားခြင်းဖြစ်သည်။ လူသားများကြောင့် ထိခိုက်သက်ရောက်မှုအတိုင်းအတာကို စီမံကိန်းတည်နေရာရှိ ပိုမိုကျယ်ပြန့်သော မြေမျက်နှာသွင်ပြင်/ပင်လယ်ပြင် အနေအထားများအရ တိုင်းတာသတ်မှတ်သင့်သည်။ တနည်းအားဖြင့် စီမံကိန်းနေရာ (သို့မဟုတ် စီမံကိန်း၏ အစိတ်အပိုင်း များသည်) ဖျက်ဆီးခံထားရသော နေရာများတွင် ရှိနေသလား သို့မဟုတ် ပကတိအတိုင်းရှိနေသော မြေပြင်ရှုခင်း အတွင်းရှိနေသလား?။ စီမံကိန်းနေရာ သို့မဟုတ် စီမံကိန်း၏ အစိတ်အပိုင်းသည် အလွန်အမင်း ဖျက်ဆီးခံထားရသော သို့မဟုတ် စီမံခန့်ခွဲခံရသော မြေပြင်ရှုခင်းတစ်ခုအတွင်းမှ တစ်ခုတည်း သီးခြားကျန်ရှိနေသည့် သဘာဝကျက်စားရာ နေရာတွင် ရှိနေသလား?။ စီမံကိန်းနေရာသည် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုး မြင့်မားသော နေရာများအနီးတွင် ရှိနေသလား? (ဥပမာ - တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောများ၊ သဘာဝစကြံများ သို့မဟုတ် သဘာဝထိန်းသိမ်းရေးနယ်မြေများ) သို့မဟုတ် စီမံကိန်း နေရာသည် ထိန်းသိမ်းစောင့်ရှောက်ရန် အရေးပါမှုအတိုင်းအတာ အမျိုးမျိုးရှိကြသည့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများရှိသော၊ ပြောင်းလဲသွားသော နေရင်းဒေသများ နှင့် သဘာဝ နေရင်းဒေသများ ရောစပ်ဖွဲ့စည်းထားသည့်နေရာတွင် တည်ရှိသလား?( စဉ်းစားရန် ဖြစ်သည်)

အပိုဒ် ၂၈ (GN28)။ သဘာဝအတိုင်း နှင့် ပြောင်းလဲသွားသော နေရင်းဒေသ နှစ်မျိုးစလုံးတွင် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ မြင့်မားစွာရှိနေနိုင်သည်။ ထိုသို့ဖြစ်လျှင် ထိုနေရာကို အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ သည် အရေးတကြီးကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော နေရင်းဒေသဟူသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အရေးပါသော သဘာဝနေရင်းဒေသအဖြစ် ကန့်သတ် အဓိပ္ပါယ်ဖွင့်ဆိုခြင်း မပြုလုပ်ထားပါ။ နေရာတစ်ခုသည် အလွန်အမင်းပြုပြင်ပြောင်းလဲထားပြီးသော နေရင်းဒေသမျှသာ ဖြစ်နိုင်သည်။ အဆိုပါနေရင်းဒေသများအပေါ် လူသားတို့၏ ပြုပြင်ပြောင်းလဲမှု အတိုင်းအတာသည် ထိုနေရာ၏ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုး သို့မဟုတ် အရေးတကြီးကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော နေရင်းဒေသများ တည်ရှိမှုကို တိုင်းတာမည့် အညွှန်းကိန်းတစ်ရပ် ဖြစ်ရန်မလိုပါ။

အပိုဒ် ၂၉ (GN29)။ အချို့ကဏ္ဍများ၊ များသောအားဖြင့် သိရှိထားသည့် စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍတို့တွင် မြေဧရိယာတစ်ခု သို့မဟုတ် စီမံခန့်ခွဲမှုနေရာတစ်ခု၏ ကာကွယ်ထိန်းသိမ်းမှု တန်ဖိုးကို သတ်မှတ်ရာ၌ ကာကွယ်ထိန်းသိမ်းမှု တန်ဖိုးမြင့်မားသောနေရာများ (High Conservation Value-HCV) ဟု ရည်ညွှန်းကြသည်။ HCV သတင်းအချက်အလက် ကွန်ရက်သည် သတင်းအချက်အလက်များ မျှဝေပေးသည့်အပြင် HCVဆိုင်ရာ အသုံးအနှုန်းများ တသမတ်တည်း ရှိစေရေး အတွက်လည်း HCV ဆိုင်ရာ တိုးတက်ပြောင်းလဲ သုံးစွဲမှုများကို အကူအညီပေးလျက်ရှိသည်။ ထိုကွန်ရက်သည် နိုင်ငံတကာ အသိအမှတ်ပြု အဖွဲ့တစ်ခုဖြစ်၍ အစိုးရမဟုတ်သော ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ သစ်မာနှင့်သစ်တောထွက်ပစ္စည်း စစ်မှန်ကြောင်း ထောက်ခံချက်ပေးသူများ၊ ကုန်စည်နှင့်ဝန်ဆောင်မှု

ပေးသွင်းသူများ၊ ဝယ်ယူသူများ၊ သစ်တောစီမံခန့်ခွဲသူများ ပါဝင်နေကြသည်။ ထိုကွန်ရက်သည် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှု နှစ်ခုစလုံးကို အခြေခံသော HCV အမျိုးအစား ၆ ခုကို အသိအမှတ်ပြုထားသည်။ ထို HCV အမျိုးအစားများကို နည်းစနစ် အထောက်အကူများ သို့မဟုတ် နိုင်ငံအလိုက် ဘာသာပြန်ဆိုမှုများ အသုံးပြု၍ နိုင်ငံအလိုက် စံနှုန်းများနှင့် ကိုက်ညီစေရန် လိုအပ်သလို ပုံဖော်ရပါသည်။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ သည် တတိယအဖွဲ့အစည်းမှ သက်သေခံလက်မှတ်ထုတ်ပေးမည့်စံနှုန်းများနှင့် ကိုက်ညီရန် လိုအပ်သည့်ကိစ္စရပ်များမှတစ်ပါး HCV ဆိုင်ရာ ဆန်းစစ်မှုများ ဆောင်ရွက်ရန် သတ်မှတ်မထားပါ။ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် လက်တွေ့အလေ့အကျင့်များ ကွာဟခြင်းကြောင့် HCV ဆန်းစစ်မှုများသည် အသုံးဝင်သော သတင်းအရင်းအမြစ်များ ဖြစ်သော်လည်း လုပ်ဆောင်မှု စံသတ်မှတ်ချက် ၆ပါ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ကိုက်ညီကြောင်း သက်သေပြရန်နှင့် ကွာဟချက်များ ဖြည့်ပေးရန် အတွက် နောက်ထပ် ဖြည့်စွက်ဆန်းစစ်ခြင်းများ လိုအပ်မည် ဖြစ်သည်။

အပိုဒ် ၃၀ (GN30)။ ဇီဝမျိုးစုံမျိုးကွဲများ အစားထိုး ပြန်လည်တည်ဆောက်ပေးခြင်း သည် မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများ၏ စီမံကိန်းမှ ရှောင်ကြဉ်မှု၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လျှော့ချမှုနှင့် ပြန်လည်ထူထောင်ရေးအစီအမံများ ဆီလျော်သလို ကျင့်သုံးပြီးနောက် စီမံကိန်းကြောင့် ဇီဝမျိုးစုံမျိုးကွဲ ကြွင်းကျန်ဆုံးရှုံးမှု သိသိသာသာ ရှိနေသေးလျှင် ထိုဆုံးရှုံးမှုကိုချိန်ညှိနိုင်ရန် "တိုင်းတာနိုင်သော ကာကွယ်ထိန်းသိမ်းမှု ရလဒ်များ"(Measurable conservation outcomes) ဖြင့် မြေပြင်ပေါ်တွင် ဆောင်ရွက်သည့် လုပ်ငန်းစုတရပ်ဖြစ်သည်။ထိုသို့ဆောင်ရွက်ခြင်းသည် ဂေဟဗေဒဆိုင်ရာ ဝိသေသလက္ခဏာရပ်များအားဖြင့်ကြည့်လျှင်၊ ("like-for-like or better") ဆုံးရှုံးမှုနှင့်အညီ သို့မဟုတ် ပို၍ကောင်းမွန်စွာဖြင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တိုးတက်မှုများနှင့် မျှော်မှန်းထားသော စုစုပေါင်းအကျိုးအမြတ် အရွယ်အစားတို့ကို မျှတညီညွတ်စေသည်။ Biodiversity Offset ပြုလုပ်ရန် ဆုံးဖြတ်ချက်သည် ကြီးမားသော ထိခိုက်သက်ရောက်မှုများကို တားဆီးသည့် ကောင်းမွန်သော စီမံခန့်ခွဲမှုအလေ့အကျင့်ကို အစားထိုးဆောင်ရွက်ခြင်းမျိုး မဖြစ်စေရပါ။ ယင်းသည် စီမံကိန်း၏ ထိခိုက်သက်ရောက်မှုများ ရှိနေသမျှ ကာလပတ်လုံး ဒေသတွင်း၌ရှိသည့် အစားအလျော် ပေးထားသော နေရာတစ်ခု သို့မဟုတ် နေရာများတွင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လက်တွေ့ရလဒ်များရရှိရန် ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်ရမည်။

အပိုဒ် ၃၁ (GN31)။ သိသာထင်ရှားသော ကြွင်းကျန်သက်ရောက်မှုများကို အစားထိုးပေးလျော်ရန် အသုံးပြုနိုင်သည့် နည်းလမ်း နှစ်ခုရှိသည်။ (၁) ဇီဝအစိတ်အပိုင်းများ ပြန်လည်သန်စွမ်း သို့မဟုတ် ပိုမိုတိုးမြင့်လာစေသည့် လုပ်ငန်းများ( သို့မဟုတ် ဂေဟစနစ်များနှင့် ယင်းတို့နှင့်ဆက်စပ်နေသော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ ပြန်လည်ဖန်တီးခြင်း) အသုံးပြု၍ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ယခင် ထိခိုက်ခဲ့မှုများ ( လက်ရှိစီမံကိန်းနှင့်မဆက်စပ်သည့် အခြားအချက်များကြောင့်)ကို ကုစားသည့် ဇီဝ အစားထိုးပြန်လည်ထူထောင်ရေး လုပ်ငန်းများ (၂) ဖြစ်အံ့ဆဲဆဲ မျိုးသုဉ်းမည့်အန္တရာယ်ခြိမ်းခြောက်မှု သို့မဟုတ် ခန့်မှန်းထားသော ဆုံးရှုံးမှု ( လက်ရှိစီမံကိန်းနှင့်မဆက်စပ်သည့် အခြားအချက်များကြောင့် ) ရှိနေသည်ဟု သက်သေပြသော နေရာတစ်နေရာတွင် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ပေးခြင်း သို့မဟုတ် ဆုံးရှုံးမှုကို တားဆီးရှောင်ဖယ်ရန် အစားအလျော်ပေးခြင်း တို့ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှုများ ခန့်မှန်း၍ ဆုံးရှုံးမှုကို တားဆီးရန် အစားထိုးပြန်လည်တည်ဆောက်ပေးရန် အဆိုပါ ဆုံးရှုံးမှုအခြေအနေနှင့်အလားအလာကို မှန်မှန်ကန်ကန် ခွဲခြမ်းစိတ်ဖြာရန် လိုအပ်သည်။ အချို့ဖြစ်ရပ်များတွင် အဆိုပါခန့်မှန်းတွက်ချက်ခြင်းများကို အထောက်အကူပြုသည့် ခွဲခြမ်းစိတ်ဖြာသုံးသပ်

ခြင်းများ မသေချာခြင်း သို့မဟုတ် ယင်းလုပ်ငန်းစဉ်တွင် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများထံမှ ပံ့ပိုးခြင်းများမရှိလျင် ထိုကဲ့သို့ အစားထိုး ပြန်လည်တည်ဆောက်ပေးခြင်းမျိုးသည် သင့်တော်မှုမရှိနိုင်ပါ။

အပိုဒ် ၃၂ (GN32)။ ဇီဝမျိုးစုံမျိုးကွဲများ (ဆိုလိုသည်မှာ ဂေဟစနစ်ဝန်ဆောင်မှုများ) ကို လူမှုစီးပွားနှင့် ယဉ်ကျေးမှုများအတွက် အသုံးပြုသည့်ကိစ္စများတွင် စီမံကိန်းနှင့် offset ကြောင့် ထိခိုက်နစ်နာမှုရှိသော ရပ်ရွာလူထုအတွက် အလျော်ပေးမှုများ တစ်စုတစ်စည်းကို ဇီဝမျိုးစုံမျိုးကွဲ အစားထိုးပြန်လည်တည်ဆောက်ခြင်း အစီအစဉ်များတွင် ထည့်သွင်းနိုင်သည်။ ဂေဟစနစ်ဝန်ဆောင်မှုများကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပိုဒ် ၂၄ နှင့် ၂၅ တွင် ဖော်ပြထား၍ ဂေဟစနစ်ဝန်ဆောင်မှုအတွက် အလျော်ပေးခြင်းများကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၅ ၊ ၇ နှင့် ၈ တို့တွင် ထည့်သွင်းထားသည်ဟု မှတ်ယူရန်ဖြစ်သည်။

အပိုဒ် ၃၃ (GN33)။ ဇီဝမျိုးစုံမျိုးကွဲ အစားထိုးပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ ပင်မဒီဇိုင်းရေးဆွဲမှုအဆင့်များတွင် (၁) စီမံကိန်းကြောင့် ထိခိုက်နိုင်ခြေရှိသော ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုးများမှ အကျိုးခံစားနေသည့် မြေပြင်အတွင်း အစားထိုး ကာကွယ်ထိန်းသိမ်းမှုလုပ်ဆောင်ရန် ဖြစ်နိုင်ခြေရှိသော နေရာများနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးကာ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း (ဆိုလိုသည်မှာ ပျက်စီးဆုံးရှုံးမှုနှင့်အညီ သို့မဟုတ် ပိုကောင်းမွန်သည့် လုပ်ဆောင်ချက်) (၂) စီမံကိန်းနေရာတွင် ဆုံးရှုံးသွားသော ဇီဝမျိုးစုံမျိုးကွဲများကို ပြန်လည်ထူထောင်မည့် နေရာတွင် အစားထိုးပေးနိုင်စွမ်း ရှိ၊ မရှိ ဆန်းစစ်ခြင်း၊ (၃) အစားထိုးတည်ဆောက်သည့် လုပ်ဆောင်ချက်များ ရေရှည်ထိန်းသိမ်းဆောင်ရွက်ရေးအတွက် ဖြစ်နိုင်ချေရှိသော နည်းလမ်းများ သတ်မှတ်ခြင်း- ဥပမာ - ဥပဒေအကာအကွယ်ပေးခြင်းများ အပါအဝင် (၄) အစားထိုးပြန်လည်ထူထောင်မှုကြောင့် ထိခိုက်မည့် ရပ်ရွာလူထုများကိုယ်တိုင် ဇီဝမျိုးစုံမျိုးကွဲ အစားပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ထိရောက်သော လုပ်ငန်းစဉ်ချမှတ်ခြင်း၊ (၅) သက်ဆိုင်ရာ အစားထိုး ပြန်လည်တည်ဆောက်ပေးမှုလုပ်ဆောင်ချက်များ သတ်မှတ်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ အစားထိုးပြန်လည်တည်ဆောက်ပေးမှု စီမံခန့်ခွဲရေးစီမံချက်တစ်ခုအတွင်း ယင်းတို့ကို မည်သို့ အကောင်အထည်ဖော်မည်ဆိုသည်ကို သတ်မှတ်ခြင်း၊ ပါဝင်ဆောင်ရွက်မည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားနှင့် ဘတ်ဂျက်ခန့်မှန်းချက်များ (၆) စီမံကိန်းကြောင့် ထိခိုက်မှုများ ရှိနေသမျှ ကာလပတ်လုံး အစားထိုး ပြန်လည်တည်ဆောက်ပေးမှုကို အထောက်အကူပေးရန် ရန်ပုံငွေထူထောင်သည့် လုပ်ငန်းစဉ်တစ်ရပ်ချမှတ်ခြင်း (ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် ၄၉ ကို ကြည့်ပါ) (၇) စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် လိုက်လျောညီထွေ စီမံခန့်ခွဲမှုတို့အတွက် စနစ်တစ်ခု ရေးဆွဲခြင်းနှင့် (၈) စီမံကိန်းသည် ဇီဝမျိုးစုံမျိုးကွဲ အစားထိုး ပြန်လည်တည်ဆောက်ခြင်းနှင့်ပတ်သတ်၍ကျင့်သုံးနိုင်သော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများအားလုံးနှင့် ကိုက်ညီစေခြင်း။ စီးပွားရေးလုပ်ငန်းနှင့် ဇီဝမျိုးစုံမျိုးကွဲ အစားထိုးတည်ဆောက်ခြင်းအစီအစဉ် (Business and Biodiversity Offsets Program)၏အဖွဲ့ဝင်များသည် နိုင်ငံတကာအသိအမှတ်ပြု ဇီဝမျိုးစုံမျိုးကွဲ အစားထိုးတည်ဆောက်ခြင်းအခြေခံမှုများကို ပထမဆုံး ရေးဆွဲပြုစုသူများဖြစ်၍ ဇီဝမျိုးစုံမျိုးကွဲ အစား ထိုးဆည်ဆောက်ခြင်းဆိုင်ရာ စီမံရေးဆွဲမှုများကို ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော ဇီဝမျိုးစုံမျိုးကွဲအစားထိုးတည်ဆောက်ခြင်းလုပ်ငန်း လုပ်ဆောင်သူများအတွက် လက်စွဲစာအုပ်တွင် စုစည်း

ဖော်ပြထားသည်။GN6 အစားထိုးတည်ဆောက်ပေးရန် စီမံရေးဆွဲခြင်း၊ အထူးသဖြင့် ဆုံးရှုံးမှုများနှင့် ရရှိမှုများ (losses and gains) ဆန်းစစ်ခြင်းကို ကျွမ်းကျင်သူဦးဆောင်သည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်နိုင်သည်။ သို့မဟုတ် ဇီဝမျိုးစုံမျိုးကွဲများအပေါ် ကျရောက်လာမည့် အန္တရာယ်များနှင့် ချိန်ညှိသည့် ဆန်းစစ်မှုတစ်ရပ်အဖြစ်လည်း ဆောင်ရွက်နိုင်သည်။

အပိုဒ် ၃၄ (GN 34)။ အချို့နိုင်ငံများ (ဥပမာ- ဘရာဇီး) တွင်၊ စီမံကိန်းဆောင်ရွက်သူက ဒီဇိုင်းအပေါ် ထိန်းချုပ်နိုင်မှု အကန့်အသတ်ရှိသည့် စီမံကိန်းတစ်ခုတွင် အစားထိုးတည်ဆောက်ပေးခြင်းသည် ဥပဒေအရ မဖြစ်မနေဆောင်ရွက်ရန် သတ်မှတ်ထားသော ကိစ္စရပ်တစ်ခု ဖြစ်နိုင်သည်။ IFC ၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်း၍ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ နှင့် ကိုက်ညီစေရေး ဆောင်ရွက်ပေးရန်၊ လိုအပ်သည့် အခွင့်အရေးများ ရရှိရေး ဥပဒေက ခွင့်ပြုထားသည့် အတိုင်းအတာအထိ တတ်နိုင်သမျှ သဘောတူဆောင်ရွက်ပေးရန်ဖြစ်သည်။ သို့မဟုတ်ပါက စီမံကိန်းဆောင်ရွက်သူများသည် လုပ်ဆောင်မှုစံသတ်မှတ်ချက်၆ပါ သတ်မှတ်ချက်များအတိုင်း အစားထိုး ပြန်လည်တည်ဆောက်ပေးခြင်းကို ကြီးကြပ်၊ ညွှန်ကြား၊ ဖြည့်စွက်ဆောင်ရွက်သင့်သည်။ ထိုသို့ ဆောင်ရွက်ရာ၌ ပျက်စီးဆုံးရှုံးမှုနှင့်အညီ သို့မဟုတ် ပိုမိုသာလွန်သည့် ပေးဆပ်မှု သဘောတရားအတိုင်း မြေပြင်ကာကွယ်ထိန်းသိမ်းမှု ရလဒ်များ လက်တွေ့ရရှိစေခြင်းနှင့် သတ်မှတ်ထားသော လုပ်ဆောင်ချက်များ၏ အောင်မြင်မှုကို ကာလရှည် စောင့်ကြပ်ကြည့်ရှုခြင်းတို့ ကို ဆောင်ရွက်သင့်သည်။

***<u>ပြောင်းလဲထားပြီးသောနေရင်းဒေသများ (Modified Habitat)</u>***

***၁၁။ ပြောင်းလဲထားပြီးသော နေရင်းဒေသများ (modified habitat) ဆိုသည်မှာ ဒေသမျိုးရင်းမဟုတ်သည့် အပင်များ နှင့် (သို့မဟုတ်) သက်ရှိမျိုးစိတ်များ ကျယ်ကျယ်ပြန့်ပြန့် ဖုံးလွှမ်းနေသောနေရာနှင့် (သို့မဟုတ်) မူလဂေဟစနစ် လုပ်ဆောင်မှုများ နှင့်မျိုးစိတ်စုဖွဲ့ခြင်းများကို လူသားတို့၏ လုပ်ဆောင်ချက်များက ကြီးမားစွာ ပြောင်းလဲပစ်လိုက်သော ဧရိယာတစ်ခု ဖြစ်သည်။ ပြောင်းလဲထားပြီးသော နေရင်းဒေသများတွင် စိုက်ပျိုးရေးလုပ်ကိုင်နေသောနေရာများ၊ သစ်တောသစ်ပင် စိုက်ထားသောနေရာများ၊ ပြန်လည်ပြုပြင်မွမ်းမံထားသည့် ကမ်းရိုးတန်း[၆]များ၊ ပြန်လည်ပြုပြင်မွမ်းမံထားသည့် စိမ့်မြေများ စသည့်ဧရိယာများပါဝင်ပါသည်။***

***၁၂။ အန္တရာယ်နှင့် ထိခိုက်သက်ရောက်မှုများကို ဖော်ထုတ်သတ်မှတ်သည့် လုပ်ငန်းစဉ်လုပ်ဆောင်ရမည်ဟု လုပ်ဆောင်မှုစံသတ်မှတ်ချက်၁ တွင်ဖော်ပြထားသကဲ့သို့ပင် ယခုလုပ်ဆောင်မှုစံသတ်မှတ်ချက်ကလည်း ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်သက်၍ အလွန်တန်ဖိုးထားအပ်သည့် ပြောင်းလဲထားပြီးသော နေရာများနှင့် ဆက်စပ်ပေသည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ အနေဖြင့် ထိုဇီဝမျိုးစုံမျိုးကွဲတို့အပေါ် သက်ရောက်လာမှုများ လျော့ကျစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည်။***

*IFC* ***လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ ၏ လိုအပ်ချက်အတိုင်း လုပ်ဆောင်ရသော အန္တရာယ်နှင့် ထိခိုက်သက်ရောက်မှုများကို ဖော်ထုတ်သတ်မှတ်သည့် လုပ်ငန်းစဉ်၏ တွေ့ရှိချက်အရ ပြုပြင်ပြောင်းလဲပြီး***

---

[6] GN6 Ledec and Reay Johnson, Biodiversity Offsets: A User Guide, http://documents.worldbank.org/curated/en/344901481176051661/Biodiversity-offsets-a-user-guide

***ဖြစ်သော နေရာများတွင် သိသာထင်ရှားသော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ ရှိသည်ဆိုပါက ဤ IFC လုပ်ဆောင်မှုစံသတ်မှတ်ချက် ကိုအသုံးပြုရမည်ဖြစ်သည်။***

---

[၅] ယင်းတွင် စီမံကိန်းပြင်ဆင်ခြင်းကြောင့် နေရင်ဒေသများ ပြောင်းလဲသွားသည်တို့ကို ထည့်မတွက်ချေ။
[၆] ထုတ်လုပ်ရေးအတွက် ပင်လယ် (သို့မဟုတ်) အခြားရေလွှမ်းရာ နေရာများမှ မြေများကို ပြန်လည်ဖော်ထုတ်၍ မြေနေရာအသစ်များရရန် လုပ်ဆောင်သည့် လုပ်ငန်းစဉ်သည် ပြန်လည်ပြုပြင်ဖော်ထုတ်ခြင်းဖြစ်သည်။

အပိုဒ် ၃၅ (GN 35)။ လူတို့၏ လုပ်ဆောင်ချက်များကြောင့် သဘာဝနေရင်းဒေသများ၏ တည်ဆောက်ပုံနှင့် ဖွဲ့စည်းပါဝင်မှုများသည် အတိုင်းအတာတစ်ခုအထိ ဒေသမျိုးရင်းမဟုတ်သော မျိုးစိတ်များ ပိုမိုလွှမ်းမိုးလာခြင်းနှင့်(သို့မဟုတ်) နေရင်းဒေသများ၏ သဘာဝဂေဟဗေဒလုပ်ငန်းရပ်များ အခြေခံအားဖြင့် ပြောင်းလဲသွားခြင်း ဖြစ်ပေါ်နိုင်ပါသည်။ အဆိုးဆုံးအခြေအနေမှာ မြို့ပြအသွင်သို့ လုံးဝပြောင်းလဲသွားခြင်းဖြစ်သည်။ သို့သော် ပြောင်းလဲထားပြီးဖြစ်သော နေရင်းဒေသများ၏ အဝန်းအဝိုင်းသည် များစွာကျယ်ပြန့်သည်။ ယင်းတို့တွင် စိုက်ပျိုးမြေများ၊ သစ်တောစိုက်ခင်းများ၊ လူတို့၏ အခြားလုပ်ရပ်များစွာကြောင့် တစ်စိတ်တစ်ပိုင်း ယုတ်လျော့ပျက်စီးလာသော မြေများဟူ၍ ပါဝင်ကြသည်။ မြေမျက်နှာသွင်ပြင်သည် (ဥပမာ- အနီးအနား ရှိသဘာဝကျက်စားရာနေရာမှ ကွဲထွက်ခြင်းမျိုးရှိလျှင် ပြုပြင်ပြောင်းလဲခြင်းခံထားရသော စီမံကိန်းနေရာအဖြစ် စဉ်းစားသတ်မှတ်ခံရသည့် အဆင့်အထိ လွှမ်းမိုးသက်ရောက်ခြင်းမျိုးလည်းရှိသည်။နေရင်းဒေသတစ်ခုသည် ပြုပြင်ပြောင်းလဲထားပြီးသော နေရာ သို့မဟုတ် သဘာဝနေရာ ဟူ၍ သံသယရှိလျှင် ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် ၃၉ ကိုကြည့်ပါ။ အပိုဒ် ၂၇ တွင်မူ မြေမျက်နှာသွင်ပြင်၏ အရွယ်အစားအပေါ်မူတည်၍၊ ပြုပြင်ပြောင်းလဲထားပြီးသော နေရင်းဒေသများနှင့် သဘာဝနေရင်းဒေသများဟူ၍ ဆန်းစစ်ရန် နောက်ထပ်အချက်အလက်များကို ဖော်ပြပေးထားသည်။

အပိုဒ် ၃၆ (GN36)။ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် ယင်းတို့၏ စီမံကိန်းကို သဘာဝ သို့မဟုတ် အရေးတကြီး ကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော နေရင်းဒေသတွင် ပြုလုပ်မည့်အစား ပြုပြင်ပြောင်းလဲထားပြီးသော နေရင်းဒေသတွင်သာ ကြိုးပမ်းသင့်သည်။ ထိုသို့ လုပ်ဆောင်ရန် ကြိုးပမ်းထားကြောင်းကိုလည်း စီမံကိန်း၏ အန္တရာယ်များနှင့် ထိခိုက်သက်ရောက်မှုများ ရှာဖွေဖော်ထုတ်သည့် လုပ်ငန်းစဉ်အတွင်း အခြားဆောင်ရွက်စရာနည်းလမ်း ဆန်းစစ်မှုတစ်ရပ် ပြုလုပ်ခြင်းအားဖြင့် သက်သေပြသင့်သည်။

အပိုဒ် ၃၇ (GN37)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ သည် ပြုပြင်ပြောင်းလဲထားပြီးသော နေရင်းဒေသများအတွင်း သိသာထင်ရှားသော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများရှိနေသည်ဆိုပါက စီမံကိန်းများသည် ယင်းတို့ကြောင့် ထိခိုက်သက်ရောက်မှုများ နည်းနိုင်သမျှနည်းအောင်လျှော့ချ၍ ထိုတန်ဖိုးများကို ထိန်းသိမ်းရန်အတွက် လိုအပ်သောထိခိုက်မှုလျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်းအစီအမံများ ဆောင်ရွက်ရမည်ဟုသတ်မှတ်ထားသည်။

ပြုပြင်ပြောင်းလဲထားပြီးသော နေရင်းဒေသများတွင်ရှိနိုင်သည့် သိသာထင်ရှားသော ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုးများတွင် ကာကွယ်ထိန်းသိမ်းရန် အလေးထားရမည့်မျိုးစိတ်များ (ဥပမာ- မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ခြိမ်းခြောက်မှုခံနေရသော မျိုးစိတ်များ သို့မဟုတ် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများက အရေးပါသည်ဟုသတ်မှတ်ထားသော မျိုးစိတ်များ) နှင့် ပြုပြင်ပြောင်းလဲထားပြီးဖြစ်သော မြေမျက်နှာသွင်ပြင်တွင် ဆက်လက် တည်ရှိနေသည့် ဂေဟဗေဒ အင်္ဂါရပ် အကြွင်းအကျန်များ၊ အထူးသဖြင့် အရေးပါသော ဂေဟဗေဒလုပ်ငန်းရပ်များဆောင်ရွက်သည့် ဇီဝမျိုးစုံမျိုးကွဲများလည်း ရှိနေနိုင်သည်။

အချို့ဖြစ်ရပ်များတွင် သိသာထင်ရှားသော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများကြောင့် သဘာဝနေထိုင် ကျက်စားရာနေရာ သို့မဟုတ် အရေးတကြီးသည့် နေရင်းဒေသဆိုင်ရာ သတ်မှတ်ချက်များ လိုက်နာရန် လိုအပ်လာနိုင်ပါသည်။အဆိုပါဖြစ်ရပ်တွင် သက်ဆိုင်ရာနေရင်းဒေသ ရွေးချယ်သတ်မှတ်ချက်များနှင့် ဆိုင်သော လမ်းညွှန်ချက်များကို အသုံးပြုဆောင်ရွက်သင့်သည်။

အပိုဒ် ၃၈ (GN38)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ၏ အောက်ခြေ မှတ်စု ၅ပါ "စီမံကိန်း" ဟူသောစကားရပ်သည် ချေးငွေအဆိုပြုတင်ပြထားသော စီမံကိန်းကို ဆိုလိုသည်။ နေရင်းဒေသများကို ထိန်းသိမ်းထားရှိရာ၌ စီမံကိန်းမတိုင်ခင်က ပြုပြင်ပြောင်းလဲထားသည့်အခြေအနေ ဖော်ထုတ်သတ်မှတ်ချက်များ အတိုင်း ထိန်းသိမ်းထားရန်ဖြစ်သည်။IFCမှ ရင်းနှီးမြှုပ်နှံရန် စဉ်းစားနေသောစီမံကိန်းအတွက် ချေးငွေရရှိရန် သို့မဟုတ် ကြီးကြပ်သူအာဏာပိုင်၏ ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေစဉ်ကာလအတွင်း လုပ်ငန်းလုပ်ဆောင်သူ သို့မဟုတ် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းကြောင့် အရည်အသွေးများ ယုတ်လျော့သွားခဲ့လျှင် ယင်းကိုပြုပြင် ပြောင်းလဲထားပြီးသော နေရင်းဒေသအဖြစ် မှတ်ယူ၍မဖြစ်နိုင်ပါ။ သဘာဝဘေးများ- ဥပမာ-တောမီးလောင်ခြင်း၊ဟာရီကိန်းမုန်တိုင်းတိုက်ခတ်ခြင်းသို့မဟုတ် လေဆင်နှာမောင်း တိုက်ခတ်ခြင်း တို့ကြောင့် ထိခိုက်ခံရသောသဘာဝနေရင်းဒေသတစ်ခုသည် ပြုပြင်ပြောင်းလဲထားပြီးသော နေရင်းဒေသဟူသည့် သတ်မှတ်ချက် အဆင့်တစ်ရပ်သို့ ရောက်မသွားပါ။ ယခင်ကတည်းက ပြုပြင်ပြောင်းလဲမှုများရှိခဲ့၊ မရှိခဲ့ မသေချာလျှင် လုပ်ငန်းလုပ်ဆောင်သူသည် စီမံကိန်းမတိုင်ခင်က ပြုပြင်ပြောင်းလဲထားမှုအခြေအနေ ဖော်ထုတ်သတ်မှတ်ချက်များကို အသုံးမပြုနိုင်ဟု မည်သည့်အတွက်ကြောင့် ယုံကြည်ကြောင်း အထောက်အထားများ ပေးအပ်သင့်သည်။ ထို့ပြင် အပိုဒ် ၂၆ ပါ "သက်ရှိသဘာဝသယံဇာတများအပေါ်ရေရှည်တည်တံ့သောစီမံခန့်ခွဲမှု"နှင့်စပ်လျဉ်း၍ လုပ်ဆောင်မှု စံသတ်မှတ်ချက်၆ သည် သဘာဝနေရင်းဒေသများ နေရာပြောင်းလဲခြင်းအတွက် သတ်မှတ်အချိန်ကာလနေ့ရက်များနှင့်စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသော ဆန္ဒအလျောက် လိုက်နာနိုင်သောစံနှုန်းများ၊ ဥပမာ- သစ်တောကြီးကြပ်အုပ်ချုပ်ရေးကောင်စီ (Forest Stewardship Council) နှင့် ဆီအုန်းစိုက်ပျိုးမှု ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းဆွေးနွေးပွဲ(Roundtable on Sustainable Palm Oil) တို့၏ စံနှုန်းများကို လေးစားလိုက်နာရန်ဖြစ်သည်။

***<u>သဘာဝ နေရင်းဒေသ (Natural Habitat)</u>***

***၁၃။ သဘာဝ နေရင်းဒေသသည် ဒေသမျိုးရင်းအပင် နှင့် (သို့မဟုတ်) သက်ရှိမျိုးစိတ်များ စုစည်းရှင်သန်တည်ရှိနေသော ဧရိယာနှင့်(သို့မဟုတ်) လူသားတို့၏လုပ်ဆောင်ချက်များက ထိုဧရိယာတွင်ရှိသည့် မူလဂေဟဆိုင်ရာ လုပ်ငန်းဆောင်တာများ၊မျိုးစိတ်များစသည်တို့ကိုကြီးမားစွာ ပြောင်းလဲမထားသော နေရာဒေသဖြစ်သည်။***

***၁၄။ အောက်ပါတို့အားလုံးကို အထောက်အထားနှင့်တကွ မပြဆိုနိုင်ပါက IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအနေဖြင့် သဘာဝနေရာများကို သိသိသာသာ အပြောင်းအလဲဖြစ်သွားစေရန် (သို့မဟုတ်) အရည်အသွေးနိမ့်ကျသွားစေရန်* မလုပ်ဆောင်ရပေ။***

- ***စီမံကိန်းကိုဒေသအတွင်းရှိပြုပြင်ပြောင်းလဲပြီးသားနေရာတွင်လုပ်ဆောင်နိုင်ရေး အတွက် မဖြစ်နိုင်တော့ခြင်း၊***

- ***ပြောင်းလဲသွားမည့်၊ အရည်အသွေးနိမ့်ကျသွားမည့် အတိုင်းအတာ[၈] နှင့်ပတ်သက်ပြီး ထိခိုက်မည့် ရပ်ရွာလူထုအပါအဝင် ဆက်နွယ်ပတ်သက်သူများ ၏ အမြင်များကိုရယူ၍ ဆွေးနွေးတိုင်ပင်ခြင်းနှင့်၊***
- ***ထိခိုက်သက်ရောက်မှုများလျော့ချရေးအစီအမံ အဆင့်ဆင့်နှင့်အညီ ပြောင်းလဲသွားသည့် (သို့မဟုတ်) အရည်အသွေးနိမ့်ကျသွားသည့်နေရာများကို ထိခိုက်သက်ရောက်မှုလျော့သွားအောင် လုပ်ဆောင်ထား ခြင်း။***

***၁၅။ သဘာဝနေရင်းဒေသရေိယာများအတွင်းတွင် ဇီဝမျိုးကွဲ အသားတင်ဆုံးရှုံးခြင်း[၉]များ တတ်နိုင်သမျှ မရှိစေရန် ရည်ရွယ်သည့် ထိခိုက်သက်ရောက်မှုလျှော့ချရေး အစီအမံများရေးဆွဲရမည်။သင့်လျော်သည့် လုပ်ဆောင်ချက်များတွင် အောက်ပါအချက်များ ပါဝင်သင့်သည်-***

- ***စီမံကိန်းနေရာအတွင်းရှိသော်လည်း၊ စီမံကိန်းအကောင်အထည်ဖော်ရန် မဟုတ်သည့်၊ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်သည့် မြေနေရာများ (ပလပ်မြေ)[၁၀] တွင် ထိခိုက်သက်ရောက်မှုများကို ဖော်ထုတ်သတ်မှတ်ခြင်း နှင့် ကာကွယ်ခြင်းတို့ဖြင့် ဇီဝမျိုးစုံမျိုးကွဲ အပေါ် သက်ရောက်လာမည့်အရေးကို ရှောင်ရှား ခြင်း၊***
- ***နေရင်းဒေသများ အကွဲကွဲအပြားပြားဖြစ်ခြင်းကို လျှော့ချရေး အတွက် လုပ်ဆောင်ခြင်း၊ ဇီဝဆိုင်ရာ စင်္ကြံလမ်းများ တည်ဆောက်ခြင်းကဲ့သို့သော စီမံကိန်းလုပ်ငန်းစဉ်ကာလအတွင်းနှင့်(သို့မဟုတ်) စီမံကိန်းကာလအလွန် အချိန်များတွင် နေရင်းဒေသများကို ပြန်လည်ထိန်းသိမ်းရေး လုပ်ဆောင် ခြင်း၊***
- ***ထိခိုက်ဆုံးရှုံးသွားသော ဇီဝမျိုးစုံမျိုးကွဲအစားထိုး ပြန်လည်တည်ဆောက်ပေးခြင်းကို အကောင်အထည်ဖော်ခြင်း***

---

[၈] သိသာသည့် ပြောင်းလဲမှု (သို့မဟုတ်) အရည်အသွေးနိမ့်ကျသွားမှုဆိုသည်မှာ (၁) မြေ (သို့မဟုတ်) ရေအသုံးချမှုကို အများအပြား နှင့်(သို့မဟုတ်) ရေရှည်လုပ်ဆောင်မှု၏ အကျိုးရလဒ်အဖြစ် နေရင်းဒေသလုံးဝပျက်သုဉ်းခြင်း (သို့မဟုတ်) အလွန်နိမ့်ကျ ယိုယွင်း သွားခြင်း။ (၂) မူရင်းဌာနေမျိုးစိတ်များ ရှင်သန်ကြီးထွား နိုင်ခြင်းကို ဖြစ်စေသည့် နေရင်းဒေသ၏ အရည်အသွေးကို သိသိသာသာ နည်းပါးနိမ့်ကျသွားစေသည့် ပြုပြင်ပြောင်းလဲမွမ်းမံခြင်း။

[၉] လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့်အတိုင်း ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံဆောင်ရွက်၊ တိုင်ပင်သည့် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်သည်။

[၁၀] အသားတင် ဆုံးရှုံးမှုမရှိဟုဆိုသည့် အဓိပ္ပါယ်မှာ စီမံကိန်းနှင့်ပတ်သက်ပြီး ထိခိုက်သွားသော ဇီဝမျိုးစုံမျိုးကွဲထိခိုက်မှုများအား ရှောင်ရှား၊ လျှော့ချသည့် အလုပ်များ၊ စီမံကိန်းဧရိယာအတွင်း ဇီဝမျိုးစုံမျိုးကွဲ ပြန်လည်ထိန်းသိမ်းသည့် အလုပ်များ၊ သက်ဆိုင်ရာ ပထဝီဝင်အတိုင်းအတာတို့တွင် (ဥပမာ - နေရာဒေသတွင်း၊ ကျယ်ပြန့်သည့် မြေပြင်ဧရိယာအရ၊ နိုင်ငံအဆင့်အရ၊ ဒေသတွင်းအဆင့် အရ) သိသိသာသာ ကြွင်းကျန်နေသေးသည့် ထိခိုက်မှုများရှိနေပါက ၎င်းတို့အတွက် ပြန်လည်အစားထိုး ပေးဆပ်ခြင်းအလုပ်များ စသည်တို့ဖြင့် ပြန်လည်ထိန်းညှိပြီးသည့်အမှတ်နေရာ။

[10]စီမံကိန်းနယ်မြေအတွင်းရှိ၍ စီမံကိန်းအကောင်အထည်ဖော်ရန်မဟုတ်သော သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်သည့် မြေနေရာများ (ပလပ်မြေ) ဆိုသည်မှာ စီမံကိန်းနယ်မြေအတွင်း ပါဝင်သည့် မြေဧရိယာ (သို့မဟုတ်) မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများ၏ စီမံခန့်ခွဲမှုအောက်ရှိဧရိယာတွင် ပါဝင်သော်လည်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သည့် နေရာမဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု တိုးမြှင့်ရေးအတွက် ဦးတည်ထား ဆောင်ရွက်နေသည့် မြေနေရာကို ဆိုလိုသည်။ ပလပ်မြေတွင် ထူးခြားသည့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ နှင့် (သို့မဟုတ်) နေရာဒေသတွင်း၊ နိုင်ငံတွင်း၊ ဒေသအတွင်းတို့အထိ ဂေဟစနစ်ဝန်ဆောင်မှုများပေးနိုင်သည့် အရည်အသွေးများ ရှိနိုင်သည်။ပလပ်မြေသတ်မှတ်ရာတွင် နိုင်ငံတကာ အသိအမှတ်ပြုထားသည့် ချဉ်းကပ်ဆောင်ရွက်ပုံများ (သို့မဟုတ်) နည်းနာများ (ဥပမာ - High Conservation Value - ထိန်းသိမ်းစောင့်ရှောက်မှုတန်ဖိုး မြင့်မားသည့်၊ စနစ်ကျသော ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်) ကို အသုံးပြု၍ ဖွင့်ဆိုသတ်မှတ်ရမည်။

အပိုဒ် ၃၉ (GN39)။ သဘာဝနေရင်းဒေသဟု ဆုံးဖြတ်နိုင်ရန် ရနိုင်သမျှ အကောင်းဆုံး အချက်အလက်များဖြင့် သိပ္ပံနည်းကျ မှန်မှန်ကန်ကန် ဆန်းစစ်မှုပြုလုပ်ရန်ဖြစ်သည်။ လက်ရှိနှင့် ယခင်အခြေအနေများ နှိုင်းယှဉ်ဆန်းစစ်ခြင်းကို ဆောင်ရွက်သင့်သည်။ ဒေသန္တရဗဟုသုတနှင့် အတွေ့အကြုံများကို ထည့်သွင်းအသုံးပြုသင့်သည်။ သဘာဝနေရင်းဒေသများ သို့မဟုတ် သံသယရှိလျှင် သဘာဝနှင့် ပြုပြင်ပြောင်းလဲထားပြီးသော နေရင်းဒေသများ၏ တည်နေရာနှင့် အရွယ်အစားကို ဖော်ပြသည့်မြေပုံတစ်ပုံကို အန္တရာယ်များနှင့် ထိခိုက်သက်ရောက်မှု ဆန်းစစ်ခြင်းတွင် ထည့်သွင်းအသုံးပြုသင့်သည်။ သဘာဝနေရင်းဒေသများကို မတို့ထိရသေးသော၊ နဂိုမူလအတိုင်းရှိနေသော နေရင်းဒေသဟု အဓိပ္ပါယ်မဖွင့်ဆိုရန် ဖြစ်သည်။သဘာဝနေရာဟု သတ်မှတ်ထားသော နေရင်းဒေသအများစုမှာ ရှေးယခင်ကတည်းက သို့မဟုတ် မကြာမီကာလ တစ်ခုအတွင်းက လူသားတို့ကြောင့် အတိုင်းအတာတစ်ခုအထိ ထိခိုက်သက်ရောက်မှုများ ရှိနေနိုင်သောကြောင့်ဖြစ်သည်။ ဤနေရာတွင် မေးခွန်းထုတ်စရာမှာ မည်မျှအတိုင်းအတာအထိ သက်ရောက်ခဲ့သလဲ ဆိုခြင်းပင်ဖြစ်သည်။ ကျွမ်းကျင်သော ပညာရှင်တစ်ဦး၏ စီရင်ဆုံးဖြတ်ချက်အရ နေရင်းဒေသသည် မူလကြွန်အင် လက္ခဏာ နှင့် သဘာဝဂေဟစနစ်(များ) ၏ လုပ်ဆောင်မှုများ များစွာရှိနေသေးလျှင် အရည်အသွေးအဆင့်အတန်း ယုတ်လျော့မှုအတိုင်းအတာ တစ်ခုရှိစေကာမူ အချို့သော ပြင်ပမျိုးစိတ်အချို့ရောက်ရှိနေခြင်း၊နောက်ထပ်တစ်ဖန် ပြန်လည်ရှင်သန် ပေါက်ရောက်လာသောသစ်တောများ၊ လူသားတို့နေထိုင်ခြင်းများ သို့မဟုတ် လူသားတို့ကြောင့် ဖြစ်ပေါ်သောအခြားပြောင်းလဲမှုများရှိစေကာမူ သဘာဝနေရင်း ဒေသများ နေရာတစ်ခုအဖြစ် မှတ်ယူသင့်သည်။

အပိုဒ် ၄၀ (GN40)။ လုပ်ဆောင်မှုစံသတ်မှတ်ချက်၆ ၊ အပိုဒ် ၁၄ ပါ၊ သတ်မှတ်ချက် ၃ ခုစလုံးဆောင်ရွက်ပြီးဖြစ်ကြောင်း လုပ်ငန်းလုပ်ဆောင်သူက သက်သေပြနိုင်လျှင်နှင့် ကုမ္ပဏီမှ ယင်း၏အဆိုပြုလုပ်ငန်းများသည် မြေအသုံးချမှုနှင့် လိုင်စင် ချထားပေးမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီကြောင်း သက်သေပြနိုင်လျှင် သဘာဝနေရင်းဒေသများ နေရာ အပေါ် ကြီးမားသိသာထင်ရှားစွာ ပြောင်းလဲခြင်း သို့မဟုတ် အရည်အသွေး ယုတ်လျော့ခြင်းများ ဖြစ်မည်မဟုတ်ပါ။ပထမ သတ်မှတ်ချက်မှာ (ဒေသအတွင်းရှိ) ပြုပြင်ပြောင်းလဲထားပြီးသော နေရင်းဒေသအပေါ်တွင် ပြုလုပ်မည့် စီမံကိန်း အတွက် အခြားဖြစ်နိုင်ခြေရှိသောနေရာများ မရှိခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲသွားသော နေရင်းဒေသအပေါ်တွင် ဖွံ့ဖြိုးမှုစီမံကိန်း ဆောင်ရွက်နိုင်ရေး အလားအလာရှိပြီး ဆောင်ရွက်နိုင်သောနည်းလမ်းများကို စူးမ်းလေ့လာနိုင်ရန် ဖွံ့ဖြိုးပြီးဖြစ်သော အခြား နေရာများ ရှိ၊ မရှိ ဆန်းစစ်ခြင်းတစ်ရပ်ပြုလုပ်သင့်သည်။ ဖြစ်နိုင်ခြေ ဟူသောစကားရပ် တွင် နည်းပညာဆိုင်ရာနှင့် ငွေကြေး

ဆိုင်ရာဖြစ်နိုင်ခြေများကိုထည့်သွင်းထားသော်လည်း ယင်းတို့နှင့်သာ ကန့်သတ်မထားပါ။ ဖြစ်ရပ်တော်တော်များများတွင် အန္တရာယ်နှင့်ထိခိုက်သက်ရောက်မှုများ ရှာဖွေဖော်ထုတ်ခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အခြားဆောင်ရွက်နိုင်သောနည်းလမ်းများကို ခွဲခြမ်းစိတ်ဖြာခြင်း အပြင် ဤဆန်းစစ်မှုကိုပါ ထပ်တိုး လုပ်ဆောင်ကြသည်။ ထိုဆန်းစစ်မှုသည် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းတွင် သမားရိုးကျထည့်သွင်း လုပ်ဆောင်နေကျထက် ပိုမိုနက်နက်နဲနဲ ဆန်းစစ်ခြင်း ဖြစ်သင့်သည်။ မြေမျက်နှာသွင်ပြင်အတွင်းရှိ အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများကိုလည်း ဖော်ပြသင့်သည်။ ထို့အပြင် ပြုပြင်ပြောင်းလဲထားပြီးသော နေရင်းဒေသနှင့် သဘာဝအလျောက် နေရင်းဒေသတို့တွင် ဖွံ့ဖြိုး ရေးလုပ်ငန်းများဆောင်ရွက်လျှင် ပိုမိုကုန်ကျမည့် ငွေကြေးပမာဏ အသေးစိတ် တွက်ချက်မှုများလည်း ဖော်ပြသင့်သည်။

အပိုဒ် ၄၁ (GN41)။ လုပ်ဆောင်မှုစံသတ်မှတ်ချက်(၆)အပိုဒ်(၁၄)၏ဒုတိယအချက်သည် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့်တိုင်ပင်ဆွေးနွေးခြင်း နှင့်ဆက်စပ်သည်။ စီမံကိန်းတစ်ခုကြောင့် သဘာဝနေရင်းဒေသအပေါ် သိသိသာသာပြောင်းလဲခြင်း သို့မဟုတ် အရည်အသွေး နိမ့်ကျမှုများ ဖြစ်နိုင်ခြေရှိလျှင် စနစ်ကျသော၊ မျှတကာဟန်ချက်ညီသော ဆွေးနွေးမှုတစ်ခုအနေဖြင့် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သည့် အဖွဲ့အစည်းမျိုးစုံနှင့် ဆွေးနွေးတိုင်ပင်ရမည်။ IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအနေနှင့် အဆိုပါ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့်ချိတ်ဆက်ဆောင်ရွက်မှုအပိုင်းတွင် လိုက်နာရမည့်ကိစ္စများကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင်ဖော်ပြထားပြီး ယင်းနှင့် ဆက်စပ်သည့် လမ်းညွှန်ချက်ကိုလည်း လမ်းညွှန်ချက်မှတ်စု ၁ တွင်တွေ့နိုင်သည်။ အထူးသဖြင့် (၁)နေရင်းဒေသအပေါ် ပြောင်းလဲသက်ရောက်မှုရှိခြင်းနှင့် အရည်အသွေးအဆင့်အတန်း ကျဆင်းခြင်း အတိုင်းအတာ၊ (၂) အခြားဆောင်ရွက်နိုင်သည့်နည်းလမ်း ခွဲခြမ်းစိစစ်ခြင်းများ၊ (၃) သဘာဝ နေထိုင် ကျက်စားရာနေရာနှင့်ဆက်စပ်နေသော ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးများ၊ (၄) ထိခိုက်မှု လျှော့ချရေး ရွေးချယ်စရာအစီအမံများ ၊ ပလပ်မြေချန်ထားခြင်း၊ ဇီဝမျိုးစုံမျိုးကွဲအစားထိုး ပြန်လည်တည်ဆောက်ပေးခြင်းများ (၅) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် နောက်ထပ်အခွင့်အလမ်းများ ဖော်ထုတ်ခြင်းနှင့် စပ်လျဉ်း၍ ပတ်သက်ဆက်နွယ်သူများအား ချိတ်ဆက်ဆောင်ရွက်သင့်သည်။ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် အဆိုပါ ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းများကို မှတ်တမ်းပြုစုထားရမည်ဖြစ်ပြီး ယင်းတို့၏ သဘောထားအမြင်များကို မည်သို့ ပြန်လည်သုံးသပ်၍ စီမံကိန်းဒီဇိုင်းထဲသို့ မည်သို့သွတ်သွင်းပေါင်းစပ်ခဲ့ကြောင်း သက်သေပြရမည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် ဒေသဆိုင်ရာ သိပ္ပံနှင့် နည်းပညာကျွမ်းကျင်သူများ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း သို့မဟုတ် ဂေဟစနစ်၏ ဝန်ဆောင်မှုများအပေါ် ကြီးကြပ်ကွပ်ကဲခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ တာဝန်ရှိသော သက်ဆိုင်ရာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနများ၊ ပြည်တွင်းပြည်ပ ထိန်းသိမ်းရေးအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ စသည့်ဗဟုသုတရနိုင်သော သတင်းအချက်အလက်ရင်းမြစ်အမျိုးမျိုးနှင့် ထိခိုက်နစ်နာမှုရှိသော ရပ်ရွာလူထုထံမှ သဘောထားအမြင်အမျိုးမျိုးတို့ ရရှိသင့်သည်။

အပိုဒ် ၄၂ (GN42)။ လုပ်ဆောင်မှုစံသတ်မှတ်ချက်၆ အပိုဒ် ၁၄ တတိယအချက်တွင် ထိခိုက်မှု လျှော့ချရေး လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ကြောင်း သက်သေပြရန် အရေးကြီးပုံကို ထပ်လောင်း ဖော်ပြထားသည်။ ထိခိုက်မှုလျှော့ချရေးလုပ်ငန်းအဆင့်ဆင့်နှင့်ဆိုင်သော အထွေထွေလမ်းညွှန်ချက်ကို ဤမှတ်စု၏အပိုဒ် ၁၆ တွင် ဖော်ပြထားသည်။သို့သော် သဘာဝနေရင်းဒေသတွင် လုပ်ကိုင်ဆောင်ရွက်သည့်အခါ အထူးအလေးထားရသည့်ကိစ္စဖြစ်သော နေရင်းဒေသ၏

အရည်အသွေးကျဆင်းမှုကို အနည်းဆုံးဖြစ်စေရန်ရည်ရွယ်၍ လက်တွေ့ ထိခိုက်မှုလျှော့ချသော အစီအမံများဆိုင်ရာ ထပ်လောင်းလမ်းညွှန်ချက်ကိုမူ ယခုအပိုဒ်တွင် ဖော်ပြထားသည်။ သက်ဆိုင်ရာနေရာတွင် လက်တွေ့ထိခိုက်မှု လျှော့ချခြင်းနှင့်စပ်လျဉ်း၍ ဖြစ်နိုင်သော အစီအမံများစွာရှိသည်။ ပတ်ဝန်းကျင်ဆိုင်ရာအင်ဂျင်နီယာများ၊ တိုက်စားမှုထိန်းချုပ်ရေး သို့မဟုတ် ပြန်လည်ထူထောင် ထိန်းသိမ်းရေး ကျွမ်းကျင်သူများအပြင် ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု ကျွမ်းကျင်သူများက အကောင်းဆုံးအစီအမံများကို များသောအားဖြင့် ရှာဖွေဖော်ထုတ် ပေးကြသည်။ အားလုံးခြုံ၍ဆိုရလျှင် IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများသည် စီမံကိန်းသက်တမ်းတစ်လျှောက်တွင် ယင်းတို့၏ ခြေရာလက်ရာ အနည်းဆုံးဖြစ်ရေး အခြေခံမူကို အမြဲလိုက်နာခြင်းဖြင့် နေရင်းဒေသ၏ အရည်အသွေးကျဆင်းခြင်းကို အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်သင့်သည်။ ကျယ်ပြန့်သောမြေနေရာအပေါ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများနှင့် ယှဉ်တွဲနေသည့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သိသာအထင်ရှားဆုံး တိုက်ရိုက်ခြိမ်းခြောက်နိုင်ခြေများထဲမှ တစ်ခုမှာ- နေရင်းဒေသ၏ အရည်အသွေးကျဆင်းလာခြင်းပင် ဖြစ်သည်။ ခြေရာလက်ရာကျန်ရှိမှု အနည်းဆုံးဖြစ်စေရေးအပြင် ဂေဟဗေဒဆိုင်ရာ ပြန်လည်ထူထောင်ရေးဗျူဟာများ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်အသက်သွင်းခြင်း၊ ပြန်လည်သန့်စွမ်းစေခြင်း၊ အပင်များ ပြန်လည်ပေါက်ရောက်စေခြင်း (သို့မဟုတ် မူလအခြေအနေသို့ပြန်လည်ထူထောင်ခြင်း) များ ဆိုင်ရာ စီမံရေးဆွဲမှုနှင့် နည်းလမ်းများကို စီမံကိန်းရေးဆွဲသည့်ကာလတွင် တတ်နိုင်သမျှ အစောဆုံးအချိန်ကတည်းက သင့်တော်သလို ဆောင်ရွက်သင့်သည်။ ထိုဗျူဟာများအား လမ်းညွှန်ပေးသည့် အခြေခံမူများတွင် (၁)အပေါ်ယံမြေဆီလွှာကို ကာကွယ်ခြင်းနှင့် တည်ဆောက်ပြီးနောက်ပိုင်း သို့မဟုတ် လူတို့၏ ထိခိုက်နှောင့်ယှက်မှုများပြုလုပ်ပြီးနောက်ပိုင်း တတ်နိုင်သမျှအပင်များ အမြန်ပြန်လည်ပေါက်ရောက်စေရန် ထူထောင်ပေးခြင်း၊ (၂) တည်ဆောက်ရေးမတိုင်မီက သို့မဟုတ် လူတို့၏ ထိခိုက်နှောင့်ယှက်မှုမတိုင်မီက နေရင်းဒေသများအခြေအနေအတိုင်း ပြန်လည်ထူထောင်ပေးခြင်း၊ (၃) စီမံခန့်ခွဲထိန်းချုပ်မှုများနှင့် လုပ်သားများကို ပညာပေးခြင်းအပါအဝင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအစီအမံများနှင့် (၄)သဘာဝမျိုးစိတ်များ (အထူးသဖြင့် ကာကွယ်ထိန်းသိမ်းထားသောမျိုးစိတ်များ)ကို နေရာမယွင်း ထိန်းသိမ်းထားရန် မဖြစ်နိုင်လျှင် ထိန်းသိမ်းရေးနည်းစနစ်များဖြစ်ကြသည့် ဥပမာ- နေရာပြောင်းလဲပေးခြင်းနှင့် ပြန်လည်နေရာချထားခြင်း (translocation and relocation) ဆိုင်ရာ IUCNကသတ်မှတ်ထားသော လမ်းညွှန်ချက်များ[GN7]လိုက်နာရန် စဉ်းစားခြင်းတို့ ပါဝင်သင့်သည်။

အပိုဒ် ၄၃ (GN43)။ လုပ်ဆောင်မှုစံသတ်မှတ်ချက်၆ အပိုဒ်၁၅ တွင်ဖော်ပြထားသည့်အတိုင်း သိသိသာသာ ပြောင်းလဲခြင်းနှင့် အရည်အသွေး ကျဆင်းခြင်း အလားအလာမည်သို့ရှိစေကာမူ၊ သဘာဝနေရင်းဒေသအားလုံးတွင် ဖြစ်နိုင်လျှင် အမျိုးမျိုးသော မြေပြင်လက်တွေ့ လျှော့ချမှုများနှင့် အစားလျော်ပေးသည့်အစီအမံများ ဆောင်ရွက်ခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲ အသားတင်ဆုံးရှုံးမှု(Net Loss) မရှိစေရန် စီမံရေးဆွဲအကောင်အထည်ဖော်သင့်သည်။ မိမိတို့၏ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများသည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၃၏ အောက်ခြေမှတ်စု ၃တွင် ဖော်ပြထားသည့် ဖြစ်နိုင်ခြေရှိလျှင်ဟူသော စကားရပ်ကို ထည့်စဉ်းစားသင့်သည်။ ဖြစ်နိုင်ခြေရှိသည်ဟု မထင်လျှင် ဇီဝမျိုးစုံမျိုးကွဲ အသားတင်ဆုံးရှုံးမှုမရှိအောင် မည်သည့်အတွက်ကြောင့်ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း နည်းပညာဆိုင်ရာ၊ ငွေကြေးဆိုင်ရာ သို့မဟုတ် အခြားအကြောင်းပြချက်များ ဖော်ပြရန်ဖြစ်သည်။ လုပ်ဆောင်မှုစံသတ်မှတ်ချက်၆၏ အောက်ခြေမှတ်စု၉ တွင် အသားတင်ဆုံးရှုံးမှုမရှိစေရေး ဟူသည့်

[7] GN7 ၊ နိုင်ငံတကာ သဘာဝထိန်းသိမ်းရေး သမဂ္ဂ၊ ပြန်လည်မိတ်ဆက်ခြင်းနှင့် အခြားသော နေရာရွှေ့ပြောင်းထိန်းသိမ်းမှုဆိုင်ရာ လမ်းညွှန်ချက်များ ၊ မူ - ၁

စကားရပ်ကို "လက်တွေ့မြေပြင်ပေါ်တွင် ပြန်လည်ထူထောင်ထိန်းသိမ်းခြင်း၊ ဖြစ်နိုင်လျှင်သင့်တင့်လျောက်ပတ်သော ပထဝီအကျယ်အတိုင်းအတာအတွင်း(ဥပမာ-စီမံကိန်းဧရိယာအဆင့်၊ မြင်ကွင်းပသာဒအဆင့်၊ နိုင်ငံအဆင့်၊ ဒေသဆိုင်ရာအဆင့်အထိ) သိသာထင်ရှားသည့် ကြွင်းကျန်သက်ရောက်မှုများကို အစားထိုးပေးခြင်းများ စသည့်တို့ ပါစီမံကိန်း၏ (ထိခိုက်သက်ရောက်မှုများ ရှောင်ရှားရန်နှင့် အနည်းဆုံးဖြစ်စေရန်) ဆောင်ရွက်မည့်အစီအမံများနှင့် စီမံကိန်းကြောင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုများကို ချိန်ညှိနိုင်သော အနေအထားတစ်ရပ် " ဟုအဓိပ္ပါယ်ဖွင့်ဆိုထားသည်။

ထင်ရှားသော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများတွင် ထိန်းသိမ်းစောင့်ရှောက်ရန် သတ်မှတ်ထားသောမျိုးစိတ်များ (ဥပမာ-မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ၊ ဥပဒေဖြင့် တရားဝင်အကာကွယ်ပေးထားသော မျိုးစိတ်များ သို့မဟုတ် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများက အရေးပါသည်ဟု သတ်မှတ်ထားသောမျိုးစိတ်များ) နှင့် စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများအတွက် အရေးပါသောမြေပြင်ရှုခင်းတွင် ပါဝင်နေသည့် ဂေဟဗေဒဆိုင်ရာ အသွင်သဏ္ဍာန်များနှင့် ယင်းတို့၏ ဝန်ဆောင်မှုများပါဝင်နိုင်သည်။ အသားတင်ဆုံးရှုံးမှုမရှိစေရေး မည်သို့ဆောင်ရွက်နိုင်မည်ဆိုသည်နှင့် စပ်လျဉ်း၍ ကြောင်းကျိုး ရှင်းပြမှုကို ဖော်ပြသင့်သည်။ ဖော်ထုတ်သတ်မှတ်ထားသော ဇီဝမျိုးစုံမျိုးကွဲအရေအတွက်နှင့် အရည်အသွေး ဆုံးရှုံးမှုနှင့်တိုးတက်မှုကို တွက်ချက်ရန်နှင့် အဆိုပြုထားသော ထိခိုက်မှုလျှော့ချရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ အောင်မြင်နိုင်ခြေကို ဆန်းစစ်ရန် နည်းလမ်းများစွာရှိသည်။ မည်သည့်နည်းလမ်းနှင့် တွက်ချက်ခြင်းက ပိုမိုသင့်လျော်သည်ဆိုသည်မှာ စီမံကိန်းနေရာအပေါ် မူတည်၍ ကွဲပြားသည်။ ထိုတွက်ချက်မှုနည်းလမ်းသည် သက်သေအထောက်အထားပေါ်အခြေခံ၍ အရေအတွက်ကိုသာ လုံးလုံးလျားလျားအသုံးပြုခြင်းနှင့် အရေအတွက်၊ အရည်အသွေး တစ်စိတ်တစ်ပိုင်းစီ အသုံးပြုတွက်ချက်ခြင်းနည်းလမ်းများကို ထည့်သွင်း၍ ကျွမ်းကျင်သူက ဦးဆောင်တွက်ချက်သည့် လုပ်ငန်းစဉ်ဖြစ်သင့်သည်။ဆန်းစစ်မှုရလဒ်များအပေါ် ယုံကြည်ရမှုအတိုင်းအတာသည် သဘာဝနေရင်းဒေသအပေါ် စီမံကိန်းမှ ကျရောက်စေမည့် အန္တရာယ်များ၊ ထိခိုက်သက်ရောက်မှုများနှင့် ချိန်ထိုးသင့်သည်။

အပိုဒ် ၄၄ (GN44)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပိုဒ် ၁၅ သည် ထိခိုက်သက်ရောက်မှုလျှော့ချရေး လုပ်ငန်းအဆင့်ဆင့်နှင့်ကိုက်ညီသည့် လုပ်ဆောင်နိုင်ခြေရှိသည့် အစီအမံများ အစုံအလင် အတွဲလိုက် ဖော်ပြထားခြင်းဖြစ်သည်။ သို့သော် သဘာဝနေရင်းဒေသများတွင် အသားတင်ဆုံးရှုံးမှု(Net Loss) မရှိစေရေးနှင့် များစွာ ဆက်နွယ်နေသည်။ အပိုဒ်၁၅ ၏ ပထမအချက်တွင် "ဖွံ့ဖြိုးလုပ်ငန်းလုပ်ဆောင်ခြင်းမပြုဘဲ ဖယ်ချန်ထားသောနေရာများကို ဖော်ပြထားရာ၌ IFC၏ ထောက်ပံ့ဝန်ဆောင်မှုများရယူထားသူများမှ စီမံခန့်ခွဲထိန်းချုပ်ထားသော စီမံကိန်းနယ်မြေအတွင်း သို့မဟုတ် အခြားကပ်လျက်ရှိနေရာများတွင် များသောအားဖြင့် ရှိနေသည့် မြေများဖြစ်ပြီး" "ထိုမြေနေရာများကို ဖွံ့ဖြိုးမှုလုပ်ငန်းလုပ်ဆောင်ခြင်းမှ ချန်လှပ်၍ ကာကွယ်ထိန်းသိမ်းမှုတိုးတက်ရေး အစီအမံများဆောင်ရွက်ရန် ဦးတည်ထားခြင်းဖြစ်သည်။" (စံသတ်မှတ်ချက်၏ အောက်ခြေမှတ်စု ၁၀)၊ ဖွံ့ဖြိုးမှုမလုပ်ဘဲ ဖယ်ချန်ထားသောနေရာများ (ပလပ်မြေ) သည် ကာကွယ်ထိန်းသိမ်းမှုတန်ဖိုးမြင့်မားသော (HCV) နေရာများလည်းဖြစ်နိုင်သည် (ဤလမ်းညွှန်ချက်မှတ်စုအပိုဒ် ၂၉ ကိုကြည့်ပါ)။ စီမံကိန်းကာလတစ်လျှောက်တွင် ထိုဖယ်ချန်ထားသောနေရာများ(ပလပ်မြေ)ကို ကာကွယ်စောင့်ရှောက်ကြောင်း သေချာစေရန် ရှင်းရှင်းလင်းလင်း အမှတ်အသားပြု၍ မြေပုံဆွဲထားသင့်သည်။

အပိုဒ် ၄၅ (GN45)။ ပလပ်မြေများနှင့် ဇီဝမျိုးစုံမျိုးကွဲအစားထိုး ပြန်လည်တည်ဆောက်ခြင်းများသည် ဆက်စပ်နေသော်လည်း သဘောတရားအားဖြင့် ကွဲလွဲသည်။ ဇီဝမျိုးစုံမျိုးကွဲ အစားထိုးတည်ဆောင်ခြင်းများသည် သိသာထင်ရှားသော အကြွင်းအကျန်သက်ရောက်မှု များအတွက် အစားထိုးပေးရန်ရည်ရွယ်ခြင်းဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများ အသားတင်ဆုံးရှုံးမှုမရှိကြောင်းနှင့် အသားတင်တိုးတက်မှုသာရှိကြောင်း သက်သေပြရမည်။ ပလပ်မြေများသည် ထိခိုက်မှုလျှော့ချ ရေးလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှုကာလတစ်လျှောက်ရှိ ရှောင်ရှားရေးအစီမံများနှင့် ဆင်တူသည်။ ပလပ်မြေကိစ္စနှင့်မတူသည့်အချက်မှာ- ဇီဝမျိုးစုံမျိုးကွဲ အစားထိုးတည်ဆောက်ပေးခြင်းသည် စီမံကိန်းမြေပြင်ပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှုကို သတ်မှတ်ထားသော နေရာတွင် ဇီဝမျိုးစုံမျိုးကွဲများ အစားထိုးပေးနိုင်ခြင်းရှိ၊မရှိဆုံးဖြတ်ရန် ကျွမ်းကျင်ပုဂ္ဂိုလ်များမှ ဆန်းစစ်ရန် လိုအပ်သည်။ (လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပိုဒ် ၁၀ နှင့် ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် ၃၀ မှ ၃၄ တွင်ဖော်ပြထားသော အစားအလျော်ပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို ကြည့်ပါ)။ ပလပ်ခြင်းသည် စီမံကိန်း၏ ထိခိုက်မှုကြောင့် စီမံကိန်းရှိရာမြေပြင်ပေါ်မှ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများအပေါ် ထိခိုက်မှုကို သာမန်ရှောင်ရှားမှုထက်ကျော်လွန်သည့် တိုက်ရိုက်၊သွယ်ဝိုက်ရလဒ်များလည်း ထုတ်ပေးသည်။ ဥပမာ- ပြန်လည် ထူထောင်ထိန်းသိမ်းခြင်း သို့မဟုတ် ပြင်ပခြိမ်းခြောက်မှုများဒဏ်မှ ထိရောက်စွာ အကာကွယ်ပေးခြင်းအားဖြင့် ဇီဝမျိုးစုံမျိုးကွဲအရေအတွက်နှင့် အရည်အသွေးများ နောက်ထပ်တိုးတက်များပြားလာခြင်းနှင့် ထိုတိုက်ရိုက်၊သွယ်ဝိုက် အကျိုးရလဒ်များသည် စီမံကိန်း၏ ထိခိုက်မှုများရှိနေသမျှကာလပတ်လုံး ရေရှည်ဆက်လက်တိုးတက်ဖြစ်ပေါ်လျှင် ထိုသို့ပလပ်ခြင်းကို အစားအလျော်ပေးခြင်း လုပ်ငန်းတစ်ရပ်ကဲ့သို့ ဆောင်ရွက်နိုင်သည်။

အပိုဒ် ၄၆ (GN46)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၁၅ ဒုတိယအချက်သည် နေရင်းဒေသများ အကွဲကွဲအပြားပြားဖြစ်ခြင်းကို လျှော့ချရန်ရည်ရွယ်၍ ထိခိုက်မှုလျှော့ချရေးအစီအမံများ စဉ်းစားရန်လိုအပ်ကြောင်း အသားပေးဖော်ပြထားသည်။ နေရင်းဒေသများ အကွဲကွဲအပြားပြားဖြစ်ခြင်းသည် သဘာဝနေရင်းဒေသများ တွင်ရှိသော ဇီဝမျိုးစုံမျိုးကွဲများအပေါ် ထိခိုက်သက်ရောက်မှုများထဲတွင် အတွေ့ရအများဆုံးတစ်ခုဖြစ်သည်။ နေရင်းဒေသနှစ်ခု၏ နယ်နိမိတ်များ ထိစပ်လာခြင်းကြောင့် အချို့မျိုးစိတ်များ ပိုမိုလွှမ်းမိုးပေါက်ပွားရန် အခွင့်အလမ်းသာစေ (edge effects)ကာ နေရင်းဒေသ၏ ရေရှည်အရည်အသွေး ကျဆင်းမှုသို့ အဓိကဦးတည်ခြင်း၊ ယခင်က အနှောင့်အယှက်ကင်း၍ တိရစ္ဆာန်နှင့်အပင်များ မျိုးရိုးဗီဇအရ ယင်းတို့ချည်းသီးသန့် နေထိုင်ရာများသို့ တတိယပုဂ္ဂိုလ်/ အဖွဲ့အစည်းများ ဝင်ထွက်သွားလာမှုမြင့်မားလာခြင်းများ ဖြစ်ပေါ်စေသည်။ သဘာဝသက်သက်သာရှိနေသေးသော နေရာကျယ်ကျယ်ဝန်းဝန်းတွင် စီမံကိန်းများ လုပ်ဆောင်မည်ဆိုပါက စီမံကိန်းအကောင်အထည်ဖော်သူသည် မျိုးစိတ်များ အကွဲကွဲအပြားပြားဖြစ်မှုကို ထိန်းချုပ်ရန် ထိခိုက်မှုလျှော့ချခြင်း အစီအမံများ သတ်မှတ်ထားသည့်သင့်ပါသည်။ နေရင်းဒေသများနှင့် အပင်တိရိစ္ဆာန်တို့ တည်ရှိသည့်နေရာများ ကူးလူးဆက်သွယ်နိုင်စေရန်အတွက် ထိန်းသိမ်းရေးဆက်စပ်ဧရိယာ(Wildlife Corridor)များ ပုံစံထုတ်ခြင်း နှင့် အခြားနည်းလမ်းများ လုပ်ဆောင်သင့် ပါသည်။ ဤသတ်မှတ်ချက်သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ်၆၏ မြေမျက်နှာသွင်ပြင်/ ပင်လယ်ပြင်အနေအထား ထည့်သွင်းစဉ်းစားခြင်းများနှင့်ဆိုင်သည့် သတ်မှတ်ချက်နှင့် ဆက်စပ်နေသည်။ (ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် ၁၇ ကို ကြည့်ပါ) မြေမျက်နှာသွင်ပြင်/ပင်လယ်ပြင်အနေအထား သုံးသပ်ဆန်းစစ်ခြင်းများသည် အရွယ်အစားကြီးကြီးမားမား ဆောင်ရွက်လျှင် ထိခိုက်မှု လျှော့ချမည့်အစီအမံများ၏ တန်ဖိုး ဖော်ထုတ်ရာ၌ အထောက်အပံ့ ဖြစ်နိုင်သည်။ တတိယပုဂ္ဂိုလ် များ ဝင်ထွက်သွားလာမှု ကြောင့်ဖြစ်ပေါ် နိုင်သော သွယ်ဝိုက်ထိခိုက်မှုများသည် ဇီဝမျိုးစုံမျိုးကွဲများအပေါ် များသောအားဖြင့် အန္တရာယ်ရှိနိုင်ပြီး နေရင်းဒေသများ အကွဲကွဲအပြားပြားဖြစ်ခြင်း နှင့်လည်း သက်ဆိုင်သည်။ သဘာဝ

ကျက်စားရာနေရာကို ဖြတ်သန်းသွားသည့် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ (linear infrasturcture) နှင့်(သို့မဟုတ်) ချဉ်းကပ်လမ်းများ ဖောက်လုပ်ခြင်း နှင့်(သို့မဟုတ်) ထိုလမ်းများသည် တတိယပုဂ္ဂိုလ်များ နေရင်းဒေသများသို့ ဝင်ထွက်သွားလာနိုင်ရန် အထောက်အပံ့ဖြစ်စေမည်ဆိုပါက ထိုအခြေခံအဆောက်အဦများနှင့် လမ်းများကို တတိယပုဂ္ဂိုလ်များ အသုံးပြုမှုထိန်းချုပ်နိုင်မည့် နည်းလမ်းအစီအမံများ ကို ဦးစားပေးအဖြစ် ဆောင်ရွက်သင့်သည်။ ထိခိုက်သက်ရောက်မှုများလျှော့ချရေး အစီအမံများကို စီမံကိန်းတည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်ရေး မန်နေဂျာ များနှင့်ပါ ရေရှည်ပေါင်းစပ်ညှိနှိုင်းရေးအတွက် တိုင်ပင်ဆွေးနွေးသင့်သည်။ ဥပဒေ အကောင်အထည်ဖော် စောင့်ကြည့်သည့် အစိုးရတာဝန်ရှိ အဖွဲ့အစည်းများကိုလည်း စီမံကိန်း၏ ကတိကဝတ်များ ပြည့်ပြည့်ဝဝနားလည်စေရန် ရှင်းလင်းထားသင့်သည်။ အဘယ့်ကြောင့်ဆိုသော် စီမံကိန်း တည်ဆောက်ရေးကာလ နှင့်(သို့မဟုတ်) စီမံကိန်းကာလပြီးစီးသည့် နောက်ပိုင်းတွင် ထိုစီမံကိန်းလမ်းများကို အများပြည်သူသုံးစွဲနိုင်ရေး ဆက်လက်ထိန်းသိမ်းရန် ယင်းတို့က စိတ်ဝင်စားနိုင်သောကြောင့် ဖြစ်သည်။ အထက်ပါသဘောသဘာဝရှိသည့် ထိခိုက်သက်ရောက်မှု လျှော့ချရေး အစီအမံများကို ဝင်ထွက်သွားလာမှု စီမံခန့်ခွဲရေး စီမံချက်( Induced Access Management Plan) ဖြင့် အကောင်းဆုံး ဆောင်ရွက်နိုင်သည်။

အပိုဒ် ၄၇ (GN47)။ လုပ်ဆောင်မှုစံသတ်မှတ်ချက်၆၊ အပိုဒ် ၁၅ တတိယအချက်နှင့်စပ်လျဉ်း၍ ဤလမ်းညွှန်ချက်မှတ်စု၏ အပိုဒ်၁၆ပါ နေရင်းဒေသအား မူလအခြေအနေအတိုင်း ပြန်လည်ထူထောင်ခြင်း ဆိုင်ရာလမ်းညွှန်ချက်များ ကိုကြည့်ပါ။

အပိုဒ် ၄၈ (GN48)။ နောက်ဆုံးတွင် လုပ်ဆောင်မှုစံသတ်မှတ်ချက်၆ အပိုဒ်၁၅ စတုတ္ထအချက် နှင့်စပ်လျဉ်း၍ သဘာဝနေရင်းဒေသတွင် ဇီဝမျိုးစုံမျိုးကွဲများ စီမံကိန်းဆောင်ရွက်သူအနေနှင့် ဇီဝမျိုးစုံမျိုးကွဲများ အသားတင်ဆုံးရှုံးမှုမရှိစေရေး ရွေးချယ်ဆောင်ရွက်နိုင်သည့် အရေးပါသော လုပ်ငန်းရပ်တစ်ခုမှာ ဇီဝမျိုးစုံမျိုးကွဲ အစားထိုးပြန်လည် တည်ဆောက်ပေးခြင်း ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲ အစားထိုး ပြန်လည်တည်ဆောက်ပေးခြင်းများဆိုင်ရာလမ်းညွှန်ချက်ကို ဤမှတ်စုအပိုဒ် ၃၀မှ ၃၄ အတွင်းဖော်ပြထားသည်။ ထို့အပြင် ဇီဝမျိုးစုံမျိုးကွဲအစားထိုး ပြန်လည်တည်ဆောက်ပေးခြင်း များနှင့်စပ်လျဉ်း၍ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊အပိုဒ်၁၀ တွင်ဖော်ပြထားသော သတ်မှတ်ချက်များကိုလည်း ကျင့်သုံးရန်ဖြစ်သည်။ ဥပမာ- ပျက်စီးဆုံးရှုံးမှုနှင့်အညီ သို့မဟုတ် ပိုကောင်းမွန်သည့်လုပ်ရပ်၊ တိုင်းတာနိုင်သော ကာကွယ်ထိန်းသိမ်းမှုရလဒ်များကို သက်ဆိုင်ရာနေရာ၌ပင်သက်သေပြခြင်း သို့မဟုတ် မြေပြင်ပေါ်တွင် သက်သေပြခြင်း စသည့်ကိစ္စ။

အပိုဒ် ၄၉ (GN49)။IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် သဘာဝနေရင်းဒေသများတွင် တည်ရှိသော ယင်းတို့စီမံကိန်းများအတွက်  ပြန်လည်ထူထောင်ရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစဉ်တစ်ခု ထူထောင်ထားသင့်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် စီမံကိန်း၏ခြေရာလက်ရာနှင့် အခြားဆက်စပ်အဆောက်အအုံများ၊ လုပ်ငန်းများ၏ ခြေရာလက်ရာများနှင့် ဆက်စပ်မြေနေရာ၏ပြောင်းလဲမှုများကြောင့် ဖြစ်နိုင်ခြေရှိသော သိသာထင်ရှားသည့် ထိခိုက်သက်ရောက်မှုများ၏ လက္ခဏာများနှင့်အညီ ပြုလုပ်သင့်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် သယံဇာတတူးဖော်ထုတ်လုပ်သော လုပ်ငန်းများနှင့် အဓိက သက်ဆိုင်သော်လည်း ယင်းအတွက်သာ ကန့်သတ်ထားခြင်းမဟုတ်ပါ။ စီမံကိန်းပြီးဆုံး၍ မြေယာပြန်လည်ဖော်ထုတ်ခြင်းနှင့် လုပ်ငန်းပိတ်သိမ်းမှုနောက်ပိုင်း လုပ်ငန်းများနှင့် ပတ်သတ်သည့်  ကုန်ကျစရိတ်များကို စီမံကိန်းစီမံရေးဆွဲခြင်းနှင့် ဒီဇိုင်းရေးဆွဲခြင်း အဆင့်များတွင် ပြုလုပ်သော ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများ၌ ထည့်သွင်းတွက်ချက်သင့်သည်။ စောစီးစွာ သို့မဟုတ် ယာယီ မြေယာပြန်လည် ဖော်ထုတ်ခြင်း သို့မဟုတ် လုပ်ငန်းပိတ်သိမ်း ခြင်းများအပါအဝင် မြေယာပြန်လည် ဖော်ထုတ်ခြင်း နှင့် စီမံကိန်းပိတ်သိမ်းခြင်း လုပ်ငန်းများ ကုန်ကျစရိတ်အတွက် လိုအပ်သောရန်ပုံငွေများကို

စီမံကိန်းကာလအတွင်း မည်သည့်အချိန်မဆို ရရှိနိုင်စေရန် အနည်းဆုံး ထည့်သွင်း စဉ်းစားထားသင့်သည်။ သတ္တုတူးဖော်ရေး လုပ်ငန်းများတွင် မြေယာပြန်လည်ဖော်ထုတ်ရန် ရန်ပုံငွေများ ထူထောင်သည့် လုပ်ငန်းစဉ်ကို သေချာဆောင်ရွက်ထားသင့်ကြောင်းကို ကမ္ဘာ့ဘဏ်မှ ထုတ်ဝေသော သတ္တုတွင်းလုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းညွှန်ချက်များ (EHS Guideline)[GN8] အပိုင်း (၁.၄) တွင် ဖော်ပြထားသည်။ ဇီဝမျိုးစုံမျိုးကွဲများ အစားထိုးပြန်လည်တည်ဆောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ အလားတူ နည်းစဉ်တစ်ရပ် လည်း ချမှတ်ထားနိုင်သည်။

အပိုဒ် ၅၀ (GN50)။ IFC ၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS)တွင် ဇီဝမျိုးစုံမျိုးကွဲများနှင့်ဆိုင်သော ကတိကဝတ်များ၊ ထိခိုက်သက်ရောက်မှု လျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းများ ထည့်သွင်းထားသင့်သည်။ သဘာဝနေရင်းဒေသများအပေါ် သိသိသာသာ ပြောင်းလဲနိုင်ခြေ သို့မဟုတ် အရည်အသွေး သိသိသာသာ ကျဆင်းနိုင်ခြေရှိသော စီမံကိန်းအားလုံးနှင့် အရေးတကြီး ကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော နေရင်းဒေသများရှိ စီမံကိန်းများသည် ဖော်ပြပါ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုစီမံချက် (Biodiversity Management Plan - BMP) တစ်ခုတည်းတွင် အသေးစိတ်ထည့်သွင်းထားသင့်သည်။ သို့မဟုတ် သက်ဆိုင်ရာအကြောင်းအရာအလိုက် စီမံခန့်ခွဲမှုစီမံချက်တစ်ခု သို့မဟုတ် များစွာထဲသို့ သွတ်သွင်းပေါင်းစပ်ဖော်ပြသင့်သည်။ (ဥပမာ-ကျူးကျော်မျိုးစိတ်များ စီမံခန့်ခွဲမှုစီမံချက်၊ ဝင်ထွက်သွားလာမှု စီမံခန့်ခွဲမှုစီမံချက် သို့မဟုတ် ရေအသုံးချမှုစီမံခန့်ခွဲမှုစီမံချက်)။ ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှုစီမံချက် (BMP) သို့မဟုတ် အလားတူစီမံချက်များသည် စစ်ဆေးခံနိုင်သော (Audiable) စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်များ ဖြစ်သင့်ပြီး စီမံကိန်း၏ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS)ထဲသို့ သွတ်သွင်းပေါင်းစပ်သင့်သည်။ ထိုပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုစနစ်တွင် လုပ်ဆောင်မှု တစ်ခုခြင်းစီ (တစ်ချက်ခြင်းစီ)အတွက် တာဝန်ရှိသူများ၊ စောင့်ကြည့်ကြည့်ရှုခြင်း သို့မဟုတ် စိစစ်အတည်ပြုခြင်း (verification) ဆိုင်ရာ သတ်မှတ်ချက် များ၊ အကောင်အထည်ဖော်မည့် အချိန်ဇယား သို့မဟုတ် အကြိမ်အရေအတွက်တို့ ပါဝင်သည်။ ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှုစီမံချက် (BMP) သို့မဟုတ် အလားတူစီမံချက်များသည် စီမံကိန်းမြေပြင် ထိခိုက်မှုလျော့ချရေး လက်တွေ့အစီအမံများ အဓိကပါဝင်ပြီး ဆိုဒ်မန်နေဂျာများ၊ ကန်ထရိုက်တာများအတွက် လုပ်ငန်းလက်စွဲများ ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများနှင့်ဆိုင်သော ထိခိုက်သက်ရောက်မှုလျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်း အစီအမံများသည် အခြားသော စီမံခန့်ခွဲမှုစီမံချက်များတွင်ပါရှိနေလျှင်၊ ထို BMP သို့မဟုတ် ESMS ၏ ဇီဝမျိုးစုံမျိုးကွဲများနှင့်ဆိုင်သော အပိုင်းကို အပြန်အလှန် ရည်ညွှန်းကိုးကားဖော်ပြသင့်သည်။ စောင့်ကြည့်ကြပ်မတ်ခြင်း/ စိစစ်အတည်ပြုခြင်းတို့အတွက် သတ်မှတ်ချက်များသည် သက်ဆိုင်လျှင် သက်ဆိုင်သလိုလိုက်လျောညီထွေစီမံခန့်ခွဲမှု၏ အဓိကမူကို ထင်ဟပ်သင့်သည် (ဤမှတ်စုအပိုဒ် ၂၀ကို ကိုးကားပါ)။ သဘာဝနေရင်းဒေသများတွင်ရှိသော စီမံကိန်းအချို့သည် ဇီဝမျိုးစုံမျိုးကွဲ လုပ်ငန်းစီမံချက် ပြုစုရန် လိုအပ်နိုင်ပြီး (ဤမှတ်စု အပိုဒ် ၉၁) တွင် ဖော်ပြထားသော စာရွက်စာတမ်းများကိုလည်း ပူးတွဲဖော်ပြပေးရန် လိုအပ်နိုင်သည်။

---

[8] GN8 ကမ္ဘာ့ဘဏ်အုပ်စု၊ သတ္တုတွင်းလုပ်ငန်း၏ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များ၊
https://www.ifc.org/wps/wcm/connect/1f4dc28048855af4879cd76a6515bb18/Final%2B%2BMining.pdf?MOD=AJPERES&id=1323153264157

အပိုဒ် ၅၁ (GN51)။ ဇီဝမျိုးစုံမျိုးကွဲများအား ရေရှည်စောင့်ကြည့်ကြပ်မတ်ခြင်း ပြုလုပ်ရာတွင် စီမံကိန်းကြောင့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများအပေါ် ကျရောက်နိုင်သည့် ထိခိုက်သက်ရောက်မှုများနှင့် အန္တရာယ်ခန့်မှန်းချက်များ၏ မှန်ကန်မှုကို အတည်ပြုရန်နှင့် ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု လုပ်ငန်းများ၏ ယခင်ခန့်မှန်းထားသောထိရောက်နိုင်မှုများ၏ မှန်ကန်မှုများကို အတည်ပြုရန် လိုအပ်နိုင်သည်။ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်း နှင့် အကဲဖြတ်ခြင်းလုပ်ငန်းတွင် အောက်ပါတို့ ပါဝင်သင့် သည်။ (၁) *အခြေခံအချက်အလက်များ (baseline*) - စီမံကိန်းကြောင့်ထိခိုက်သက်ရောက်မှုများ မဖြစ်မီ အခြေအနေက ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ တိုင်းတာထားခြင်းများ ၊ (၂) *လုပ်ငန်းစဉ် (process*) -ထိခိုက်မှုလျှော့ချရေးအစီအမံများနှင့် စီမံခန့်ခွဲထိန်းချုပ်ဆောင်ရွက်မှုများကို စောင့်ကြည့် ကြပ်မတ်ခြင်း နှင့် (၃) *ရလဒ်များ (outcomes*)- စီမံကိန်းသက်တမ်းတလျှောက် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ၏ အခြေအနေကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် မူလအခြေခံအချက်လက်များနှင့် နှိုင်းယှဉ်ကာ အတိုးအလျှော့ ရလဒ်ကို ရှာခြင်း တို့ဖြစ်သည်။ ထို့အပြင်စီမံကိန်းကြောင့်မဟုတ်သော အခြားအကျိုးဆက် သက်ရောက်မှု (effect)များကို တိုင်းတာ၍ ဧရိယာများကြား နှိုင်းယှဉ်ကာ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းများ ပြုလုပ်နိုင်ရန် စီမံကိန်းကြောင့် သက်ရောက်မှုမရှိသော ပြင်ပဧရိယာတစ်နေရာကို ထိန်းချုပ်အမှတ်( control) ထားရန် စဉ်းစားသင့်ပါသည်။ IFC ၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူသည် ထိခိုက်မှုလျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်းများတွင် အသုံးပြုရန် လိုအပ်သော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးဆိုင်ရာ လက်တွေ့အညွှန်းကိန်း အပြည့်အစုံကိုလည်း ( pratical set of indicator) သတ်မှတ်ထားသင့်ပါသည်။ အညွှန်းကိန်းများနှင့် နမူနာကောက်ယူခြင်းပုံစံကို အသုံးပြုနိုင်စွမ်း (utility )နှင့် ထိရောက်နိုင်စွမ်း (effectiveness)ပေါ်အခြေခံ၍ ရွေးချယ်သင့်ပါသည်။ အသုံးပြုနိုင်စွမ်းဆိုသည်မှာ ထိခိုက်မှုလျှော့ချခြင်းနှင့် စီမံခန့်ခွဲမှုနှင့် ပတ်သတ်၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆက်သွယ်နိုင်စွမ်းရည်ဖြစ်သည်။ ထိရောက်နိုင်စွမ်းမှာ စာရင်းအင်းဆိုင်ရာ လုံလောက်စွာ တိုင်းတာဖော်ပြနိုင်စွမ်း ဖြစ်သည်။ဤစံနှုန်းများကိုကိုက်ညီရန် အချို့သော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများအတွက် အနီးစပ်ဆုံး အညွှန်းကိန်းများ ရွေးချယ်ရန် လိုအပ်နိုင်သည်။

အပိုဒ် ၅၂ (GN 52)။ လုပ်ဆောင်မှုအားနည်းချက်များကို ဖြေရှင်းရန်ဦးတည်၍ စီမံခန့်ခွဲမှု စီမံချက်များ ဆီလျော်သလို မွမ်းမံပြင်ဆင်ရန် တွန်းအားပေးနိုင်မည့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းအတွက် အခြေခံသတ်မှတ်ချက်များ (threadholds) ချမှတ်ထားသင့်ပါသည်။ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းအစီအစဉ်၏ ရလဒ်များကို ပုံမှန်သုံးသပ်သင့်သည်။ စီမံခန့်ခွဲမှုစီမံချက်(များ) တွင် ဖော်ပြထားသည့် အတိုင်း လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်နေခြင်းမရှိလျှင် မလုပ်နိုင်ရသည့်အကြောင်းအရင်းကို ဖော်ထုတ်ရန်နှင့် ပြုပြင်ပေးရန် လိုအပ်သည်။ (ဥပမာ - ဝန်ထမ်းမလုံလောက်မှု၊ အရင်းအမြစ်မလုံလောက်မှု၊ အချိန်ကာလသတ်မှတ်ချက် လက်တွေ့မကျမှု စသည်)။ စောင့်ကြပ် ကြည့်ရှု စစ်ဆေးခြင်း ရလဒ်များအရ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများအပေါ် စီမံကိန်း၏ ထိခိုက်သက်ရောက်မှုများကို လျော့တွက်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေလျှင် သို့မဟုတ် အစားထိုး ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းအပါအဝင် စီမံခန့်ခွဲမှုလုပ်ငန်းများမှ ဇီဝမျိုးစုံမျိုးကွဲများ

ရရှိမည့် အကျိုးကျေးဇူးများကို ပိုမိုခန့်မှန်းထားခဲ့ကြောင်း တွေ့ရှိရလျှင် ထိခိုက်သက်ရောက်မှုဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲမှု စီမံချက်များကို ပြန်လည်မွမ်းမံပြင်ဆင်သင့်သည်။

***<u>အရေးတကြီး ကာကွယ်ထိန်းသိမ်းရန်သတ်မှတ်ထားသည့်နေရင်းဒေသ</u>***

***၁၆။အရေးကြီးသည့် နေရင်းဒေသဆိုသည်မှာ တန်ဖိုးကြီးမားသည့် ဇီဝမျိုးစုံမျိုးကွဲများရှိသည့် နေရာများဖြစ်သည်။ ဥပမာအားဖြင့် (၁) မျိုးတုန်းပျောက်ကွယ်မည်ကို အထူးစိုးရိမ်နေရသည့် နှင့်(သို့မဟုတ်) မျိုးတုန်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့်မျိုးစိတ်များ[၁၁]အတွက် နေရင်းဒေသများ(၂) ပထဝီအားဖြင့် အခြားနေရာဒေသအားဖြင့် မတူညီဘဲတစ်မူထူးသည့် နေရာတွင် သာရှိနိုင်သည့် မျိုးစိတ်များနှင့်(သို့မဟုတ်) သီးခြားကန့်သတ်ဒေသတို့တွင်သာ ရှင်သန်နိုင်သည့် မျိုးစိတ်များအတွက် အရေးကြီးသည့်နေရင်းဒေသများ၊ (၃) ကမ္ဘာ့အဆင့်များပြားသည့်ပမာဏဖြင့် စုပေါင်းကာ ရွှေ့ပြောင်းလေ့ရှိသည့်မျိုးစိတ်များနှင့်(သို့မဟုတ်) ကမ္ဘာ့အဆင့် များပြားသည့်ပမာဏဖြင့် အချိန်အလိုက်၊ နေရာအလိုက် အုပ်စုဖွဲ့လေ့ရှိသည့် မျိုးစိတ်တို့အတွက် အရေးပါသည့် နေရင်းဒေသများ၊ (၄) ခြိမ်းခြောက်မှု အထူးခံနေရသည့် နှင့်(သို့မဟုတ်) တစ်မူထူးခြားသည့် ဂေဟစနစ်များ၊ (၅) အဓိကဆင့်ကဲဖြစ်စဉ်များနှင့် ဆက်စပ်လျက်ရှိသည့် ဧရိယာများ။***

---

[၁၁]နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးသမဂ္ဂ (IUCN; International Union for the Conservation of Nature)က ထုတ်ပြန်ထားသော၊ ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များစာရင်းတွင် ပါဝင်သည့် မျိုးစိတ်များ၊ အခြားစာရင်းများနှင့်ပတ်သက်သည့် အထူးအရေးကြီးနေရာဆိုင်ရာဆုံးဖြတ်ချက်သည် ပူးတွဲပါအတိုင်းဖြစ်သည်။ (၁) IUCN လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်သည့် နိုင်ငံများ၏ နိုင်ငံအဆင့်၊ ဒေသအဆင့် မျိုးတုန်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် (သို့မဟုတ်) မျိုးတုန်းပျောက်ကွယ်မည်ကို အထူးစိုးရိမ်နေရသည့် မျိုးစိတ်များစာရင်းတွင် ပါဝင်နေပါက အရေးကြီးနေရာ (Critical Habitats)ဟု သတ်မှတ်ဆုံးဖြတ်ချက်ကို စီမံချက်တစ်ခုချင်းစီအလိုက် အရည်အချင်းပြည့်ဝသည့် ပညာရှင်တို့နှင့် တိုင်ပင်ဆောင်ရွက်ရမည်။ (၂) နိုင်ငံအဆင့် (သို့မဟုတ်) ဒေသဆိုင်ရာအဆင့် မျိုးစိတ်များ သတ်မှတ်ခြင်းသည် IUCN လမ်းညွှန်ချက်များနှင့် မကိုက်ညီပါက (ဥပမာ - အချို့နိုင်ငံများတွင် ကာကွယ်ထားသော (သို့မဟုတ်) ကန့်သတ်ထားသော မျိုးစိတ်များဟူ၍ ယေဘုယျသာ သတ်မှတ်လေ့ရှိသည်။) စာရင်းသတ်မှတ်ခြင်း၏ အကြောင်းအရင်းနှင့် ရည်ရွယ်ချက်တို့အား စိစစ်သည့် ဆန်းစစ်မှုကို လုပ်ဆောင်ရမည်။ ထိုသို့သော အရေးကိစ္စတွင် အထူးအရေးကြီးနယ်မြေဆိုသည်ကို အဆိုပါ ဆန်းစစ်ချက်အရ သတ်မှတ်ရမည်။

*<u>အရေးတကြီးကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော နေရင်းဒေသ (Critical Habitat) ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်</u>*

အပိုဒ် ၅၃ (GN 53)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၁၆တွင် ဖော်ပြထားသော အရေးတကြီးကာကွယ်ထိန်းသိမ်းရန်သတ်မှတ်ထားသည့် နေရင်းဒေသဟူသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ကာကွယ်ထိန်းသိမ်းသူ အသိုင်းအဝိုင်းမှ အသုံးပြုနေသော ဦးစားပေး ကာကွယ်ထိန်းသိမ်းရမည့် ဇီဝမျိုးစုံမျိုးကွဲများ၏ နေရင်းဒေသများ နေရာနှင့်ဆိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်များစွာမှ ထုတ်နုတ်ထားသည့်အပြင် သက်ဆိုင်ရာအစိုးရဥပဒေပြဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းများတွင်

ထည့်သွင်းထားသည့် စံနှုန်းများနှင့်လည်း ကိုက်ညီသည်။ အရေးတကြီးကာကွယ်ထိန်းသိမ်းရန်သတ်မှတ်ထားသည့် နေရင်းဒေသများသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးမြင့် (လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ၊ အပိုဒ် ၁၆ တွင်ဖော်ပြထားသည့် တန်ဖိုး(၅) ခုအနက် အနည်းဆုံးတစ်ခု သို့မဟုတ် တစ်ခုအထက်) နှင့်(သို့မဟုတ်) အခြားအသိအမှတ်ပြုထားသော ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးမြင့်များ ရှိနေသည့်နေရာများ ဖြစ်သည်။ အရေးတကြီး ကာကွယ်ထိန်းသိမ်းရန်သတ်မှတ်ထားသောနေရင်းဒေသဟု သတ်မှတ်ရန် သို့မဟုတ် လုပ်ဆောင်မှုစံသတ်မှတ်ချက်(၆)အား လိုက်နာခြင်းရှိ၊ မရှိ သတ်မှတ်ရန်အတွက် စံနှုန်းတစ်ခုသည် အခြားစံနှုန်းများထက် ပိုမိုအရေးပါသည်ဟူ၍ မရှိပါ။ ကိုးကားရလွယ်ကူစေရန် ထိုတန်ဖိုးများကို "အရေးတကြီးကာကွယ် ထိန်းသိမ်းရန် သတ်မှတ် ထားသောနေရင်းဒေသဆိုင်ရာ စံနှုန်းများ(critical habitat criteria) " ဟူ၍ ဤမှတ်စု၏ ကျန်ရှိသောအပိုင်းများတွင် ဆက်လက်ဖော်ပြထားပါသည်။ စံနှုန်းတစ်ခုစီကို ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် ၇၀ မှ ၈၃ အထိတွင် အသေးစိတ် ဖော်ပြထားသည်။ အရေးတကြီး ကာကွယ်ထိန်းသိမ်းရန်သတ်မှတ်ထားသော နေရင်းဒေသ၏ စံနှုန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။ အရေးတကြီးကာကွယ်ထိန်းသိမ်းရန်သတ်မှတ်ထားသော နေရင်းဒေသနှင့်ဆိုင်သည့် မည်သည့် ဆန်းစစ်မှုတွင် မဆို ( ဤစံနှုန်းများကို) အခြေခံသင့်သည်။

- စံနှုန်း ၁။ မျိုးသုဉ်း ပျောက်ကွယ်မည်ကို အထူးစိုးရိမ်နေရသည့် မျိုးစိတ်များ (Critically Endangered - CR) နှင့် (သို့မဟုတ်) မျိုးသုဉ်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် မျိုးစိတ်များ (Endangered - EN)
- စံနှုန်း ၂။ သက်ဆိုင်ရာ ပထဝီဒေသ၌သာ တွေ့ရှိနိုင်သည့် တမူထူးခြားသော ဒေသရင်းမျိုးစိတ်များ (Endemic) သို့မဟုတ် ပျံ့နှံ့တည်ရှိမှုနယ်မြေ အကန့်အသတ်ရှိသည့် မျိုးစိတ်များ (Restricted-range)
- စံနှုန်း ၃။ များပြားသည့်ပမာဏဖြင့် စုပေါင်း ရွှေ့ပြောင်းကျက်စားလေ့ရှိသော မျိုးစိတ်များ (Migratory) သို့မဟုတ် များပြားသည့်ပမာဏဖြင့် အချိန်အလိုက် နေရာအလိုက် အုပ်စုဖွဲ့နေလေ့ရှိသော မျိုးစိတ်များ (Congregatory)
- စံနှုန်း ၄။ ခြိမ်းခြောက်မှု အထူးခံစားနေရသည့် (Highly threatened) နှင့် (သို့မဟုတ်) ထူးခြားသည့် (Unique) ဂေဟစနစ်များ
- စံနှုန်း ၅။ အဓိကကျသော ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်အဆင့်ဆင့်

အပိုဒ် ၅၄ (GN54)။ နိုင်ငံတကာ နှင့်(သို့မဟုတ်) နိုင်ငံအလိုက်အသိအမှတ်ပြုထားသော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုး မြင့်နယ်မြေများတွင် တည်ရှိသည့်စီမံကိန်းများသည် အရေးတကြီး ကာကွယ်ထိန်းသိမ်းရန်သတ်မှတ်ထားသော နေရင်းဒေသများ ဟုတ်၊မဟုတ်သိရှိနိုင်ရန် ဆန်းစစ်မှုတစ်ရပ် ပြုလုပ်ရန် လိုအပ်နိုင်သည်။ ဥပမာများတွင် အောက်ပါတို့အပါအဝင် ဖြစ်သည်။

- IUCN က ထုတ်ပြန်ထားသော သဘာဝကာကွယ်ထိန်းသိမ်းရေးနယ်မြေအုပ်စု Ia ၊ Ib နှင့် II စံနှုန်းနှင့် ကိုက်ညီသည့် နယ်မြေများ[GN9]
- အဓိကကျသော ဇီဝမျိုးစုံမျိုးကွဲနယ်မြေများ (Key Biodiversity Areas - KBAs)[GN10] တွင် ငှက်နှင့် ဇီဝမျိုးစုံမျိုးကွဲ နယ်မြေများ (Bird and Biodiversity Areas - IBAs) လည်းအကျုံးဝင်သည်။

[9] GN9 IUCN, "Protected Areas Category", https://www.iucn.org/theme/protected-areas/about/protected-area-categories
[10] GN10 IUCN, "A Global Standard for the Identification of Key Biodiversity Areas", 2016, https://portals.iucn.org/library/node/46259

အပိုဒ် ၅၅ (GN55)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပိုဒ် ၁၇ တွင် ပါရှိသော ထိခိုက်သက်ရောက်မှုလျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်းသတ်မှတ်ချက်များကို အခြေခံ၍ နယ်မြေကာကွယ်ထိန်းသိမ်းရေးကို စနစ်တကျရေးဆွဲဆောင်ရွက်သည့် စီမံကိန်းများမှအပ အချို့နေရာများ အတွက် ချေးငွေရရှိရန် မမျှော်လင့်နိုင်ပါ။

သက်ဆိုင်ရာ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်အဖွဲ့အစည်းများနှင့် တိုင်ပင်၍ ထိုနယ်မြေများ ဖော်ထုတ်သတ်မှတ်ရန် လိုအပ်သည်။ အရေးတကြီး ကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော နေရင်းဒေသများ ဆန်းစစ်စဉ်အတွင်း ချေးငွေ လုပ်ငန်းစဉ်အတွက် ထိုနယ်မြေများကို ရှာဖွေဖော်ထုတ်၍ စောနိုင်သမျှစောစွာ IFC သို့ အကြောင်းကြားထား သင့်သည်။ ထိုနယ်မြေများတွင် အောက်ပါတို့ကို ထည့်သွင်းသင့်သည်။

- UNESCOမှသတ်မှတ်ထားသော သဘာဝနေရာများနှင့် ရောယှက်နေသည့် ကမ္ဘာ့အမွေအနှစ်နေရာများ၊
- မျိုးသုဉ်းပျောက်ကွယ်မှုကို ငြင်းပယ်သော မဟာမိတ်အဖွဲ့ (the Alliance for Zero Extinction (AZE)[GN11] က သတ်မှတ်ထားသော စံနှုန်းများနှင့် ကိုက်ညီသည့် နေရာများ

*__အရေးတကြီးကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသော နေရင်းဒေသများ သတ်မှတ်ခြင်း__*

အပိုဒ် ၅၆ (GN 56)။ ဆုံးဖြတ်ချက်ချရာတွင် အဆင်ပြေချောမွေ့ရန်၊ ရှေ့တွင်ဖော်ပြခဲ့သော အရေးတကြီး ကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသည့် နေရင်းဒေသဆိုင်ရာ ပထမစံနှုန်း ၄ ခု (ဆိုလိုသည်မှာ - မျိုးသုဉ်း ပျောက်ကွယ်မည်ကို အထူးစိုးရိမ်နေရသည့် မျိုးစိတ်များ (Critically Endangered - CR) နှင့် (သို့မဟုတ်) မျိုးသုဉ်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် မျိုးစိတ်များ (Endangered - EN) ၊ သက်ဆိုင်ရာ ပထဝီဒေသ၌သာတွေ့ရှိနိုင်သည့် တမူထူးခြားသော ဒေသရင်းမျိုးစိတ်များ (Endemic) ၊ ပျံ့နှံ့တည်ရှိမှုနယ်မြေ အကန့်အသတ်ရှိသည့် မျိုးစိတ်များ (Restricted-range)၊ များပြားသည့်ပမာဏဖြင့် စုပေါင်း ရွှေ့ပြောင်းကျက်စားလေ့ရှိသော မျိုးစိတ်များ (Migratory) သို့မဟုတ် များပြားသည့် ပမာဏဖြင့် အချိန်အလိုက် နေရာအလိုက် အုပ်စုဖွဲ့နေလေ့ရှိသော မျိုးစိတ်များ (Congregatory) ၊ ခြိမ်းခြောက်မှု အထူးခံစားနေရသည့် (highly threatened) နှင့် (သို့မဟုတ်) ထူးခြားသည့် (Unique) ဂေဟစနစ်များ)အတွက် အခြေခံ သတ်မှတ်ချက်များကို သတ်မှတ်ထားခဲ့သည်။ ဤလမ်းညွှန်ချက်မှတ်စုတွင် ဖော်ပြထားသော အခြေခံသတ်မှတ်ချက်များ သည် IUCN က ထုတ်ပြန်ထားသော အဓိကကျသော ဇီဝမျိုးစုံမျိုးကွဲနယ်မြေများနှင့် Red List အုပ်စုများ၊ စံနှုန်းများ ဖော်ထုတ်သတ်မှတ်ရန် ကမ္ဘာလုံးဆိုင်ရာစံနှုန်းတွင် ပါရှိသည့် ကမ္ဘာလုံးဆိုင်ရာ စံပြုထားသော ကိန်းဂဏန်းအခြေခံ အချက်အလက်များမှ ရယူထားခြင်းဖြစ်သည်။ အဆိုပါ အခြေခံသတ်မှတ်ချက်များသည် ဖော်ပြရုံသက်သက်ဖြစ်ပြီး ဆုံးဖြတ်ချက်ချမှတ်ရာ၌ လမ်းညွှန်ချက်တစ်ရပ်အဖြစ်သာ အသုံးပြုရန်ဖြစ်သည်။ အရေးတကြီး ကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထားသောနေရင်းဒေသနှင့် စပ်လျဉ်းသည့်ဆုံးဖြတ်ချက်များချမှတ်ရန် အားလုံးလက်ခံထားသော ပုံသေနည်း သို့မဟုတ် အလိုအလျောက်တွက်ချက်နိုင်သည့် ပုံသေနည်းမရှိပါ။ အထူးသဖြင့် အချက်အလက်ရရှိမှု နည်းပါးလျှင်

[11] GN11 လက်ရှိ AZE နေရာများပြ မြေပုံတစ်ခုနှင့်အတူ AZE နေရာများအတွက် စံသတ်မှတ်ချက်များကို www.zeroextinction.org တွင် တွေ့နိုင်သည်။ လုပ်ငန်း လုပ်ဆောင်သူများသည် ယင်းတို့အဆိုပြု စီမံကိန်းနေရာများအနီးက လက်ရှိ AZE နေရာများ၏ အခြေအနေသတ်မှတ်ချက်များကို စိစစ်အတည်ပြုရန် နောက်ထပ် ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

(များသောအားဖြင့် ထိုသို့ဖြစ်လေ့ရှိသည်) ပြင်ပကျွမ်းကျင်ပညာရှင်များ ပါဝင်၍ စီမံကိန်းအတွက် သီးသန့်ဆန်းစစ်ခြင်းများ (project-specific assessments) ပြုလုပ်ရန် အလွန်အရေးကြီးသည်။

အပိုဒ် ၅၇ (GN57)။ စံနှုန်း ၅ နှင့်စပ်လျဉ်း၍ ကိန်းဂဏန်းအခြေခံစံနှုန်းများမရှိပါ။ အကောင်းဆုံးရနိုင်သော သိပ္ပံနည်းကျ သတင်းအချက်အလက်နှင့် ကျွမ်းကျင်သူများ၏ သဘောထားအမြင်များကို နေရင်းဒေသတစ်ခုသည် အရေးတကြီး ကာကွယ်ထိန်းသိမ်းရန် လိုအပ်၊ မလိုအပ်ကြောင်း နှိုင်းယှဉ်ဆုံးဖြတ်နိုင်ရာတွင် လမ်းညွှန်ချက်များအဖြစ် သုံးသင့်ပါသည်။

အပိုဒ် ၅၈ (GN58)။ အခြားအရာများနှင့် နှိုင်းယှဉ်လျှင် ပိုမိုကျယ်ပြန့်သော မြေမျက်နှာသွင်ပြင်နှင့် ပင်လယ်ပြင်အနေအထားများသည် အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသအဖြစ် အရည်အသွေးမီနိုင်သည်။ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများ ဆန်းစစ်မှု အတိမ်အနက်သည် နေရင်းဒေသနှင့်ဆိုင်သည့် ဇီဝမျိုးစုံမျိုးကွဲများ၏ ပင်ကိုယ်လက္ခဏာရပ်များနှင့် ဂေဟဗေဒဆိုင်ရာပုံစံများ၊ ထိုအရာများကို ထိန်းသိမ်းရန်လိုအပ်သော လုပ်ငန်းစဉ်များအပေါ် မူတည်သည်။ အရေးတကြီးကာကွယ်စောင့်ရှောက်ရမည့် နေရင်းဒေသဟု သတ်မှတ်သော နေရာတစ်ခုအတွင်းမှာပင် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုး ပိုမိုမြင့်မားသော သို့မဟုတ် ပိုမိုနိမ့်သောနယ်မြေများ သို့မဟုတ် အသွင်သဏ္ဌာန်များ ရှိနိုင်သည်။ အရေးတကြီးကာကွယ်စောင့်ရှောက်ရမည့် နေရင်းဒေသဟု အသိအမှတ်ပြုထားသော ကျယ်ဝန်းသည့်နယ်မြေတစ်ခုတွင်း စီမံကိန်းတစ်ခု တည်ဆောက်သည့် ဖြစ်ရပ်များစွာလည်း ရှိပေမည်။ သို့သော်ထိုဖြစ်ရပ်များတွင် စီမံကိန်းနေရာကိုယ်၌က များစွာပြုပြင်ပြောင်းလဲခံထားရပြီး ဖြစ်နေသည်။ *ထို့ကြောင့် အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသ ဟုတ်၊ မဟုတ် ဆန်းစစ်ခြင်းသည် စီမံကိန်းနေရာအပေါ်၌သာ လုံးလုံးလျားလျား အာရုံမစိုက်သင့်ပါ။* လုပ်ငန်းလုပ်ဆောင်သူသည် ကနဦးစာတွေ့ဆန်းစစ်မှုများ ၊ ကျွမ်းကျင်ပုဂ္ဂိုလ်များနှင့် တိုင်ပင်ခြင်းများ ၊ အခြားသက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ကာ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာနှင့်ပင် ချိန်ထိုး၍ စီမံကိန်းနေရာ၏ အရေးပါမှုနှင့် ထူးခြားမှုကို နားလည်သဘောပေါက်အောင် ပြုလုပ်ရန် နှင့်(သို့မဟုတ်) စီမံကိန်းနယ်နိမိတ်ကို ကျော်လွန်၍ လက်တွေ့ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ရန် ပြင်ဆင်ထားသင့်သည်။ အဆိုပါ စဉ်းစားရန် အချက်များသည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၆ နှင့် ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် ၁၈ တွင် ဖော်ပြထားသော မြေမျက်နှာသွင်ပြင်နှင့် ပင်လယ်ပြင်အနေအထား ဆန်းစစ်မှုများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

အပိုဒ် ၅၉ (GN59)။ စံနှုန်း ၁မှ ၄ အထိ ဖော်ပြထားသည့် ဂေဟစနစ် သို့မဟုတ် မျိုးစိတ်များအရ၊စီမံကိန်း၏ လွှမ်းမိုးသက်ရောက်ခံနယ်မြေတွင် ပုံမှန်ကျက်စားနေထိုင်နေကြသည့် မျိုးစိတ်တစ်မျိုးစီအတွက် အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရာ ရှိ၊ မရှိ သတ်မှတ်ရန် ဂေဟဗေဒဆိုင်ရာ သင့်တော်သော ဧရိယာဆန်းစစ်မှု( area of analysis) တစ်ရပ် ပြုလုပ်သင့်သည်။

မျိုးစိတ်များ သို့မဟုတ် (စီမံကိန်း၏ လွှမ်းမိုးသက်ရောက်ခံနယ်မြေအတွင်းနှင့် တစ်ခါတစ်ရံ ထိုနယ်မြေကို ကျော်လွန်တည်ရှိနေသည့်) ဂေဟစနစ်များ ပျံ့နှံ့တည်ရှိမှု ၊ ဂေဟဗေဒ ပုံစံ( ecological pattern) ၊ နည်းစဉ်များ ( processes) ၊ အသွင်သဏ္ဌာန်များ (features) နှင့် ထိုဂေဟဗေဒစနစ်များကို ထိန်းသိမ်းရန်လိုအပ်သော လုပ်ငန်းရပ်များ ထည့်စဉ်းစား၍ ဧရိယာနယ်နိမိတ်များ သတ်မှတ်သင့်သည်။ ထိုနယ်နိမိတ်များတွင် ရေဝေရေလဲဧရိယာ၊မြစ်ကြီးများ သို့မဟုတ် ပထဝီဆိုင်ရာ သွင်ပြင်လက္ခဏာများ ပါဝင်နိုင်ပါသည်။ စီမံကိန်းဆောင်ရွက်သူအနေဖြင့် မျိုးစိတ်များနှင့်(သို့မဟုတ်) သက်ဆိုင်ရာ ဂေဟစနစ်များအတွက် အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများ သတ်မှတ်ရန် စံနှုန်းများ (criteira) နှင့်

အခြေခံသတ်မှတ်ချက်များ(thresholds) (ဤလမ်းညွှန်မှတ်စု အပိုဒ် ရ၀ မှ အပိုဒ် ၈၃ ထိကိုကြည့်ပါ)၏ အသုံးပြုနိုင်စွမ်းကို သိရှိရန်အတွက် ဤနယ်မြေဆန်းစစ်မှုကို အသုံးချရန်ဖြစ်သည်။ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများ၏နယ်နိမိတ်များသည် မြေပြင်လက်တွေ့ ကာကွယ်ထိန်းသိမ်းစီမံခန့်ခွဲမှုများ ဆောင်ရွက်မည့်နယ်မြေပြမြေပုံ၏ စကေး အရွယ်အစားနှင့် ညီမျှသင့်သည်။ ပိုမိုကျယ်ပြန့်စွာ ဖြန့်ကျက် ကျက်စားသော မျိုးစိတ်အချို့အတွက်မူ အရေးတကြီးကာကွယ် ထိန်းသိမ်းရမည့် နေရင်းဒေသသည် ယင်းတို့တစ်စုတစ်စည်းတည်း ရှိနေသော ဧရိယာများ( area of aggregation)၊ အသစ်ဖြစ်ထွန်းလာမှု (recruitment) သို့မဟုတ် မျိုးစိတ်များအတွက် အရေးပါသောအခြားသက်ဆိုင်ရာ ကျင်လည် ကျက်စားရန် အင်္ဂါရပ်များ( specific habitat features of importance) ရှိနေသော နေရာများ ဖြစ်နိုင်သည်။ ဖြစ်ရပ်အားလုံးတွင် အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသ သတ်မှတ်ရာ၌ မြေမျက်နှာသွင်ပြင်/ ပင်လယ်ပြင် အနေအထားတွင်ရှိနေသည့်မျိုးစိတ်များ၏ ဖြန့်ကျက်မှု(Distribution) ဆက်သွယ်မှု( Connectivity) နှင့် ယင်းတို့ကို အထောက်အကူပြုသော ဂေဟဗေဒဆိုင်ရာ လုပ်ငန်းစဉ်များကို ထည့်စဉ်းစားသင့်သည်။ ဂေဟဗေဒဆိုင်ရာ သတ်မှတ်ချက်များနှင့် ပုံ့နှံ့တည်ရှိမှုများတွင် တန်ဖိုးများစွာထပ်နေသည်ကို တွေ့ရလျှင် အဆိုပါနေရာအား အရေးတကြီး ကာကွယ် ထိန်းသိမ်းရမည့် နေရင်းဒေသများ ဘုံနေရာ သို့မဟုတ် စုစည်းနေရာအဖြစ် သတ်မှတ်ရန် ဆီလျော်နိုင်သည်။ ကနဦးဆန်းစစ်မှု ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ ထိခိုက်သက်ရောက်မှုများ ရှိနိုင်သည့် အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသ(များ)အဖြစ် နောက်ဆုံးသတ်မှတ်ထားသောနေရာများတွင် စီမံကိန်း၏ ထိခိုက်သက်ရောက်မှု ရှိမရှိ သုံးသပ်ရန် အတွက် လက်တွေ့ကွင်းဆင်းလေ့လာမှုမှရရှိလာသော နောက်ထပ်ဗဟုသုတများ၊ အခြားဆန်းစစ်မှုရလဒ်များနှင့် ထပ်မံချိန်ထိုး အကဲဖြတ် သုံးသပ်သင့်သည်။

အပိုဒ် ၆၀ (GN60)။ ဇီဝမျိုးစုံမျိုးကွဲများကို ဆန်းစစ်သည့် အချို့သောနည်းလမ်းများသည် ဂေဟစနစ်များ၏ကျယ်ပြန့်မှု၊ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသ၏ အသွင်သဏ္ဍာန်ပုံစံအမျိုးမျိုးနှင့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင်ဖော်ပြထားသည့် မျိုးစိတ်အမျိုးမျိုးတို့ကို ထည့်စဉ်းစား၍ စတင်ကတည်းက စီမံကိန်းနှင့် သက်ဆိုင်ရာနေရာအပေါ် မူတည်ဆောင်ရွက်ရန်ဖြစ်သည်။

ထို့ကြောင့် လမ်းညွှန်ချက်မှတ်စု ၆သည် ဇီဝမျိုးစုံမျိုးကွဲဆန်းစစ်မှုနည်းလမ်းများကို ဖော်ပြထားခြင်းမရှိပါ။ ထိုသို့ ဖော်ပြမည့်အစား အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသ ဆန်းစစ်မှုတစ်ခု၏ အားလုံးကို လွှမ်းခြုံနိုင်သော နယ်ပယ်ကို ပုံစံထုတ်ရာတွင် စီမံကိန်းလုပ်ဆောင်သူအား အောက်တွင်ဖော်ပြထားသော အဆင့်ကျယ် ၃ဆင့်( three broad-level steps)ကို လမ်းညွှန်ထားသည်။ ဂေဟဗေဒဆိုင်ရာ ဧရိယာဆန်းစစ်မှုတစ်ရပ် ပြုလုပ် သောအခါစီမံကိန်း၏ အနီးစပ်ဆုံးတည်နေရာ နှင့် စီမံကိန်းမှ လွှမ်းမိုးသက်ရောက်နိုင်သော ဧရိယာကို ထည့်စဉ်းစားသင့်သည်။ သို့သော်လည်း စီမံကိန်းအမျိုးအစား၊ ယင်း၏ ထိခိုက်သက်ရောက်မှုများနှင့် ထိခိုက်မှုလျှော့ချရေးဗျူဟာများသည် အထက်ပါအဆင့် ၁ မှ ၃ အထိ ဆောင်ရွက်ခြင်းနှင့် ဆက်စပ်မှုမရှိပါ။ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသဟူသည့် အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် သက်ဆိုင်ရာစီမံကိန်းတစ်ခု၏ ထိခိုက်သက်ရောက်မှုများသည် ဆက်စပ်မှုမရှိသော သဘောတရားနှစ်ခုဖြစ် သည်။ ထိုအဓိပ္ပါယ်ဖွင့်ဆိုချက်သည် ထိုကျက်စားရာနေရာတွင် စီမံကိန်းတစ်ခုဆောင်ရွက်မည်၊ မဆောင်ရွက်မည် မည်သို့ရှိစေကာမူ၊ ထိုနေရာ၌ တန်ဖိုးမြင့် ဇီဝမျိုးစုံမျိုးကွဲများ ရှိနေခြင်းကို အခြေခံခြင်းဖြစ်သည်။ IFC ၏ ထောက်ပံ့ ဝန်ဆောင်မှုများကို ရယူထားသူများသည် စီမံကိန်း၏ ခြေရာလက်ရာ သို့မဟုတ် စီမံကိန်း၏ ထိခိုက်သက်ရောက်မှု ကို

အခြေခံ၍ စီမံကိန်းသည် အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသတွင်မရှိကြောင်း အခိုင်အမာ မပြောသင့်ပါ။ ဥပမာ - ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးသည် (စံနှုန်း ၁ တွင် ပါရှိသည့် အခြေခံသတ်မှတ်ချက်စံကိန်းများနှင့် ကိုက်ညီသည့်) မျိုးသုဉ်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် တွားသွားသတ္တဝါတစ်မျိုးဖြစ်ပြီး ထိုအရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသတွင် လေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နေခြင်းဖြစ်ပါက ထိုလေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၏ ထိခိုက်သက်ရောက်မှုများ (သို့မဟုတ် "ထိခိုက်သက်ရောက်မှုမရှိခြင်းများ") မည်သို့ရှိစေကာမူ၊ စီမံကိန်းသည်အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများ နေရာတစ်ခုအတွင်း ရှိနေမည် သာဖြစ်သည်။ မည်သို့ဖြစ်စေကာမူ IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် စီမံကိန်းတည်ရှိရာနေရာ၏ လက်ရှိ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများကို အသိအမှတ်ပြုရန် တာဝန်ရှိသည်။

<u>အဆင့် ၁။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများ (stakeholders) နှင့် တိုင်ပင်ဆွေးနွေးခြင်း/သုတေသန စာတမ်းများ စုစည်း၍ ကနဦးသုံးသပ်ခြင်း</u>

**ရည်ရွယ်ချက်။** မြေမျက်နှာသွင်ပြင်တစ်ခုအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲအပေါ် သက်ဆိုင်သူအားလုံး၏ ရှုထောင့်အမြင်များ နားလည်သဘောပေါက်ရန် ။

**လုပ်ငန်းစဉ်။** လက်တွေ့ကွင်းဆင်းတိုင်ပင်ဆွေးနွေးမှု လေ့ကျင့်ခန်းများနှင့် စာတွေ့ သုတေသန ပြုလုပ်ခြင်း။

အပိုဒ် ၆၁ (GN61)။ စီမံကိန်းနေရာတစ်ခုသည် အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသအတွင်း တည်ရှိခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် သုတေသနစာတမ်းများ ကျယ်ကျယ်ပြန့်ပြန့် စုစည်း၍ ကနဦးသုံးသပ်ရမည်။ ထိုနေရာနှင့် ပတ်သက်ဆက်နွယ်သူများ၊ ကာကွယ်ထိန်းသိမ်းရေးအဖွဲ့အစည်းများ၊ အစိုးရ သို့မဟုတ် အခြား သက်ဆိုင်ရာအာဏာပိုင်များ၊ တက္ကသိုလ်၊ကောလိပ် သို့မဟုတ် အခြားသော နည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် အသိအမှတ်ပြုခံရသော ပြင်ပကျွမ်းကျင်သူများ၊ မျိုးစိတ်ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးရန်လည်း လိုအပ်သည်။ ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သုတေသနစာတမ်းများ စုစည်းသုံးသပ်ခြင်း လုပ်ငန်းများကြောင့် စီမံကိန်း၏ လွှမ်းမိုးသက်ရောက်ခံရမည့်နေရာနှင့် တွဲဖက်နေသော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများကို သိရှိနားလည်နိုင်ပါသည်။ ဤအဆင့်သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ပါ အထွေထွေသတ်မှတ်ချက်များနှင့် ဤလမ်းညွှန်ချက်မှတ်စုအပိုဒ် ၁၀ မှ ၁၂ အတွင်း ဖော်ပြထားသော လမ်းညွှန်ချက်များနှင့် ဆင်တူသည်။သို့သော် အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများတွင် ရှိနေသည့် စီမံကိန်းများအတွက်မူ ပိုမိုအသေးစိတ်ကျစွာ ဖော်ပြထားမည်ဟု ယူဆရပါသည်။ ဤအဆင့်ဆန်းစစ်မှုတွင် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများသည် ထိုစီမံကိန်းနေရာအား အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသ အဖြစ် အမှန်တကယ် အရည်အသွေး အကဲဖြတ်ခြင်း ရှိ၊ မရှိ နှင့်(သို့မဟုတ်) စီမံကိန်းသည် သက်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးအပေါ် သက်ရောက်မှုတစ်ရပ် ရှိ၊ မရှိ ဆိုသည်ကို အဓိကမထားသင့်ပါ။ ဤကနဦးအဆင့်တွင် အဓိကထားသင့်သည်မှာ- ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများနှင့် ဆက်စပ်၍ မြေမျက်နှာသွင်ပြင်/ ပင်လယ်ပြင် အနေအထားအပေါ် သမာသမတ်ကျစွာ နားလည်သဘောပေါက်မှု ရရှိရန်သာ ဆောင်ရွက်သင့်သည်။ အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသအဖြစ် ဆုံးဖြတ်ခြင်းများကို ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်ထိန်းသိမ်းရန်အတွက် ချမှတ်ထားသော မြေမျက်နှာပြင်ရှုခင်းဆိုင်ရာ လက်ရှိ ဦးစားပေးအစီအစဉ်များ( Landscape prioritization schemes) နှင့် ကိုက်ညီစွာ ဆုံးဖြတ်သင့်သည်။ ထိုဦးစားပေးအစီအစဉ်

များကို နိုင်ငံအတွင်းရှိ ကာကွယ်ထိန်းသိမ်းရေးအဖွဲ့အစည်းများကွန်ရက်၊ ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးအဖွဲ့များ၊ တက္ကသိုလ်၊ ကောလိပ်များ နှင့် (သို့မဟုတ်) ဒေသန္တရအစိုးရနှင့် နိုင်ငံအစိုးရများက ချမှတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဤအဆင့်တွင် အစိုးရအဖွဲ့အစည်းများ အသိအမှတ်ပြုထားသော တက္ကသိုလ်ကောလိပ်များ နှင့် (သို့မဟုတ်) အခြားသက်ဆိုင်ရာ အရည်အသွေးမီ အဖွဲ့အစည်းများ (နိုင်ငံတကာက အသိအမှတ်ပြုထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင်)မှ ဆောင်ရွက်ခဲ့သော စနစ်တကျ ကာကွယ်ထိန်းသိမ်းရေး စီမံရေးဆွဲမှုများအပေါ်ဆန်းစစ်မှုများ( systematic conservation planning assessments)ကို ရှာဖွေလေ့လာသင့်သည်။ဤသို့ဖြင့် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ် ခြိမ်းခြောက်ခံနေရသောဂေဟစနစ်များ၊ သဘာဝပေါက်ပင်အမျိုးအစားများနှင့် မြေအမျိုးအစားများဆိုင်ရာ အချက်အလက်များ ရရှိလာနိုင်ပါသည်။

<u>အဆင့် ၂။ ကွင်းဆင်းအချက်အလက်ကောက်ယူခြင်းနှင့် ရနိုင်သော အချက်အလက်များကို စိစစ် အတည်ပြုခြင်း</u>

**ရည်ရွယ်ချက်။** အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့်နေရင်းဒေသကို ဆန်းစစ်နိုင်ရေးအတွက် လိုအပ်သော ကွင်းဆင်း အချက်အလက်များ ကောက်ယူရန်နှင့် ရနိုင်သော အသေးစိတ်အချက်အလက်များကို စိစစ်အတည်ပြုရန်။

**လုပ်ငန်းစဉ်။** ဆန်းစစ်မှု ပြုလုပ်မည့် ဂေဟဗေဒဆိုင်ရာ သင့်တော်သော နေရာ၏ အတွင်းအပြင် နှစ်ခုစလုံးမှ လိုအပ်သော အချက်အလက်များ ကွင်းဆင်းကောက်ယူနိုင်ရေး အရည်အချင်းရှိ ကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ (ဤမှတ်စု၏ အပိုဒ် ၅၉ တွင် ကြည့်ပါ)

အပိုဒ် ၆၂ (GN62)။ ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် (၉) နှင့် (၁၀) အရ ဇီဝမျိုးစုံမျိုးကွဲများ လက်တွေ့ကွင်းဆင်း ကောက်ယူထားသော အချက်အလက်များသည် စီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း (ESIA)၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရှိနှင့်ထားပြီးဖြစ်နိုင်သည်။ ထိုအချက်အလက်များ မလုံလောက်လျှင် သို့မဟုတ် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း(ESIA)၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အရေးအတွက်ပြအ အသေးစိတ်အချက်အလက် များ/ ကိန်းဂဏန်းများကို ထည့်သွင်းစဉ်းစားခဲ့မှုမရှိလျှင် နည်းလမ်းများစွာကို ပေါင်းစပ်အသုံးချ၍ ထိုအချက်အလက်များကို ကောက်ယူသင့်သည်။ ဥပမာ - ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းကောက်ယူခြင်းများ(baseline surveys)၊ အဓိက အကြောင်းအရာများကိုသာဇောင်းပေး၍ ပညာရှင်များနှင့် လေ့လာခြင်းများ( focus survey)၊ ဂေဟဗေဒ ဆိုင်ရာသုတေသန၊ ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် မကြာသေးမီက ထုတ်ပြန်ခဲ့သော သုတေသန စာတမ်းများ မှ အချက်အလက်များ ရယူခြင်းနှင့် တစ်မျိုးသားလုံး လွှမ်းခြုံသော ဇီဝမျိုးစုံမျိုးကွဲဗျူဟာများနှင့် လုပ်ငန်းစီမံချက်များ (NBSAPs)[GN12] စသည့် ရနိုင်သမျှ အချက်အလက်များရယူခြင်း။ မျိုးစိတ်များ၊ နေရင်းဒေသများ၊ ဂေဟစနစ်များ၊ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များနှင့် ဂေဟဗေဒဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လည်း စီမံကိန်း၏ လွှမ်းမိုးသက်ရောက်မှုခံရမည့်နေရာ နှင့် ပိုမိုကျယ်ပြန့်သော နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာ အခြေအနေများမှ ဆီလျော်သလို စုဆောင်းသင့်သည်။အဆင့် (၂) ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စုဆောင်းထားသော အချက်အလက်များကို သီးခြားအသုံးပြုရန်ဖြစ်သည်။ သို့သော် ဂေဟစနစ် ဝန်ဆောင်မှုအကြောင်းအရာနှင့်ဆိုင်သော ကိစ္စရပ်များတွင် အသုံးပြုရန်ဖြစ်သည်။ အချို့စီမံကိန်းများ၊ အထူးသဖြင့် စီမံကိန်းကြောင့်ထိခိုက်နစ်နာသည့်

---

[12] GN12 ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်၊ "နိုင်ငံအလိုက် ဇီဝမျိုးစုံမျိုးကွဲ ဗျူဟာများနှင့် လုပ်ငန်းစီမံချက်များ" http://www.cbd.int/nbsap

ရပ်ရွာလူထုသည် သဘာဝသယံဇာတကိုအခြေခံသော အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်လျှင် လူမှုဆိုင်ရာကျွမ်းကျင်သူများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းသည် အရေးပါနိုင်သည်။ မျိုးစိတ်များနှင့်စပ်လျဉ်း၍ IUCNမှ လက်ရှိထုတ်ပြန်ထားသော မျိုးသုဉ်းမည့်အန္တရာယ် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များစာရင်း (Red List)၊ နိုင်ငံအလိုက် ထုတ်ပြန်ထားသော အရေးပါသည့် အချက်အလက်စာအုပ်များ (Red Data Books) ၊ မျိုးစိတ်နှင့် ဂေဟစနစ်စာရင်းများ (Red Lists) နှင့် ရနိုင်သမျှ အကောင်းဆုံးသော နည်းပညာဆိုင်ရာအချက်အလက်များကို စီမံကိန်းဆောင်ရွက်သူအနေဖြင့်လေ့လာမည်ဟု မျှော်လင့်ရပါသည်။

<u>အဆင့် ၃။ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသသတ်မှတ်ခြင်း</u>

**ရည်ရွယ်ချက်။** စီမံကိန်းသည် အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများအတွင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် ။

**လုပ်ငန်းစဉ်။** စာတွေ့နှင့်ကွင်းဆင်းစုဆောင်းထားသော အချက်အလက်များအပေါ် ခွဲခြားစိတ်ဖြာခြင်းနှင့် အမိပွါယ်ကောက်ယူခြင်း။

အပိုဒ် ၆၃ (GN63)။ အဆင့် ၁ နှင့် ၂ ဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရရှိထားသော အချက်အလက်များစွာကိုအခြေခံ၍ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသစံနှုန်းနှင့် အခြေခံသတ်မှတ်ချက်များ (ဤလမ်းညွှန်ချက်မှတ်စု ၊အပိုဒ် ၇၀ မှ ၈၃) ကိုအသုံးပြု၍ အပိုဒ် ၅၉တွင် ဖော်ပြထားသည့် ဂေဟဗေဒဆိုင်ရာ သင့်လျော်သည့်နည်းလမ်းတစ်ရပ်ဖြင့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများကို စစ်ဆေးသင့်သည်။

အပိုဒ် ၆၄ (GN64)။ ဤအဆင့်များ ဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ရရှိသော ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးမြင့်များကိုအခြေခံ၍ စီမံကိန်းသည် အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသတွင် ရှိ၊ မရှိ ဆုံးဖြတ်နိုင်သည့် အနေအထားတစ်ရပ်အထိ ရောက်ရှိသင့်သည်။ ထိုဆုံးဖြတ်ချက်သည် စီမံကိန်းအမျိုးအစား၊ စီမံကိန်း၏ ထိခိုက်သက်ရောက်မှု သို့မဟုတ် ထိခိုက်မှုလျှော့ချရေးဗျူဟာအပေါ် ကြည့်၍ ချမှတ်ခြင်းမဟုတ်ပါ။

အပိုဒ် ၆၅ (GN65)။ မျိုးစိတ်များ၏ ကမ္ဘာလုံးဆိုင်ရာ အရေအတွက်(global population) နှင့်(သို့မဟုတ်) ဒေသရှိ အရေအတွက်(local population) ကို မခန့်မှန်းနိုင်သည့်အခါ (သို့မဟုတ် ဒေသရှိအရေအတွက်နှင့်စပ်လျဉ်း၍ ကွင်းဆင်းဆန်းစစ်မှုကို အကျိုးသင့်အကြောင်းသင့် ဆောင်ရွက်သော်လည်းပဲ အချက်အလက်မရနိုင်လျှင်) ကမ္ဘာလုံးဆိုင်ရာ အရေအတွက်နှင့်စပ်လျဉ်း၍ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသဖြစ်လာနိုင်ခြေ များ၊မများ ဆုံးဖြတ်ရန် ကျွမ်းကျင်သူ၏ သဘောထားအမြင်ကို ရယူမည်ဟု မျှော်လင့်သည်။ ကိုယ်စားအရေအတွက် (ဥပမာ - တွေ့ရှိရသည့် အတိုင်းအတာ၊ သိရှိထားသော နေရာအရေအတွက် ခန့်မှန်း၊ habitat နေရာအကျယ်အဝန်းခန့်မှန်းချက်များ)သည် ဆုံးဖြတ်ချက်ချမှတ်ရာ၌ အရေးပါနိုင်သည်။ ဤဖော်ပြချက်တွင် စံနှုန်း ၁ မှ ၃ အထိကို အသုံပြုနိုင်သည်။

အပိုဒ် ၆၆ (GN66)။ IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် စံနှုန်း ၁ မှ ၃ အထိ ၏ အသုံးဝင်မှုကိုဆန်းစစ်သည့်အခါ IUCNမှ ထုတ်ပြန်သော မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိ မျိုးစိတ်စာရင်း (Red List) နှင့် Red List ပြုစုသည့်နည်းလမ်းကို အခြေခံထားသည့် နိုင်ငံအဆင့် ထုတ်ပြန်ထားသော စာရင်းများကို အမြဲတိုက်ဆိုင်စစ်ဆေးသင့်သည်။ သို့သော် IUCN ၏ Red List နှင့် နိုင်ငံအလိုက် ထုတ်ပြန်ထားသော စာရင်းများတွင် အားနည်းချက်များ ရှိနေသည်။ ထိုစာရင်းများသည် လက်ရှိအခြေအနေများနှင့် မကိုက်ညီသော အဟောင်းများလည်းဖြစ်နိုင်သည်။ သို့မဟုတ် သတင်း

အချက်အလက်အနည်းငယ်အပေါ်သာ အခြေခံထားခြင်း ဖြစ်နိုင်သည်။ ထို့အပြင် IUCN သို့မဟုတ် နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းများသည် မျိုးစိတ်များစွာအပေါ် အကဲဖြတ်လုပ်ငန်း မပြုလုပ်ရသေးခြင်းလည်း ဖြစ်နိုင်သည်။ စီမံကိန်းတစ်ခု၏ ထိခိုက်မှုလျှော့ချရေး လုပ်ငန်းရပ်များ၏ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲနိုင်ခြေ (materially change) ရှိလျှင်၊ IUCN ၏ Red List ပြုစုသော နည်းလမ်းကို အသုံးပြု၍ အလွတ်သဘောဆန်းစစ်မှုတစ်ရပ်(unoffical assessment) (လက်ရှိကာကွယ်ထိန်းသိမ်းမှုအခြေအနေဆန်းစစ်မှုများကို နောက်ဆုံးရအချက်အလက်များနှင့် ပြန်လည်မွမ်းမံပြင်ဆင်ခြင်း အပါအဝင်)ကို ဆောင်ရွက်ရန် ကျွမ်းကျင်သူများ(IUCN ၏ မျိုးစိတ်ဆိုင်ရာအဖွဲ့၏ အဖွဲ့ဝင်များအဖြစ် ပါဝင်သင့်သူများ)ကို ချိတ်ဆက်ဆောင်ရွက်သင့်သည်။ ဤသို့ဖြင့် ကိစ္စတစ်ခုချင်းအလိုက် လိုအပ်သလို ဆန်းစစ်သင့်သည်။

အပိုဒ် ၆၇ (GN67)။ နိုင်ငံအလိုက် သို့မဟုတ် ဒေသအလိုက် သတ်မှတ်ထားသော မျိုးစိတ် အမျိုးအစားများသည် IUCN ၏ Red List နှင့် များစွာ မကိုက်ညီလျှင် (ဥပမာ - အချို့နိုင်ငံများသည် ကာကွယ်ထိန်းသိမ်းထားသည့် မျိုးစိတ်များ သို့မဟုတ် ကန့်သတ်ထားသော မျိုးစိတ်များဟူ၍ ယေဘုယျဆန်ဆန် ဖော်ပြကြသည်၊) အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသဆိုင်ရာ စံနှုန်းတစ်ရပ်အဖြစ် စဉ်းစားခြင်းမပြုမီ ကြောင်းကျိုးပိုင်းခြားမှုတစ်ရပ် ပြုလုပ်ရန် လိုအပ်သည်။

အပိုဒ် ၆၈ (GN68)။ မျိုးစိတ်တစ်ခုအောက်မှ မျိုးခွဲများ (subspecies) နှင့် အပင်/ သတ္တဝါအုပ်စုအောက်မှ အုပ်စုငယ်များ (sub-populations) များကို သီးခြားဆန်းစစ်၍ IUCN ၏ Red List တွင် ထည့်သွင်းရန် ဆောင်ရွက်ရာ၌ သင့်တော်သလို စံနှုန်း ၁ ကို စဉ်းစားနိုင်သည်။

အပိုဒ် ၆၉ (GN69)။ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများဆိုင်ရာ စံနှုန်း ၁ မှ ၃ အထိ သည် IUCN ၏ အဓိကကျသော ဇီဝမျိုးစုံမျိုးကွဲနယ်မြေ (KBA) စံနှုန်းတွင် ဖော်ပြထားသော စံနှုန်းများနှင့် အခြေခံသတ်မှတ်ချက်များကို အခြေခံထားခြင်းဖြစ်ကြောင်း မှတ်သားထားသင့်သည်။[GN13]

## ***စံနှုန်းများဖြင့် လမ်းညွှန်မှု***

<u>စံနှုန်း ၁။ မျိုးသုဉ်းပျောက်ကွယ်မည်ကို အထူးစိုးရိမ်နေရသည့် မျိုးစိတ်များ (CR) နှင့် မျိုးသုဉ်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် မျိုးစိတ်များ (EN)</u>

အပိုဒ် ၇၀ (GN70)။ ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းပျောက်ကွယ်မှုအရ ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များနှင့် IUCN ၏ Red List ပါ CR နှင့် EN ကို စံနှုန်း ၁[GN14] ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်စဉ်းစားရမည်။ မျိုးသုဉ်းပျောက်ကွယ်မည်ကို အထူးစိုးရိမ်နေရသည့် မျိုးစိတ်များ (CR) သည် တောရိုင်းနယ်မြေတွင် ပျောက်ကွယ်သွားမည့် အန္တရာယ် အမြင့်မားဆုံး ရင်ဆိုင်နေရသည့် မျိုးစိတ်များ ဖြစ်သည်။ မျိုးသုဉ်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် မျိုးစိတ်များ (EN) သည် တောရိုင်းနယ်မြေတွင် ပျောက်ကွယ်သွားမည့် အန္တရာယ်အလွန်မြင့်မားစွာ ရင်ဆိုင်နေရသည့် မျိုးစိတ်များဖြစ်သည်။

---

[13] GN13 IUCN, "A Global Standard for the Identification of Key Biodiversity Areas", 2016, https://portals.iucn.org/library/node/46259.
GN17 Ape Populations Environments Surveys Portal (A.P.E.S.), http://apesportal.eva.mpg.de/.
[14] GN14 IUCN, "The IUCN Red List of Threatened Species", www.iucnredlist.org.

အပိုဒ် ၇၁ (GN71)။လုပ်ဆောင်မှုစံသတ်မှတ်ချက်(၆) အောက်ခြေမှတ်စု(၁၁)တွင် ဖော်ပြ ထားသည့်အတိုင်း၊ IUCN လမ်းညွှန်ချက်[GN15] ကို လိုက်နာသည့် နိုင်ငံများတွင် နိုင်ငံအဆင့် / ဒေသ အဆင့်တွင် CR သို့မဟုတ် EN အဖြစ် သတ်မှတ်ထားသော စံနှုန်း ၁ တွင် ပါဝင်သည့် မျိုးစိတ်များ ဟုတ်၊ မဟုတ် စီမံကိန်းတစ်ခုချင်းအလိုက် ဆုံးဖြတ်ရာ၌ ကျွမ်းကျင်ပညာရှင်များ နှင့် တိုင်ပင်ရမည်။

အပိုဒ်၇၂ (GN72) ။ စံနှုန်း (၁) အတွက်  အခြေခံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) IUCN ၏ Red List တွင် ပါရှိသည့် EN သို့မဟုတ် CRမျိုးစိတ်များ၏ကမ္ဘာ့အဆင့် အရေးပါသော စုစည်းနေထိုင်မှုများကို အထောက်အကူပြုသည့် နယ်မြေများ (≥ တစ်ကမ္ဘာလုံးတွင်ရှိသော မျိုးစိတ်စုစုပေါင်း၏ ၀.၅ % နှင့် ≥ EN သို့မဟုတ် CR မျိုးစိတ်များ၏ မျိုးပွားနေရာ[GN16] ၅ ခု)

(ခ)  IUCN ၏ Red List တွင် ပါရှိသည့် ထိခိုက်အားနည်းလွယ်သော မျိုးစိတ်များ (VU) ၊ ထိုမျိုးစိတ်များ ဆုံးရှုံးမှုသည် IUCN Red List ၏အခြေအနေကို EN သို့မဟုတ် CR အခြေအနေသို့ ပြောင်းသွားနိုင်မည်ဖြစ်၍၊ ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် ၇၂ (က) ပါ ကိန်းကဏန်းအခြေခံအချက်အလက်များနှင့် ကိုက်ညီစေမည်ဖြစ်သည်။

(ဂ) သင့်တော်လျှင် နိုင်ငံအဆင့် သို့မဟုတ် ဒေသအဆင့် သတ်မှတ်ထားသော EN သို့မဟုတ် CR မျိုးစိတ်များ၏ အရေးပါသော စုစည်းနေထိုင်မှုများရှိသည့် နယ်မြေများ။

အပိုဒ် ၇၃ (GN73) ။မျောက်ဝံကြီးများ (ဂေါ်ရီလာ,၊အော်ရန်ဂူတန်၊ချန်ပန်ဇီနှင့် မျောက်ဝံအပုများ-bonobos)အား ယင်းတို့၏ မနုဿဗေဒဆိုင်ရာ သိသာထင်ရှားမှုအရ  အလေးပေး စဉ်းစားဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။ မျောက်ဝံကြီးများ တွေ့နိုင်ခြေရှိလျှင်၊ [GN17]IUCN / မျိုးစိတ်များရှင်သန်ရေးကော်မရှင် (Species Survival Commission - SSC) ၊ ပရိုင်းမိတ် ကျွမ်းကျင်သူအုပ်စု (Primate Specialist Group - PSG) ၏ မျောက်ဝံကြီးများဆိုင်ရာဌာနစိတ် (Section on Great Apes) နှင့်  တတ်နိုင်သမျှ  စောစီးစွာ တိုင်ပင်၍ စီမံကိန်းလွှမ်းမိုးသက်ရောက်သောနေရာတွင် မျောက်ဝံကြီးများ တွေ့ရှိရမှုကို ဆုံးဖြတ်နိုင်ရေး အကူအညီရယူရန်ဖြစ်သည်။ မျောက်ဝံကြီးများရှိသည့်နေရာတစ်ခုကို အရေးတကြီး ကာကွယ်ထိန်းသိမ်း ရမည့် နေရင်းဒေသအဖြစ်  သတ်မှတ်နိုင်ခြေရှိသည်။ ထိုနေရာများတွင်ဆောင်ရွက်မည့် စီမံကိန်းများကို ခြွင်းချက် အခြေအနေများမှသာ လက်ခံဆောင်ရွက်ရန်ဖြစ်ပြီး ထိခိုက်သက်ရောက်မှုလျှော့ချရေး ဗျူဟာတစ်ရပ်ရပ် ရေးဆွဲရာ၌ IUCN/ SSC PSG SGA မှ ပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်သင့်သည်။

---

[15] GN15 National Red Lists, Zoological Society of London, http://www.nationalredlist.org/site.aspx.   See also IUCN. 2003. Guidelines for Application of IUCN Red List Criteria at Regional Levels, version 3.0. Gland, Switzerland: IUCN Species Survival Commission.

[16] GN16 IUCN ၏ ဇီဝမျိုးစုံမျိုးကွဲနယ်မြေများစံနှုန်းသည် မျိုးပွားသောနေရာများအတွက် အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသုံးပြုထားသည်။ "နေရာတစ်နေရာတွင် အောင်မြင်သော မျိုးပွားမှုတစ်ခုဖြစ်ရန် လိုအပ်သော အရွယ်ရောက်ပြီး အကောင်/အပင် အနည်းဆုံးအရေအတွက်နှင့် အဖိုအမအတွဲအစပ်များ၊ ဥပမာ - မျိုးပွားနေရာ ၅ နေရာတွင် ၅ စုံ၊ မျိုးပွားခြံတစ်ခုတွင် မျိုးပွားသော အမကောင် ၅ ကောင်နှင့်  အပင်မျိုးစိတ်တစ်ခုအတွက် မျိုးပွားနိုင်သော အပင် ၅ ပင်" Eisenberg, 1977.  The Evolution of the Reproductive Unit in the Class Mammalia.

[17] GN17 မျောက်ဝံ့ကြီးအရေအတွက်များ၊ မျောက်ဝံဦးရေများဆိုင်ရာ ပတ်ဝန်းကျင် လေ့လာမှု စစ်တမ်းများ ဝင်ရောက်လေ့လာနိုင်သော ဂိတ်ပေါက် (A.P.E.S.), http://apesportal.eva.mpg.de/.

<u>စံနှုန်း ၂။ သက်ဆိုင်ရာ ပထဝီဒေသ၌သာ တွေ့ရှိနိုင်သည့် တမူထူးခြားသော ဒေသရင်းမျိုးစိတ်များ (Endemic) နှင့် ပျံ့နှံ့တည်ရှိမှုနယ်မြေ အကန့်အသတ်ရှိသည့် မျိုးစိတ်များ(Restricted-range)</u>

အပိုဒ် ၇၄ (GN74)။ ဤလမ်းညွှန်ချက်မှတ်စု၏ ရည်ရွယ်ချက်အရ သက်ဆိုင်ရာ ပထဝီဒေသ၌သာ တွေ့ရှိနိုင်သည့် တမူထူးခြားသော ဒေသရင်းမျိုးစိတ်များကို ပျံ့နှံ့တည်ရှိမှုနယ်မြေ အကန့်အသတ်ရှိသည် ဟုသတ်မှတ်သည်။ ပျံ့နှံ့တည်ရှိမှုနယ်မြေ အကန့်အသတ်ဆိုသည်မှာ- ယင်းတို့ကိုတွေ့ရှိသည့် နယ်မြေအကျယ်အဝန်း အကန့်အသတ်တစ်ရပ် (Extent of Occurrence- EOO) ရှိခြင်းကို ဆိုလိုသည်။

- ကုန်းမြေတွင်ကျက်စားသောကျောရိုးရှိသတ္တဝါများ၊အပင်များနှင့်စပ်လျဉ်း၍၊ ပျံ့နှံ့တည်ရှိမှုနယ်မြေ အကန့်အသတ်ရှိသောမျိုးစိတ်များမှာ စတုရန်းကီလိုမီတာ (၅၀,၀၀၀) အောက် နေရာအကျယ်အဝန်းတွင် တွေ့ရှိရသော မျိုးစိတ်များဟု သတ်မှတ်ထားသည်။
- ပင်လယ်ရေငန်နေ မျိုးစိတ်များနှင့်စပ်လျဉ်း၍ ပျံ့နှံ့တည်ရှိမှုနယ်မြေ အကန့်အသတ်ရှိသော မျိုးစိတ်များမှာ စတုရန်းကီလိုမီတာ (၁၀၀,၀၀၀) အောက် အကွာအဝေးတွင်တွေ့ရှိရသော မျိုးစိတ်များဟု လောလောဆယ် (provisionally) မှတ်ယူထားကြသည်။
- တစ်နေရာတွင် (at one point) (ဥပမာ - မြစ်များ) ကီလိုမီတာ (၂၀၀) အကျယ်ထက် မကျော်သော ပျံ့နှံ့တည်ရှိမှုနယ်မြေတွင် ရှင်သန်ပေါက်ပွားကြသည့် ကမ်းရိုးတန်း ဆိုင်ရာ၊ မြစ်ကြောင်းဆိုင်ရာနှင့် အခြားသော ရေနေမျိုးစိတ်များနှင့်စပ်လျဉ်း၍ယင်းတို့၏ ပျံ့နှံ့တည်ရှိမှုနယ်မြေ အကန့်အသတ်ကိုသတ်မှတ်ရာ၌ (ယင်းတို့ဝင်ရောက်နေထိုင်ကျက်စားရာ နေရာတစ်ခုနှင့်တစ်ခုအကြား အကျယ်ဆုံးအကွာအဝေးမှာ) အဖြောင့်အတိုင်းယူလျှင် (၅၀၀) ကီလိုမီတာအောက် သို့မဟုတ် (၅၀၀) ကီလိုမီတာနှင့်ညီသော အကွာအဝေးတစ်ခု ဖြစ်သည်။

အပိုဒ် ၇၅ (GN75)။ စံနှုန်း ၂ အတွက် ကိန်းဂဏန်းအခြေခံသတ်မှတ်ချက်မှာ အောက်ပါ အတိုင်း ဖြစ်သည် -

(က) ပုံမှန်ခြေကုတ်ယူနေထိုင်သော နေရာများ≥ကမ္ဘာလုံးဆိုင်ရာ စုစုပေါင်းအကောင်ရေ၏ ၁၀ % နှင့် ≥ မျိုးစိတ်တစ်မျိုး၏ မျိုးပွားရာနေရာ ၁၀ ခု

<u>စံနှုန်း ၃။ များပြားသောပမာဏဖြင့် ရွှေ့ပြောင်းကျက်စားလေ့ရှိသော မျိုးစိတ်များ (Migratory)နှင့် များပြားသည့်ပမာဏဖြင့် အချိန်အလိုက် နေရာအလိုက် အုပ်စုဖွဲ့နေထိုင်လေ့ရှိသော အုပ်စုများ(Congregatory)</u>

အပိုဒ် ၇၆ (GN76) ။ အုပ်စုပမာဏကြီးစွာ စုပေါင်း ရွှေ့ပြောင်းကျက်စားလေ့ရှိသော မျိုးစိတ်များ (Migratory)ဆိုသည်မှာ - ယင်းအုပ်စုဝင် အများအပြားသည် ရာသီစက်ဝန်းအလိုက် ခန့်မှန်းကာ (တူညီသော ဂေဟာစနစ်တစ်ခုအတွင်း အပါအဝင်) ပထဝီဒေသတစ်ခုမှ အခြားတစ်ခုသို့ ရွှေ့ပြောင်းသွားလာကြသည့် မည်သည့်မျိုးစိတ်မဆို ဖြစ်သည်။

အပိုဒ် ၇၇ (GN77)။ ကောင်ရေပမာဏအများအပြား အချိန်အလိုက် နေရာအလိုက် အုပ်စုဖွဲ့နေထိုင်လေ့ ရှိသော အုပ်စုများ (Congregatory) ဆိုသည်မှာ- အကောင်ရေများစွာ စုစည်းပါဝင်သော အုပ်စုကြီးများသည် ရာသီစက်ဝန်းအလိုက် သို့မဟုတ် ပုံမှန် နှင့် (သို့မဟုတ်) ခန့်မှန်းနိုင်သော အချိန်၌ အုပ်စုဖွဲ့နေထိုင်လေ့ရှိသော မျိုးစိတ်များဖြစ်သည်။ ဥပမာများတွင် အောက်ပါတို့ ပါဝင်သည်။

- အုပ်စုအလိုက် စုစည်းနေထိုင်သော မျိုးစိတ်များ ၊
- သားပေါက်ရန် ရည်ရွယ်ချက်ဖြင့်သာ အုပ်ဖွဲ့နေသော မျိုးစိတ်များ နှင့် (သို့မဟုတ်) သားပေါက်ရန်အတွက် မဟုတ်သော အခြားရည်ရွယ်ချက်များ(ဥပမာ-အစာရှာဖွေခြင်း၊ အိပ်တန်းတက်ခြင်း)အတွက် တစ်နေရာတည်း တစ်ချိန်တည်းမှာ အများအပြား စုဖွဲ့နေကြသော မျိုးစိတ်များ၊
- အသွားအလာ ကျဉ်းမြောင်းသော နေရာတစ်ခုတွင် အကောင်အရေအတွက် များပြားစွာ ကာလအတိုင်းအတာ တစ်ခု စုစည်းနေထိုင်အသုံးပြုနေကြသည့် မျိုးစိတ်များ (ဥပမာ - ရွှေ့ပြောင်းသွားလာရန်) ၊
- အရွယ်အစား ကြီးမားသော်လည်း တစ်အုပ်တစ်စုသဖွယ် အတူတူစုနေကြရာ၌ အကောင်ရေအများအပြားသည် တစ်နေရာ သို့မဟုတ် နေရာအနည်းငယ်တွင် နီးနီးကပ်ကပ်စုစည်းနေ၍ ကျန်အကောင်များသည် ခပ်လှမ်းလှမ်းသို့ ရောက်ရှိကွဲထွက်နေခြင်း (ဥပမာ- နွားရိုင်းအုပ်များ ပျံ့နှံ့နေထိုင်ပုံမျိုး)၊
- အချို့နေရာများတွင် အရေအတွက် အများအပြားဖြင့် ကြီးစိုးနေသောပင်မမျိုးစိတ်များသည် အခြားနေရာမှ မျိုးစိတ်များကို ဖိတ်ခေါ်ရန် လွန်ကဲသော လုပ်ဆောင်မှုတစ်ရပ်ပြုလုပ်ခြင်း (ရေငံတွင်ရှင်သန်သော မျိုးစိတ်များ အတွက် အရေးပါသည်။)

အပိုဒ် ၇၈ (GN78)။ စံနှုန်း ၃ အတွက် အခြေခံသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရာသီစက်ဝန်းအလိုက် သို့မဟုတ် ပုံမှန် တည်ရှိသည်ဟု သိထားသောနေရာများ ≥ ရာသီစက်ဝန်းအချိန် တစ်ခုတွင် တွေ့ရသော အုပ်လိုက် ရွှေ့ပြောင်းကျက်စားသော မျိုးစိတ်များ သို့မဟုတ် နေရာလိုက် အချိန်လိုက် အုပ်စုဖွဲ့နေထိုင်လေ့ရှိသော မျိုးစိတ်များ၏ (၁) ရာခိုင်နှုန်း

(ခ) ပတ်ဝန်းကျင်ဆိုင်ရာဖိအား ခံစားနေရသည့်ကာလများတွင် မျိုးစိတ်တစ်ခု၏ ကမ္ဘာလုံးဆိုင်ရာ စုစုပေါင်းအရေ အတွက်၏ (၁၀) ရာခိုင်နှုန်း နှင့် အထက် အရေအတွက်ကို အထောက်အကူပြုသည်ဟု ခန့်မှန်းရသော နယ်မြေများ။

<u>စံနှုန်း ၄။ ခြိမ်းခြောက်မှုအထူးခံနေရသည့် သို့မဟုတ် တမူထူးခြားသော ဂေဟစနစ်များ</u>

အပိုဒ် ၇၉ (GN79)။ IUCN သည် ဂေဟစနစ်များအတွက် Red List တစ်ခုကို ပြုစုနေသည်။ ထိုသို့ပြုလုပ်ရာတွင် မျိုးသုဉ်း ပျောက်ကွယ်မည့်အန္တရာယ် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များအတွက် Red List ပြုစုပုံ နည်းလမ်းအတိုင်း လုပ်ဆောင် ပါသည်။ စီမံကိန်းဆောင်ရွက်သူအနေဖြင့် IUCN က တရားဝင်ဆန်းစစ်မှုများ ဆောင်ရွက်ထုတ်ပြန်သည့် ဂေဟစနစ်ဆိုင်ရာ Red List ကို အသုံးပြုသင့်သည်။ အဆိုပါ တရားဝင် IUCN ဆန်းစစ်မှုများ မပြုလုပ်ရသေးလျှင် အစိုးရအဖွဲ့အစည်းများ၊ အသိအမှတ်ပြုထားသော တက္ကသိုလ်ကောလိပ်များ နှင့်(သို့မဟုတ် )အခြားသက်ဆိုင်ရာ အရည်အချင်းရှိအဖွဲ့အစည်းများ

(အစိုးရမဟုတ်သော နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်းများအပါအဝင်)မှ ပြုလုပ်ထားသော နိုင်ငံအဆင့်နှင့် ဒေသအဆင့်ဆိုင်ရာ စနစ်ကျသော နည်းလမ်းများ အသုံးပြု၍ ကိုယ်ပိုင်ဆန်းစစ်မှုများ ပြုလုပ်နိုင်သည်။

အပိုဒ် ၈၀ GN80။ စံနှုန်း ၄ အတွက် အခြေခံသတ်မှတ်ချက်မှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) ကိုယ်စားပြုသော နယ်မြေများ ≥ IUCN ၏ CR သို့မဟုတ် EN အခြေအနေအတွက် စံနှုန်းနှင့်ပြည့်မီသည် ဂေဟစနစ်အမျိုးအစားတစ်ခုအား ကမ္ဘာလုံးဆိုင်ရာ တွေ့ရှိမှု အတိုင်းအတာ၏ ၅ ရာခိုင်နှုန်း
(ခ) IUCN က ဆန်းစစ်မှုမပြုရသေးသော အခြားနေရာများ သို့သော်လည်း ဒေသအဆင့် သို့မဟုတ် နိုင်ငံအဆင့် ဆိုင်ရာ စနစ်ကျသော ကာကွယ်ထိန်းသိမ်းရေးစီမံရေးဆွဲမှုများဖြင့် ဦးစားပေးထိန်းသိမ်းရန် သတ်မှတ်ထားခဲ့ခြင်း။

<u>စံနှုန်း ၅။ အဓိကကျသော ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များ</u>

အပိုဒ် ၈၁ (GN81)။ ဒေသတစ်ခုကို ဖွဲ့စည်းထားသော ပင်ကိုယ်လက္ခဏာများ- ဥပမာ - ယင်း၏ မြေမျက်နှာသွင်ပြင်၊ ဘူမိဗေဒ၊ မြေ၊ အပူချိန်၊ သဘာဝပေါက်ပင်နှင့် ယင်းတို့ အချင်းချင်း သဟဇာတဖြစ်အောင် ပေါင်းစပ်မှုတို့သည် ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များကို လွှမ်းမိုးသက်ရောက်နိုင်သည်။ ထိုဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များမှတစ်ဖန် ဂေဟဗေဒဆိုင်ရာ ဂုဏ်သတ္တိများ နှင့် မျိုးစိတ်များ၏ ဒေသအလိုက် ပုံပန်းသဏ္ဍာန်များ ဖြစ်ပေါ်စေသည်။ အချို့ဖြစ်ရပ်များတွင် နေရာဒေသဆိုင်ရာ အသွင်သဏ္ဍာန်များ (spacial features) သည် အခြားအရာများနှင့်မတူဘဲ တမူထူးခြားမှုရှိသည်။ သို့မဟုတ် မြေမျက်နှာသွင်ပြင်တစ်ခုချင်းအလိုက် ထူးခြားမှုသည် အပင်နှင့် သတ္တဝါမျိုးစိတ်များ၏ မျိုးရိုးဗီဇဆိုင်ရာ သီးသန့်ဖြစ်နေသော မျိုးစိတ်များ၊မျိုးစိတ်ခွဲများနှင့် ယှဉ်တွဲတည်ရှိနေကြသည်။ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် နေရာဒေသဆိုင်ရာ အသွင်သဏ္ဍာန်များသည် ဆင့်ကဲပြောင်းလဲမှုနှင့် ဂေဟဗေဒဆိုင်ရာ လုပ်ငန်းစဉ်များကို ကိုယ်စားပြုမှုများ သို့မဟုတ် ဒေသအတွင်း ပုံသဏ္ဍာန်ပြောင်းလဲမှုဖြစ်ပေါ်စေရန် အထောက်အကူပြုသည့်အရာများ ဖြစ်သည့်အပြင် ထိုအသွင်သဏ္ဍာန်များသည် မျိုးစိတ်အသီးသီး နှင့် အတူယှဉ်တွဲရှိနေကြသည်။ အဆိုပါ မြေမျက်နှင့်သွင်ပြင်တွင် ယှဉ်တွဲတည်ရှိနေသော အဓိက ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်များနှင့် ထိုဖြစ်စဉ်မှ ပေါ်ပေါက်လာသော မျိုးစိတ်များ (သို့မဟုတ်မျိုးစိတ်အုပ်စုဝင်များ) ကို ကာကွယ်ထိန်းသိမ်းခြင်းသည် မကြာသေးသည့် ဆယ်စုနှစ်များအတွင်း ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်ထိန်းသိမ်းခြင်း၏ အဓိက လုပ်ဆောင်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ အထူးသဖြင့် မျိုးရိုးဗီဇ ကွဲပြားမှု(genetic diversity)ကို ကာကွယ်ထိန်းသိမ်းခြင်းပင် ဖြစ်သည်။ မြေမျက်နှာသွင်ပြင်တစ်ခုအတွင်း မျိုးရိုးဗီဇကွဲပြားမှုကို ကာကွယ်ထိန်းသိမ်းခြင်းအားဖြင့် ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်အတွင်း မျိုးစိတ်အသစ်များနှင့် ကွဲပြားသော မျိုးစိတ်များ ဖြစ်ပေါ်လာခြင်းကို တွန်းအားပေးသည်။ ထို့အပြင် မျိုးစိတ်များအတွင်း၌ မျိုးရိုးဗီဇဆိုင်ရာ ကွဲပြားမှုများကို အားပေးသည့် ဖြစ်စဉ်များ ပေါ်ပေါက်လာက ဆင့်ကဲပြောင်းလဲမှုဆိုင်ရာ ပြုလွယ်ပြောင်းလွယ်အခြေအနေများ သေချာစေမည်ဖြစ်သည်။ ထိုအခြေအနေများသည် ရာသီဥတု လျှင်မြန်စွာ ပြောင်းလဲနေသော အနေအထားတစ်ရပ်တွင် အထူးအရေးပါသည် ။

အပိုဒ် ၈၂ (GN82)။ ပုံဖော်ပြရန် ရည်ရွယ်ချက်ဖြင့် နေရာဒေသဆိုင်ရာ သွင်ပြင်လက္ခဏာများနှင့် ပူးတွဲတည်ရှိနေသော ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များ၏ ဖြစ်နိုင်ခြေရှိသော ဥပမာအချို့ကို အောက်တွင် ဖော်ပြထားပါသည် -

- ဝိသေသလက္ခဏာအရည်အသွေး ကွဲပြားမှု မြင့်မားသော မြေမျက်နှာသွင်ပြင်များသည် မျိုးစိတ်အသစ်များ ဆင့်ကဲပြောင်းလဲပေါ်ထွန်းလာခြင်းဖြစ်စဉ်တစ်ခုတွင် တွန်းအားတစ်ရပ် ဖြစ်သည်။ အကြောင်းမှာ မျိုးစိတ်များအား ယင်းတို့၏ လိုက်လျောညီထွေ နေနိုင်စွမ်းနှင့် မတူကွဲပြားစွာ နေနိုင်စွမ်းအပေါ်မူတည်၍ သဘာဝမှ အလိုလျောက် ရွေးချယ် ပေးခြင်းဖြစ်သည်။
- ဇီဝအစုအဖွဲ့ တစ်ခုမှ အခြားတစ်ခုသို့ ဆင့်ကဲပြောင်းလဲနိုင်ရေး ကူညီပေးသည့် အကူးအပြောင်းအခြေအနေ Ecotone ဟု သိရှိထားသည့် ပတ်ဝန်းကျင်ဆိုင်ရာတဖြည်းဖြည်းပြောင်းလဲမှုများ( environmental gradients) များသည် အကူးအပြောင်း နေရင်းဒေသ (transitional habitat) ကို ဖြစ်ပေါ်စေသည်။ ယင်းသည် ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်တွင် မျိုးစိတ်အသစ်များနှင့် ကွဲပြားသော မျိုးစိတ်များ ဖြစ်ပေါ်ခြင်းလုပ်ငန်းစဉ်၊ တန်ဖိုးမြင့်မားသော မျိုးစိတ်များ၊ မျိုးရိုးဗီဇဆိုင်ရာကွဲပြားမှုများနှင့် ဆက်စပ်နေသည်။ ထိုနေရာသည် ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်တွင် မျိုးစိတ်အသစ်များနှင့် ကွဲပြားသော မျိုးစိတ်များ ဖြစ်ပေါ်ခြင်းလုပ်ငန်းစဉ်၊ တန်ဖိုးမြင့်မားသောမျိုးစိတ်များ၊ မျိုးရိုးဗီဇဆိုင်ရာ ကွဲပြား ခြားနားမှုများနှင့် ဆက်စပ်နေသည်။
- မြေနှင့်ဆိုင်သော မတူညီသော အရာနှစ်ခု ထိစပ်နေခြင်း (edaphic interfaces) *ဆိုသည်မှာ မတူညီသော မြေအမျိုးအစားများ နီးကပ်စွာ တည်ရှိနေသည့်နေရာများ (ဥပမာ* - serpentine ကျောက် (ပလွန်ကျောက်) များ ပေါ်ထွက်နေခြင်း၊ ထုံးကျောက်အစုအဝေးနှင့် ဂေါ်ဒန်ကျောက်အစုအဝေးများ) သည် ရှားပါးသော( rarely)၊ မူရင်း နေရာဒေသတွင်သာ တွေ့ရသော(endemism) ဝိသေသ ၂ မျိုးစလုံးရှိသည့် ထူးခြားအပင်မျိုးစိတ်များ ပေါက်ရောက်ခြင်းကို ဦးတည်စေသည်။
- နေရင်းဒေသများအတွင်း ကူးလူးဆက်သွယ်နိုင်မှု (ဥပမာ - ဇီဝဗေဒဆိုင်ရာ စင်္ကြံများ) သည် မျိုးစိတ်များ၏ ရွှေ့ပြောင်းသွားလာမှုနှင့် မျိုးရိုးဗီဇ ဆင်းသက်မှု (gene flow) ကို ဖြစ်စေသည်။ ထိုအချက်သည် အကွဲကွဲ အပြားပြားဖြစ်နေသော နေရင်းဒေသများ နေရာများနှင့် သီးခြားနေရာရှိ အုပ်စုကွဲများကို ထိန်းသိမ်းစောင့်ရှောက် သည့် ရာတွင် အထူးအရေးပါသည်။ ဤအပိုင်းတွင် အမြင့်ပေနှင့် ရာသီဥတုဖြည်းဖြည်းချင်း အပြောင်းအလဲများ ရှိနေသည့် နေရာများနှင့် "တောင်ထိပ်မှသည် ကမ်းရိုးတန်းအထိ" ကူးလူးဆက်နွယ်နေသော ဇီဝဆိုင်ရာ စင်္ကြံများ ပါဝင်သည်။
- မျိုးစိတ်များ သို့မဟုတ် ဂေဟစနစ်များ၏ ရာသီဥတုအပြောင်းအလဲနှင့် လိုက်လျောညီထွေနေနိုင်စွမ်းအတွက် အရေးပါသည့် သက်သေပြနိုင်သောနေရာများ ကိုလည်း ဤစံနှုန်းအောက်တွင် ထည့်သွင်းထားသည်။

အပိုဒ် ၈၃ (GN83)။ မြေမျက်နှာသွင်ပြင်တစ်ခုအတွင်း ဖွဲ့စည်းတည်ဆောက်မှုအသွင်သဏ္ဍာန်များ (structural artibute) ၏သိသာထင်ရှားမှုသည် ဖြစ်ရပ်တစ်ခုခြင်းစီအလိုက် ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များအပေါ် လွှမ်းမိုးနိုင်သည်ဖြစ်ရာ၊ အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသကို သတ်မှတ်ဆုံးဖြတ်ခြင်းသည် သိပ္ပံနည်းကျဗဟုသုတများအပေါ် များစွာ မှီခိုအားထားရန်ဖြစ်သည်။ ဖြစ်ရပ်အများစုတွင် ဤစံနှုန်းကို ယခင်ကစစ်ဆေးထားပြီး၍ တမူထူးခြားသော ဆင့်ကဲ ပြောင်းလဲမှုဖြစ်စဉ်များနှင့် ဆက်စပ်နေသည်ဟု သိထားပြီးဖြစ်သော နေရာများ သို့မဟုတ် သံသယရှိနေသော နေရာများတွင် အသုံးပြုရန်ဖြစ်သည်။ မြေမျက်နှာသွင်ပြင်တစ်ခုတွင် ရှိနေသည့် ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များကို တိုင်းတာရန်နှင့် ဦးစားပေးရွေးချယ်ဆောင်ရွက်ရန် စနစ်ကျသော နည်းလမ်းများ ရှိသော်လည်း များသောအားဖြင့် ပုဂ္ဂလိကကဏ္ဍအတွက် ကျိုးကြောင်းသင့်စွာ ဆန်းစစ်နိုင်မည်ဟု မျှော်မှန်းထားသည်ထက် ကျော်လွန်နေသော ကိစ္စများဖြစ်သည်။

***၁၇။ အောက်ပါတို့ကို သက်သေမပြနိုင်လျှင် အပင်နှင့်သတ္တဝါများ အရေးကြီးသည့် နေရင်းဒေသအဖြစ် သတ်မှတ်ထားသည့် နေရာတွင် စီမံကိန်းလုပ်ငန်းများ မလုပ်ဆောင်ရပါ။***

- ***စီမံကိန်းကိုလုပ်ဆောင်နိုင်ရန် ပြုပြင်ပြောင်းလဲပြီးသားနေရာ (သို့မဟုတ်) အရေးကြီး တန်ဖိုးထား စောင့်ရှောက်ရမည့်စာရင်းတွင် မပါဝင်သည့် သဘာဝနေရာများတွင် ဒေသအတွင်းတွင် ရှာဖွေ၍ မရနိုင်တော့ခြင်း***
- ***အရေးပါသောအပင်နှင့်သတ္တဝါများ မှီခိုရာနေရာများ အဖြစ် သတ်မှတ်ထားသည့် နေရာကြောင့် ဇီဝမျိုးစုံမျိုးကွဲ ဆိုင်ရာ တန်ဖိုး[၃၂]ရှိနေပြီး ယင်းတန်ဖိုးများပေါ်သို့ဖြစ်စေ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးများကို ထောက်ပံ့ကူညီထား သည့် ဂေဟစနစ်လုပ်ငန်းစဉ်များပေါ်သို့ဖြစ်စေ သိသာသည့် ဆိုးကျိုးသက်ရောက်မှုများ မဖြစ်စေ သည့်စီမံကိန်း***
- ***ကြောင်းကျိုးဆီလျော်သည့် ကာလတစ်ခု[၃၃]အတွင်း မျိုးသုဉ်းပျောက်ကွယ်မည်ကို အထူး စိုးရိမ်နေရသည့် (သို့မဟုတ်) မျိုးသုဉ်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် မျိုးစိတ်များ၏ ကမ္ဘာလုံးဆိုင်ရာ (နှင့်) (သို့မဟုတ်) နိုင်ငံလုံးဆိုင်ရာ (နှင့်) (သို့မဟုတ်) ဒေသဆိုင်ရာ အရေအတွက်စုစုပေါင်း[၃၄] လျော့ကျမည့်အရေး မဖြစ်စေသည့် စီမံကိန်း***
- ***လုပ်ငန်းလုပ်ဆောင်သူ၏ စီမံခန့်ခွဲမှုအစီအစဉ်တွင် ကောင်းမွန်သင့်တော်စွာ ရေးဆွဲထားသည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ရေရှည်စောင့်ကြည့်ကြပ်မတ်စစ်ဆေးအကဲဖြတ် အစီအစဉ်တစ်ခုကို ပေါင်းထည့်ခြင်း***

***၁၈။ အပိုဒ် (၁၇) တွင် စီမံကိန်းဆောင်ရွက်အနေဖြင့် ဖော်ပြထားသော သတ်မှတ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်သည့် အခြေအနေရှိနေလျှင် စီမံကိန်း၏ သက်ရောက်မှုများ လျှော့ချရေးဗျူဟာကို*** Biodiveristy Action Plan ***တွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး အရေးတကြီးကာကွယ်ထိန်းသိမ်းရန် လိုအပ်နေသည့် နေရင်းဒေသတွင် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးရှိနေမှုများနှင့်ပတ်သက်၍ အသားတင်အကျိုးအမြတ်ရလဒ်[၃၅] ရရှိစေရန် ယင်းဗျူဟာကို ရေးဆွဲရမည်။***

***၁၉။ ထိခိုက်မှုများ လျှော့ချရေးဗျူဟာ၏ အစိတ်အပိုင်းအဖြစ် ဇီဝမျိုးစုံမျိုးကွဲ အစားထိုး ပြန်လည်တည်ဆောက်ပေးခြင်းအစီအစဉ် တင်ပြလာပါက စီမံကိန်းကြောင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုများကို လျော့ကျအောင် ဆောင်ရွက်ပြီးသည့်နောက်ပိုင်း သိသာထင်ရှားနေသေးသည့် ကြွင်းကျန်သက်ရောက်မှုများကိုအပိုဒ် ၁၇တွင် ပါရှိသည့် သတ်မှတ်ချက်များအတိုင်း လုံလောက်စွာ လျှော့ချမည်ဖြစ်ကြောင်း ဆန်းစစ်မှုတစ်ခု လုပ်ဆောင်၍ ဖော်ပြနိုင်ရမည်။***

---

[၃၂]ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးများနှင့် ၎င်းတို့ကို ပံ့ပိုးပေးထားသည့် ဂေဟစနစ်လုပ်ငန်းစဉ်များကို ဂေဟစနစ်ဆိုင်ရာစကေးဖြင့် တိုင်းတာ သတ်မှတ်ရမည်။

[၁၅]စုစုပေါင်းအရေအတွက် လျော့ကျခြင်းသည် မျိုးဆက်ပေါင်းများစွာ ကြာမြင့်သည့်အချိန် (သို့မဟုတ်) အလွန်ရှည်ကြာသော အချိန်ကာလတစ်ခုအတွင်း သက်ဆိုင်ရာ မျိုးစိတ်များ၏ ကမ္ဘာ့အဆင့် နှင့် (သို့မဟုတ်) ဒေသအဆင့်၊ နိုင်ငံအဆင့်ပမာဏကို ထိန်းသိမ်းထားနိုင်စွမ်းကို ထိခိုက်သက်ရောက်နိုင်သည့် တစ်ကြိမ်တစ်ခါတည်းနှင့် ပမာဏ လျော့ကျခြင်း (သို့မဟုတ်) လျော့ကျခြင်း အကြိမ်ကြိမ် ဖြစ်ပေါ်မှုများ စုပေါင်း၍ ပမာဏလျော့ကျခြင်းကို ဆိုလိုသည်။ ထိုသို့ အရေအတွက် လျော့ကျနိုင်သည့်ပမာဏ (ကမ္ဘာနှင့် (သို့) ဒေသတွင်းနိုင်ငံဆိုင်ရာ) ကို IUCN ၏ Rist List တွင် အခြေခံပြီး (သို့) ဒေသတွင်း၊ နိုင်ငံတွင်း စာရင်းများအပေါ် အခြေခံပြီးသတ်မှတ်သည်။စာရင်း ၂ မျိုးလုံးတွင်ပါသော မျိုးစိတ်များအတွက် ဒေသအဆင့်၊ နိုင်ငံအဆင့်စာရင်းအပေါ်တွင် အခြေခံသည်။

[၁၆]အချိန်ကာလတစ်ခုတွင် စီမံကိန်းဆောင်ရွက်သူများ အနေဖြင့် မျိုးသုဉ်းပျောက်ကွယ်ရန် အထူးစိုးရိမ် (သို့မဟုတ်) စိုးရိမ်နေရသည့် မျိုးစိတ်များ အသားတင် ဆုံးရှုံးခြင်းမရှိသည်ကို ပြသနိုင်ရမည်ဖြစ်ပြီး ထိုသို့ပြသနိုင်ရေးတွင် ဖြစ်ရပ် တစ်ခုချင်းအလိုက် ပြင်ပမှ ခေါ်ယူထားသော ကျွမ်းကျင်ပညာရှင်များဖြင့် တိုင်ပင်လုပ်ဆောင်ရမည်။

[၁၇]အသားတင် တိုးတက်မှုရလဒ်များမှာ အရေးကြီးသော နေရင်းဒေသအဖြစ် သတ်မှတ်နိုင်သော ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ ရရှိနိုင်ရေးအတွက် ထပ်ဆောင်းပေးသည့် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ရလဒ်များဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲ အစားထိုးပြန်လည်တည်ဆောက်ခြင်းကို အကောင်အထည်ဖော်ခြင်းကြောင့်လည်း အသားတင်တိုးတက်မှုရလဒ်ကို ရရှိနိုင်သည်။ အကယ်၍ ဇီဝမျိုးစုံမျိုးကွဲ အစားထိုးပြန်လည်တည်ဆောက်ခြင်း မပါဝင်ဘဲ ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်၏ အပိုဒ်၁၇ပါ သတ်မှတ်ချက်များပြည့်မီအောင် ဆောင်ရွက်ရာတွင် အသားတင် တိုးတက်မှုရလဒ် ရရှိရေးအတွက် မူရင်းနေရာ (မြေပြင်) တွင် နေရင်းဒေသများ အားကောင်းစေရေး၊ ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရေးတို့အတွက် အစီအစဉ်များ လုပ်ဆောင်ရမည်။

*<u>အရေးကြီးကာကွယ်ထိန်းသိမ်းရမည့်နေရင်းဒေသတွင် လိုက်နာဆောင်ရွက်ရမည့် ကိစ္စများ</u>*

အပိုဒ်၈၄ (GN84)။လုပ်ဆောင်မှုစံသတ်မှတ်ချက် အပိုဒ် ၁၇ မှ ၁၉ အထိ စီမံကိန်းဆောင်ရွက်သူအနေဖြင့် လိုက်နာဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ အချက်များစွာ ရှိနေသည်။ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ၏ အစားထိုးမရနိုင်မှုနှင့် ထိခိုက်အားနည်းမှုအတိုင်းအတာ (ဤမှတ်စု၊ အပိုဒ် ၁၃ ကို ကြည့်ပါ)
- ဇီဝမျိုးစုံမျိုးကွဲဆန်းစစ်မှု နှင့်(သို့မဟုတ်) အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသ ဆန်းစစ်မှု အရည်အသွေး
- စီမံကိန်းအမျိုးအစား
- ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်၏ အသေးစိတ်အချက်များအပါအဝင် စီမံခန့်ခွဲနိုင်စွမ်း၊ ကတိကဝတ်နှင့် ယခင်လုပ်ဆောင်ခဲ့မှုမှတ်တမ်းများ၊
- ထိခိုက်မှုလျှော့ချရေးဗျူဟာ၏ အသေးစိတ်အချက်များ နှင့် ဇီဝမျိုးစုံမျိုးကွဲအစားထိုး ပြန်လည်တည်ဆောက်ပေးခြင်းကို ထည့်စဉ်းစားထားခြင်း
- ထိခိုက်မှုလျှော့ချရေးလုပ်ငန်းအဆင့်ဆင့်မှ ရလာမည့် တိုက်ရိုက်သွယ်ဝိုက်အကျိုးရလဒ် များအပေါ် ခန့်မှန်းခြင်းနှင့် အာမခံခြင်းအပိုင်းတွင် ယုံကြည်အားထားနိုင်မှု အတိုင်းအတာ
- အန္တရာယ်မြင့်မားပြီး မသေချာမှုများသော အခြေအနေများတွင် အထက်ဖော်ပြပါ အစီအမံများကို ဆောင်ရွက်မည့် အချိန်ကာလသတ်မှတ်ချက်များ

- ပြင်ပကျွမ်းကျင်သူများနှင့် အကြံပေးများ နှင့် (သို့မဟုတ်) အခြားသော နည်းပညာဆိုင်ရာ အဖွဲ့အမျိုးမျိုးတို့ကို ချိတ်ဆက်ဆောင်ရွက်ရန် ဆန္ဒရှိမှု
- အစိုးရအဖွဲ့အစည်းများ၊ တက္ကသိုလ်ကောလိပ်နှင့် သုတေသန အဖွဲ့အစည်းများ၊ ထိခိုက်ခံစားရသော ရပ်ရွာလူထုများ နှင့် (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု ထားသော အစိုးရမဟုတ်သည့် ထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့် ထိရောက်သော၊ ဗျူဟာကျသော ရေရှည် မိတ်ဖက်ဆက်ဆံရေး ထူထောင်ရန် ဆန္ဒရှိမှု
- စီမံကိန်းတည်ရှိရာ နိုင်ငံအစိုးရ၏ စွမ်းဆောင်ရည်
- သတင်းအချက်အလက်များ၏ မသေချာမှုအတိုင်းအတာ

အပိုဒ် ၈၅ (GN85)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၁၇ ပထမအချက်တွင် အလေးပေးဖော်ပြထားသည်မှာ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများကို လုံးဝရှောင်ကြဉ်ရန် ဦးစားပေးခြင်းဖြင့် ထိခိုက်မှုလျှော့ချရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကို လိုက်နာဆောင်ရွက်ကြောင်း သက်သေပြရန်ဖြစ်သည်။ စီမံကိန်း၏ ခြေရာလက်ရာအရွယ်အစား မည်သို့ရှိစေကာမူ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသတွင် စီမံကိန်းတစ်ရပ် အဆိုပြုရာ၌ ထိုအချက်ကို မဖြစ်မနေလိုက်နာရန် လိုအပ်သည်။ စီမံကိန်းဆိုင်ရာ အခြားဆောင်ရွက်နိုင်သောနည်းလမ်းများ ရွေးချယ်ရန် အသေးစိတ်ဆန်းစစ်မှုပြုလုပ်၍ ရှောင်ကြဉ်ကြောင်း အထောက်အထား ပြသင့်သည်။ ပလပ်မြေများသည် ရှောင်ကြဉ်မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်လျှင် စီမံကိန်းသက်တမ်းတလျှောက် ထိုပလပ်မြေများကို ကာကွယ်ထိန်းသိမ်းကြောင်း သေချာစေရန် ထိုနေရာများကို မြေပုံပေါ်တင်၍ ရေးဆွဲဖော်ပြသင့်သည်။

အပိုဒ် ၈၆ (GN86)။ အပိုဒ် ၁၇၏ ဒုတိယအချက်သည် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများကို အသေးစိတ်အဓိကထား ဖော်ပြခြင်းဖြစ်သည်။ ထိုတန်ဖိုးများကြောင့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း ရည်ရွယ်သည့်သဘောဖြင့် အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများ ဟု သတ်မှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် အပိုဒ် ၁၇ ဒုတိယအချက်၏ ဆိုလိုရင်းမှာ - ထိခိုက်မှုလျှော့ချရေးအဆင့်ဆင့် ပုံစံအတိုင်း စီမံကိန်းသက်တမ်းတလျှောက် အမျိုးမျိုးသောထိခိုက်မှုလျှော့ချရေးအစီအမံများကို အကောင်အထည်ဖော်နေသည်ဟု စဉ်းစားပေးလျက် အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများ ဟု သတ်မှတ်ထားသော နေရာမှ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုး (များ) ၏ ရေရှည်တည်ရှိမှုကို စီမံကိန်းနှင့်ဆိုင်သည့် တိုက်ရိုက်၊သွယ်ဝိုက် ထိခိုက်သက်ရောက်မှုများမှ အန္တရာယ်မပေးရန်ဖြစ်သည်။[GN18]

အပိုဒ် ၈၇ (GN87)။ အပိုဒ် (၁၇) တတိယအချက်သည် စံနှုန်း ၁ (CR နှင့် EN မျိုးစိတ်များ) အတွက်သာ ကျင့်သုံးနိုင်သည်။ စီမံကိန်းများသည် ထို CR နှင့် EN မျိုးစိတ်များ၏ ကမ္ဘာလုံးဆိုင်ရာ အရေအတွက် နှင့် (သို့မဟုတ်) ဒေသဆိုင်ရာ/နိုင်ငံအလိုက် ပေါက်ဖွားရှင်သန်သော အရေအတွက်များ အသားတင် လျော့နည်းဆုံးရှုံးမှုမဖြစ်စေရန် လိုအပ်သည်။ အသားတင်လျော့နည်းဆုံးရှုံးမှုကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ၏အောက်ခြေမှတ်စု ၁၃ တွင် ဖော်ပြထားသည်။ အောက်ခြေမှတ်စု ၁၃ သည် “နှင့်(သို့မဟုတ်)” ၏ အဓိပ္ပါယ်က မည်သည်ကို ဆိုလိုကြောင်း ထဲထဲဝင်ဝင် ရှင်းပြထားသည်။ ဆိုလိုသည်မှာ- ကမ္ဘာလုံးဆိုင်ရာ ပေါက်ဖွားရှင်သန်သော အရေအတွက်ပမာဏနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ခြင်း ရှိ၊

[18] GN18 ဤလမ်းညွှန်ချက်မှတ်စု အပိုဒ် ၁၈ နှင့် ၁၉ တွင် ဖော်ပြထားသော ဂေဟစနစ်ဆိုင်ရာ ချဉ်းကပ်နည်းကို ကြည့်ပါ။

မရှိ ဆုံးဖြတ်သည့်အခါနှင့် နိုင်ငံအဆင့်နှင့် ဒေသအဆင့် ပေါက်ဖွားရှင်သန်သော အရေအတွက်ပမာဏနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်သည့်အခါဟု ဆိုလိုခြင်းဖြစ်သည်။ ထိုအချက်သည် အရေးတကြီးကာကွယ် ထိန်းသိမ်းရမည့် နေရင်းဒေသဟု ပထမတွေ့တွေ့ချင်း သတ်မှတ်ထားသော မျိုးစိတ်များ တည်ရှိမှုအပေါ် မူတည်ကြောင်း လုပ်ဆောင်မှုစံသတ်မှတ်ချက်၆ အောက်ခြေမှတ်စု ၁၇ တွင် ရှင်းပြထားသည်။ ဖြစ်ရပ်အများစုတွင် နေရင်းဒေသသည် အရေးတကြီး ထိန်းသိမ်းရန် လို၊ မလို ဆိုသည်ကို ကမ္ဘာလုံးဆိုင်ရာ IUCN Red List အပေါ် အခြေခံဆုံးဖြတ်ကြသည်ဖြစ်ရာ၊ ထိုဖြစ်ရပ်များတွင် အရေအတွက် အသားတင် လျော့နည်းမှုသည် ကမ္ဘာလုံးဆိုင်ရာ အရေအတွက်ပမာဏနှင့်ယှဉ်၍ ဆုံးဖြတ်ရန်ဖြစ်သည်။ ဥပမာ - ဒေသဆိုင်ရာ နှင့် (သို့မဟုတ်) နိုင်ငံအလိုက် သတ်မှတ်ထားသော ခြိမ်းခြောက်ခံမျိုးစိတ် များစာရင်းကို အခြေခံ၍ စံနှုန်း ၁ အတွက် နေရင်းဒေသတစ်ခုသည် အရေးတကြီး ကာကွယ်ထိန်းသိမ်းရန် လို၊ မလို ဆုံးဖြတ်လျှင် အသားတင်လျော့နည်းမှုကိုလည်း အဆိုပါ ဒေသဆိုင်ရာ နှင့်(သို့မဟုတ်) နိုင်ငံအလိုက် ပျံ့နှံ့တည်ရှိသော အရေအတွက်ပမာဏနှင့်ယှဉ်၍ဆုံးဖြတ်ရန်ဖြစ်သည်။ ထိုဆုံးဖြတ်ချက်များကို ကျွမ်းကျင်ပညာရှင်များ ၊ IUCN , SSC , SG ၏ မျိုးစိတ်များ ရှင်သန်ရေးကော်မရှင် ကျွမ်းကျင်အုပ်စုများမှ ပုဂ္ဂိုလ်များအပါအဝင်နှင့် တိုင်ပင်ဆွေးနွေး ချမှတ်ရမည်။

အပိုဒ် ၈၈ (GN88)။ အပိုဒ် ၁၇၏ တတိယအချက်တွင် ဘာသာရပ်ဆိုင်ရာ စကားရပ်တစ်ခု ဖြစ်သော "ဆီလျော်သော အချိန်ကာလသတ်မှတ်ချက်တစ်ခုအတွင်း" ဆိုသည်ကို အသုံးပြုထားသည်။ ထိုစကားရပ်အပေါ် စိုးရိမ်ပူပန်သည့်မေးခွန်းမှာ- အသားတင်လျော့နည်းမှုမရှိကြောင်း မည်သည့်အချိန်တွင် သက်သေပြနိုင်မည်ဟူသည့်မေးခွန်းဖြစ်သည်။ အချိန်ကာလ သတ်မှတ်ချက်မှာ များသောအားဖြင့် သက်ဆိုင်ရာဖြစ်ရပ်အပေါ် မူတည်သည်။ ထို့ကြောင့် မျိုးစိတ်များ၏ မျိုးပွားမှုဖြစ်စဉ်( reproductive cycle) ၊ သက်တမ်းနှင့် အခြား ပြောင်းလဲနိုင်သည့်အရာများ(variables) ဆိုလိုသည်မှာ စီမံကိန်း၏ ထိခိုက်မှုဒဏ်မှ အောင်မြင်စွာ ပြန်လည်ရုန်းထနိုင်စွမ်းကို ဆုံးဖြတ်ပေးနိုင်သည့် အချက်များကိုလည်း ထည့်စဉ်းစားသင့်သည်။ လက်ခံနိုင်သော အရေအတွက်လျော့နည်းမှုကို စီမံကိန်းနေရာရှိ အပင်တစ်ပင်ချင်း၊သတ္တဝါ တစ်ကောင်ချင်းစီ၏ ရှင်သန်နိုင်မှုဖြင့် အဓိပ္ပါယ်မဖွင့်ဆိုသင့်ပါ။ အချို့အခြေအနေများတွင်မူ ထိုသို့ဖွင့်ဆိုနိုင်သော်လည်း၊ ဥပမာ(တောတွင်းနယ်မြေ တွင် လွတ်လပ်စွာနေထိုင်သော မျိုးသုဉ်းလုနီးပါး CR မျိုးစိတ်များဖြစ်လျှင်) အရေအတွက် အသားတင်လျော့နည်းမှုသည် ထိုမျိုးစိတ်၏ "မျိုးဆက်များစွာ သို့မဟုတ် အလွန်ရှည်ကြာသောကာလတလျှောက် ကမ္ဘာအဆင့် နှင့် (သို့မဟုတ်) ဒေသအဆင့်/နိုင်ငံအဆင့် အရေအတွက်ပမာဏအားဖြင့် ယင်းတို့၏ ရှင်သန်ရပ်တည်နိုင်စွမ်း" တိုင်းတာခြင်းကို အခြေခံခြင်း (လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၏ အောက်ခြေမှတ်စု ၁၃) ဖြစ်သည်။

အပိုဒ် ၈၉ (GN 89)။ ဇီဝမျိုးစုံမျိုးကွဲစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်း အစီအစဉ်တစ်ရပ် (BMEP) သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပိုဒ် ၇ နှင့် ၁၇ တို့အပြင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ကို လိုက်နာကြောင်း သက်သေ ပြနိုင်သည့် အခြေခံအကြောင်းအချက်တစ်ခုဖြစ်သည်။ သင့်တော်သော BMEP တစ်ခုတွင် ပါရှိရမည့် အချက်များနှင့် စပ်လျဉ်း၍ ဤမှတ်စု အပိုဒ် ၅၁ နှင့် ၅၂ ကို ကြည့်ပါ။

အပိုဒ် ၉၀ (GN90)။ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများ နေရာများ၌ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပိုဒ် ၁၈ တွင် ဖော်ပြထားသည့်အတိုင်း ထိုနေရာဟု သတ်မှတ်ရသည့် အကြောင်းရင်းဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ အသားတင်တိုးတက်မှုကို ထောက်ပံ့ဝန်ဆောင်မှု ရယူထားသူများအနေနှင့် သက်သေပြနိုင်ရမည်ဖြစ်သည်။ အသားတင် တိုးတက်နှင့်ပတ်သတ်ပြီး လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၏ အောက်ခြေမှတ်စု ၁၅ တွင် ဖော်ပြထားပြီး

"အသားတင်ဆုံးရှုံးမှုများ ထပ်ဆောင်း မပေါ်ပေါက်ရေး"အတွက် စဉ်းစားခြင်းဖြစ်နိုင်သည်။ ထို့ကြောင့် အရေးတကြီး ကာကွယ် ထိန်းသိမ်းရမည့် နေရင်းဒေသ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အား သဘာဝနေရင်းဒေသဟူသည့် အဓိပ္ပါယ်သတ်မှတ်ချက်ပါ အကြောင်းအရာများအပေါ် အခြေခံ၍ အသေးစိတ်များ ထပ်မံထည့်သွင်းခြင်းဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲအစားထိုး ပြန်လည်တည်ဆောက်ပေးခြင်းအားဖြင့် အသားတင်တိုးတက်မှု ရရှိနိုင်သည်။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ၏ အောက်ခြေမှတ်စု ၁၅ တွင်ဖော်ပြထားသည့်အတိုင်း၊ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ အသားတင်တိုးတက်မှုဆိုရာတွင် တိုင်းတာနိုင်သော ထပ်တိုးကာကွယ်ထိန်းသိမ်းမှု၏ ရလဒ်များ(additional conservation outcomes) ပါရှိရမည်ဖြစ်သည်။ ပြင်ပပညာရှင်များမှ ဆုံးဖြတ်သည့်အတိုင်း ထိုတိုးတက်မှုများကို ဆီလျော်သော ပထဝီဒေသဆိုင်ရာ စကေး (ဥပမာ- ဒေသန္တရအဆင့်၊ မြေမျက်နှာသွင်ပြင်အဆင့်၊ နိုင်ငံအဆင့်၊ ဒေသအဆင့်) ဟူ၍သက်သေပြရမည်။သာဓကအားဖြင့် ဇီဝမျိုးစုံမျိုးကွဲအစားထိုး ပြန်လည်တည်ဆောက်ပေးခြင်းသည် ထိခိုက်မှုလျှော့ချရေးဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ် မဟုတ်လျှင် (ဆိုလိုသည်မှာ-သိသာထင်ရှားသော ကြွင်းကျန်သက်ရောက်မှုများ မရှိလျှင်) အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသ၏ တန်ဖိုးများကို ကာကွယ်ထိန်းသိမ်းရန် နောက်ထပ်အခွင့်အလမ်းများ ပံ့ပိုးဖြည့်ဆည်းပေးခြင်းအားဖြင့် အသားတင်တိုးတက်မှုများကို ရရှိနိုင်သည်ဆိုသည်မှာ မေးခွန်းထုတ်စရာဖြစ်သည်။ ထိုဖြစ်ရပ်များတွင် အသားတင်တိုးတက်မှုရရှိကြောင်း အတည်ပြုရန် အရည်အသွေးဆိုင်ရာ အထောက်အထားများ နှင့် ကျွမ်းကျင်သူ၏ သဘောထားအမြင်များနှင့် လုံလောက်နိုင်ပါသည်။

အပိုဒ် ၉၁ GN91။ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသတွင် ရှိသောစီမံကိန်းများတွင် ဇီဝမျိုးစုံမျိုးကွဲ လုပ်ငန်းစီမံချက်တစ်ခု (BAP) လိုအပ်သလို သဘာဝနေရင်းဒေသများရှိ ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသောစီမံကိန်းများ (high risk projects)တွင်လည်း (BAPကို) ဆောင်ရွက်ရန် အကြံပြုလိုသည်။ ဇီဝမျိုးစုံမျိုးကွဲ လုပ်ငန်းစီမံချက်တွင် ပါရှိသောအချက်များမှာ (၁) လုပ်ဆောင်မည့် လုပ်ငန်းများနှင့် စီမံကိန်း၏ ထိခိုက်မှုလျှော့ချရေးဗျူဟာသည် အသားတင်တိုးတက်မှု (သို့မဟုတ် အသားတင်ဆုံးရှုံးမှု) ကို မည်သို့ရရှိစေနိုင်ကြောင်း ကျိုးကြောင်းဆန်းစစ်ဖော်ပြချက်၊ (၂) ထိခိုက်မှုလျှော့ချရေး လုပ်ငန်းအဆင့်ဆင့်ပုံစံကို မည်သို့ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြချက်နှင့် (၃) ဌာနတွင်းဝန်ထမ်းများနှင့် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍများနှင့်တာဝန်ရှိမှုများ ဖြစ်ကြသည်။ ဇီဝမျိုးစုံမျိုးကွဲ လုပ်ငန်းစီမံချက်များ(BAP) သည် အမြဲပြောင်းလဲနေသော စီမံချက်များ (living document) ဖြစ်၍ သဘောတူညီမှုရရှိထားသည့် ပုံမှန်သုံးသပ်အကဲဖြတ်ရန် အချိန်ကာလများနှင့် သတင်းအချက်အလက်အသစ်များရရှိလျှင် ပြန်လည်မွမ်းမံပြင်ဆင်မည့် ကိစ္စများ၊ စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်မှုအခြေအနေ၊ ခေတ်ကာလအခြေအနေနှင့်အညီပြောင်းလဲဆောင်ရွက်မည့် ကာကွယ်ထိန်းသိမ်းရေးကိစ္စများ ပါဝင်သင့်သည်။ထိခိုက်မှုလျှော့ချရေးအစီအမံများကို စီမံကိန်း၏ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS) / ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုစီမံချက် (BMP) (ဤမှတ်စု၏ အပိုဒ် ၅၀) တွင် ထည့်သွင်းဖော်ပြထားသည့်အခါ၊ ထိုဖော်ပြချက်များကိုဇီဝမျိုးစုံမျိုးကွဲလုပ်ငန်းစီမံချက် တွင်လည်း ရည်ညွှန်း

ဖော်ပြသင့်သည်။ ဇီဝမျိုးစုံမျိုးကွဲလုပ်ငန်းစီမံချက် (BAP)သည် ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုစီမံချက် (BMP)နှင့် ကွဲပြားသည်။ BMPသည် စီမံကိန်းမန်နေဂျာများ၊ ကန်ထရိုက်တာများအတွက် အဓိကရည်ရွယ်ပြုစုထားသော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်စာတမ်း (လုပ်ငန်းလက်စွဲ) တစ်စောင်ဖြစ်သည်။ (ဤမှတ်စုအပိုဒ် ၅၀ ကိုကြည့်ပါ)။ BAPသည် မြေပြင်ပေါ် လက်တွေ့ဆောင်ရွက်မှုမျိုးမဟုတ်သည့် အခြားလုပ်ဆောင်ချက်များ အမြဲတမ်းလိုလို ထည့်သွင်းထားသည်(ဥပမာ-အစားထိုးပြန်လည်တည်ဆောက်ပေးခြင်း နှင့် နောက်ထပ်လုပ်ငန်းရပ်များ)။ထို့ပြင် ပြင်ပမှပူးပေါင်းဆောင်ရွက်မည့် ပုဂ္ဂိုလ်များကိုလည်း ဖော်ပြထားသည်(ဥပမာ-လုပ်ငန်းအကောင်အထည်ဖော်သည့် မိတ်ဖက်များ၊ လေ့လာသုံးသပ်သူများ သို့မဟုတ် အကြံပေးများ)။ BAPသည် နောက်ပိုင်းဆက်လက်ပြုစုကြမည့် လေ့လာမှုများဖြစ်ကြသည့် အစားထိုး ပြန်လည် တည်ဆောက်ပေးခြင်းစီမံခန့်ခွဲခြင်းစီမံချက် ( Offset Management Plan) သို့မဟုတ် BMEPများနှင့်ပါ ပူးတွဲဖော်ပြနိုင်သည်။ အဆိုပါ အရေးပါသော လေ့လာမှုများကို ပြုလုပ်သည့်အခါ ကိုးကားနိုင်ရန် BAPကိုနောက်ဆုံးရအချက်အလက်များနှင့် မွမ်းမံပြင်ဆင်ရမည်ဖြစ်သည်။ စီမံကိန်း သဘောသဘာဝနှင့် အရွယ်အစားပေါ်မူတည်၍ ကနဦးရေးဆွဲသော BAPသည် အသားတင်တိုးတက်မှုရရှိရန် (သို့မဟုတ် အသားတင်ဆုံးရှုံးမှုမရှိစေရန်) ဆောင်ရွက်မည့် လုပ်ငန်းရပ်များ ပါဝင်သည့် ဗျူဟာတစ်ရပ်နှင့် အချိန်ကာလ သတ်မှတ်ချက်များ ပါရှိနိုင်သည်။

အပိုဒ် ၉၂ (GN92)။ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့်နေရင်းဒေသများတွင် အားထုတ် ဆောင်ရွက်သော အစားထိုး ပြန်လည်တည်ဆောက်ပေးခြင်းသည် နိုင်ငံတကာ အလေ့အကျင့်ကောင်းများနှင့်အညီ ရှာဖွေဖော်ထုတ်၊ ဒီဇိုင်းရေးဆွဲ၊ စီမံခန့်ခွဲသည့် လုပ်ငန်းများဖြစ်သင့်သည်။ စီမံကိန်း၏ ထိခိုက်သက်ရောက်မှုများရှိနေသမျှ ကာလပတ်လုံးဆက်လက် ရှိနေမည့်လုပ်ငန်း ဖြစ်သင့်သည်။[GN19]ဤမှတ်စုအပိုဒ် ၃၀ မှ ၃၄တွင်ဖော်ပြထားသော ဇီဝမျိုးစုံမျိုးကွဲ အစားထိုးပြန်လည် တည်ဆောက်ပေးခြင်းဆိုင်ရာလမ်းညွှန်ချက်ကို အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများတွင်လည်း အသုံးပြုနိုင်သည်။

***<u>ဥပဒေအရ အကာအကွယ်ပေးထားသည့် ဧရိယာများနှင့် နိုင်ငံတကာ အသိအမှတ်ပြုထားသည့် ဧရိယာများ</u>***

***၂၀။ အဆိုပြုထားသောစီမံကိန်းသည် ဥပဒေအရ အကာအကွယ်ပေးထားသည့်ဧရိယာ[16] (သို့မဟုတ်) နိုင်ငံတကာ အသိအမှတ်ပြုထားသည့်ဧရိယာ[17] အတွင်း လုပ်ဆောင်ရ မည့်အခြေအနေတွင်ရှိပါက ယခုလုပ်ဆောင်မှု စံသတ်မှတ်ချက်၏ အပိုဒ် ၁၃ မှ ၁၉အထိ ပါဝင်သော သတ်မှတ်ချက်များကို ပြည့်မီအောင် လုပ်ဆောင်ရမည်။ထို့အပြင် အောက်ပါတို့ကိုလည်း လုပ်ဆောင်ရမည်။***

- ***ထိုဧရိယာအတွင်းတွင် စီမံကိန်းဆောင်ရွက်ရန် ဥပဒေကြောင်းအရ ခွင့်ပြုချက်ကို ပြသနိုင်ရမည်။***

---

[19] GN19 စီးပွားရေးလုပ်ငန်းနှင့် ဇီဝမျိုးစုံမျိုးကွဲ အစားအလျော်ပေးသည့်အစီအစဉ်, http://bbop.forest-trends.org/guidelines/principles.pdf.

- ***ထိုဧရိယာများအတွက် အစိုးရက သတ်မှတ်ထားသော စီမံခန့်ခွဲမှု အစီအစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။***
- ***အကာအကွယ်ပေးထားသည့်နေရာနှင့်ပတ်သက်သည့် ကမကထပြုသူများ၊ စီမံခန့်ခွဲသူများ၊ ထိခိုက်နစ်နာမှုရှိသော ရပ်ရွာလူထုများ၊ ဒေသခံတိုင်းရင်းသားများနှင့် အခြား ပက်သက်ဆက်နွယ်သူများအား စီမံကိန်းနှင့် ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးရမည်။***
- ***ထိုဧရိယာအား အကျိုးရှိရှိစီမံခန့်ခွဲမှု[၁၈] နှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ရည်ရွယ်ချက်တို့ မြင့်မားတိုးတက်လာစေရေးအတွက် ထပ်တိုးလုပ်ဆောင်မည့် အစီအစဉ်များကို ဆီလျော်သလို ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။***

---

[၁၆]ဥပဒေအရ အကာအကွယ်ပေးထားသည့် ဧရိယာသည် IUCN မှ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် "ဂေဟစနစ်၏ဝန်ဆောင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများရှိနေသည့် သဘာဝအား ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ဥပဒေနှင့်အညီ အခြားအားကောင်းသည့် နည်းလမ်းများနှင့်အညီ အလေးထားစီမံဆောင်ရွက်နေသည့် ပထဝီဆိုင်ရာ ရှင်းလင်းစွာ သတ်မှတ်ထားသည့်နယ်နိမိတ်"ဖြစ်သည်။ ဤလုပ်ဆောင်မှုစံသတ်မှတ်ချက်၏ ရည်ရွယ်ချက်များအတွက် အစိုးရမှ ယခုကဲ့သို့သောနည်းလမ်းဖြင့် သတ်မှတ်ပေးရန် အဆိုပြုထားသော ဧရိယာများကို ထည့်သွင်းရမည်။

[၁၇]ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) က ကမ္ဘာ့သဘာဝ အမွေအနှစ်အဖြစ် သတ်မှတ်ထားသောနေရာများ၊ UNESCO လူသားနှင့် အသက်ဘဝစတင်ရာနေရာအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသည့် နယ်မြေ၊ အဓိကဇီဝမျိုးကွဲရှိရာနေရာများ၊ အရေးပါသော စိမ့်မြေဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (Ramsar Convention) တွင် ပြဌာန်းထားသည့် စိမ့်မြေများ

[၁၈]နောက်ထပ်အသစ်တိုးချဲ့ခြင်း (foot print) မပြုလုပ်သည့် စီမံကိန်းများတွင် ထပ်တိုးအစီအစဉ်များ မဖြစ်မနေလုပ်ဆောင်ရန်မလိုအပ်ပါ။

အပိုဒ် ၉၃ (GN93)။ IUCNအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသည့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ၏ အောက်ခြေမှတ်စု ၁၆တွင် ဖော်ပြထားသည့် ဥပဒေအရ တရားဝင်သတ်မှတ်ထားသော သဘာဝကာကွယ်ထိန်းသိမ်းရေးနယ်မြေများနှင့် "နိုင်ငံတကာအသိအမှတ်ပြုနေရာများ" ဆိုလိုသည်မှာ -ဇီဝမျိုးစုံမျိုးကွဲကာကွယ်ထိန်းသိမ်းရန် အရေးပါသည်ဟု အသိအမှတ်ပြု ထားသော်လည်း ဥပဒေအရတရားဝင်သတ်မှတ်ထားသော သဘာဝကာကွယ်ထိန်းသိမ်းရေး နယ်မြေများ အမြဲမဖြစ်ကြသည့်နေရာများတွင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပိုဒ် ၂၀ကို ကျင့်သုံးသည်။ နိုင်ငံတကာ အသိအမှတ်ပြုခံရရန် အရည်အသွေးပြည့်မီသည့်နေရာများကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ၏ အောက်ခြေမှတ်စု ၁၇တွင် အသေးစိတ်ဖော်ပြထားသည့် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၆ တွင် ဘာသာရပ်ဆိုင်ရာစကားရပ်တစ်ခုဖြစ်သော "နိုင်ငံတကာ အသိအမှတ်ပြုထားသောနေရာ" ကို "နိုင်ငံတကာက သတ်မှတ်ထားသောနေရာ" ဟူသောစကားရပ်အစား သုံးစွဲထားသည်။ ကာကွယ်ထိန်းသိမ်း ထားသောနေရာများကိုဖော်ပြရန် များသောအားဖြင့် "သတ်မှတ်ထားသော (Designated)" ဟူသည့် စကားရပ်ကို အသုံးပြုလေ့ရှိသည်။ ဆိုလိုသည်မှာ-အစိုးရများကသတ်မှတ်ထားခြင်းဖြစ်သည်။နိုင်ငံတကာသတ်မှတ်ခြင်း ဟူသည့်စကားရပ်နှင့် စပ်လျဥ်း၍ နိုင်ငံတကာသဘောတူစာချုပ်များတွင် သုံးနှုန်းသည့်စကားရပ်များမှာ ကွဲပြားခြားနားမှု ရှိကြသည် (ဥပမာ-မှတ်တမ်းတင်ရေးသွင်းခဲ့သည်၊လက်ခံကျင့်သုံးခဲ့သည်၊ သတ်မှတ်ခဲ့သည်၊ အသိအမှတ်ပြုခဲ့သည်)။

ထို့ကြောင့် ယေဘုယျသဘောပိုဆန်သည့် သဘောရှိသည့် "အသိအမှတ်ပြုထားသော" ဟူသည့် စကားရပ်သည် ပိုမိုဆီလျော်သည်ဟုယူဆခဲ့ပါသည်။

အပိုဒ် ၉၄ (GN94)။ စီမံကိန်းတစ်ခုသည် ဥပဒေအရ တရားဝင်အကာအကွယ်ပေးထားသောနေရာ သို့မဟုတ် နိုင်ငံတကာ အသိအမှတ်ပြုထားသောနေရာတွင် သို့မဟုတ် အနီးတစ်ဝိုက် တွင်ရှိနေလျှင် UNEP-WCMC ကပြုစုထားသောအောက်ပါ သတင်းအချက်အလက်ရင်းမြစ်တို့နှင့် ဆွေးနွေးတိုင်ပင် အကြံဉာဏ်ရယူသင့်သည်-

- ကာကွယ်ထိန်းသိမ်းထားသောနယ်မြေများဆိုင်ရာကမ္ဘာ့အချက်အလက်ဘဏ် (World Database on Protected Areas -WDPA)[GN20]။ (WDPA)သည် ကာကွယ်ထိန်းသိမ်းထားသောနေရာများနှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာ အချက်အလက် မှတ်တမ်းတစ်ခုဖြစ်သည်။ (WDPA)တွင် ထည့်သွင်းမည့် အချက်အလက်များကိုနိုင်ငံအစိုးရများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့် ဒေသတွင်း မိတ်ဖက် အဖွဲ့အစည်းများက ပံ့ပိုးထားကြခြင်း ဖြစ်သည်။ ထိုအချက်အလက်ဘဏ်အား UNEP-WCMCနှင့် IUCNတို့ ပူးပေါင်းစီမံခန့်ခွဲ ပြုစုသည်။
- ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာအရေးပါသောနေရာ (A to Z)[GN21] သည်အဓိကအုပ်စုကြီးနှစ်ခု အောက်တွင်ရှိသည့် အရေးပါသော ဇီဝမျိုးစုံမျိုးကွဲနေရာများကို ဦးစားပေး ကာကွယ်စောင့်ရှောက်ရန်၊ အသိအမှတ်ပြုစနစ်များစွာရှိ အသေးစိတ် အချက်အလက်များ စုစည်းပြုစုထားသည့် အွန်လိုင်းလမ်းညွှန်တစ်ခု ဖြစ်သည်။ ထိုအုပ်စုကြီးနှစ်ခုမှာ- နိုင်ငံအဆင့် သို့မဟုတ် ပြည်နယ်/တိုင်းအဆင့် အဖွဲ့အစည်းများ၊ နိုင်ငံတကာသဘောတူစာချုပ်များနှင့် အစီအစဉ်များ၏ အကူအညီဖြင့် ရေးဆွဲထားသော ကာကွယ်ထိန်းသိမ်းရေးနယ်မြေဆိုင်ရာမူဘောင်များ အောက်တွင် ရှိနေသည့်နေရာများ နှင့် တက္ကသိုလ် ကောလိပ်နှင့် ထိန်းသိမ်းရေးအဖွဲ့အစည်းများက ပြုစုထားသောကမ္ဘာလုံး ဆိုင်ရာ ဦးစားပေးသတ်မှတ်သည့်အစီအစဉ်များဖြစ်သည်။

အပိုဒ် ၉၅ (GN95) ။ ထိခိုက်သက်ရောက်မှုလျှော့ချခြင်းနှင့်ပတ်သက်၍ သဘာဝ နေရင်းဒေသ သို့မဟုတ် အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသသတ်မှတ်ချက်များကို လိုက်နာရန်မျှော်မှန်းထားသည်။ ထိုသို့လိုက်နာရာတွင် ဥပဒေအရတရားဝင်သတ်မှတ်ထားသည့် ကာကွယ်ထိန်းသိမ်းရန်နေရာများ (ကာကွယ်ထိန်းသိမ်းရန် တရားဝင်အဆိုပြုထား သောနေရာများအပါအဝင်) သို့မဟုတ် နိုင်ငံတကာအသိအမှတ်ပြုနေရာတွင် ရှိနေသည့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများ၏ အရည်အသွေးအကဲဖြတ်မှုပေါ် မူတည်၍ ဆောင်ရွက်ရန်ဖြစ်သည်။

အပိုဒ် ၉၆ (GN96)။ စီမံကိန်းများသည် ဥပဒေအရကာကွယ်ပေးထားသောနေရာများနှင့် နိုင်ငံတကာအသိအမှတ်ပြု နေရာများတွင် တည်ရှိသည့်အခါ ၊ စီမံကိန်းလုပ်ဆောင် ချက်များသည် နိုင်ငံအဆင့် သတ်မှတ်ထားသောမြေအသုံးချမှု၊ အရင်းအမြစ်အသုံးချမှု၊ စီမံခန့်ခွဲမှုစံနှုန်းများ (ကာကွယ်ထိန်းသိမ်းထားသောနေရာများအားစီမံခန့်ခွဲရေးစီမံချက်များ၊ တစ်နိုင်ငံလုံးလွှမ်းခြုံသောဇီဝမျိုးစုံမျိုးကွဲဗျူဟာနှင့် လုပ်ငန်းစီမံချက်များ (NBSAPs) သို့မဟုတ် အလားတူ အရာများ) နှင့် ကိုက်ညီသင့်သည်။ ဤအပိုင်းတွင် တာဝန်ရှိအစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သောခွင့်ပြုချက်များရယူခြင်း နှင့်

[20] GN20 UNEP, "World Database on Protected Areas", Protected Planet, http://www.protectedplanet.net
[21] GN21 UNEP. 'A to Z Areas of Biodiversity Importance" http://www.biodiversitya-z.org.

ကာကွယ်ထိန်းသိမ်းရေးနယ်မြေများ၊ ထိုနယ်မြေအတွက် စရိတ်ထောက်ပံ့ပေးသူများ၊ထိခိုက်နစ်နာရသောရပ်ရွာလူထု၊ ဒေသခံတိုင်းရင်းသားများ၊ အခြားဆက်စပ်ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ပေမည်။ ဥပဒေအရ အကာအကွယ် ပေးထားသည့်နေရာများနှင့် နိုင်ငံတကာအသိအမှတ်ပြုနေရာများတွင်ရှိသော စီမံကိန်းအားလုံးသည် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းကို ဆောင်ရွက်ရန် လိုအပ်ကြောင်း အလေးထားဖို့လိုပါသည်။ လုပ်ဆောင်မှုစံသတ်မှတ်ချက်၆ အပိုဒ်၂၀ ၏ တတိယအချက်တွင် ဖော်ပြထားသော "သင့်တော်သလို(as appropriate) " ဟူသည့်စကားရပ်သည် ထိုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ချိတ်ဆက် ဆောင်ရွက်ရမည့် ပတ်သက်ဆက်နွယ်သူအုပ်စုများ၏ ဆီလျော်မှု/သက်ဆိုင်မှုကို ဆိုလိုသည်။ နိုင်ငံတကာ အသိအမှတ်ပြုထားသောနေရာများသည် ဥပဒေအရတရားဝင် အကာအကွယ် ပေးထားသောနေရာများ: မဟုတ်လျှင် တာဝန်ရှိသော သက်ဆိုင်ရာထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့် တိုင်ပင်သင့်သည်။ စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ လိုက်နာရန် သတ်မှတ်ချက်များကိုလုပ်ဆောင်မှုစံသတ်မှတ်ချက်၁၊ အပိုဒ် ၂၆ မှ ၃၃ အထိနှင့် အထောက်အကူပြု လမ်းညွှန်ချက်မှတ်စု ၁၊ အပိုဒ် ၉၁ မှ ၁၀၅ တွင် တွေ့ရှိနိုင်သည်။ အခြားဆက်စပ်နေသည့် လိုက်နာရန်သတ်မှတ်ချက်များကိုဒေသခံတိုင်းရင်းသားများနှင့် သက်ဆိုင်သည့်လုပ်ဆောင်မှုစံသတ်မှတ်ချက်၇၊ ယဉ်ကျေးမှု အမွေအနှစ်အကြောင်းဖော်ပြသည့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၈ နှင့် ယင်းတို့၏ အထောက်အကူပြု လမ်းညွှန်ချက်မှတ်စု များတွင် ဖော်ပြထားသည်။

အပိုဒ် ၉၇ (GN7)။ ဥပဒေအရအကာအကွယ်ပေးထားသောနေရာများသို့မဟုတ် နိုင်ငံတကာအသိအမှတ်ပြုနေရာများတွင် အဆိုပြုထားသောစီမံကိန်းများသည် ထိုနေရာ၏ ကာကွယ်ထိန်းသိမ်းရေးရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ လက်ဆုပ် လက်ကိုင်ပြနိုင်သော အကျိုးကျေးဇူးများ(tangible benefits) ဖော်ဆောင်ပေးသင့်သလို စီမံကိန်းတည်ရှိခြင်းကြောင့် သိသာ ထင်ရှားသော ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အကျိုးကျေးဇူးများလည်း ရရှိစေသင့်ပါသည်။( ထိုအကျိုးကျေးဇူးများ ရရှိနိုင်ရန်) အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်ပါသည်။ ဥပမာ- ဘေးမဲ့ဥယျာဉ် စီမံခန့်ခွဲမှုအတွက် အကူအညီပေးခြင်း၊ ထိခိုက်နစ်နာသောရပ်ရွာလူထုအတွက် အခြားအသက်မွေးဝမ်းကျောင်းနည်းလမ်းများဖန်တီးပေးခြင်း သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောနေရာ၏ ကာကွယ်ထိန်းသိမ်းရသည့် ရည်ရွယ်ချက်များ ပြည့်မီရေး လိုအပ်သော သုတေသနဆောင်ရွက်ခြင်း နှင့် (သို့မဟုတ်) ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊ ထိုသို့ ခွင့်ပြုနိုင်သည့် တစ်ခုတည်း သောချွင်းချက်မှာ ခြေရာအသစ်များ(new footprints) ထပ်မံ မဖြစ်ပေါ်စေသော စီမံကိန်းများအတွက်သာဖြစ်သည် (လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ၊ အောက်ခြေမှတ်စု ၁၈ ကိုကြည့်ပါ)။

အပိုဒ် ၉၈ (GN98)။ ကာကွယ်ထိန်းသိမ်းထားသောနေရာသို့မဟုတ် သတ်မှတ်ထားသောနေရာအတွက် စီမံခန့်ခွဲမှုအစီအစဉ် မရှိသေးလျှင် သင့်တော်သော အစိုးရအဖွဲ့အစည်းများ၊ ထိန်းသိမ်းရေးအဖွဲ့အစည်းများ နှင့်အတူ စီမံခန့်ခွဲမှုအစီအစဉ်တစ်ခု ရေးဆွဲဆောင်ရွက်နိုင်ရေးကို ကူညီပံ့ပိုးရန် စဉ်းစားဆောင်ရွက်သင့်သည်။ဖော်ပြပါ လုပ်ဆောင်ချက်သည်လုပ်ဆောင်မှု စံသတ်မှတ်ချက်၆၊အပိုဒ်၂၀၊စတုတ္ထအချက်တွင်ပါရှိသော ထပ်တိုးလုပ်ဆောင်မည့် အစီအစဉ်များအတွက် လုံလောက်နိုင်ပြီး ထိုအစီအစဉ်ကိုရေးဆွဲလျှင်နှင့်(သို့မဟုတ်) အကောင်အထည်ဖော်ခဲ့လျှင် သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများ၏ ထောက်ခံမှု ဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။

***<u>သက်ဆိုင်ရာသဘာဝပတ်ဝန်းကျင်တွင် ပြင်ပ ကျူးကျော်မျိုးစိတ်များ ဝင်ရောက်လာခြင်း</u>***

***၂၁။ နိုင်ငံခြားမျိုးစိတ် (သို့မဟုတ်) ဒေသခံမျိုးရင်းမဟုတ်သည့် အပင်မျိုးစိတ်နှင့် တိရစ္ဆာန်မျိုးစိတ်များ ယခင်က လုံးဝမရှိသည့်နေရာများသို့ တမင်သက်သက်ဖြစ်စေ၊ မတော်တဆဖြစ်စေ ရောက်ရှိလာသည့်အတွက် ထိုနေရာ၏ ဇီဝမျိုးစုံမျိုးကွဲအပေါ် အန္တရာယ် အကြီးအကျယ်ကျရောက်စေသည်။ အဘယ်ကြောင့်ဆိုသော် ထိုပြင်ပမှ ရောက်လာသည့်မျိုးစိတ်များထဲမှ အချို့မျိုးစိတ်များသည် နေရာဒေသအတွင်းရှိ မူရင်းဒေသခံမျိုးစိတ်များ တိုးပွားနှုန်းထက် အလွန်မြန်ဆန်သည့် တိုးပွားနှုန်းဖြင့် အလျင်အမြန် ထိုးဖောက်ပျံ့ပွားသောကြောင့်ဖြစ်သည်။***

***၂၂။ပြင်ပမှမျိုးစိတ်များ တင်သွင်းမည့်အရေးနှင့်ပတ်သက်၍ တင်သွင်းခြင်း ဆိုင်ရာ လက်ရှိစည်းမျဉ်းများအတိုင်း ဆောင်ရွက်ခြင်းမပြုဘဲ ပြင်ပမှမည်သည့်မျိုးစိတ်ကိုမျှ (စီမံကိန်းရှိရာနေရာဒေသ (သို့မဟုတ်) နိုင်ငံတွင် လက်ရှိ အခြေအနေ၌ မပေါ်ထွန်းသေးသည့် မျိုးစိတ်များ) တမင်သက်သက် တင်သွင်းခြင်း မပြုရပါ။ အထက်ပါအတိုင်း ဆိုထားသော်လည်း လက်ရှိစည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုချက်ရသည်ဖြစ်စေ၊ ထိုးဖောက်ပျံ့ပွား မည့် အန္တရာယ်အလွန်များသည့် မည်သည့်ပြင်ပ/ နိုင်ငံခြားမျိုးစိတ်ကိုမဆို တမင်သက်သက်တင်သွင်းလာခြင်း မရှိစေရ။ (သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာအန္တရာယ်များ နှင့် ထိခိုက်သက်ရောက်မှုများကို ရှာဖွေ ဖော်ထုတ်သိရှိသည့် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်) ပြင်ပ/နိုင်ငံခြားမျိုးစိတ်များ တင်သွင်းလာမည့်ကိစ္စ တိုင်းနှင့် ပတ်သက်ပြီး ထိုမျိုးစိတ်များ အလွန်များပြားစွာ ထိုးဖောက် ပျံ့ပွားမည့်အန္တရာယ်ဖြစ်လာနိုင်မှု ရှိ၊မရှိ ဆန်းစစ်မှုများ လုပ်ဆောင်ရမည်။ ဇီဝရုပ်တစ်ခု ပေါက်ပွားနေထိုင်နေသောအရာ (သို့မဟုတ်) ပိုးမွှား၊ တိရိစ္ဆာန်များ (မြေဆီလွှာ၊ ကျောက်တုံး၊ အပင်အစိတ်အပိုင်းများ) စသည်တို့တွင် ပြင်ပမျိုးစိတ်များ ရှိနေနိုင်သည့် အတွက် ယင်းတို့အား တမင်ဖြစ်စေ၊ မတော်တဆဖြစ်စေ တင်သွင်းလာနိုင်မည့်အရေးအား ရှောင်ရှားနိုင်စေမည့် အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။***

***၂၃။ပြင်ပ/နိုင်ငံခြားမျိုးစိတ်များသည် မိမိတို့စီမံကိန်း ဆောင်ရွက်မည့် နေရာဒေသ(သို့မဟုတ်)နိုင်ငံတွင် ရောက်ရှိ နှင့်ပြီးဖြစ်သည့် အခြေအနေတွင်ထိုမျိုးစိတ်များ မရောက်ရှိသေးသည့် အခြားနေရာဒေသများသို့ ပျံ့ပွားမသွား အောင် တင်ကြိုသတိထားကာကွယ်ရမည်။ လက်တွေ့ဖြစ်နိုင်လျှင် မိမိတို့စီမံထိန်းချုပ်နိုင်သည့်နေရင်းဒေသများ၌ ပြင်ပမျိုးစိတ်များ ပျံ့ပွားလာပါက ဖျက်ဆီးသုတ်သင်ဖယ်ရှားမည့်နည်းလမ်းများကို ရှာဖွေပြီး ထိုပြင်ပ/နိုင်ငံခြား မျိုးစိတ်များကို နှိမ်နင်းသင့်သည်။***

အပိုဒ် ၉၉(GN99)။နိုင်ငံခြား သို့မဟုတ် ဒေသမျိုးရင်းမဟုတ်သောအပင် သို့မဟုတ် သတ္တဝါမျိုးစိတ်တစ်ခု ဆိုသည်မှာ- ယင်း၏ မူလပျံ့နှံ့ကျက်စားရာအကွာအဝေးကိုကျော်လွန်၍ ယူဆောင်မိတ်ဆက်ခြင်းခံရသော မျိုးစိတ်တစ်ခုဖြစ်သည်။ ကျူးကျော်မျိုးစိတ်များ ဆိုသည်မှာ ဒေသမျိုးရင်းမဟုတ်ကြသည့် မျိုးစိတ်များ ဖြစ်ပြီး၊ သဘာဝဆင့်ကဲပြောင်းလဲမှု

ဖြစ်စဉ်များက သတ်မှတ်ပေးသည့် ထိန်းချုပ်လုပ်ဆောင်မှုများ မရှိသည့် နေရင်းဒေသအသစ်တစ်ခုသို့ ယင်းတို့ရောက်ရှိသွားသည့်အခါ ထိုနေရာတွင်ရှိနေသည့် ဒေသမျိုးရင်းအပင်နှင့် သတ္တဝါများကို ယှဉ်ပြိုင်ကျော်လွှား၍ထိုးဖောက်ပျံ့နှံ့သို့မဟုတ် လျှင်လျှင်မြန်မြန်ပျံ့နှံ့လာနိုင်သည့် မျိုးစိတ်များဖြစ်သည်။ ထိုကျူးကျော်ပြင်ပမျိုးစိတ်များသည် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ကမ္ဘာလုံးဆိုင်ရာကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နိုင်သည်ဟု အသိအမှတ်ပြုထားသည်။

အပိုဒ် ၁၀၀(GN100)။ IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ၏ ဆောက်ရွက်မှု အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြင်ပမျိုးစိတ်တစ်ခုခုကို တင်သွင်းလာပါက ထိုတင်သွင်းလာမှုများကို လက်ခံရသည့်နိုင်ငံ၏ လက်ရှိစည်းမျဉ်းစည်းကမ်း၊ မူဘောင်အား လိုက်နာမှုနှင့် ချိန်ထိုးဆန်းစစ်သင့်သည်။ IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် မည်သည့်နိုင်ငံခြားမျိုးစိတ်ကိုမျှ တမင်သက်သက် တင်သွင်းခြင်းမပြုရ (ဆိုလိုသည်မှာ-စီမံကိန်းလုပ်ကိုင်ဆောင်ရွက်နေသည့်နိုင်ငံသို့မဟုတ် ဒေသအတွင်းလက်ရှိအခြေအနေ၌ မသတ်မှတ်ရသေးသော နိုင်ငံခြားမျိုးစိတ်များ)။ လက်ခံနိုင်ငံတွင် စည်းမျဉ်းစည်းကမ်း မူဘောင်များရှိနေလျှင် ထိုလက်ရှိစည်းမျဉ်းများအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။ ပြင်ပမျိုးစိတ်များ တင်သွင်းမည်ဆိုလျှင် ကျူးကျော်မျိုးစိတ်များအကြောင်း ဗဟုသုတရှိသည့် ကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းတိုင်ပင်၍ အန္တရာယ်ဆန်းစစ်မှုတစ်ရပ် ဆောင်ရွက်သင့်သည်။ မည်သည့်အခြေအနေတွင် ကျူးကျော်မည့် အန္တရာယ်အလွန်များသည်ဟု သိရှိထားသော ပြင်ပမျိုးစိတ်များကို စီမံကိန်းနေရာအတွင်းသို့ တင်သွင်းလာခြင်းမပြုရ။ ထိုသို့တင်သွင်းခြင်းကို သက်ဆိုင်ရာနိုင်ငံ၏စည်းမျဉ်းစည်းကမ်းမူဘောင်များတွင် တားမြစ်မထားလျှင်ပင် တင်သွင်းလာခြင်းမပြုရ။

အပိုဒ် ၁၀၁ (GN101)။ အန္တရာယ်ဆန်းစစ်မှုနှင့်လက်ရှိစည်းမျဉ်းစည်းကမ်းမူဘောင်များ လိုက်နာ ဆောင်ရွက်သော်လည်း ကျူးကျော် သတ္တဝါနှင့် အပင်များအား မတော်တဆ တင်သွင်းလာမိသည့်ကိစ္စသည် ခန့်မှန်းရန် အလွန်ခက်ခဲသည့်ကိစ္စဖြစ်သည်။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုများရယူထားသူများသည် မိမိတို့၏ လုပ်ငန်းလုပ်ဆောင်ချက်များတွင် ထိုးဖောက်ပျံ့ပွားလွယ်သော ပြင်ပအပင်သို့မဟုတ် သတ္တဝါမျိုးစိတ်များ၊ ပိုးမွှားများ၊ အလွန်သေးငယ်သော ဘက်တီးရီးယားများကို သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းတင်ပို့ခြင်းတို့ကြောင့် ဖြစ်ပေါ်မည့် အန္တရာယ်များလျှော့ချရန် ကာကွယ်တားဆီးရေး အစီအမံအားလုံး ရေးဆွဲချမှတ်ထားသင့် သည်။ ကျူးကျော် မျိုးစိတ်များသည် သဘာဝနေရင်းဒေသများနှင့် အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများအပေါ် သိသာထင်ရှားသောအန္တရာယ်တစ်ရပ် ကျရောက်စေနိုင်သည်ဟု သိရှိထားလျှင် ထိုကျူးကျော်မျိုးစိတ်များအကြောင်း လေ့လာမှုများနှင့် သုံးသပ်မှုများကို တည်ဆောက်ရေးကာလမတိုင်ခင် အခြေခံလုပ်ဆောင်မည့်အချက်များတွင် ထည့်သွင်းထားသင့်သည်။ ထိုမျိုးစိတ်များပျံ့နှံ့နိုင်ခြေကို စီမံကိန်းကာလတစ်လျှောက် စောင့်ကြည့်ကြပ်မတ်စစ်ဆေးသင့်သည်။ ထိုအခြေအနေများတွင် အသေးစိတ်လွှမ်းခြုံနိုင်သော စီမံခန့်ခွဲမှုစီမံချက်တစ်ခု ပြုစုဆောင်ရွက်သင့်သည်။(ဥပမာ-ကျူးကျော်မျိုးစိတ်များပိုးမွှားများနှင့်သေးငယ်သော ဘက်တီးရီးယားများစီမံခန့်ခွဲမှုစီမံချက်) ထိုစီမံချက်တွင် ကျူးကျော်မျိုးစိတ်များ၏ ပျံ့နှံ့မှုကိုကိုင်တွယ်ဖြေရှင်းရန် အထူးစီမံရေးဆွဲထားသည့် စစ်ဆေးခြင်း၊ ဆေးကြောသန့်စင်ခြင်း ( washdown)နှင့် သီးသန့် ခွဲခြားထိန်းသိမ်းထားခြင်း (quarantine) လုပ်ထုံးလုပ်နည်းများ စသည့်ကာကွယ်ရေးနှင့် ထိခိုက်မှုလျှော့ချရေး အစီအမံများကို သတ်မှတ်ဖော်ပြထားသင့်သည်။ ထိုစီမံခန့်ခွဲမှုအစီအစဉ်သည် အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများတွင်ရှိသော စီမံကိန်းများနှင့် ကျူးကျော်မျိုးစိတ်များ၏

ပျံ့နှံ့မှုသည် ထိုနေရင်းဒေသအပေါ် ကြီးမားသောအန္တရာယ်တစ်ရပ် ကျရောက်စေနိုင်သည့် အခြေအနေများနှင့် များစွာ ဆီလျော်သည်။

အပိုဒ် ၁၀၂ (GN102)။စီမံကိန်းတွင် တစ်နေရာနှင့်တစ်နေရာကို ဆက်သွယ်ထားသော အခြေခံအဆောက်အအုံတစ်ခု၊ ဥပမာ- ပိုက်လိုင်းတစ်ခု ၊ဓာတ်အားပို့လွှတ်ရေးလိုင်း၊ ကားလမ်း သို့မဟုတ် ရထားလမ်း အကောင်အထည်ဖော်မှုပါဝင်လျှင် ထိုလမ်းကြောင်းနယ်နမိတ် ( Right -of -Way) သည် နေရင်းဒေသကို ကန့်လန့်ဖြတ် ဖြတ်သွားနိုင်ခြေရှိသည့်အပြင်၊ စင်္ကြံတစ်ခုကို ဖြတ်သန်း၍ နေရင်းဒေသအမျိုးမျိုးတို့နှင့်ချိတ်ဆက်သွားနိုင်သည်။ဤသို့ဖြင့်မျိုးစိတ်တစ်ခုသည် ဒေသတစ်ခု လုံးကို ဖြတ်၍ မြန်မြန်ဆန်ဆန်ပျံ့နှံ့နိုင်သည့် အားသာချက်များ ရရှိသွားနိုင်သောကြောင့် ကာကွယ်တားဆီးခြင်းနှင့် ထိခိုက်မှုလျှော့ချခြင်းအစီအမံများ လိုအပ်သည်။ အချို့ဖြစ်ရပ်များတွင် ပျက်စီးမှုနည်းပါးနေသေးသော နေရင်းဒေသများ တွင် လည်ပတ်နေသည့် စီမံကိန်းများသို့ နိုင်ငံပြင်ပမှ ကုန်သတ္တာများ သယ်ယူပို့ဆောင်လျှင် နိုင်ငံခြားမျိုးစိတ်များ နိုင်ငံအတွင်းသို့ ဝင်ရောက်လာမှုကို ကာကွယ်တားဆီးရန် ပစ္စည်းပေးသွင်းသူများ၏ ကန်ထရိုက်စာချုပ်များတွင် သတ်မှတ်ချက်များ ထည့်သွင်းထားသင့်သည်။ ထိုသတ်မှတ်ချက်များတွင် ကွန်တိန်နာများနှင့် လေးလံကြီးမားသော စက်ကိရိယာများကို စစ်ဆေးခြင်းနှင့် သီးသန့်ခွဲထိန်းသိမ်းခြင်းဆိုင်ရာ စည်းကမ်းများလည်း ပါဝင်နိုင်သည်။ နိုင်ငံခြားမျိုးစိတ် များအားတင်သွင်းသလိုဖြစ်သွားနိုင်သည့် အန္တရာယ်ကို ကာကွယ်တားဆီးရန် စက်ကိရိယာများသည် "အသစ်ကဲ့သို့ သန့်ရှင်းစွာ(clean as new) " ရောက်ရှိလာသင့်သည်။

အပိုဒ် ၁၀၃ (GN103)။ ကုန်စည်နှင့် ဝန်ဆောင်မှုများကို နိုင်ငံတကာသင်္ဘောလိုင်းများမှ တင်ပို့ ခြင်းနှင့်စပ်လျဉ်း၍ သင်္ဘောများတည်ငြိမ်စေရန်ဖြည့်ပေးရသောရေ (ballast water)နှင့် နုန်း(sediment)များ ထိန်းချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (The Ballast Water Management Convention) ၏မူဘောင်တွင် ဖော်ပြထားသည့် သင့်လျော်သော တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန်မျှော်လင့်ပါသည်။ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း အဖွဲ့အစည်းက ထုတ်ပြန်ထားသော အန္တရာယ်ရှိသော ရေနေသတ္တဝါများနှင့် သေးငယ်သောဘက်တီးရီးယားများ ပြောင်းရွှေ့ မှုကိုအနည်းဆုံးလျှော့ချရန်အတွက် ballast water ထိန်းချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ကိုးကားဆောင်ရွက်သင့်သည်။GN22

အပိုဒ်၁၀၄ (GN104)။ဖြစ်ရပ်များစွာတွင် ကျူးကျော်မျိုးစိတ်များသည် စီမံကိန်းနေရာချထားသည့်ဒေသအတွင်း စီမံကိန်းမတိုင်မီကတည်းကပင် ရောက်ရှိနေခဲ့ပြီးဖြစ်နိုင်ပါ သည်။ ထိုဖြစ်ရပ်များတွင် ယင်းတို့မရောက်ရှိသေးသော နယ်မြေများထဲသို့ပါ ထပ်မံပျံ့နှံ့ဝင်ရောက်ခြင်းမရှိစေရေး တားဆီးကာကွယ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန် စီမံကိန်း ဆောင်ရွက်သူအနေဖြင့်တာဝန်ရှိသည်။ဥပမာ- တစ်နေရာမှ တစ်နေရာသို့ဆက်သွယ်ထားသော အခြေခံအဆောက်အအုံ ကြောင့် ထိုးဖောက်ပျံ့ပွားနိုင်သော ပေါင်းပင်များသည် သစ်တောမြေထဲသို့ ပျံ့နှံ့ဝင်ရောက် သွားနိုင်သည်။ အထူးသဖြင့် (စီမံကိန်းလုပ်ကိုင်သူက စီမံကိန်းလုပ်ငန်းများအတွက် လမ်းကြောင်းနယ်နမိတ်ကို ထိန်းသိမ်းထားသောကြောင့်) ထိုသစ်တော ၏ သစ်ပင်ဖုံးလွှမ်းမှု အတိုင်းအတာသည် လမ်းနယ်နမိတ်အနီးတဝိုက်တွင် အပြောင်းရှင်းခံရသဖြင့် သစ်ပင်များ ပြန်လည် ထူထပ်ဖုံးလွှမ်းနိုင်ခြင်းမရှိသည့် အခြေအနေမျိုး၌ ထိုသို့ဖြစ်နိုင်သည်။ အခွင့်အရေး ရလျှင်ရလို ချဲ့ထွင်စိုက်ပျိုးမှုများ သို့မဟုတ် သစ်ထုတ်ယူမှုများသည် လမ်းကြောင်းနယ်နမိတ်များကို ပိုမိုကျယ်ဝန်းစေသည်။ ဤသို့ဖြင့် ကျူးကျော်မျိုးစိတ်၏

[22] GN22 IMO, Guidelines for the Control and Management of Ships''. GoBallast Partnership, 1997, http://globallast.imo.org/868%20english.pdf.

ပျံ့နှံ့မှုကို ပိုမိုအားကောင်းစေရာ ပြဿနာကို ပိုမိုကြီးထွားကျယ်ပြန့်သွားစေသည်။ ထိုဖြစ်ရပ်များတွင် ခြိမ်းခြောက်မှု၏ ထိခိုက်နိုင်စွမ်းအတိုင်းအတာ(severity of threat) နှင့် ထိုမျိုးစိတ်ပျံ့နှံ့ပုံနည်းလမ်း( mode of spread) ကို ရှာဖွေဆောင်ရွက်ရန် မျှော်မှန်းထားသည်။ ထိုအခြေအနေများကို ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တစ်ခုလုံး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စောင့်ကြည့်ကြပ်မတ်စစ်ဆေးသင့်သည့် အပြင် ဒေသန္တရနှင့် နိုင်ငံအဆင့်အာဏာပိုင်အဖွဲ့အစည်း များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ထိခိုက်သက်ရောက်မှုလျှော့ချရေး အတွက် ထိရောက်သော အစီအမံများ ဆောင်ရွက်သင့်သည်။

အပိုဒ် ၁၀၅ GN105။ စီမံပြောင်းလဲထားပြီးဖြစ်သော သက်ရှိဇီဝရုပ်များ( living modified organisms ကိုလည်း ပြင်ပမျိုးစိတ်များကဲ့သို့ မှတ်ယူနိုင်သည်။ ထိုးဖောက်ပျံ့ပွားလွယ်သော အမူအကျင့်နှင့်စပ်လျဉ်း၍ ပြင်ပမျိုးစိတ်များနှင့် တူညီမှုရှိပြီး ဆက်စပ်နေသောမျိုးစိတ်များသို့ မျိုးရိုးဗီဇများအတွင်းသို့ စီးဝင်သွားနိုင်ခြေများလည်း ရှိသည်။ ထိုသက်ရှိဇီဝ ရုပ်များကို အသစ်တင်သွင်းသယ်ဆောင်လာလျှင် ဇီဝလုံခြုံမှုဆိုင်ရာ (Cartagena Protocol) နှင့်အညီ ဆန်းစစ်သင့်သည်။

***ဂေဟစနစ်ထောက်ပံ့ဝန်ဆောင်မှုများအား စီမံဆောင်ရွက်ခြင်း***

***၂၄။ အန္တရာယ်နှင့်ထိခိုက်သက်ရောက်မှုများ ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းစဉ်အရ၊ စီမံကိန်းသည် ဂေဟစနစ် ဝန်ဆောင်မှုများအား ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်သည့် အခြေအနေတွင် ဂေဟစနစ်မှ ရရှိသော အကျိုးရလဒ် များမှ အရေးအကြီးဆုံးအရာများကို ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် စနစ်တကျ ပြန်လည်သုံးသပ်ရမည်။ ဂေဟစနစ်မှရရှိသော အကျိုးရလဒ်များမှ အရေးကြီးဆုံးအရာများဟု ဆိုရာ၌ ၂ ပိုင်းပါဝင်မည် ဖြစ်သည် - (၁) စီမံကိန်းလုပ်ငန်းများကြောင့် များစွာထိခိုက်သွားနိုင်သည့် ဂေဟစနစ်နှင့် ထိုထိခိုက်မှုကြောင့် ရပ်ရွာလူထုတွင် ဆိုးကျိုးသက်ရောက်မှုများ ရှိသွားနိုင်ခြင်း နှင့်(သို့မဟုတ်) (၂) စီမံကိန်းလုပ်ငန်းများက တိုက်ရိုက်မှီခိုနေရသည့် ဂေဟစနစ် (ဥပမာ - ရေ)။ သက်ဆိုင်ရာ ရပ်ရွာလူထုတွင် ထိုဆိုးကျိုးများသက်ရောက်လာနိုင်သည့် အခြေအနေ၌ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဖော်ပြထားသည့် စီမံကိန်းနှင့် ပတ်သတ်ဆက်နွယ်သူများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်နှင့်အညီ ဂေဟစနစ်မှ ရရှိသော အကျိုးရလဒ်များမှ အရေးကြီးဆုံး အရာများအား ဆုံးဖြတ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ရပ်ရွာလူထု ပါဝင်သင့်သည်။***

***၂၅။ ရပ်ရွာလူထုနှင့်ပတ်သက်နေသည့် ဂေဟစနစ်မှ ရရှိသော အကျိုးရလဒ်များမှ အရေးကြီးဆုံးအရာများကို ထိခိုက်သွားနိုင်သည့်အရေးနှင့် ဆက်စပ်၍ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများကိုယ်တိုင်က ဂေဟစနစ်ဝန်ဆောင်မှုများကို တိုက်ရိုက်စီမံခန့်ခွဲနိုင်ခြင်း (သို့မဟုတ်) ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးနိုင်သည့် အခြေအနေတွင်ရှိပါက ယင်းဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ဆိုးကျိုးသက်ရောက်မှုမရှိစေရန် ကာကွယ်နိုင် ရမည်။ အကယ်၍ ဆိုးကျိုးသက်ရောက်မှုများကို မရှောင်လွှဲနိုင်ပါက ဂေဟစနစ်ဝန်ဆောင်မှု များ၏တန်ဖိုးနှင့် လုပ်ငန်းများကို မထိခိုက်စေသည့် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သည့် ထိခိုက်သက်ရောက်မှု လျှော့ချရေးများကို ဆောင်ရွက်ရမည်။ စီမံကိန်းမှမှီခိုနေသည့် ဂေဟစနစ်မှရရှိသော အကျိုးရလဒ်များမှ အရေးကြီးဆုံးအရာများ***

***အပေါ် ဆိုးကျိုးသက်ရောက်လာသည့်အချက်နှင့် ဆက်စပ်ပြီး ထိုသက်ရောက်မှုများ လျော့ကျနည်းပါးအောင် လုပ်ဆောင်ရမည်။ ထို့ပြင် စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၃ တွင် ဖော်ပြထားသည့်အတိုင်း အရင်းအမြစ်များ ဆုံးရှုံးလေလွင့်မှုအနည်းဆုံးနှင့် အကျိုးရလဒ်အများဆုံးရရန် အသုံးပြုနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရမည်။ ဂေဟစနစ် ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး နောက်ထပ် ပံ့ပိုး လုပ်ဆောင်ရမည့် အရာများကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၄၊ ၅၊ ၇ နှင့် ၈[၁၉] တို့တွင်လည်း ဖော်ပြထားသည်။***

---

[၁၉]ဂေဟစနစ်ဝန်ဆောင်မှုများဆိုင်ရာ ရည်ညွှန်းချက်များကို လုပ်ဆောင်မှု စံသတ်မှတ်ချက် ၄ မှ အပိုဒ် ၈၊ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၅ မှ အပိုဒ် ၅ နှင့် အပိုဒ် ၂၅ မှ ၂၉၊ လုပ်ဆောင်မှု စံသတ်မှတ်ချက် ၇ မှ အပိုဒ် ၁၃ မှ ၁၇ နှင့် အပိုဒ် ၂၀၊ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၈ မှ အပိုဒ် ၁၁ တို့တွင် တွေ့နိုင်သည်။

အပိုဒ် ၁၀၆ (GN106)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် ဂေဟစနစ်၏ ဝန်ဆောင်မှုများကို အဓိပ္ပါယ်ဖွင့်ထားသည်မှာ "ဂေဟစနစ်များထံမှ လူသားများနှင့် စီးပွားရေးလုပ်ငန်းများရရှိနေသော အကျိုးကျေးဇူးများ" (အပိုဒ် ၂) ဟူ၍ ဖြစ်သည်။ ထိုဖော်ပြချက်သည် ထောင်စုနှစ် ဂေဟစနစ်ဆန်းစစ်မှု (Millennium Ecosystem Assessment) တွင် ဖော်ပြထားသော အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသည်။GN23 လုပ်ဆောင်မှုစံသတ်မှတ်ချက်၆ အပိုဒ် ၂ နှင့် အောက်ခြေမှတ်စု (၁ )တွင် ဖော်ပြထားသည့် အတိုင်း ဂေဟစနစ်ဝန်ဆောင်မှုများကို အဓိကအုပ်စု ၄ စု ခွဲခြားနိုင်သည်-

- ဂေဟစနစ်၏ဝန်ဆောင်မှုများ ထောက်ပံ့ခြင်း ( provisioning ecosystem services) တွင် အခြားအရာများအပြင် (၁) စိုက်ပျိုးရေးဆိုင်ရာထွက်ကုန်များ၊ ပင်လယ်စာနှင့် ကစားခြင်း( game) တောထွက် အစားအစာများနှင့် ဆေးဝါး၊ အစားအစာနှင့် အဝတ်အထည်အတွက် အသုံးပြုနိုင်သော သဘာဝပေါက်ပင်များ၊ (၂) သောက်သုံးရန်၊ စိုက်ပျိုးရန်နှင့် စက်မှုလုပ်ငန်းများအတွက် အသုံးပြုနိုင်သောရေနှင့် (၃) ဇီဝဗေဒဆိုင်ရာ ဆေးဝါးထုတ်ကုန်များစွာ၏ အခြေခံများ၊ တည်ဆောက်ရေးပစ္စည်းများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် biomass စသည်တို့ပါဝင်သော သစ်တောဧရိယာ
- ထိန်းညှိပေးသည့် ဂေဟစနစ်၏ ဝန်ဆောင်မှုများ( regulating ecosystem sercices) တွင် အခြားအရာတို့အပြင် အောက်ပါတို့ပါဝင်သည် (၁) ရာသီဥတုထိန်းညှိခြင်း၊ ကာဗွန်သိုလှောင်ခြင်းနှင့် ယာယီထိန်းသိမ်းထားခြင်း၊ (၂) အမှိုက်များ၊ အညစ်အကြေးများ ကျေပျက်စေခြင်းနှင့် အဆိပ်အတောက်ဖယ်ရှားခြင်း၊ (၃) ရေနှင့် လေကို သန့်စင်ခြင်း၊ (၄) ပိုးမွှားများ၊ ရောဂါနှင့် ဝတ်မှုံကူးခြင်းတို့ကိုထိန်းချုပ်ခြင်းနှင့် (၅) သဘာဝဘေးအန္တရာယ် လျော့နည်းစေခြင်း။
- ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်မှုများ(cultural services) တွင် အခြားအရာများအပြင် အောက်ပါတို့ ပါဝင်သည် (၁) ကိုးကွယ်ယုံကြည်မှုဆိုင်ရာ မြင့်မြတ်သောနေရာများ(၂) အပန်းဖြေရန်ရည်ရွယ်ချက်များ ဥပမာ- အားကစားပြုလုပ်ခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းနှင့် တောတောင်ရေမြေရှုခင်းအလှနှင့် ပတ်သတ်သည့် ခရီးသွားလုပ်ငန်းနှင့် (၃) သိပ္ပံနည်းကျ စူးစမ်းရှာဖွေခြင်းနှင့် ပညာပေးခြင်း။

---

[23] GN23 ထောင်စုနှစ်ဂေဟစနစ်ဆန်းစစ်မှုဆိုင်ရာ အင်တာနက်စာမျက်နှာ, "Millennium Ecosystem Assessment", 2006, http://www.maweb.org.

- အထောက်အကူပြုသော ဝန်ဆောင်မှုများ(supporing services) မှာ အခြားဝန်ဆောင်မှုများကို ထိန်းသိမ်းပေးသည့်သဘာဝလုပ်ငန်းငန်းစဉ်များ၊ ဥပမာ-(၁)အာဟာရဓာတ်များကို စုတ်ယူခြင်းနှင့် ပြန်လည်အသုံးပြု လည်ပတ်စေခြင်း(nutrient capture and recycling) (၂) ပင်မထုတ်လုပ်မှုနှင့် (၃) မျိုးရိုးဗီဇဖလှယ်ရန် လမ်းကြောင်းများ။

အပိုဒ် ၁၀၇ (GN107)။ လုပ်ဆောင်မှုစံသတ်မှတ်ချက်၆ သည် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ဘောဂဗေဒဆိုင်ရာ လေ့လာမှုအစီအစဉ် (The Economics of Ecosystems and Biodiversity-TEEB)၏ အရေးပါမှုကို အသိအမှတ်ပြုသည်။ထိုအစီအစဉ်သည် ရေရှည်လေ့လာမှုအစီအစဉ်ဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုအပြင် ယင်းနှင့်ဆက်စပ်နေသော ဂေဟစနစ်ဝန်ဆောင်မှုများ လျော့နည်းကျဆင်းခြင်းအတွက် နစ်နာဆုံးရှုံးမှုများကို အကဲဖြတ်ရန် ကမ္ဘာတစ်လွှားမှ ပညာရှင်များက ဆောင်ရွက်ကြခြင်းဖြစ်သည်။ (TEEB) အစီအစဉ်တွင် ဂေဟစနစ်၏ဝန်ဆောင်မှုများကို "လူသားဘဝ သာယာဝပြောရေးအတွက် ဂေဟစနစ်များ၏ တိုက်ရိုက်သွယ်ဝိုက်ဖြည့်ဆည်းပံ့ပိုးမှုများ" အဖြစ် ဖော်ပြထားသည်။ (TEEB) သည် သဘာဝ အရင်းအနှီးဟူသည့် သဘောတရားကိုလည်း ရည်ညွှန်းကိုးကားသည်။ စီးပွားရေးဆိုင်ရာရှုထောင့် တစ်ရပ်မှကြည့်လျှင် လူ့အသိုင်းအဝိုင်းသည် သဘာဝအရင်းအနှီးမှ ရရှိနေသော အမြတ်ဝေစုတစ်ရပ်အဖြစ် ဂေဟစနစ်၏ ဝန်ဆောင်မှုများစီးဆင်းမှုအား ရှုမြင်သဘောပေါက်၍ အဆိုပါသဘာဝအရင်းအနှီးလက်ကျန်များကို ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် ဂေဟစနစ်၏ဝန်ဆောင်မှုများကို အနာဂတ်တွင် ရေရှည်တည်တံ့စွာ ဆက်လက်ဖြစ်ပေါ်စေနိုင်၍ ထိုမှတဆင့် လူသားဘဝသာယာဝပြောမှု ရေရှည်ဖြစ်ပေါ်စေရန် အထောက်အကူပြုသည်။

အပိုဒ် ၁၀၈ (GN108)။ ဂေဟစနစ်၏ ဝန်ဆောင်မှုများသည် ဝန်ဆောင်မှုစစ်စစ်များ ဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဝန်ဆောင်မှုမှ (လူသားများက) အကျိုးခံစားနေသည်ဟု ဖော်ထုတ်တွေ့ရှိရ သောကြောင့်ဖြစ်သည်(ဆိုလိုသည်မှာ ဝန်ဆောင်မှုကိုအသုံးပြုသူ)။ ဂေဟစနစ်၏ ဝန်ဆောင်မှုများသည် သဘာဝပတ်ဝန်းကျင်ရှိ ဇီဝရုပ်သွင်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်လည်း ဆက်စပ်နေသည်။ သို့သော်လည်း လူတစ်ဦး သို့မဟုတ် လူအုပ်စု တစ်စုက ထိုလုပ်ငန်းစဉ်မှ အကျိုးခံစားမှု မရသေးသမျှ ဝန်ဆောင်မှုတစ်ရပ်ဟုမခေါ် နိုင်ပါ။ အကျိုးခံစားမှုသည် ဒေသန္တရအဆင့်၊ ဒေသအဆင့် သို့မဟုတ် ကမ္ဘာအဆင့်ထိ ဖြစ်သင့်ပါသည်။ ဥပမာ- ဒေသခံလူထု စုဆောင်းယူလာသည့် တောအစားအစာများနှင့် ရေချိုများသည် ဒေသန္တရအဆင့် အတိုင်းအတာအထိ ကျယ်ပြန့်သောသုံးစွဲသူများအား အကျိုးကျေးဇူးရရှိစေမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ကြသည့် ဟာရီကိန်းမုန်တိုင်းနှင့် လေဆင်နှာမောင်းတို့ဖြစ်ပွား ဖျက်ဆီးမှုကို ဂေဟစနစ်က လျှော့ချနိုင်စွမ်းသည်။ ထိုဝန်ဆောင်မှုများ လက်ခံရရှိသူများအပေါ် ဒေသန္တရအဆင့်နှင့် ဒေသအဆင့် အတိုင်းအတာအထိ အကျိုးရှိနိုင်သည်။ မူလအတိုင်းရှိနေသော သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုဖမ်းယူသိုလှောင်၍ ရာသီဥတုကို ထိန်းညှိပေးသောကြောင့် ထိုဝန်ဆောင်မှု လက်ခံရရှိသူများသည် ကမ္ဘာ့အတိုင်းအတာ အထိရှိပေမည်။

အပိုဒ် ၁၀၉ (GN109)။ မကြာသေးမီနှစ်များအတွင်း ထိုသဘောတရားများ အသုံးချမှုကို အထောက်အကူပြုရန် အစီရင်ခံစာအမျိုးမျိုး၊ လမ်းညွှန်စာတမ်းများ၊ မြေပုံရေးဆွဲပြုစုသည့် နည်းလမ်းများနှင့် အထောက်အကူပြု ဆော့ဖ်ဝဲလ်များ၊ နည်းစနစ်များကို ပြုစုဆောင်ရွက်ခဲ့ကြသည်။ ဂေဟစနစ်၏ ဝန်ဆောင်မှုများအတွက် အခကြေးငွေပေးချေခြင်း (payment for ecosystem services–PES) ဆိုင်ရာ စာပေများစွာသည် နှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် (PES) ကို တိုက်ရိုက်အသုံးမပြုနိုင်ပါ။ ထို့ကြောင့် ဤလမ်းညွှန်ချက်မှတ်စုတွင် လည်း

ကိုးကားမထားပါ။ IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် ဂေဟစနစ်၏ ဝန်ဆောင်မှုများအပေါ် စီးပွားရေးတန်ဖိုးဖြတ်မှု( Economic valuation) အစား ဂေဟစနစ်၏ ဝန်ဆောင်မှုများအပေါ် ထိခိုက်သက်ရောက်မှုများ လျှော့ချခြင်းနှင့် ဂေဟစနစ်၏ဝန်ဆောင်မှုများမှ ကုမ္ပဏီများအား ထောက်ပံ့ပေးသော အကျိုးကျေးဇူးများကိုသာ အဓိက ထားရန် ဖြစ်သည်။ ဂေဟစနစ်၏ ဝန်ဆောင်မှုများအတွက် အခကြေးငွေပေးချေခြင်း (PES) အစီအစဉ်ကို IFC၏ ထောက်ပံ့ ဝန်ဆောင်မှုများကိုရယူထားသူများ၏ စီးပွားရေးလုပ်ငန်းရှိသည့် နေရာများအတွင်း သို့မဟုတ် ထိုနေရာ၏အနီးအနားတွင် ဆောင်ရွက်နေလျှင် လက်ရှိ ဥပဒေစည်းမျဉ်းစည်းကမ်းမူဘောင်နှင့် အခြားသောအစီအစဉ်များနှင့်အညီ ယင်းတို့ကို သိရှိနားလည်ထားသင့်သည်။

အပိုဒ် ၁၁၀ (GN110)။ ဂေဟစနစ်ဝန်ဆောင်မှုများအတွက် အခကြေးငွေပေးချေခြင်း (PES) အစား ဂေဟစနစ်ဝန်ဆောင်မှု များအပေါ် အလေးပေးထားသော လမ်းညွှန်စာတမ်းများနှင့် အထောက်အကူပြု နည်းလမ်းများကို ပြုစုခဲ့ကြသည်။ အချို့ သည် မူဝါဒချမှတ်ခြင်း၊ ဒေသဆိုင်ရာစီမံရေးဆွဲခြင်း၊ ပညာပေးခြင်းနှင့် အသိအမြင်တိုးမြင့်စေခြင်းတို့ကို အလေးပေး၍ အချို့သည် ပုဂ္ဂလိကကဏ္ဍ လက်တွေ့ကွင်းဆင်း ဆောင်ရွက်မှုများတွင် အသုံးဝင်နိုင်သည်။ ဂေဟစနစ်၏ ဝန်ဆောင်မှုများ သည် စီမံကိန်းမှ အဓိကအလေးပေးရမည့်ကိစ္စတစ်ခုဖြစ်လျှင် IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် သက်ဆိုင်ရာ သင့်သော်သောလမ်းညွှန်စာတမ်းများနှင့် မြေပုံရေးဆွဲသည့်နည်းစနစ်များ အသုံးပြုသင့်သည်။ (ထိုသို့အသုံးပြုရာတွင်) ပုဂ္ဂလိကကဏ္ဍတွင် လက်တွေ့အသုံးချနိုင်ရေးအတွက် ထိုနည်းစနစ်များအားလုံးကို ခိုင်ခိုင်မာမာ စမ်းသပ်ထားခြင်း မရှိသည်ကို သိရှိထားသင့်ပါသည်။စီမံကိန်းသက်တမ်းတစ်လျှောက်အဆင့်အမျိုးမျိုးအတွက် ဆီလျော်သော သက်ဆိုင်ရာ နည်းစနစ်များ ရှိနိုင်သလို ၊ ဂေဟဗေဒဆိုင်ရာနှင့် လူမှုဆိုင်ရာ စဉ်းစားဆင်ခြင်ရာတွင် လက်ရှိ ဆန်းစစ်ခြင်း၊ ထိခိုက်မှုလျှော့ချခြင်းနှင့် စီမံခန့်ခွဲရန် ရေးဆွဲခြင်းလုပ်ငန်းစဉ်များထဲသို့ ထည့်သွင်းရန် နည်းစနစ်မျိုးစုံကို တစ်ခုနှင့်တစ်ခု ပေါင်းစပ်၍လည်း အသုံးပြုနိုင်သည်။

အပိုဒ် ၁၁၁ (GN111)။ ဂေဟစနစ်၏ဝန်ဆောင်မှုများ အရည်အသွေးအဆင့်အတန်း နိမ့်ကျ လာခြင်းနှင့် ဆုံးရှုံးခြင်းသည် စီမံကိန်း ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ၊ ငွေကြေးဆိုင်ရာနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အန္တရာယ်များ ကျရောက်စေနိုင်သည်။ အန္တရာယ်(risk) ရှုထောင့်မှကြည့်လျှင်ဂေဟစနစ်ဝန်ဆောင်မှုများကို ယေဘုယျအားဖြင့် အောက်ပါ အတိုင်း အုပ်စုများခွဲခြားနိုင်သည် (၁) စီမံကိန်းနှင့်ဆိုင်သည့် ထိခိုက်မှုများသည် ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများ အပေါ်ကျရောက်လျှင် IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများအပေါ်သို့ အန္တရာယ်ကျရောက်လာနိုင်ခြေ ရှိသည့် ကိစ္စများနှင့် (၂) စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုများအတွက် အဆိုပါဂေဟစနစ်၏ဝန်ဆောင်မှုများအပေါ် တိုက်ရိုက်မှီခို နေရသည့်ဖြစ်ရပ်၌ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအပေါ် အခွင့်အရေးတစ်ရပ် ရရှိစေသည့်ကိစ္စများ (ဥပမာ- ရေအားလျှပ်စစ်စီမံကိန်းများအတွက် ရေများ)။ ထို့အပြင် ဂေဟစနစ်များကို ဥပဒေနှင့် စည်းမျဉ်း စည်းကမ်း မူဘောင်များ အောက်တွင် ပိုမိုတိုးတက် အသိအမှတ်ပြု ကာကွယ်စောင့်ရှောက်လာကြသည်။ အချို့နိုင်ငံများသည် နိုင်ငံအဆင့်နှင့် ပြည်နယ်အဆင့် ဥပဒေများတွင် ဂေဟစနဝန်ဆောင်မှုများ ထည့်သွင်းထားကြသည်။ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူ ထားသူများသည် ယင်းတို့လုပ်ကိုင်နေသော နိုင်ငံများတွင်ရှိနေသော ဥပဒေများနှင့် အကျွမ်းတဝင် ရှိထားသင့်သည်။

အပိုဒ် ၁၁၂ (GN112)။ ဂေဟစနစ်၏ ဝန်ဆောင်မှုများသည် စည်းမျဉ်းစည်းကမ်းများစွာနှင့် ပတ်သက်ဆက်နွယ်နေသော အကြောင်းအရာဖြစ်သည်။ ထို့ကြောင့် လုပ်ဆောင်မှုစံသတ်မှတ်ချက်များစွာတွင် ထိုအကြောင်းများကို ထည့်သွင်းထားခြင်း

ဖြစ်သည်။ ဂေဟစနစ်၏ ဝန်ဆောင်မှုများ ပေးအပ်ခြင်း (provisioning) နှင့် ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် အကြောင်းအရာသည် ဤအကြောင်းအရာကို ဆန်းစစ်အကဲဖြတ်ရာ၌ ရင်းနှီးကျွမ်းဝင်မှုအရှိဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြသည့် လူမှုဖွံ့ဖြိုးကျွမ်းကျင်သူများ (ပြန်လည်နေရာချထားရေးကျွမ်းကျင်သူများနှင့် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး ကျွမ်းကျင်သူများ)နှင့် ယဉ်ကျေးမှုအမွေအနှစ် ကျွမ်းကျင်သူများက ဒေသခံလူထုနှင့် တိုက်ရိုက် ထိတွေ့ကျင့်သုံးကြသည့် အကြောင်းအရာဖြစ်သည်။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း နှင့်တိုင်ပင်ဆွေးနွေးခြင်း၏အရေးပါမှုကို ဖော်ပြသည့် စစ်မှန်သောအကြောင်းအရာလည်းဖြစ်သည်။ အခြားတစ်ဖက်တွင် ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု ကျွမ်းကျင်သူများနှင့်ပတ်ဝန်းကျင်ဆိုင်ရာအင်ဂျင်နီယာများသည် ဂေဟစနစ်ဝန်ဆောင်မှုများ ထိန်းညှိဆောင်ရွက်ခြင်းအတွက် ထိခိုက်မှုလျှော့ချရေးနည်းပညာဆိုင်ရာ ရွေးချယ်စရာများကို အကောင်းဆုံး အကဲဖြတ် နိုင်သည့်အနေအထားတွင်ရှိနေရပေမည်။ မည်သည့်ဖြစ်ရပ်မျိုးမဆို ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများသည် လူမှု ဆိုင်ရာနှင့် ဂေဟဗေဒဆိုင်ရာ အကြောင်းအရာဖြစ်၍ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာကျွမ်းကျင်သူများအကြား ပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်သည်။ ဤမှတ်စု အပိုဒ် ၂၁ တွင် ဖော်ပြထားသည့်အတိုင်း ဆန်းစစ်မှုတစ်ခုအတွက်ပင် ကျွမ်းကျင်သူများက ပေးနိုင်သည့် ဝန်ဆောင်မှုအပေါ်မူတည်၍ ကျွမ်းကျင်သူအရေအတွက်များစွာလိုအပ်နိုင်သည်။ ထိုကျွမ်းကျင်သူများတွင် မြေကြီးနှင့် မြေယာဆိုင်ရာနှင့် မြေတိုက်စားမှုထိန်းချုပ်ရေးကျွမ်းကျင်သူများ၊ ဘူမိဗေဒပညာရှင် များ၊ ဇလဗေဒပညာရှင်များ၊စိုက်ပျိုးရေးပညာရှင်များ၊စားကျက်မြေဂေဟဗေဒပညာရှင်များ၊ သဘာဝသယံဇာတများအား ငွေကြေးဆိုင်ရာ တန်ဖိုးသင့်တွက်ချက်နိုင်သော ပညာရှင်များ(Specialists in economic valuation of natural resources) ၊ မြေအသုံးချမှု စီမံရေးဆွဲရေးနှင့် ပြန်လည်ထူထောင်ရေး၊သဘာဝသယံဇာတအခြေခံ အသက်မွေးဝမ်းကျောင်း အခြေခံ ကျွမ်းကျင်သူများနှင့် ယဉ်ကျေးမှုနှင့် မနုဿဗေဒဆိုင်ရာ ကျွမ်းကျင်သူများပါဝင်ကြသည်။

အပိုဒ် ၁၁၃ (GN113)။ ဂေဟစနစ်ဝန်ဆောင်မှုသဘောတရားများသည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၄ (ရပ်ရွာလူထုကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး)၊ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၅(မြေယာရယူခြင်း၊ ဆန္ဒမပါသော နေရာပြောင်းရွှေ့ရမှု)၊လုပ်ဆောင်မှုစံသတ်မှတ်ချက် ၇ (ဒေသခံတိုင်းရင်းသားများ) နှင့် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၈ (ယဉ်ကျေးမှုအမွေအနှစ်)၊ လုပ်ဆောင်မှုစံသတ်မှတ်ချက်၃(သဘာဝအရင်းအမြစ်ကို မပျက်စီးစေဘဲ ထိရောက်စွာအသုံးပြုခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်အောင်ကာကွယ်ခြင်း) တို့တွင်ပါရှိ၍ လုပ်ငန်းလုပ်ဆောင်သူ၏ စီးပွားရေးလုပ်ငန်းများမှ မှီခိုနေသည့် (သဘာဝအရင်းအမြစ်ကို မပျက်စီးစေဘဲ ထိရောက်စွာအသုံးပြုစေခြင်းအပိုင်း၊ အပိုဒ် ၆ မှ ၉) ဂေဟစနစ် ဝန်ဆောင်မှုများနှင့် ဆက်စပ်နေသည်။ အကျဉ်းချုပ်ဇယားတစ်ခုကို ဤလမ်းညွှန်မှတ်စု နောက်ဆက်တွဲ (က)တွင် ဖော်ပြထားရာ လုပ်ဆောင်မှုစံသတ်မှတ်ချက်များ အသုံးပြုရာတွင် ဤအကြောင်းအရာကို သွတ်သွင်းပေါင်းစပ် ထားကြောင်း သက်သေပြရန်နှင့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ နှင့် များစွာ ဆက်စပ်ကြောင်းဖော်ပြရန်ဖြစ်သည်။

အပိုဒ် ၁၁၄ (GN114)။ လုပ်ငန်းလုပ်ဆောင်သူသည် အဆိုပါ ဂေဟစနစ်၏ ဝန်ဆောင်မှုများအပေါ် "တိုက်ရိုက်စီမံခန့်ခွဲ ထိန်းချုပ်မှု သို့မဟုတ် လွှမ်းမိုးသက်ရောက်မှု ကြီးကြီးမားမား " ရှိနေမှသာ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ပါ စည်းကမ်း ချက်များကို လိုက်နာနိုင်သည်။ ထို့ကြောင့် ကမ္ဘာ တစ်ဝှမ်း အကျိုးကျေးဇူးရရှိခံစားသူများနှင့် တစ်ခါတစ်ရံတွင် ဒေသအဆင့် အကျိုးခံစားရရှိနေသူများရှိသည့် ဂေဟစနစ်၏ ဝန်ဆောင်မှုများကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင်

ဖော်ပြမထားပါ။GN24 အဆိုပါဝန်ဆောင်မှုများတွင် ဂေဟစနစ်၏ ထိန်းညှိပေးသောဝန်ဆောင်မှုများ(ဥပမာ- ကာဗွန်သိုလှောင်ခြင်း သို့မဟုတ် ရာသီဥတုထိန်းညှိခြင်း)တွင်ထိုဝန်ဆောင်မှုရရှိ အကျိုးဖြစ်ထွန်းမှုမှာ ကမ္ဘာလုံးအတိုင်း အတာရှိသည်။ လုပ်ငန်းလုပ်ဆောင်သူက တိုက်ရိုက်စီမံခန့်ခွဲထိန်းချုပ်မှုမရှိသော သို့မဟုတ် လွှမ်းမိုးသက်ရောက်မှု ကြီးကြီးမားမား မရှိသော ဂေဟစနစ်၏ ဝန်ဆောင်မှုများအပေါ် ကျရောက်သည့် စီမံကိန်းဆိုင်ရာ ထိခိုက်မှုများကိုမူ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင် ဆန်းစစ်ဖော်ပြထားမည်ဖြစ်သည်။

အပိုဒ် ၁၁၅ (GN115)။ ဤမှတ်စု၊အပိုဒ် ၄ မှ ၆ အထိ ဖော်ပြထားသည့်အတိုင်း အန္တရာယ်များနှင့် ထိခိုက်သက်ရောက်မှုများ ရှာဖွေဖော်ထုတ်သည့် လုပ်ငန်းစဉ်တွင် ဂေဟစနစ်၏ ဝန်ဆောင်မှုများ ကို လေ့လာမည့်နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းတစ်ရပ်လည်းပါဝင်သည်။ထိုသို့နယ်ပယ် အတိုင်းအတာသတ်မှတ်ခြင်းကို သုတေသနစာတမ်းများ စုစည်း သုံးသပ်ခြင်းနှင့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁ တွင်ဖော်ပြထားသော စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများအား ချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းစဉ်၏အစိတ်အပိုင်းတစ်ရပ်အဖြစ် ထိခိုက်နစ်နာသည့် ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေး ခြင်းတို့အားဖြင့် အဓိကထားဆောင်ရွက်သင့်သည်။ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းကို လမ်းညွှန်ချက်မှတ်စု ၁၊ အပိုဒ် ၉၁ မှ ၁၀၅ တွင် ဖော်ပြထားသည်။ ဂေဟစနစ်၏ ဝန်ဆောင်မှုများနှင့် အထူးသက်ဆိုင်သည့် အကြောင်းအရာမှာ ဆင်းရဲသော၊ အားနည်းထိခိုက်လွယ်သောရပ်ရွာလူထု၊ အထူးသဖြင့် ဒေသခံတိုင်းရင်းသားများနှင့် ချိတ်ဆက်ဆောင်ရွက် မေးမြန်းခြင်းဖြစ်သည်။ (လုပ်ဆောင်မှုစံသတ်မှတ်ချက် ၇ တွင် သတ်မှတ်ထားသော ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများနှင့်ဆိုင်သည့်အပိုင်းကိုကြည့်ပါ။) အမျိုးသမီးများနှင့် ထိတွေ့ဆွေးနွေးခြင်းကိုလည်း ဆောင်ရွက် ပါသင့်သည်။ အကြောင်းမှာ ယင်းတို့သည် သဘာဝသယံဇာတရင်းမြစ်များကို အသုံးပြုနေကြသူများ ဖြစ်နိုင်သောကြောင့် ဖြစ်သည်။ ဂေဟစနစ်၏ ဝန်ဆောင်မှုများအပေါ် စီမံကိန်းနှင့်ဆိုင်သော သိသာထင်ရှားသည့်အန္တရာယ်များဖြစ်နိုင်ခြေကို ဖော်ထုတ်တွေ့ရှိရလျှင် လုပ်ငန်းလုပ်ဆောင်သူသည် အဓိကကျသည့် ဂေဟစနစ်၏ ဝန်ဆောင်မှုများ ကို ရှာဖွေဖော်ထုတ်ရန် တာဝန်ရှိသည်။ အဓိကကျသော ဂေဟစနစ်၏ ဝန်ဆောင်မှုများကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပိုဒ် ၂၄ တွင်ဖော်ပြထားသည်မှာ (၁) စီမံကိန်း၏ လုပ်ကိုင်လည်ပတ်မှုများကြောင့် ဂေဟစနစ်၏ ဝန်ဆောင်မှုများအပေါ် ထိခိုက်မှုသက်ရောက်မှု တစ်ရပ် ဖြစ်နိုင်ခြေမြင့်မား၍ ယင်း၏အကျိုးဆက်ကြောင့် ရပ်ရွာလူထုအပေါ် ဆိုးရွားပြင်းထန် သောထိခိုက်သက်ရောက်မှုများ ကျရောက်ခြင်းနှင့်/ သို့မဟုတ် (၂) စီမံကိန်း၏ လုပ်ငန်းလည်ပတ်မှုများ အတွက် တိုက်ရိုက်မှီခိုနေရသော ဂေဟစနစ်၏ ဝန်ဆောင်မှုများ (ဥပမာ-ရေ)။ အဓိကကျသော ဂေဟစနစ်၏ ထောက်ပံ့ ဝန်ဆောင်မှုများကို ဖော်ထုတ်သတ်မှတ်ရာ၌ စနစ်တကျ သုံးသပ်၍ ဦးစားပေးသတ်မှတ်သည့် ချဉ်းကပ်နည်းတစ်ရပ်ကို အသုံးပြုသင့်သည် (လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၂၄)။ ဤလမ်းညွှန်ချက်မှတ်စု၏ ရည်ရွယ်ချက်မှာ

---

[24] GN24 လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ပါ သတ်မှတ်ချက်များကို ဒေသအဆင့် အတိုင်းအတာဖြင့် အကျိုးခံစားသူများ ရှိနေသည့် ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှု များတွင် အသုံးပြုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အလွန်ကြီးမားသော ခြေရာ လက်ရာများရှိနေသည့် စီမံကိန်းများသည် ဒေသအဆင့် ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများအပေါ် ထိခိုက်မှုတစ်ရပ် ရှိနိုင်သောကြောင့်ဖြစ်သည်။ (ဥပမာ - သဘာဝဘေးအန္တရာယ်များ လျှော့ချရန် လိုအပ်သော ကြီးမားသော စိမ့်မြေများ သို့မဟုတ် ကမ်းရိုးတန်းဇရိယာများ)။ ထိုဝန်ဆောင်မှုများအပေါ် သိသာထင်ရှားသော လွှမ်းမိုး သက်ရောက်မှုရှိရေး သတ်မှတ်ဆောင်ရွက်နိုင်ရန် ထိခိုက်မှုလျှော့ချရေး အစီအမံများ ကျင့်သုံးနိုင်သည်။

ဤလုပ်ငန်းစဉ်အား ဂေဟစနစ်၏ ဝန်ဆောင်မှုများအပေါ် စနစ်တကျ ဆန်းစစ်မှုတစ်ရပ်( Systematic assessment of ecosystem services) အဖြစ် ရည်ညွှန်းကိုးကားစေခြင်းဖြစ်သည်။[GN25]

အပိုဒ် ၁၁၆ (GN116)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ ကို အကောင်အထည်ဖော်ရန် ရည်ရွယ်၍ ဂေဟစနစ်၏ ဝန်ဆောင်မှုများကို အုပ်စုနှစ်ခုခွဲနိုင်သည်။

- **အမျိုးအစား (၁)**။ ဝန်ဆောင်မှုပေးအပ်ခြင်း၊ ထိန်းညှိခြင်း၊ ယဉ်ကျေးမှုဆိုင်ရာနှင့် အထောက်အကူပြု ဂေဟစနစ် ဝန်ဆောင်မှုများ၊ ထိုဝန်ဆောင်မှုများအပေါ် လုပ်ငန်း လုပ်ဆောင်သူက တိုက်ရိုက်စီမံခန့်ခွဲ ထိန်းချုပ်မှုရှိခြင်း သို့မဟုတ် သိသာထင်ရှားကြီးမားသော လွှမ်းမိုးမှုရှိခြင်းနှင့် ယင်းဝန်ဆောင်မှုများအပေါ် ထိခိုက်မှုများသည် **ရပ်ရွာလူထုအပေါ် ဆိုးဆိုးဝါးဝါး သက်ရောက်နိုင်ခြင်း**။
- **အမျိုးအစား (၂)**။ ထိုဝန်ဆောင်မှုအပေါ် လုပ်ငန်းလုပ်ဆောင်သူက တိုက်ရိုက်စီမံခန့်ခွဲ ထိန်းချုပ်မှုရှိခြင်း သို့မဟုတ် သိသာထင်ရှားကြီးမားသော လွှမ်းမိုးသက်ရောက်မှုရှိခြင်းနှင့် **စီမံကိန်း၏ လုပ်ငန်းလည်ပတ်မှုများအတွက် ထိုဝန်ဆောင်မှုအပေါ် တိုက်ရိုက်မှီခိုနေရခြင်း** (ဥပမာများကို အပိုဒ် ၁၂၂ တွင်ဖော်ပြထားသည်)။

အပိုဒ် ၁၁၇ (GN117)။ စီမံကိန်းတစ်ခုသည် ဂေဟစနစ်၏ ဝန်ဆောင်မှုများအပေါ် ထိခိုက်မှု သက်ရောက်မှုတစ်ရပ် ဖြစ်နိုင်ခြေရှိလျှင် စနစ်တကျ ဆန်းစစ်မှုပြုလုပ်၍ စီမံကိန်းနေရာနှင့် လွှမ်းမိုးသက်ရောက်ခံနေရာရှိ ဂေဟစနစ်၏ ထောက်ပံ့ ဝန်ဆောင်မှု အမျိုးအစား (၁) နှင့် အမျိုးအစား (၂) အားလုံးကို လေ့လာစစ်ဆေးသတ်မှတ်သင့်သည်။ ထို့အပြင် အောက်ပါတို့ကိုအခြေခံ၍ ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများကို ဦးစားပေးများသတ်မှတ်သင့်သည်။ (၁) ဂေဟစနစ်၏ ဝန်ဆောင်မှုအပေါ် စီမံကိန်းမှထိခိုက်မှုကျရောက်နိုင်ချေ၊ (၂) ထိုဂေဟစနစ်၏ဝန်ဆောင်မှုအပေါ် စီမံကိန်း၏ တိုက်ရိုက် စီမံခန့်ခွဲထိန်းချုပ်မှု သို့မဟုတ် သိသာထင်ရှားကြီးမားသော လွှမ်းမိုးသက်ရောက်မှု။

အပိုဒ် ၁၁၈ (GN118)။ အမျိုးစား (၁) ဂေဟစနစ်၏ ဝန်ဆောင်မှုများကို အောက်ပါ အခြေအနေများတွင် ဦးစားပေးအဖြစ် စဉ်းစားရန်ဖြစ်သည်-

- စီမံကိန်းလုပ်ကိုင်လည်ပတ်မှုများသည် ဂေဟစနစ်၏ဝန်ဆောင်မှုများအပေါ် သိသာထင်ရှားကြီးမားသောသော ထိခိုက်မှုကျရောက်နိုင်ခြေရှိခြင်း၊
- ထိုထိခိုက်မှု၏ အကျိုးဆက်အားဖြင့် “ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်(သို့မဟုတ်) ယဉ်ကျေးမှုအမွေအနှစ်” တို့အပေါ် တိုက်ရိုက်ဆိုးကျိုး ထိခိုက်မှုရှိနိုင်ခြင်းနှင့်၊

---

[25] GN25 ထိခိုက်မှုသက်ရောက်မှုဆန်းစစ်ရန် ဂေဟစနစ်၏ဝန်ဆောင်မှုများအပေါ် သုံးသပ်ခြင်း ဟူသည့် စကားရပ်ကို World Resources Institute (WRI) က ပြုစုခဲ့ခြင်းဖြစ်သည်။ i: Hanson, Craig, Corporate Ecosystems Service Review, https://www.wri.org/publication/corporate-ecosystem-services-review. ဤလမ်းညွှန်မှတ်စုတွင် ယင်းစကားရပ် အသုံးပြုမှုသည် WRI သုံးစွဲထားသည့် အတိုင်း တိတိကျကျ ထပ်လောင်းဖွင့်ဆိုလိုသည့် သဘောမဟုတ်ပါ။ WRI ၏ ESR ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများသုံးသပ်ခြင်း နည်းလမ်း(ESR)သည် ဤအကြောင်းအရာများ ဆန်းစစ်ရာ၌ ရွေးချယ်အသုံးပြုရန် အကြံပြုထားသော နည်းလမ်းများစွာအနက် တစ်ခု ဖြစ်သည်။

- စီမံကိန်းသည် ထိုဂေဟစနစ်၏ဝန်ဆောင်မှုများအပေါ် တိုက်ရိုက်စီမံခန့်ခွဲ ထိန်းချုပ်မှုရှိနေခြင်း သို့မဟုတ် သိသာထင်ရှားကြီးမားသော လွှမ်းမိုးမှုရှိနေခြင်း။

အပိုဒ် ၁၁၉ (GN 119)။ အမျိုးစား (၂) ဂေဟစနစ်ဝန်ဆောင်မှုများကို အောက်ပါ အခြေအနေများတွင် ဦးစားပေးအဖြစ် စဉ်းစားရန်ဖြစ်သည်-

- စီမံကိန်း၏ပင်မလုပ်ကိုင်လည်ပတ်မှုများအတွက် ထိုဂေဟစနစ် ဝန်ဆောင်မှုများကို တိုက်ရိုက်မှီခိုနေခြင်းနှင့်၊
- စီမံကိန်းသည် ထိုဂေဟစနစ်ဝန်ဆောင်မှုများအပေါ် တိုက်ရိုက်စီမံခန့်ခွဲ ထိန်းချုပ်မှုရှိနေခြင်း သို့မဟုတ် သိသာထင်ရှားကြီးမားသော လွှမ်းမိုးမှုရှိနေခြင်း။

အပိုဒ် ၁၂၀ (GN120)။ အမျိုးအစား(၁) ဂေဟစနစ်၏ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ စနစ်တကျ ဆန်းစစ်မှုတစ်ရပ်ကို စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးပါဝင် ဆောင်ရွက်စေသည့် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ် အဖြစ် ဆောင်ရွက်ရမည်။ ထိုတိုင်ပင်ဆွေးနွေးမှုအတွက် အဓိကကိုယ်စားလှယ်များအဖြစ် လူမှုဆိုင်ရာကျွမ်းကျင်သူများက ဆောင်ရွက်ရန်ဖြစ်သည်။ လိုက်နာရမည်စည်းကမ်းချက်များကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၁၊ အပိုဒ် ၂၅ မှ ၃၃ တွင် ဖော်ပြထားသည်။ ယင်းနှင့်သက်ဆိုင်သော လမ်းညွှန်ချက်ကို လမ်းညွှန်ချက်မှတ်စု ၁၊ အပိုဒ်၉၁ မှ ၁၀၅ တွင်တွေ့နိုင်သည်။ စနစ်တကျဆန်းစစ်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အောက်ပါတို့ကို စဉ်းစားသင့်သည်-

- စီမံကိန်းနေရာနှင့်လွှမ်းမိုးသက်ရောက်မှုခံရသောနေရာတွင်ရှိသည့်ဂေဟစနစ်၏ ဝန်ဆောင်မှုများ၏ သဘောသဘာဝနှင့် အတိုင်းအတာကို သုံးသပ်ရန်၊
- ထိုဝန်ဆောင်မှုများ၏ အခြေအနေပြောင်းလဲမှုအလားလာနှင့်ပြင်ပခြိမ်းခြောက်မှုများ (စီမံကိန်းနှင့်မသက်ဆိုင်သည့်) ကိုဖော်ထုတ်သတ်မှတ်ရန်၊
- ထိုဝန်ဆောင်မှုများကို အကျိုးခံစားနေသူများ ခွဲခြားသတ်မှတ်ရန်၊
- ဖော်ထုတ်ထားသော ဂေဟစနစ်၏ဝန်ဆောင်မှုများအပေါ် စီမံကိန်းမှ မှီခိုနေသည့်အတိုင်းအတာ သို့မဟုတ် စီမံကိန်းမှ ထိခိုက်သက်ရောက်နိုင်သည့်အ တိုင်းအတာကိုဆန်းစစ်ရန်၊
- ထိုဂေဟစနစ်ဝန်ဆောင်မှုများ၏ အရေးပါမှုအတိုင်းအတာကို အသက်မွေးဝမ်းကျောင်းအရ မှီခိုနေမှုများ၊ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များရှုထောင့်တို့မှ ဆန်းစစ်ရန်၊
- ယင်းနှင့်ဆက်စပ်နေသော အဓိကကျသည့် လူမှုဆိုင်ရာ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ၊ ငွေကြေးဆိုင်ရာ၊ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာနှင့် ဂုဏ်သိက္ခာဆိုင်ရာ အန္တရာယ်များ ဖော်ထုတ်ရန်၊
- ဖော်ထုတ်ထားသော အန္တရာယ်များ လျှော့ချနိုင်ရေး လုပ်ဆောင်မည့်လုပ်ငန်းများနှင့် ထိခိုက်မှုလျှော့ချရေး အစီအမံများ သတ်မှတ်ရန်။

အပိုဒ် ၁၂၁ (GN121)။ အမျိုးအစား (၁) ဂေဟစနစ်ဝန်ဆောင်မှုများကို အဓိကဦးစားပေး ဝန်ဆောင်မှုများအဖြစ် သတ်မှတ်သည့်အခါ ထိခိုက်မှုများကိုရှောင်ရှားရန် ထိခိုက်မှုလျှော့ချရေးလုပ်ငန်း အဆင့်ဆင့်ပုံစံကို အသုံးပြုရမည်။ ထိခိုက်မှုများကို မရှောင်ရှားနိုင်လျှင် အနည်းဆုံးဖြစ်အောင်လျှော့ချရန်နှင့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၂၅ တွင် ဖော်ပြထားသော “အဓိကကျသော ဂေဟစနစ်ဝန်ဆောင်မှုများ၏ တန်ဖိုးနှင့် ထိရောက်စွာလုပ်ငန်းလည်ပတ်မှု” ကို

ဆက်လက်ထိန်းသိမ်းရန်၊ ထိခိုက်မှုလျှော့ချရေး အစီအမံများ ကျင့်သုံးရန်ဖြစ်သည်။ ဤရည်မှန်းချက်အောင်မြင်ရေးအတွက် လျှော့ချရေးအစီအမံများအပေါ် ကြီးမားစွာ ပြောင်းလဲဆောင်ရွက်ရနိုင်ခြေများကို စဉ်းစားသောအားဖြင့် ဤလမ်းညွှန်ချက်မှတ်စုတွင် ထိခိုက်မှုလျှော့ချရေးအစီအမံများကို အသေးစိတ်ဖော်ပြမထားပါ။ သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကျွမ်းကျင်သူများက ထိုထိခိုက်မှု လျှော့ချရေးအစီအမံများကို ရှာဖွေဖော်ထုတ်သင့်သည်။ သဘာဝသယံဇာတ အခြေခံသော အသက်မွေးဝမ်းကျောင်းများ၊ သဘာဝအရင်းအမြစ်များအား ရယူ ခြင်း(access to natural resources)တို့နှင့်စပ်လျဉ်းသည့် ပေးလျော်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၅ တွင်ဖော်ပြထားကြောင်း မှတ်သားထားပါ။ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် အစားထိုးပေးလျော်ခြင်းကို မစဉ်းစားမီ - ရှောင်ကြဉ်ခြင်း၊ အနည်းဆုံးဖြစ်အောင် လျှော့ချခြင်းနှင့် ပြန်လည်ထူထောင်ထိန်းသိမ်းခြင်းတို့ပါဝင်သော ထိခိုက်မှုလျှော့ချရေး လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ကြောင်း သက်သေပြလိမ့်မည်ဟု မျှော်လင့်ရပါသည်။

အပိုဒ် ၁၂၂ (GN122)။ အမျိုးအစား(၂) ဂေဟစနစ်၏ဝန်ဆောင်မှုများကို အဓိက ဦးစားပေးဝန်ဆောင်မှုများအဖြစ် သတ်မှတ်လျှင် အဆိုပါ ဂေဟစနစ်၏ ဝန်ဆောင်မှုများအပေါ် ထိခိုက်မှုအနည်းဆုံးလျှော့ချသင့်သည့်အပြင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၂၅ တွင်ဖော်ပြထားသည့်အတိုင်း စီမံကိန်းလုပ်ငန်း လုပ်ကိုင်လည်ပတ်မှုများတွင် သဘာဝအရင်းအမြစ်များကို မပျက်စီးစေဘဲ ထိရောက်စွာအသုံးပြုမှု မြှင့်တင်ရေး အစီအမံများ ဆောင်ရွက်သင့်သည်။ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင်လည်ပတ်မှုများ အတွက် ဂေဟစနစ်မှ ထောက်ပံ့ပေးထားသောဝန်ဆောင်မှုများကို ဆက်လက်ထိန်းသိမ်းရန် သဘာဝပတ်ဝန်းကျင်အတွင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းရပ်များကိုလည်း ရည်ညွှန်းသတ်မှတ်ဖော်ပြပေးထားသည်။ ဥပမာ- သစ်တောမြေများ၏ ဆင်ခြေလျှောများတစ်လျှောက် သဘာဝပေါက်ပင်များ ဆက်လက်ထိန်းသိမ်းခြင်းသည် တမံအတွင်း ရေဝင်ရောက်မှုတိုးတက်စေနိုင်၍ ရေအားလျှပ်စစ်စီမံကိန်းများ၏ ဓာတ်အားထုတ်လုပ်မှု တိုးတက်စေနိုင်သည်။ ဒီရေတောများ သို့မဟုတ် အခြားသော ကမ်းနီးဂေဟစနစ်များ ထိန်းသိမ်းခြင်းသည် ငါးနှင့်အခြားရေနေမျိုးစိတ်များအတွက် ပေါက်ဖွားရှင်သန်ရာနေရာများ ဖန်တီးပေးသဖြင့် ငါးလုပ်ငန်းနှင့် အခြားရေနေသတ္တဝါမွေးမြူရေးလုပ်ငန်းများအတွက် အကျိုးရှိနိုင်သည်။ သန္တာကျောက်တန်းများနှင့် အခြားရေငန်ရှိ အရင်းအမြစ်များကာကွယ် စောင့်ရှောက်ခြင်းသည် ခရီးသွားလုပ်ငန်းအတွက် အရေးပါသော ကမ်းရိုးတန်းဆိုင်ရာ အရင်းအမြစ်များ၏ အပန်းဖြေမှုတန်ဖိုးများ တိုးတက်စေသည်။ ထိုလုပ်ငန်းရပ်အားလုံးသည် ကုမ္ပဏီက မှီခိုအားထားသည့် ဂေဟစနစ်၏ ဝန်ဆောင်မှုပေးအပ်ခြင်း၊ ထိန်းညှိခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်မှုများအပေါ် အကောင်းဆုံးဖြစ်စေသည့်နည်းလမ်း ဖြစ်ကြသည်။ ထိုကိစ္စနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များသည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၃ ပါ သတ်မှတ်ချက်များနှင့်ဆက်စပ်မှုရှိသော်လည်း ကွဲပြားခြားနားသည်။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၃ သည် စီမံကိန်းဒီဇိုင်းရေးဆွဲမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စွမ်းအင်နှင့် ရေအသုံးချမှု ထိရောက်အကျိုးများစေရေးသတ်မှတ်ချက်များ ဖော်ပြပါရှိသည် (ဆိုလိုသည်မှာ "အဖွဲ့အစည်းအတွင်း" ချမှတ်ကျင့်သုံးသော ထိရောက်အကျိုး များစေသော အစီအမံများ) ။

***သက်ရှိ သဘာဝသယံဇာတရင်းမြစ်များအား ရေရှည် တည်တံ့အောင် စီမံခန့်ခွဲခြင်း***

---

***၂၆။ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် သဘာဝသစ်တောနှင့် သစ်တောစိုက်ခင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ တိရိစ္ဆာန်မွေးမြူရေး၊ ရေတွင် မွေးမြူသော (သို့မဟုတ်)စိုက်ပျိုးသောလုပ်ငန်း၊ငါးလုပ်ငန်း စသည်တို့ အပါအဝင် သက်ရှိသဘာဝသယံဇာတထုတ်လုပ်သည့် လုပ်ငန်းများနှင့် ပတ်သက်နေပါက ဤလုပ်ဆောင်မှု စံသတ်မှတ်ချက်၊ အပိုဒ် ၂၆ မှ ၃၀ တွင် ဖော်ပြထားသော အချက်များကို လိုက်နာရန် တာဝန်ရှိသလို အခြားကျန်ရှိနေသည့် အချက်များကိုလည်း လုပ်ဆောင်ရမည်။ ဖြစ်နိုင်လျှင် မြေကိုအခြေခံသည့် စိုက်ပျိုးရေးလုပ်ငန်း နှင့် သစ်တောလုပ်ငန်းစီမံချက်များကို သစ်တောမရှိဖူးသည့် မြေများနှင့် ပြောင်းလဲထားပြီး ဖြစ်သော မြေများ၌ လုပ်ကိုင်ရမည်။ လုပ်ငန်းဆိုင်ရာ သီးခြားစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများ၊ ရရှိနိုင်သည့် နည်းပညာများ(available technology)ကိုအသုံးပြု၍ သက်ရှိသဘာဝသယံဇာတများ ရေရှည်တည်တံ့စေရေး ရည်ရွယ်၍ စီမံလုပ်ဆောင်ရမည်။ ယင်းအခြေခံအဆင့် ထုတ်လုပ်ရေး လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား နိုင်ငံတကာဆိုင်ရာ၊ ဒေသဆိုင်ရာ (သို့မဟုတ်) နိုင်ငံဆိုင်ရာ စသည့် အဆင့်များမှ လက်ခံအသိအမှတ်ပြုထားသော စံများနှင့်အတူ ပေါင်းစပ်၍ ရေရှည်တည်တံ့မည့် စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများအား လွတ်လပ်စွာစိစစ် အတည်ပြုပြီး (သို့မဟုတ်) တရားဝင်အသိအမှတ်ပြုပြီးဖြစ်သော၊ ဆီလျော်သော၊ အများက လက်ခံထားသည့် စံတစ်ခု (သို့မဟုတ်) စံများအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။***

အပိုဒ် ၁၂၃ (GN123) ။ ဤလုပ်ဆောင်မှုစံသတ်မှတ်ချက်ပါ ရည်ရွယ်ချက်တွင် အဓိကထုတ်လုပ်မှုကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ အပင်နှင့် တိရစ္ဆာန်များကို လူသား သို့မဟုတ် တိရစ္ဆာန်များ၏ စားသုံးမှုနှင့် သုံးစွဲမှုအတွက် သဘာဝအတိုင်း အရိုင်းအခြေအနေ သို့မဟုတ် စိုက်ပျိုးနိုင်သည့်အခြေအနေ နှစ်ခုစလုံးတွင် စိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်းဖြစ်သည်။ ထိုလုပ်ငန်းတွင် သဘာဝသစ်တောများ သို့မဟုတ် သစ်တောစိုက်ခင်းများ စသည့် သစ်တောအမျိုးအစားအားလုံးပါဝင်၍၊ သဘာဝသစ်တောများမှ ထုတ်ယူနိုင်သော သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများ၊ နှစ်စဉ်စိုက်ပျိုးရသော ရာသီသီးနှံများနှင့် နှစ်ရှည်သီးနှံများ နှစ်မျိုးစလုံးအပါအဝင် စိုက်ပျိုးရေးလုပ်ငန်း အမျိုးအစားအားလုံးနှင့် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများ၊ ရေချိုရေငန်နေ သက်ရှိသတ္တဝါ အမျိုးအစားအားလုံး၊ ကျောရိုးရှိ၊ ကျောရိုးမဲ့ နှစ်မျိုးစလုံးအပါအဝင်အား သဘာဝအတိုင်း လွှတ်ကြောင်းမွေးမြူခြင်း၊ ဖမ်းဆီးခြင်းနှင့် အသေးစားတစ်နိုင်တစ်ပိုင်နှင့် အပန်းဖြေရန်အလို့ငှာ ငါးဖမ်းခြင်းမှသည် စီးပွားဖြစ်ငါးဖမ်းခြင်းများအထိပါဝင်သည်။ ဤအပိုင်းသည် အများပြည်သူအကျိုးငှာ မိမိတို့၏ ဝန်ဆောင်မှုများ ရယူထားသူမှ စီမံခန့်ခွဲပေးနေသော သက်ရှိသဘာဝအရင်းအမြစ်များနှင့် ဆိုင်သည့် လုပ်ငန်းရပ်အားလုံး အကျုံးဝင်စေရန် ရည်ရွယ်၍ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းသတ်မှတ်ထားခြင်းဖြစ်သည်။

အပိုဒ် ၁၂၄ (GN124) ။ အဓိက မူတစ်ရပ်မှာ ထိုလုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်နေသူများသည် အရင်းအမြစ်များကို ရေရှည်တည်တံ့သောပုံစံဖြင့် စီမံခန့်ခွဲရန် လိုအပ်သည်။ ဆိုလိုသည်မှာ မြေ ရေအရင်းအမြစ်များသည် ယင်းတို့၏ ထုတ်လုပ်မှုစွမ်းအားကို အချိန်ကာလကြာရှည် ဆက်လက်ထိန်းသိမ်း ထုတ်လုပ်နိုင်စွမ်းရှိသည်။ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး အလေ့အကျင့်များသည် ယင်းတို့အနီးတစ်ဝိုက်က သဘာဝပတ်ဝန်းကျင်ကို အရည်အသွေးအဆင့်အတန်း နိမ့်ကျမသွားစေရန်လိုအပ်သည်။ ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုဆိုသည်မှာ ထိုအရင်းအမြစ်များအပေါ် မှီခိုနေသူများနှင့်

စနစ်တကျတိုင်ပင်ဆွေးနွေး၍ ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးသည့်အပြင် ထိုဖွံ့ဖြိုးမှု၏ အကျိုးအမြတ်များကို မျှတစွာ မျှဝေခံစားခွင့်ပေးခြင်းလည်းဖြစ်သည်။

အပိုဒ် ၁၂၅ (GN125) ။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၂၆ တွင် ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုများကို သက်ဆိုင်ရာလုပ်ငန်းအလိုက် စနစ်တကျစီမံခန့်ခွဲမှုအလေ့အကျင့်များနှင့် ရနိုင်သောနည်းပညာများ အသုံးချခြင်းအားဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားသည်။ လုပ်ငန်းကဏ္ဍနှင့်ပထဝီဒေသအပေါ်မူတည်၍ သက်ဆိုင်ရာသတင်းရင်းမြစ်များနှင့် တိုင်ပင်ဆွေးနွေးသင့်သည်။ထိုသို့ဆောင်ရွက်မှုသည် လူမှုဆိုင်ရာရှုထောင့်များကို ပိုမိုအသားပေး ဆောင်ရွက်သော်လည်း ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းအန္တရာယ်ကင်းရှင်းရေ( EHS) ကိုလည်းဆောင်ရွက်လာပါသည်။ EHS ဆိုင်ရာ လမ်းညွှန်မှုများနှင့် IFC မှထုတ်ပြန်ထားသော အလေ့အကျင့်ကောင်းမှတ်စုများနှင့် အထောက်အကူပြုစာအုပ်စာတမ်းများသည် IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကိုရယူထားသူများအတွက် အသုံးဝင်သော ကနဦးသတင်းရင်းမြစ်များ ဖြစ်သည်။ ထိုလုပ်ငန်းနှင့်သက်ဆိုင်သည့် လမ်းညွှန်ချက်များ၏ ပြောင်းလဲမှုများမြန်ဆန်လျက်ရှိရာ ကိုးကားစရာလမ်းညွှန်ချက်အသစ်များကို ပုံမှန်ထုတ်ပြန်နေရသည်။ အင်တာနက်ပေါ်တွင် ဖတ်မှတ်စရာများကို လုံ့လရှိရှိရှာဖွေခြင်းဖြင့် အသုံးဝင်သောနောက်ဆုံးရ သတင်းအချက်အလက်များစွာ ရရှိလာနိုင်သည်။ နောက်ဆုံးမွမ်းမံပြုစုထားသော စံနှုန်းများနှင့် စီမံခန့်ခွဲမှု အလေ့အကျင့်များနှင့်ဆိုင်သော ထူးခြားသည့် သတင်းရင်းမြစ်တစ်ခုမှာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးစင်တာ၏ ကုန်သွယ်ရေး စံနှုန်းများဆိုင်ရာ လမ်းပြမြေပုံဖြစ်သည်။[26]

အပိုဒ် ၁၂၆ (GN126)။ မကြာသေးခင်နှစ်များအတွင်း လုပ်ငန်းကဏ္ဍအများအပြားသည် ပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာ ရေရှည်စံနှုန်းများကို ရေးသားပြုစုနေခဲ့သည် နှင့်(သို့မဟုတ်) တရားဝင် လိုက်နာ ကျင့်သုံးနေခဲ့ကြသည်။ ထိုစံနှုန်းများတွင် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အလေ့အကျင့်ကောင်းများကို ထည့်သွင်းထားကြသည်။ သက်ဆိုင်ရာကဏ္ဍ သို့မဟုတ် ပထဝီဒေသ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် စည်းမျဉ်းများစံနှုန်းများ၊ အညွှန်းကိန်းများထည့်သွင်းထားသည့် ထိုတရားဝင်စံနှုန်းများကို လေးစားလိုက်နာလာခြင်းသည် လွတ်လပ်အမှီအခိုကင်းသောစစ်ဆေးမှုနှင့်လိုက်နာမှုရှိ၊မရှိ စိစစ်အတည်ပြုမှုများကြောင့်ဖြစ်နိုင်သည်။ သစ်တောကဏ္ဍ၏ ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှုစံနှုန်းများတွင် သစ်တောကြီးကြပ်အုပ်ချုပ်မှုကောင်စီ (Forest Stewardship Council -FSC)မှ ပြုစုထားသည့် စံနှုန်းများ ပါဝင်သည့်အပြင် နိုင်ငံအလိုက် သစ်တောစံနှုန်းများစွာ (ဥပမာ- အမေရိကန်ပြည်ထောင်စု၏ ကျင့်သုံးသော ရေရှည်တည်တံ့သော သစ်တောအစီအစဉ် Sustainable Forestry Initiative -SFI)၊ ကနေဒါ၏ စံနှုန်းပြုစုရေးအသင်းအဖွဲ့၏ ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှုစံနှုန်း(CSA)၊ ဘရာဇီးနိုင်ငံ၏ *Programa Brasileiro de Certificação Florestal* (CERFLOR) ၊ ချီလီနိုင်ငံ၏ *Sistema Chileno de Certificación de Manejo Forestal Sustentable* (CERTFOR) စသည်တို့ပါဝင်သည်။ ရေရှည်ဖွံ့ဖြိုး

---

[26] GN26 ITC, "Standards Map-Your Roadmap to sustainable Trade", http://www.standardsmap.org/Index.aspx. စိုက်ပျိုးရေးအခြေခံလူသုံးကုန် ထုတ်လုပ်ရန် ကမ္ဘာလုံးဆိုင်ရာ စံချိန်စံညွှန်းလမ်းပြမြေပုံ အသုံးပြုရန်လည်းစဉ်းစားပါ။ (http://gmaptool.org) ထိုလမ်းပြမြေပုံသည် နိုင်ငံ ၂၀ ကျော်ရှိ ထုတ်ကုန်/ ဝန်ဆောင်မှုလုပ်ငန်းကွင်းဆက်ဆိုင်ရာ အန္တရာယ်များနှင့် လူသုံးကုန်များအပြင်၊ ITC စံချိန်စံညွှန်းမြေပုံမှထုတ်နှုတ်ထားသော သက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ် ပေးအပ်သည့်အစီအစဉ်များလည်းပါဝင်သည်။

တိုးတက်သော စိုက်ပျိုးရေးကွန်ရက် (SAN) ကို ၁၉၉၂ ခုနှစ်တွင် ထူထောင်ခဲ့ရာ ယခုအခါ တန်ဖိုးမြင့်သီးနှံများစွာအတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြပြီဖြစ်သည်။ မကြာသေးမီ ကလည်း လူသုံးကုန်နှင့်ဆိုင်သော ပတ်သက်ဆက်နွယ်သူ အဖွဲ့အစည်းအမျိုးမျိုးတို့၏ အစပျိုးဆောင်ရွက်မှုများ တိုးတက်လာခဲ့သည်မှာ ဥပမာအားဖြင့် ရေရှည်တည်တံ့သော ဆီအုန်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ (Roundtable on Sustainable Palm Oil -RSPO) ကို ၂၀၀၈ ခုနှစ်တွင် ဆောင်ရွက်နိုင်ခဲ့သည်။ (RSPO) တွင် ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်းနှင့်ဆိုင်သည့် မူများ၊ သတ်မှတ်ချက်များကို အခြေခံသည့် စံနှုန်းများရှိသည်။ ထိုစံနှုန်းများသည် အခြားသော လူသုံးကုန်ကဏ္ဍများဖြစ်ကြသည့် (ကြံ၊ ဝါချည်၊ ပဲပိစပ် စသည်) တို့တွင်ရေးဆွဲလျက်ရှိသော စံနှုန်းများနှင့် နှိုင်းယှဉ်နိုင်သည့်အခြေအနေတွင် ရှိသည်။ ကဏ္ဍတစ်ခုတွင် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ရေရှည်တည်တံ့ရေးအတွက် "သင့်တော်သော" (အောက်တွင်ဖော်ပြထားသည့်) စံနှုန်းတစ်ရပ်ချမှတ်ထားလျှင် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ သည် IFC မှ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက ထိုစံနှုန်းကို လိုက်နာရန် သတ်မှတ်ထားသည်။ (ထို့ပြင်) လုပ်ငန်းဆောင်ရွက်သူတို့က တိုက်ရိုက်ပိုင်ဆိုင်သော သို့မဟုတ် ယင်းတို့၏ စီမံခန့်ခွဲမှုဆိုင်ရာ ထိန်းချုပ် မှုများအောက်တွင် ရှိသော လုပ်ငန်းလည်ပတ်မှုအားလုံးတွင် ထိုစံနှုန်းကိုလိုက်နာကြောင်း လွတ်လပ်သော စစ်ဆေး အတည်ပြုမှု သို့မဟုတ် သက်သေခံလက်မှတ်ထုတ်ပေးမှု ရယူရန် သတ်မှတ်ထားသည်။

အပိုဒ် ၁၂၇ (GN127) ။ အပိုဒ် ၂၆ တွင် အသေးစိတ်ဖော်ပြထားသည်မှာ "ဖြစ်နိုင်လျှင် IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် သစ်တောမြေမဟုတ်သည့်နေရာ သို့မဟုတ် ပြုပြင်ပြောင်းလဲထားပြီးဖြစ်သောနေရာတွင် မြေယာကို အခြေခံသော စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းနှင့် သစ်တောစီမံကိန်းများ နေရာချဆောင်ရွက်ရန်ဖြစ်သည်။" ဟူ၍ ဖော်ပြထား သည်။ ထိုသတ်မှတ်ချက်ကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၁၄ ၏ ပထမအချက် (သဘာဝနေရင်းဒေသများ ခေါင်းစဉ်အောက်တွင်ကြည့်ပါ) နှင့် အတူတွဲ ကျင့်သုံးသင့်သည်။ အပိုဒ် ၁၄ ၏ ပထမအချက်တွင် "ပြုပြင်ပြောင်းလဲထားပြီး သော နေရင်းဒေသအပေါ်တွင် စီမံကိန်းဆောင်ရွက်မည့်ကိစ္စနှင့်စပ်လျဉ်း၍၊ ဒေသတွင်း၌ အခြားအလားအလာရှိသော၊ အခြားဖြစ်နိုင်သော ရွေးချယ်စရာများမရှိကြောင်း" သက်သေပြရန် သတ်မှတ်ထားသည်။

***၂၇။ သက်ရှိသဘာဝရင်းမြစ်များအား ရေရှည်တည်တံ့အောင် စီမံခန့်ခွဲခြင်းအတွက် နိုင်ငံတကာဆိုင်ရာ၊ ဒေသ ဆိုင်ရာ၊ နိုင်ငံဆိုင်ရာ စသည့် အဆင့်အသီးသီးမှ အတည်ပြုလက်ခံထားသည့် ယုံကြည်စိတ်ချရသောစံများ သည် ပူးတွဲပါအချက်များဖြင့် ပြည့်စုံသည်။ (၁) ယင်းတို့သည် ဓမ္မဓိဋ္ဌာန်ကျပြီး အောင်မြင်အောင် လုပ်ဆောင်နိုင် သည်။ (၂) ယင်းတို့အား ဘက်ပေါင်းစုံမှ ပက်သက်ဆက်နွယ်သူများ အားလုံးနှင့်တိုင်ပင်ဆွေးနွေးပြီးမှ ချမှတ်သည်၊ (၃) တစ်ဆင့်ပြီးတစ်ဆင့်မြင့်မားလာပြီး အစဉ်တိုးတက်ကောင်းမွန်လာစေရန် အားပေးသည်၊ (၄) ထိုစံများအတွက်[၂၀] ဆီလျော်ပြီး အသိအမှတ်ပြု အဖွဲ့အစည်းများမှ လွတ်လပ်စွာ စိစစ်အတည်ပြု (သို့မဟုတ်) တရားဝင်အသိအမှတ် ပြုပေးသည်။***

---

[၂၀]အများလက်ခံသည့် တရားဝင်အသိအမှတ်ပြုခြင်းစနစ်သည် ကုန်ကျမှုနှင့်တွက်လျှင် အကျိုးထူးရလဒ်ရပြီး လွတ်လပ်စွာ၊ ဓမ္မဓိဋ္ဌာန်ကျကျ လုပ်ကိုင်နိုင်ကာ၊ သိသာထင်ရှားသည့် လုပ်ဆောင်မှုစံများရှိသည့်စနစ်ဖြစ်သည်။ ထိုစနစ်အား ဖော်ထုတ်ရာတွင် သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများဖြစ်သည့် ဥပမာ - ဒေသခံရပ်ရွာလူထု၊ ဒေသခံတိုင်းရင်းသားများ၊ စားသုံးသူ၊ ထုတ်လုပ်သူ နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍတို့ကို ကိုယ်စားပြုသည့်အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စသည်တို့နှင့် တိုင်ပင်ဆွေးနွေး ဖော်ထုတ်ရမည်။

ထိုစနစ်သည် မျှတပြီး ပွင့်လင်းမြင်သာမှုရှိကာ အကျိုးစီးပွားပဋိပက္ခကို ရှောင်ရှားထားသည့် လွတ်လပ်သော အဆုံးအဖြတ်ချမှတ်ရေး စနစ်ဖြစ်သည်။

အပိုဒ် ၁၂၈ (GN128)။ စံနှုန်းများစွာကို အဆိုပြုထားသော်လည်း ထိုစံနှုန်းအများစုသည် သက်ဆိုင်ရာ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးကိစ္စများအတွက် အပြည့်အဝကျင့်သုံးနိုင်ခြင်း မရှိနိုင်ပါ။ သို့မဟုတ် လွတ်လပ်အမှီအခိုကင်းစွာ တစ်ပြေးညီ ကျင့်သုံးနိုင်စွမ်း မရှိခြင်းလည်းဖြစ်နိုင်သည်။ သုံးစွဲရန် သင့်တော်သည့် စံနှုန်းတစ်ခုသည် အောက်ပါအတိုင်းဖြစ်သင့်သည်-

- ဓမ္မဓိဋ္ဌာန်ကျ၍ လုပ်ဆောင်နိုင်သည်- ပြဿနာများကို ဖော်ထုတ်ရာတွင် သိပ္ပံနည်းကျ ချဉ်းကပ်နည်းကို အခြေခံ၍ ထိုပြဿနာများကို မြေပြင်အခြေအနေအမျိုးမျိုးတွင် လက်တွေ့ကျကျ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း။
- သက်ဆိုင်ရာ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့် လက်ရှိတိုင်ပင် ဆွေးနွေးနေသော လုပ်ငန်းစဉ်တစ်ရပ်အား ဖြင့် ဆောင်ရွက်နိုင်သည် သို့မဟုတ် ထိန်းသိမ်းနိုင်သည် - မည်သည့်အုပ်စုကမျှ မသင့်လျော်သော ဩဇာလွှမ်းမိုးမှု သို့မဟုတ် ဗီတိုအာဏာကို ရရှိကိုင်စွဲခြင်းမပြုဘဲ သက်ဆိုင်ရာ စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူ အုပ်စုအားလုံး - ( ထုတ်လုပ်သူများ၊ ကုန်သည်များ၊ ပြုပြင်စီမံထုပ်ပိုးသော စက်ရုံပိုင်ရှင်များ၊ ငွေချေးငှားသူများ၊ ဒေသခံများနှင့် ပြည်သူလူထု၊ ဒေသခံတိုင်းရင်းသားများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများသည် ယင်းတို့၏ စားသုံးသူဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာအကျိုးစီးပွားများ) ထံမှ သဘောထားအကြံဉာဏ်များ၊ ဗဟုသုတများ ကို ဟန်ချက်ညီစေခြင်း ။
- တဆင့်ပြီးတစ်ဆင့်နှင့် ဆက်လက်တိုးတက်ရေးအတွက် အားပေးတိုက်တွန်းသည်- စံချိန် စံညွှန်းအပိုင်းနှင့် ပိုမို ကောင်းမွန်သော စီမံခန့်ခွဲမှု အလေ့အကျင့်များ ကျင့်သုံးမှုအပိုင်း နှစ်ခုစလုံးတွင် မူများနှင့် စံများအပေါ် အချိန် ကြာလာသည်နှင့်အမျှ လိုက်နာမှုတိုးတက်ကြောင်း ဖော်ပြရန် အဓိပ္ပါယ်ရှိသောပန်းတိုင်များ(meanful targets) နှင့် သီးသန့် မှတ်တိုင်များ( specific milestones) သတ်မှတ်ရန် လိုအပ်ခြင်း။
- လွတ်လပ်အမှီအခိုကင်း၍ မှန်ကန်ကြောင်းတရားဝင်သော သို့မဟုတ် စိစစ်အတည်ပြု သောအဖွဲ့များဖြင့် စိစစ်အတည်ပြုနိုင်သည်- ထိုလုပ်ငန်းစဉ်တွင် အကျိုးစီးပွား ပဋိပက္ခများကို ရှောင်ရှားထားသည့် ကောင်းမွန်သော ဆန်းစစ်မှုလုပ်ထုံးလုပ်နည်းများ သတ်မှတ်ထား၍ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့် စိစစ်အတည်ပြုခြင်း လုပ်ထုံးလုပ်နည်းများဆိုင်ရာ ISO လမ်းညွှန်ချက်ကို လိုက်နာခြင်း ။

အပိုဒ် ၁၂၉ (GN129) ။ ယေဘုယျအားဖြင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစံနှုန်းများ သတ်မှတ်ရေး အလေ့အကျင့်ကောင်း ပြဋ္ဌာန်းချက်(ISEAL)[27] ကို လိုက်နာသောစံနှုန်းများသည် အထက်ပါ သတ်မှတ်ချက်များနှင့်လည်း ကိုက်ညီသည်။

အပိုဒ် ၁၃၀ (GN130)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် လုပ်ငန်းလုပ်ဆောင်သူသည် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ရေရှည်တည်တံ့ရေးကိစ္စများကို လုံလောက်စွာ ကိုင်တွယ်ဆောင်ရွက်နေကြောင်း ထပ်လောင်း အာမခံချက်ပေးသည့် အနေဖြင့် ပြင်ပအဖွဲ့မှ စိစစ်အတည်ပြုမှုများ သို့မဟုတ် သင့်တော်သော ဆန္ဒအလျောက် လိုက်နာနိုင်သည့် စံနှုန်းတစ်ရပ်အရ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း ပြုလုပ်ရန်လည်း သတ်မှတ်ထားသည်။ ပြင်ပအဖွဲ့၏စိစစ်အတည်ပြုခြင်း သို့မဟုတ် ရေရှည်တည်တံ့သော အရင်းအမြစ်စီမံခန့်ခွဲမှု ပြုလုပ်ကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း(ထို့အတွက် ဆီလျော်

[27] GN27 ISEAL Alliance, good practice documents, http://www.isealalliance.org/code.

သောစံနှုန်းတစ်ရပ်ရှိနေလျှင်)ဆောင်ရွက်ရန် သတ်မှတ်ထားသော်လည်း၊ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ သည် ယင်း၏ သတ်မှတ်ချက်များနှင့်ကိုက်ညီသော မည်သည့်စံနှုန်းကိုမျှ ထောက်ခံအားပေးထားခြင်းမရှိပါ။ အကြောင်းမှာ စံနှုန်းများသည် အချိန်ကြာလာသည်နှင့်အမျှ အကြောင်းအရာပါဝင်မှုနှင့် လက်တွေ့ကျင့်သုံးမှုအပိုင်း၌ ပြောင်းလဲနိုင်သောကြောင့်ဖြစ်သည်။ စံနှုန်းများကို ဖြစ်ရပ်တစ်ခုချင်းအလိုက် ရွေးချယ်အသုံးပြုရန်စဉ်းစားရန် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ စံနှုန်းနှင့် ပြင်ပစိစစ်အတည်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသည့်စနစ်သည် အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ယေဘုယျအားဖြင့် ကိုက်ညီ၊ မညီ ဆုံးဖြတ်ဆောင်ရွက်ရန်ဖြစ်သည်။

အပိုဒ် ၁၃၁ (GN131)။ စံနှုန်းတစ်ခုသည် အဓိကအကြောင်းရပ်များကို ဖြည့်ဆည်းပေးထားနိုင်လျှင် စံနှုန်းများစွာအတွက် စိစစ်အတည်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရယူထားခြင်းများ မလိုအပ်နိုင်ပါ။ သို့သော် စံနှုန်းများစွာမှ အသိအမှတ်ပြုလက်မှတ် ရယူထားရန် လို၊ မလို ရွေးချယ်ရာ၌ ယင်းတို့လုပ်ငန်းအတိုင်းအတာအလိုက် လိုအပ်နေသည့် အန္တရာယ်စီမံခန့်ခွဲမှု၊ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုဖြစ်ပေါ်လာရေးအတွက် လိုအပ်သည့် လုပ်ငန်းကွင်းဆက်များ၏ ရှုပ်ထွေးမှုနှင့် ဦးတည်ထားသော ဈေးကွက်များ၏ ဝယ်လိုအားများအပေါ် မူတည်ရွေးချယ်နိုင်သည်။ အထက်တွင်ဖော်ပြထားသော သတ်မှတ်ချက် များနှင့်ကိုက်ညီ၍ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာအန္တရာယ်များအနည်းဆုံးလျှော့ချနိုင်ရေးကို အထောက်အပံ့ပေးနိုင်သည့် စံနှုန်းများကို ရွေးချယ်ရန်တိုက်တွန်းအပ်ပါသည်။

အပိုဒ် ၁၃၂ (GN132)။ သက်ဆိုင်ရာ ကုန်ပစ္စည်း(commodity) တစ်ခုအတွက် ပြည့်စုံသည့် တစ်ခုတည်းသော စံနှုန်း (standard) နှင့် သတ်မှတ်ချက် (criteria) မရှိသည့် အခြေအနေတွင်၊ သက်ဆိုင်ရာဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်၏ ဝန်ဆောင်မှုများကို လွှမ်းခြုံသည့်စံနှုန်းများကို ပေါင်းစပ်၍ စိစစ်အတည်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရယူခြင်း ဆောင်ရွက်ရန်နှင့် အခြားသောပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကိစ္စရပ်များ၊ ဥပမာ-လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုဆိုင်ရာနှင့် အလုပ်သမားဆိုင်ရာကိစ္စများ၊ ထုတ်ကုန်အရည်အသွေးနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုတို့ကို လွှမ်းခြုံသော အခြားစံနှုန်းများနှင့်လည်း ပေါင်းစပ်ခြင်းကိုလည်း ခွင့်ပြုထားသည်။

***၂၈။ ဆီလျော်မှုရှိပြီး ယုံကြည်စိတ်ချရသည့် စံတစ်ခု(များ) ရှိနေပြီး IFC၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများမှ ထိုစံ(များ) နှင့်ပတ်သတ်ပြီး လွတ်လပ်သည့် စိစစ်အတည်ပြုခြင်း (သို့မဟုတ်) တရားဝင် အသိအမှတ်ပြုခြင်းမရှိသေးလျှင် ထိုစံများသည် ဆက်စပ်မှုရှိသည့်စံများနှင့် လိုက်လျောညီထွေမှုရှိသည့် အကြောင်း သိရှိသတ်မှတ်နိုင်ရန် ကြိုတင် ဆန်းစစ်လုပ်ဆောင်ရမည်။ ထို့နောက် သင့်တော်သည့် အချိန်ကာလ တစ်ခုအတွင်းတွင် အဆိုပါလွတ်လပ်သည့် စိစစ်အတည်ပြုခြင်း (သို့မဟုတ်) တရားဝင်အသိအမှတ်ပြုခြင်းကို ရရှိအောင် ဆောင်ရွက်ရမည်။***

အပိုဒ် ၁၃၃ (GN133)။ သက်ဆိုင်ရာ စံနှုန်းတစ်ရပ်ရှိသော်လည်း စိစစ် အတည်ပြုမှု သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ကို ရယူနိုင်ခြင်းမရှိသေးလျှင်၊ စီမံကိန်း ဒီဇိုင်းရေးဆွဲစဉ်ကာလအစောပိုင်းကတည်းကပင် ရွေးချယ်ထားသောစံနှုန်းနှင့်ကွာဟမှု ဆန်းစစ်ခြင်း သို့မဟုတ် ကနဦးဆန်းစစ်ခြင်းတစ်ရပ်ကို အတွေ့အကြုံရှိသည့် သင့်တော်သူတစ်ဦးက ဆောင်ရွက်ရန် သတ်မှတ်ထားသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် စိစစ်အတည်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း

အတွက် တရားဝင်လိုက်နာမှုစစ်ဆေး(formal compliance audit)မည့် အချိန်မတိုင်မီ၊ စီမံကိန်းဆောင်ရွက်သူဖက်မှ မည်သည့်နေရာတွင် စာရွက်စာတမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ပြုစုရန်လိုအပ်ကြောင်း နှင့် အလေ့အကျင့်ကောင်းများလည်း တိုးတက်လာစေရန်အတွက် ထောက်ပြနိုင်ရန်ဖြစ်သည်။ စံနှုန်းများနှင့်ကိုက်ညီစေရန်နှင့် သင့်တော်သော စိစစ်အတည်ပြုခြင်း၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းစဉ်များအတွက် ဆီလျော်သော အချိန်ကာလကို သဘောတူခြင်းနှင့်ပတ်သတ်၍ လုပ်ငန်းလုပ်ဆောင်သူ၏ လုပ်ငန်းသဘာဝနှင့် အရွယ်အစား၊ လူသားအရင်းအမြစ် စွမ်းဆောင်ရည်များကိုစဉ်းစားသင့်သည်။

***၂၉။ သက်ရှိသဘာဝသယံဇာတများအတွက်သီးသန့် နိုင်ငံတကာဆိုင်ရာ၊ ဒေသဆိုင်ရာ (သို့မဟုတ်) နိုင်ငံဆိုင်ရာ စံသတ်မှတ်ချက်များ သက်ဆိုင်ရာနိုင်ငံတွင် မရှိနိုင်သေးပါက စီမံကိန်းဆောင်ရွက်သူသည်***

***(၁) နိုင်ငံတကာလုပ်ငန်း လုပ်ကိုင်လည်ပတ်ခြင်းမှုများ၊ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် နည်းပညာများ စသည်တို့ကို အသုံးပြုရန် ကတိကဝတ်ထားရမည်။***

***(၂) နိုင်ငံအဆင့် စံနှုန်းတစ်ခု ရေးဆွဲခြင်းတွင် တက်တက်ကြွကြွ ပါဝင်ရန်လိုအပ်သည်။ သင့်တော်မှုရှိလျှင်, ရေရှည်တည်တံ့ရေးအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် လက်တွေ့အကောင်အထည်ဖော်မှုများကို အထောက်အပံ့ ပြုနိုင်သော လေ့လာမှုများကိုလည်း အားပေးရမည်။***

အပိုဒ် ၁၃၄ (GN134)။ သင့်လျော်မှန်ကန်သော စံနှုန်းတစ်ရပ်ကို ချမှတ်ထားခြင်းမရှိသေးလျှင် ၊ သို့မဟုတ် သက်ဆိုင်ရာပထဝီဒေသ သို့မဟုတ် နိုင်ငံအတွင်းအသုံးပြုရန် ကမ္ဘာ့စံနှုန်း တစ်ရပ်ကို သက်ဆိုင်ရာနိုင်ငံအလိုက် ဘာသာပြန်၊ အဓိပ္ပါယ်ဖွင့်ဆို အတည်ပြုခြင်း မပြုလုပ်ရသေးလျှင်၊ နိုင်ငံတကာကလက်ခံထားသော လုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများကို ကိုင်စွဲဆောင်ရွက်ရန်သတ်မှတ်ထားသည်။ ရည်ရွယ်ချက်မှာ- ထိုကာလကို အနာဂတ်တွင် ရှိလာမည့် စိစစ်အတည်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းများအတွက် ကြိုတင်ပြင်ဆင်ရန် ဆောင်ရွက်စေခြင်း ဖြစ်သည်။ ဆက်လက်၍ စီမံကိန်းဆောင်ရွက်သူသည် သက်ဆိုင်ရာစံနှုန်းတစ်ရပ်ပြုစုရေး လုပ်ငန်းစဉ်တွင် ယင်းတို့လုပ်ငန်းများ၏ သဘောသဘာဝ၊ အရွယ်အစားနှင့် ကိုက်ညီသည့် အတိုင်းအတာအထိ တက်တက်ကြွကြွပါဝင်ဆောင်ရွက်ရန် မျှော်လင့်ရပါသည်။ ထိုပါဝင်ဆောင်ရွက်ရာတွင် အခြားအရာများအပြင် ဒေသန္တရအလုပ်ရုံ ဆွေးနွေးပွဲများ လက်ခံကျင်းပပေးခြင်းနှင့်(သို့မဟုတ်) ကိုယ်တိုင်ပါဝင်တက်ရောက်ခြင်း သို့မဟုတ် စံနှုန်းတွင် ထည့်သွင်းရန်စီစဉ်နေသော အချို့သတ်မှတ်ချက်များကို လက်တွေ့စမ်းသပ်ကြည့်ခြင်းတို့ပါဝင်သည်။ စံနှုန်းကို ရေးဆွဲပြုစုပြီးသည့်အခါ IFC ၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများမှ တိုက်ရိုက်ပိုင်ဆိုင်သော သို့မဟုတ် စီမံခန့်ခွဲထိန်းချုပ်မှုရှိနေသော လုပ်ငန်းအားလုံးအတွက် စံနှုန်းတစ်ရပ်အဖြစ် အသုံးပြုရန် နှင့် စိစစ်အတည်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းကိုလည်း ရရှိအောင် လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

*ထွက်ကုန်(သို့မဟုတ်) ဝန်ဆောင်မှုတစ်ခုဖြစ်ပေါ်လာရေးအတွက် လိုအပ်သည့် လုပ်ငန်းကွင်းဆက် (Supply Chain)*

***၃၀။ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူသည် အခြေခံကုန်ပစ္စည်းများ (အထူးသဖြင့် အစားအစာ၊ အမျှင်ဓာတ်ပါသော ကုန်ပစ္စည်းများ သာမက) အား ဝယ်ယူရာတွင် ထိုကုန်များသည် သဘာဝနေရင်းဒေသ (သို့မဟုတ်) အရေးကြီးအဖြစ် သတ်မှတ်ထားသော နေရင်းဒေသများအား သိသိသာသာ ပြောင်းလဲသွားနိုင်သည့် အန္တရာယ်များသည့် အခြေအနေအောက်တွင် ထုတ်လုပ်ထားသော ထုတ်ကုန်များဖြစ်ပါက ကုန်စည်ပစ္စည်းများကို ပေးသွင်းနေသူများ[၂၀] အား စိစစ်သုံးသပ်ရန်အတွက် မိမိတို့၏ ESMS (သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်) ဆိုင်ရာ လုပ်ငန်းအစိတ်အပိုင်းတစ်ခုအဖြစ်စနစ်များ၊ စိစစ်အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးအလေ့ကျင့်များကို ချမှတ်ရမည်။ ထိုစနစ်များနှင့် စိစစ်အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံး အလေ့အကျင့်များသည် - (၁) ကုန်ပစ္စည်းများသည် မည်သည့်အရပ်မှ ထွက်ရှိ (ထုတ်လုပ်) သည်၊ ထိုဒေသသည် မည်သည့်နေရင်းဒေသ အမျိုးအစားတွင် ပါဝင်သည်ကို သိရှိအောင် လုပ်ဆောင်ရသည်။ (၂) ထိုအခြေခံကုန်များ၏ လုပ်ငန်းကွင်းဆက်ကို အမြဲတမ်းစောင့်ကြည့်လေ့လာရေးအတွက် ထောက်ကူပေးသည်။ (၃) သဘာဝဖြစ်သော ပြောင်းလဲထားခြင်းမရှိသည့် အပင်နှင့် သတ္တဝါမျိုးစိတ်များ မှီခိုရာနေရာများ (နှင့်) (သို့မဟုတ်) အရေးကြီးအဖြစ် သတ်မှတ်ထားသော နေရင်းဒေသ စသည်တို့ ကြီးမားစွာ အပြောင်းအလဲဖြစ်သွားအောင် မလုပ်ဆောင်သောသူဖြစ်ကြောင်း သက်သေပြနိုင်သူများထံမှ ကုန်စည်ရယူခြင်းလုပ်ငန်းစဉ်ကိုသာ အကန့်အသတ်ထား၍ ဝယ်ယူသည် (ထိုကုန်စည်များ (နှင့်) (သို့မဟုတ်) နေရာများနှင့် ပတ်သက်၍ တရားဝင်အသိအမှတ်ပြုလက်မှတ်များ ပြသနိုင်ခြင်း (သို့မဟုတ်) အများလက်ခံသည့် လုပ်ငန်းစဉ်တစ်ခုဖြင့် စိစစ်အတည်ပြုသည့် (သို့မဟုတ်) တရားဝင်အသိအမှတ်ပြုသည့် လုပ်ငန်းကို လုပ်ဆောင်နေခြင်း)။ (၄) ဖြစ်နိုင်ပါက ထိုအခြေခံကုန်ရယူခြင်းလုပ်ငန်းကွင်းဆက်တွင် သက်ဆိုင်ရာနေရာဒေသများ ကြီးမားစွာမထိခိုက်စေရန် အကာအကွယ်ပေးသည်ကို သက်သေပြနိုင်သည့် ပေးသွင်းသူများနှင့် တဖြည်းဖြည်း ပြောင်းလဲလုပ်ဆောင်ရန် လိုအပ်သည်။ IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများက ထိုအန္တရာယ်များအား သေချာစွာ ဖြေရှင်းဆောင်ရွက်နိုင်မည့် အရည်အသွေးရှိ၊မရှိဆိုသည့်ကိစ္စနှင့်ပတ်သတ်၍ မိမိတို့၏ ထောက်ပံ့ဝန်ဆောင်မှုကို ရယူထားသူများမှ ထိုမူလကုန်ပေးသွင်းသူများအပေါ်တွင် မည်မျှထိန်းချုပ် (သို့မဟုတ်) လွှမ်းမိုးနိုင်သည်ဆိုသည့်အချက်ပေါ်တွင် မူတည်ပေလိမ့်မည်။***

---

[၂၀] ပင်မစီးပွားရေးလုပ်ငန်းစဉ်အတွက် အဓိကလိုအပ်သော အခြေခံကုန်စည် (သို့မဟုတ်) ပစ္စည်းများကို စဉ်ဆက်မပျက်ပေးသွင်းနေသူများမှာ- စီမံကိန်း၏ အခရာကျသော လုပ်ငန်းများအတွက် လိုအပ်သည့် ရှင်သန်နေသည့် သဘာဝအရင်းအမြစ်များ၊ ကုန်ပစ္စည်းများ၊ အခြေခံပစ္စည်းများကို ပေးသွင်းသောသူများဖြစ်သည်။

အပိုဒ် ၁၃၅ (GN135)။ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် ထပ်မံပြုပြင် စီမံထုတ်လုပ်သည့် လုပ်ငန်း (processing) သို့မဟုတ် ကုန်သွယ်ရေးအတွက် အစားအစာ၊ ဖိုင်ဘာ၊ သစ်၊ တိရစ္ဆာန်မှ ထုတ်လုပ်သော ထုတ်ကုန်များနှင့် ဆက်စပ်လူသုံးကုန်ပစ္စည်းများကို ဝယ်ယူကောင်း ဝယ်ယူနိုင်ပါသည်။ ထိုအနေအထားတွင် ထုတ်ကုန်များ စိုက်ပျိုး

ခြင်း သို့မဟုတ် ထုတ်ယူခြင်းတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည်လည်း ဖြစ်နိုင်သည်။ ထို့အပြင် ထိုထုတ်ကုန်များသည် IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ၏လက်ထဲသို့မရောက်လာမီ များစွာသော ကြားလုပ်ငန်းစဉ်အဆင့်များကိုလည်း ဖြတ်သန်းကောင်းဖြတ်သန်းရနိုင်သည်။ ထိုထုတ်ကုန်များ ထုတ်လုပ်ရာ၌ ဇီဝမျိုးစုံမျိုးကွဲများအပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ရှိနေကြောင်းဖော်ထုတ်တွေ့ရှိရသည့် လုပ်ငန်းကွင်းဆက်များတွင် ပါဝင်ပတ်သက်ခြင်းအားဖြင့် ဂုဏ်သိက္ခာအကြီးအကျယ်ထိခိုက်နိုင်သည့် အန္တရာယ်များ ရှိကြောင်းလည်း သိရှိ နားလည်ထားသင့်သည်။

အပိုဒ် ၁၃၆ (GN136)။ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၁၃ နှင့် ၁၆ တွင်ဖော်ပြထားသည့် အတိုင် သဘာဝနေရင်းဒေသနှင့် အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသများ အပေါ် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုဖြစ်နေခဲ့သည့် နယ်ပယ်များနှင့် အခြေအနေများ၌ စိုးရိမ်ပူပန်မှုများနှင့် ဆိုးကျိုးသက်ရောက်မှုများ ရှိနေသည်။

အပိုဒ် ၁၃၇ (GN137)။ IFC ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် အထက်ဖော်ပြပါ လူသုံးကုန်ပစ္စည်းများ ပြုပြင်စီမံထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်ခြင်းများတွင် ပါဝင်နေပါက ထိုလုပ်ငန်းကွင်းဆက်များ၏ အန္တရာယ်များကို ဖော်ထုတ်ရန်နှင့် ထိုအန္တရာယ်များကြောင့် ယင်းတို့၏ လုပ်ငန်းဆိုင်ရာနှင့် ဂုဏ်သိက္ခာဆိုင်ရာ ထင်ရှားကြော်ကြားမှု ထိခိုက်နိုင်ခြေများကို ဆန်းစစ်ရန် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုစနစ် (ESMS) ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆီလျော်သောမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲဆောင်ရွက်သင့်သည်။

ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် ထိုထုတ်ကုန်များ၏ ပင်ရင်းနှင့် မူလလမ်းကြောင်းကို တိတိကျကျ ဖော်ထုတ်နိုင်ရန် သင့်တော်သောအရည်အသွေးအာမခံမှုနှင့် ခြေရာခံစနစ်များ( traceability systems) ရှိထားသင့်သည်။ ထိုသို့ ခြေရာခံနိုင်စွမ်းရှိသောစနစ်များ သို့မဟုတ် လုပ်ငန်းကွင်းဆက်အတွင်း တစ်ဦးလက်မှတစ်ဦး လွှဲယူကိုင်တွယ်ဆောင်ရွက်မှုကို မှတ်တမ်းထားစေသည့်စနစ်များသည် သတ်မှတ်ထားသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီဘဲ ဇီဝမျိုးစုံမျိုးကွဲများ အပေါ် အန္တရာယ်များကျရောက်စေသည့် ထုတ်ကုန်များ သို့မဟုတ် ပစ္စည်းပေးသွင်းသူများကို ဖယ်ရှားနိုင်ရန် ပြည့်စုံလုံလောက်သည့်စနစ် ဖြစ်သင့်သည်။

အပိုဒ် ၁၃၈ (GN138)။ အဆိုပါ စိုးရိမ်ပူပန်မှုများ ဖော်ထုတ်တွေ့ရှိရသည့်အခြေအနေများတွင် ထိုလုပ်ငန်းကွင်းဆက်အပေါ် ထိန်းချုပ်၍ ဩဇာလွှမ်းမိုးဆောင်ရွက်နိုင်သည့် အတိုင်းအတာနှင့် ချိန်ညှိ၍ ထိုအန္တရာယ်များကို လျှော့ချရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများ ဖော်ထုတ်သတ်မှတ်ရန် ဖြစ်သည်။ အထူးသဖြင့် မိမိတို့စီးပွားရေးလုပ်ငန်း၏ အဓိက လုပ်ငန်းစဉ်များအတွက် မရှိမဖြစ်သော သက်ရှိသဘာဝသယံဇာတများ၊ ကုန်စည်များနှင့် ပစ္စည်းအများစုကို လက်ရှိပေးသွင်းနေသော အဓိကပစ္စည်းပေးသွင်းသူများကို ဖော်ထုတ်သတ်မှတ်သင့်သည်။

အပိုဒ် ၁၃၉ (GN139)။ IFC၏ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများသည် ယင်းတို့အား အဓိကပစ္စည်းပေးသွင်းသူများ၏ လုပ်ငန်းကွင်းဆက်များတွင် မည်သည့်နေရာများ၌ အန္တရာယ်များ နှင့် စိုးရိမ်ပူပန်စရာများရှိနေကြောင်း ဖော်ထုတ်ရာ၌ ထိုသူတို့နှင့်အတူတွဲလုပ်ဆောင်သင့်သည်။ ဖြစ်နိုင်လျှင် ထိုအဓိကပစ္စည်းပေးသွင်းသူများအနေနှင့် သဘာဝ နေရင်းဒေသ သို့မဟုတ် အရေးတကြီး ကာကွယ်ထိန်းသိမ်းရမည့် နေရင်းဒေသ အပေါ် သိသာထင်ရှားစွာ ပြောင်းလဲခြင်းနှင့် (သို့မဟုတ်) အရည်အသွေးအဆင့်အတန်း ကျဆင်းစေခြင်းများကို ကာကွယ်တားဆီးရန်နှင့် သက်ဆိုင်ရာ လုပ်ငန်းအလိုက် သတ်မှတ်

ထားသော စီမံခန့်ခွဲမှုအလေ့အကျင့်ကောင်းများနှင့် ရနိုင်သမျှနည်းပညာများ အသုံးပြုခြင်းအားဖြင့် သက်ရှိသဘာဝအရင်းအမြစ်များအပေါ် ရေရှည်တည်တံ့စွာ စီမံခန့်ခွဲဆောင်ရွက်ရန် မည်သည့်နေရာ၌ မည်သို့ပြုလုပ်နိုင်ကြောင်း ဖော်ထုတ်ရာ၌လည်း ကူညီဆောင်ရွက်သင့်သည်။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ESMS)၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အဓိကပစ္စည်းပေးသွင်းသူများ၏ လက်ရှိလုပ်ဆောင်ချက်များကို တိုင်းတာရန် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး အထောက်အကူပြု နည်းကိရိယာများ၊ တိုင်းတာတွက်ချက်နိုင်သော အညွှန်းကိန်းများ၊ နည်းလမ်းများကို ဆီလျော်သလို ရေးဆွဲပြုစုကျင့်သုံးသင့်သည် သို့မဟုတ် ရွေးချယ်ဆောင်ရွက်သင့်သည်။

အပိုဒ် ၁၄၀ (GN140)။ မူရင်းနိုင်ငံတွင် သဘာဝသယံဇာတများ ရေရှည်တည်တံ့စွာ စီမံခန့်ခွဲရေး နှင့်စပ်လျဉ်းသည့် လျော်ကန်မှုရှိသော အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း စနစ်များနှင့် စိစစ်အတည်ပြုခြင်းစနစ်များရှိလျှင် စီမံကိန်းဆောင်ရွက်သူသည် လက်မှတ်ရထုတ်ကုန်များနှင့်  သက်သေပြထားသော အသိအမှတ်ပြုလက်မှတ်များ သို့မဟုတ် စိစစ်အတည်ပြုခြင်းများကို လူသုံးကုန် သို့မဟုတ် ထုတ်ကုန်နှင့် သက်ဆိုင်သည့် ယုံကြည်စိတ်ချရသော လွှဲပြောင်းကိုင်တွယ်စီမံထိန်းသိမ်းမှု အစီအစဉ်တစ်ခုအောက်မှ ဝယ်ယူဖြည့်တင်းနိုင်ရေး စဉ်းစားရန် လိုအပ်သည်။

# နောက်ဆက်တွဲ(က) အခြားသော လုပ်ဆောင်မှုစံသတ်မှတ်ချက်များတွင်ပါရှိသည့် ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင် မှုများအား ရည်ညွှန်းဖော်ပြခြင်းများ

| လုပ်ဆောင်မှု စံသတ်မှတ် ချက် | အပိုဒ်နံပါတ် | လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပေါ် ကိုးကားချက်နှင့် သက်ဆိုင်သော အကြောင်းအရာများ |
|---|---|---|
| ၁ | အပိုဒ် ၈/ ပထမအချက် | စီမံကိန်း၏ လွှမ်းမိုးသက်ရောက်ခံနေရာ ဖော်ပြချက်နှင့်စပ်လျဉ်း၍ စီမံကိန်းကြောင့် ထိခိုက်နစ်နာသည့် ရပ်ရွာလူထုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မှီခိုနေရသည့် ဇီဝမျိုးစုံမျိုးကွဲများ သို့မဟုတ် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် စီမံကိန်း၏သွယ်ဝိုက် ထိခိုက်သက်ရောက်မှုများကို ထည့်တွက်ရန်၊ |
| ၄ | အပိုဒ် ၈ | အဓိကကျသော ဂေဟစနစ်ဝန်ဆောင်မှုများ အပေါ် စီမံကိန်း၏ တိုက်ရိုက်ထိခိုက်သက်ရောက်နိုင်ခြေများကို ထည့်စဉ်းစားရန်မှာ လုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်ဖြစ်ကြောင်းဖော်ပြထားသည်။ ထိုထိခိုက်မှု၏ အကျိုးဆက်မှာ ထိခိုက်ခံစားရသည့် ရပ်ရွာလူထုအပေါ် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကျရောက်နိုင်ခြင်းဖြစ်သည်။ ဂေဟစနစ်ဝန်ဆောင်မှုများသည် ဝန်ဆောင်မှုပေးအပ်ခြင်းနှင့် ထိန်းညှိပေးခြင်းလုပ်ငန်းများ တွင် အကန့်အသတ်ရှိသည်။ လုပ်ငန်းလုပ်ကိုင်သူအပေါ် သတ်မှတ်ချက်များသည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆၊ အပိုဒ် ၂၅ နှင့် အပြန်အလှန်ချိတ်ဆက်နေသည်။ |
| ၅ | အပိုဒ် ၁/ အောက်ခြေ မှတ်ချက် ၁ | လုပ်ဆောင်မှုစံသတ်မှတ်ချက် ၅ အရ သဘာဝသယံဇာတရင်းမြစ် အခြေခံအသက်မွေး ဝမ်းကျောင်းများအား "အသက်မွေးဝမ်းကျောင်းများ"ဟု စဉ်းစားဖော်ပြကြောင်း အောက်ခြေမှတ်စုတွင် ရှင်းလင်းဆွေးနွေးခြင်းဖြစ်သည်။ |
| | အပိုဒ် ၅/ တတိယ အချက် | စီမံကိန်းနှင့်ဆိုင်သော မြေအသုံးပြုမှု ကန့်သတ်ချက်များ နှင့် (ရပ်ရွာလူထုအတွင်းက အုပ်စုများ) ၏ သဘာဝ သယံဇာတများ ရယူအသုံးပြုနိုင်ခွင့် ကန့်သတ်ခြင်းများ ကြောင့် သဘာဝသယံဇာတ အသုံးပြုနိုင်ရေး လက်လှမ်းမီနိုင်မှု လျော့နည်း ဆုံးရှုံးခြင်းများဖြစ်လာက၊ စီးပွားရေး ပြောင်းလဲလုပ်ကိုင်ရသည့်ကိစ္စများရှိလျှင်၊ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၅ ကို ကျင့်သုံးရန်မှတ်ထားပါ။ |
| | အပိုဒ် ၅/ အောက်ခြေ မှတ်ချက် ၉ | လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် ရည်ညွှန်းဖော်ပြ ထားသော "သဘာဝသယံဇာတပိုင်ဆိုင်မှုများ (natural resources assets) " ဟူသည့် စကားရပ် |

| လုပ်ဆောင်မှုစံသတ်မှတ်ချက် | အပိုဒ်နံပါတ် | လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပေါ် ကိုးကားချက်နှင့် သက်ဆိုင်သော အကြောင်းအရာများ |
|---|---|---|
| | | သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင်သုံးစွဲသော **ဂေဟစနစ်ဝန်ဆောင်မှုများ ပေးအပ်ခြင်း** ဟူသည့် စကားရပ်နှင့် ညီမျှသည်။ |
| | အပိုဒ် ၂၇ | ပိုင်ဆိုင်မှုများ၊ သဘာဝအရင်းအမြစ် ပိုင်ဆိုင်မှုများအပါ အဝင်အား ဆုံးရှုံးခြင်း သို့မဟုတ် လက်လှမ်းမီမှု ဆုံးရှုံးခြင်းကို ရင်ဆိုင်ရသူများက စီးပွားရေး လုပ်ငန်းများ ပြောင်းလဲ ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ အထွေထွေ သတ်မှတ်ချက်များကို ဖော်ပြထား သည်။ |
| | အပိုဒ် ၂၈/ ဒုတိယအချက် | သဘာဝသယံဇာတကိုအခြေပြုသည့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများအတွက် ထိုသဘာဝသယံဇာတများအပေါ် လက်လှမ်းမီ အသုံးချခွင့်ကို စီမံကိန်းက ကန့်သတ်မှုရှိနေခြင်း နှင့်စပ်လျဉ်း၍ ယင်းတို့အတွက် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ပေးခြင်းဆိုင်ရာ နောက်ထပ် သတ်မှတ်ချက်များကို ဖော်ပြထားသည်။ ဆိုလိုသည်မှာ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် ပါရှိသည့် **ထိခိုက်နစ်နာရသော ရပ်ရွာလူထုက** မှီခိုအားထားနေသော **အစိကကျသည့်ဂေဟစနစ်ဝန်ဆောင်မှုများပေးအပ်ခြင်း** (Prior Provisioning Services) များကို စဉ်းစားထားခြင်း ဖြစ်မည်။ |
| ၇ | အပိုဒ် ၁၁/ အောက်ခြေမှတ်ချက် ၅ | လုပ်ဆောင်မှုစံသတ်မှတ်ချက် ၇ တွင် ရည်ညွှန်းထားသော "သဘာဝ သယံဇာတများနှင့် ယဉ်ကျေးမှုတန်ဖိုးများရှိနေသည့် သဘာဝနေရာများ" ဟူသည့်စကားရပ်သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် သုံးနှုန်းထားသော ဂေဟစနစ်၏ဝန်ဆောင်မှုများပေးခြင်းနှင့် ယဉ်ကျေးမှုဆိုင် ဝန်ဆောင်မှုများပေးခြင်း စကားရပ်နှင့် ညီမျှသည်။ |
| | အပိုဒ် ၁၃/ အောက်ခြေမှတ်ချက် ၆ | လုပ်ဆောင်မှုစံသတ်မှတ်ချက် ၇ တွင် ရည်ညွှန်းထားသော "သဘာဝ သယံဇာတပိုင်ဆိုင်မှုများ( Natural resource assets) ဟူသည့်စကားရပ်သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် သုံးနှုန်းထားသော **ဂေဟစနစ်၏ဝန်ဆောင်မှုများပေးအပ်ခြင်း** ဟူသော စကားရပ်နှင့်ညီမျှသည်။ |
| | အပိုဒ် ၁၄ | လုပ်ငန်းလုပ်ဆောင်သူသည် စီမံကိန်းတစ်ခုကို ဒေသခံ တိုင်းရင်းသားများ သမားရိုးကျ ပိုင်ဆိုင်ထားသော သို့မဟုတ် အစဉ်အလာအားဖြင့် အသုံးပြုနေခဲ့သော မြေများပေါ်တွင် နေရာချရန် အဆိုပြုလျှင် သို့မဟုတ် ထိုမြေများပေါ်မှ သဘာဝသယံဇာတများကို စီးပွားဖြစ် ထုတ်ယူရန်အဆိုပြုလျှင် လိုက်နာရမည့်သတ်မှတ်ချက်များ ဖော်ပြထားသည်။ |

| လုပ်ဆောင်မှု စံသတ်မှတ် ချက် | အပိုဒ်နံပါတ် | လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပေါ် ကိုးကားချက်နှင့် သက်ဆိုင်သော အကြောင်းအရာများ |
|---|---|---|
| | အပိုဒ် ၁၄/ အောက်ခြေ မှတ်စု ၉ | လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် ရည်ညွှန်းထားသော "သဘာဝ သယံဇာတများနှင့် အရေးပါသော သဘာဝနယ်မြေ/နေရာများ" ဟူသည့် စကားရပ်သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင်ဖော်ပြထားသော အဓိကကျသည့် ဂေဟစနစ်ဝန်ဆောင်မှုများ ဟူသည့်စကား ရပ်နှင့်ညီမျှသည်။ ဤအောက်ခြေမှတ်စုသည် အောက်ခြေမှတ်စု ၅ နှင့် အနည်းငယ်ကွဲပြား နေသည်။ အောက်ခြေမှတ်စု ၅ တွင် ဖော်ပြထားသည်မှာ သဘာဝသယံဇာတ များနှင့် အရေးပါသော သဘာဝနယ်မြေများ အပေါ် ထိခိုက်သက်ရောက်မှု သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၇ ပါ သတ်မှတ်ချက်များကို စတင် ဆောင်ရွက်ရမည့် အခြေအနေဖြစ်လျှင်၊ လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အရ ယင်းတို့ကို **အဓိကကျသောဂေဟစနစ်၏ဝန်ဆောင်မှုများ** အဖြစ် ယူဆမည် ဖြစ်သည်။ |
| | အပိုဒ် ၁၆/ အောက်ခြေ မှတ်ချက် ၁၃ | ဒေသခံတိုင်းရင်းသားများအတွက် အရေးကြီးသည့် ယဉ်ကျေးမှု အမွေအနှစ် များအပေါ် ထိခိုက်သက်ရောက်မှုများနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို ဖော်ပြထားသည်။ အောက်ခြေမှတ်စု ၁၃ တွင် ရှင်းပြထားသည်မှာ ထိုအမွေ အနှစ်များတွင် "ယဉ်ကျေးမှုဆိုင်ရာ နှင့်(သို့မဟုတ်) စိတ်ဓာတ်ခွန်အား ဆိုင်ရာ တန်ဖိုးရှိနေသော သဘာဝနေရာများ" ကို လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အရ **အဓိကကျသော ယဉ်ကျေးမှုဆိုင်ရာ ဂေဟစနစ်၏ဝန်ဆောင်မှုများ** ဟု ယူဆရန်ဖြစ်သည်။ |
| ၈ | အပိုဒ် ၃ | "တမူထူးခြားသော သဘာဝအသွင်သဏ္ဌာန်များ သို့မဟုတ် လက်ဆုပ်လက်ကိုင် ပြနိုင်သော ဒြပ်ရှိအရာဝတ္ထုများသည် ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများ ဖွဲ့စည်း ပါဝင်နေခြင်း" (ဥပမာ-မြင့်မြတ်သောသစ်ပင်အုပ်များ၊ ကျောက်များ၊ ရေကန် များနှင့် ရေတံခွန်များ) သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၈ တွင် အကျုံးဝင် သည်။ (ထိုအရာများသည် ဒေသခံတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဆိုင်ရာ နေရာများမဟုတ်လျှင်၊ ယင်းတို့ကို လုပ်ဆောင်မှု စံသတ်မှတ်ချက် ၇၊ အပိုဒ် ၆ တွင်ဖော်ပြထားသည်။) "တမူထူးခြားသော သဘာဝအသွင်သဏ္ဌာန် များ သို့မဟုတ် လက်ဆုပ်လက်ကိုင်ပြနိုင်သော ဒြပ်ရှိအရာ ဝတ္ထုများသည် ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများ ဖွဲ့စည်း ပါဝင်နေခြင်း"ဟူသည့်စကားရပ်သည် လုပ်ဆောင်မှု စံသတ်မှတ်ချက် ၆ တွင်သုံးထားသော **ယဉ်ကျေးမှုဆိုင်ရာ ဂေဟစနစ်၏ ဝန်ဆောင်မှုများ** စကားရပ်နှင့်ညီ မျှသည်။ |

| လုပ်ဆောင်မှု စံသတ်မှတ် ချက် | အပိုဒ်နံပါတ် | လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ အပေါ် ကိုးကားချက်နှင့် သက်ဆိုင်သော အကြောင်းအရာများ |
|---|---|---|
| | အပိုဒ် ၁၁ နှင့် ၁၂ | "ပုံတူပွားနိုင်သော" နှင့် "ပုံတူမပွားနိုင်သော" ယဉ်ကျေးမှု အမွေအနှစ်များ နှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များ ဖော်ပြထားသည်။ လုပ်ဆောင်မှု စံသတ်မှတ် ချက် ၈၊ အပိုဒ် ၃ ပါ အဓိပ္ပါယ်ဖွင့်ဆိုချက် ၃ (၂) နှင့် ကိုက်ညီသည့် ယဉ်ကျေးမှုဆိုင်ရာ ဂေဟစနစ်၏ ထောက်ပံ့ ဝန်ဆောင်မှုများကို အပိုဒ် ၁၁ နှင့် ၁၂ တို့တွင်လည်း ဆီလျော်သလို သတ်မှတ်ဖော်ပြထားသည်။"ပုံတူပွား နိုင်သော" နှင့် "ပုံတူမပွားနိုင်သော" ယဉ်ကျေးမှု အမွေအနှစ် အဓိပ္ပါယ် ဖွင့်ဆိုချက်ကို အောက်ခြေမှတ်စု ၃ နှင့် ၅ တွင်ဖော်ပြထားသည်။ |
| | အပိုဒ် ၁၁/ အောက်ခြေ မှတ်ချက် ၄ | "ပုံတူပွားနိုင်သော" ယဉ်ကျေးမှုအမွေအနှစ်နှင့်စပ်လျဉ်း သည့် သတ်မှတ်ချက် များဖော်ပြထားပြီး၊ ထိခိုက်သက်ရောက်မှု လျှော့ချ ရေးလုပ်ငန်းအရပ်ရပ်ကို လုပ်ဆောင်မှုစံ သတ်မှတ်ချက် ၈ နှင့်အညီ ထည့်သွင်းထားသည်။ ဤ သတ်မှတ်ချက်များက အလေးပေးဖော်ပြသည်မှာ "မည်သည့်ဂေဟဗေဒ ဆိုင်ရာ လုပ်ငန်းစဉ်များကိုမဆို ထိန်းသိမ်းခြင်း သို့မဟုတ် ပြန်လည် ထူထောင် ခြင်းသည် (ယဉ်ကျေးမှုအမွေအနှစ်) ကို အထောက်အကူပြုစေရန် လိုအပ်သည်။" ဟူ၍ဖြစ်သည်။ "ဂေဟဗေဒဆိုင်ရာလုပ်ငန်းစဉ်များ" ဟူသည့် စကားရပ်သည် လုပ်ဆောင်မှုစံသတ်မှတ်ချက် ၆ တွင် ဖော်ပြထားသော ဂေဟစနစ်၏ **အဓိကကျသောထိန်းညှိ ပေးသည့်ဝန်ဆောင်မှုများ** ဟူသည့် စကားရပ်နှင့် အထူးဆီလျော်သည်။ |

# မှတ်ချက်များရေးသွင်းထားသည့် စာစုစာရင်း

## နိုင်ငံတကာသဘောတူစာချုပ်များ

CMS (Convention on Migratory Species) Secretariat and UNEP (United Nations Environment Programme). 1979. "Convention on the Conservation of Migratory Species of Wild Animals" CMS Secretariat, Bonn, Germany, and UNEP, Nairobi. https://www.cms.int/en/ legalinstrument/cms. Bonn Convention ဟု လူသိများသည့် ဤနိုင်ငံတကာ သဘောတူ စာချုပ်သည် ကုန်းမြေ၊ ပင်လယ်နှင့် လေထုအတွင်း ရွှေ့ပြောင်း နေထိုင်ကျက်စားသောမျိုးစိတ်များ၊ ယင်းတို့၏ နေရင်းဒေသများနှင့် ရွှေ့ပြောင်း သွားလာရာလမ်းကြောင်းများကို ကာကွယ်ထိန်းသိမ်းရန် ကြိုးပမ်းခြင်းဖြစ်သည်။

IMO (International Maritime Organiz ation). 2004. "International Convention for the Control and Management of Ships' Ballast Water and Sediments Convention." IMO, London. http://www.imo.org/About/Conventions/ListOfConventions/Pages/International-Convention-for-the-Control-and-Management-of-Ships'-Ballast-Water-and-Sediments-(BWM).aspx. ဤနိုင်ငံတကာသဘောတူစာချုပ်သည် ဒေသတစ်ခုမှတစ်ခုသို့ သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ရာ၌ သင်္ဘောတည်ငြိမ်စေရန် ဝမ်းစာအဖြစ် ဖြည့်သည့်ရေတွင်ပါလာသော၊ အန္တရာယ်ရှိနိုင်သော ရေနေသက်ရှိသတ္တဝါများ ပျံ့နှံ့ပေါက်ပွားမှုကို တားဆီးကာကွယ်ရန်ရည်ရွယ်ခြင်းဖြစ်သည်။

IUCN (International Union for Conservation of Nature). 1975. "Convention on International Trade in Endangered Species of Wild Fauna and Flora." IUCN, Gland, Switzerland. http://www.cites.org. ဤနိုင်ငံတကာသဘောတူ စာချုပ်သည် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ၏ရှင်သန်မှုကို မခြိမ်းခြောက်သော နိုင်ငံတကာကုန်သွယ်မှုဖြစ်စေရန် ရည်ရွယ်သည်။

Ramsar Secretariat. 1971. "Convention on Wetlands of International Importance, especially as Waterfowl Habitat." Ramsar Secratariat, Gland, Switzerland. http://www.ramsar.org. အစိုးရနိုင်ငံများ အကြားချုပ်ဆိုသော ဤသဘောတူစာချုပ်သည် နိုင်ငံအလိုက် လုပ်ငန်းဆောင်ရွက်မှုများ ၊ စိမ့်မြေများနှင့် ယင်းတို့၏ သယံဇာတများကို ထိန်းသိမ်းခြင်းနှင့် ဉာဏ်ရှိရှိ အသုံးချရေးအတွက် နိုင်ငံတကာပူး ပေါင်းဆောင်ရွက်ရန် မူဘောင်တစ်ရပ်ကို ဖော်ပြထားခြင်းဖြစ်သည်။

Secretariat of the CBD (Convention on Biological Diversity). 1992. "Convention on Biological Diversity." Secretariat of the CBD, Montreal. http://www.cbd.int/. ဤသဘောတူစာချုပ်သည် ၁၉၉၂ ခုနှစ်၊ Rio de Janeiro မြို့တွင်ပြုလုပ်သော ကမ္ဘာမြေညီလာခံ (Earth Summit) တွင် လက်ခံသဘောတူညီခဲ့ သောအချက်များမှ ပေါ်ထွက်ခြင်းဖြစ်သည်။ (CBD) သည် နိုင်ငံတကာ စာချုပ်တစ်ခုဖြစ်၍ ကမ္ဘာမြေပေါ်တွင် သက်ရှိအမျိုးမျိုးတို့ ရှင်သန်တည်ရှိစေရန်ရည်ရွယ် သည်။ ထိုသဘောတူစာချုပ်၏ အဓိက ပန်းတိုင် ၃ ရပ်မှာ (၁) ဇီဝဗေဒဆိုင်ရာ

မတူကွဲပြားမှုများကို ကာကွယ်ထိန်းသိမ်းခြင်း (၂) ဇီဝဗေဒဆိုင်ရာ မတူကွဲပြားမှုအောက်က မျိုးစိတ်များနှင့် ဂေဟစနစ်များကို ရေရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့် (၃) မျိုးရိုးဗီဇအရင်းအမြစ်များ အသုံးပြုခြင်းမှ ရရှိသော အကျိုးအမြတ်များကို သင့်တင့်မျှတစွာ မျှဝေခြင်းတို့ဖြစ်သည်။

———. 2000. "Cartagena Protocol on Biosafety to the Convention on Biological Diversity." Secretariat of the CBD, Montreal. http://www.cbd.int/biosafety/default.html ဤ protocol သည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၏ ဖြည့်စွက်စာချုပ်တစ်ခုဖြစ်သည်။ ရည်ရွယ်ချက်မှာ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ဆိုးရွားသောထိခိုက်မှုများ၊ လူ့ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သည့် ခေတ်မီ ဇီဝနည်းပညာအားဖြင့် ရရှိလာသော ပြုပြင်ပြောင်းလဲထားသော သက်ရှိသတ္တဝါများအားစီမံခြင်း၊ သယ်ယူ ပို့ဆောင်ခြင်းနှင့် အသုံးပြုခြင်းတို့ ဘေးကင်းစိတ်ချရစေရန်ဖြစ်သည်။

———. 2011. "Nagoya Protocol on Access to Genetic Resources and the Fair and Equitable Sharing of Benefits Arising from Their Utilization to the Convention on Biological Diversity." Secretariat of the CBD, Montreal. http://www.cbd.int/abs. ဤနိုင်ငံတကာသဘောတူစာချုပ်၏ ရည်ရွယ်ချက်မှာ မျိုးရိုးဗီဇ အရင်းအမြစ်များ အသုံးပြုမှုမှရရှိသော အကျိုးကျေးဇူးများကို သင့်တင့်မျှတ သောပုံစံတစ်ရပ်ဖြင့် မျှဝေစေရန်၊ မျိုးရိုးဗီဇအရင်းအမြစ်များအပေါ် သင့်လျော်စွာ လက်လှမ်းမီစေခြင်းနှင့် သက်ဆိုင်ရာနည်းပညာများ လွှဲပြောင်း ပေးခြင်းအပါအဝင် ဆောင်ရွက်ရန်ဖြစ်သည်။ Nagoya Protocol သည် စာချုပ်အဖွဲ့ဝင်နိုင်ငံများ လက်မှတ်ရေး ထိုးနိုင်ရန် ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်မှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့အထိ လမ်းဖွင့်ပေးထားခဲ့ခြင်း ဖြစ်သည်။

UNESCO (United Nations Educational, Scientific, and Cultural Organization). 1972. "Convention Concerning the Protection of World Cultural and Natural Heritage." UNESCO, Paris. http://whc.unesco.org/en/conventiontext. ကမ္ဘာ့အမွေအနှစ်စာချုပ်ဟု လူသိများသည့် ဤနိုင်ငံတကာ သဘောတူစာချုပ်၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များဖော်ထုတ်၍ ကာကွယ် ထိန်းသိမ်းရန်ဖြစ်သည်။ ယဉ်ကျေးမှုနှင့် ဘဘာဝတန်ဖိုးများ ထူးထူးကဲကဲရှိနေသော နေရာများကို ယင်း၏ သဘာဝအမွေအနှစ်စာရင်းတွင် ထည့်သွင်းထားသည်။

## ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အခြေခံအချက်အလက်များ၊ ထိခိုက်မှုဆန်းစစ်ခြင်း နှင့် ထိခိုက်မှုလျော့ချရေး စီမံရေးဆွဲခြင်း

Cross Sector Biodiversity Initiative. 2015. *A Cross-Sector Guide for Implementing the Mitigation Hierarchy*. Prepared by The Biodiversity Consultancy. 88 pps. http://www.csbi.org.uk/our-work/mitigation-hierarchy-guide/

Cross Sector Biodiversity Initiative. 2014. *Timeline Tool*. http://www.csbi.org.uk/our-work/timeline-tool/

Cross-Sector Biodiversity Initiative & Multilateral Financing Institutions Biodiversity Working Group. 2015. *Good Practices for the Collection of Biodiversity Baseline Data*. Prepared by Gullison, R.E., J. Hardner, S. Anstee, & M. Meyer. 69 pps. http://www.csbi.org.uk/our-work/good-practices-for-the-collection-of-biodiversity-baseline-data/ or https://www.hg-llc.com/publications/

FFI (Fauna & Flora International). 2017. Biodiversity and Ecosystem Services: Good Practice Guidance for Oil and Gas Operations in Marine Environments. FFI: Cambridge U.K. https://www.fauna-flora.org/approaches/mining-energy

IUCN (International Union for Conservation of Nature)/Species Survival Commission. 2013. *Guidelines for Reintroductions and Other Conservation Translocations*. Version 1.0. Gland, Switzerland: IUCN Species Survival Commission, viiii + 57 pp. https://www.iucn.org/content/new-guidelines-conservation-translocations-published-iucn

Multilateral Financing Institutions Biodiversity Working Group. 2015. *Good Practices for Biodiversity Inclusive Impact Assessment and Management Planning*. Prepared by Hardner, J., T. Gullison, S. Anstee, & M. Meyer. 30 pps. https://publications.iadb.org/en/good-practices-biodiversity-inclusive-impact-assessment-and-management-planning or https://www.hg-llc.com/publications/

Slootweg, Roel, Asha Rajvanshi, Vinod Mathur, and Arend Kolhoff. 2009. Biodiversity in Environmental Assessment: Enhancing Ecosystem Services for Human Well-Being. Cambridge, U.K.: Cambridge University Press.

Treweek, Jo. 1999. Ecological Impact Assessment. Oxford, U.K.: Blackwell Science.

WRI (World Resources Institute) *Corporate Ecosystem Services Review: Guidelines for Identifying Business Risks and Opportunities Arising from Ecosystem Change* (http://www.wri.org/publication/corporate-ecosystem-services-review); and, *Ecosystem Services Review for Impact Assessment* (http://www.wri.org/publication/ecosystem-services-review-for-impact-assessment).

World Bank. 2016. Biodiversity offsets: a user guide. Washington, DC: World Bank. http://documents.worldbank.org/curated/en/344901481176051661/Biodiversity-offsets-a-user-guide

# သတင်းရင်းမြစ်များရှိသည့် ရွေးချယ်ထားသော ဝဘ်ဆိုက်များ

AZE (Alliance for Zero Extinction) မျိုးသုဉ်းပျောက်ကွယ်မှု မရှိရေး မဟာမိတ်အဖွဲ့ သည် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအဖွဲ့အစည်းများ၏ ကမ္ဘာလုံးဆိုင်ရာ ကနဦးခြေ လှမ်းတစ်ရပ်ဖြစ်၍ ၊ထိုအဖွဲ့သည် မျိုးသုဉ်းပျောက်ကွယ်လုဆဲဆဲ မျိုးစိတ်များ မျိုးသုဉ်း ပျောက်ကွယ်ခြင်းကို တားဆီးကာကွယ်ရန် အရေးတကြီး ကာကွယ်ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ခြင်းပြုလုပ်ရန် လိုအပ်နေသောနေရာများသတ်မှတ်ပေးသည်။ အသေးစိတ် အချက်အလက်များအတွက် http://www.zeroextinction.org. ကိုဝင်ရောက် ကြည့်ရှုပါ။

BBOP (Business and Biodiversity Offsets Program) စီးပွားရေးလုပ်ငန်းနှင့် ဇီဝမျိုးစုံမျိုးကွဲ အစားထိုးပြန်လည်တည်ဆောက်ပေးခြင်းအစီအစဉ်သည် ဇီဝမျိုးစုံ မျိုးကွဲ အစားထိုးပြန်လည်တည်ဆောက်ပေးခြင်းကို စီမံရေးဆွဲခြင်းနှင့် ကာကွယ်ထိန်းသိမ်းမှု၏ တိုက်ရိုက် သွယ်ဝိုက် အကျိုးရလဒ်များကို တိုင်းတာရန် လမ်းညွှန်ချက်များနှင့် အခြေခံ စည်းမျဉ်းများ ဖော်ပြပေးသည်။ BBOP ၏ online စာကြည့်တိုက်နှင့် အထောက်အကူပြု စာတမ်းများမှတစ်ဆင့် ဇီဝမျိုးစုံမျိုးကွဲ အစားထိုးပြန်လည်တည်ဆောက်ပေးခြင်းများနှင့် ဆက်စပ်အကြောင်းအရာများနှင့်ဆိုင်သော များစွာသော စာအုပ်စာတမ်းများ၊ လမ်းညွှန်ချက်နှင့် ကိုးကားစရာများ ရနိုင်သည်။ https://www.forest-trends.org/bbop/

BirdLife International - ကာကွယ်ထိန်းသိမ်းရေးအဖွဲ့အစည်းများ၏ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သည်။ ထိုပူးပေါင်းဆောင်ရွက်မှုသည် ငှက်များ နေရင်းဒေသများနှင့် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းမှုကို အသားပေးသည်။ BirdLife International က ပုံနှိပ်ထုတ်ဝေသော စာအုပ်စာတမ်းများနှင့် online အချက်အလက်ဘဏ်တို့မှတစ်ဆင့် မျိုးသုဉ်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် ငှက်မျိုးစိတ်များနှင့် ငှက်များကျင်လည်ကျက်စားသည့် အရေးပါသော နယ်မြေများဆိုင်ရာ အချက်အလက်များ ရနိုင်သည်။ IBA ၏ စံသတ်မှတ်ချက်များအတွက် “BirdLife International Data Zone” ကို ကြည့်ပါ။ BirdLife International, Cambridge, U.K. http://datazone.birdlife.org/site/ibacriteria

BSR (Business for Social Responsibility) လူမှုဆိုင်ရာတာဝန်ယူမှုရှိသော စီးပွားရေး အဖွဲ့အစည်းသည် အကျိုးအမြတ်မယူသော ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်၍ ကုမ္ပဏီပေါင်း ၂၅၀ နှင့် အခြားမိတ်ဖက် အဖွဲ့အစည်းများနှင့် ကွန်ရက်တစ်ခု ထူထောင်လုပ်ကိုင်နေခြင်းဖြစ်သည်။ BSR က ပေးအပ်သော သတင်းရင်းမြစ်များမှာ ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများအပေါ် ဆန်းစစ်မှုများနှင့်ဆိုင်သည့် အစီရင်ခံစာများနှင့် အထောက်အကူပြုစာတမ်းများ ဖြစ်ကြသည်။ သတင်းအချက်အလက်အပြည့်အစုံအတွက် http://www.bsr.org ကို ဝင်ရောက်ကြည့်ရှုပါ။

CBD (Convention on Biological Diversity) ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်သည် ၁၉၉၃ ခုနှစ်တွင် အသက်ဝင်ခဲ့သော နိုင်ငံတကာသဘောတူစာချုပ်တစ်ခုဖြစ်သည်။ အောက်ပါအဓိကရည်ရွယ်ချက် ၃ ခု ပါဝင်သည်။ (၁) ဇီဝဗေဒဆိုင်ရာ မတူကွဲပြားမှုများကို ကာကွယ်ထိန်းသိမ်းခြင်း (၂) ဇီဝဗေဒဆိုင်ရာ မတူကွဲပြားမှုအောက်က မျိုးစိတ်များနှင့် ဂေဟစနစ်များကို ရေရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့် (၃) မျိုးရိုးဗီဇ

အရင်းအမြစ်များ အသုံးပြုခြင်းမှ ရရှိသော အကျိုးအမြတ်များကို သင့်တင့်မျှတစွာ မျှဝေခြင်းတို့ဖြစ်သည်။ ထိုနိုင်ငံတကာ သဘောတူစာချုပ်၏ အဓိကအစိတ်အပိုင်းမှာ နိုင်ငံအလိုက် ဇီဝမျိုးစုံမျိုးကွဲဗျူဟာများနှင့် လုပ်ငန်းစီမံချက်များ ပြုစုရန် ကတိကဝတ်ပြုခြင်းဖြစ်သည်။ အဆိုပါ သဘောတူစာချုပ်၊ အတည်ပြုထားသော မှတ်တမ်းများနှင့် အစီအစဉ်များဆိုင်ရာ အချက်အလက်အသေးစိတ်ကို သိရှိနိုင်ရန် https://www.cbd.int ကို ဝင်ရောက်ကြည့်ရှုပါ။

CSBI (Cross-Sector Biodiversity Initiative) ကဏ္ဍများ ကူးလူးဆက်နွယ် ချိတ်ဆက်ထားသည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကနဦးအစီအစဉ်သည် IPIECA, ICMM, the Equator Principles Association, EBRD (European Bank for Reconstruction and Development), IFC (International Financial Corporation), and IDB (Inter-American Development Bank) တို့အကြားတွင် ပူးပေါင်းဆောင်ရွက်သည့်အစီအစဉ်တစ်ရပ်ဖြစ်သည်။ ယံဇာတတူးဖော်ထုတ်လုပ်သော လုပ်ငန်းများတွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ဝန်ဆောင်မှုများနှင့်ဆိုင်သော အလေ့အကျင့်ကောင်းများ ရေးသားပြုစု မျှဝေခြင်းဖြစ်သည်။ အချက်အလက် အသေးစိတ်ကို သိရှိနိုင်ရန် http://www.csbi.org.uk. ကို ဝင်ရောက်ကြည့်ရှုပါ။

FAO (Food and Agriculture Organization) ကမ္ဘာ့ကုလသမဂ္ဂ၏ အစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့သည် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် အထူးကျွမ်းကျင်သည်။ အသေးစိတ်အချက်အလက်များအတွက် http://www.fao.org. ကို ဝင်ရောက်ကြည့်ရှုပါ။

GEO (Group on Earth Observations) ကမ္ဘာမြေစူးစမ်းလေ့လာရေးအဖွဲ့သည် Global Earth Observation System of Systems (GEOSS) စနစ်များစွာကို လွှမ်းခြုံသည့် ကမ္ဘာမြေစူးစမ်းလေ့လာရေး စနစ်တစ်ခုကို ထူထောင်ရန် နိုင်ငံတကာ ပေါင်းစပ်ညှိနှိုင်း ကြိုးပမ်းခြင်း ဖြစ်သည်။ ယင်း၏ ဝဘ်ဆိုက်တွင် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင် ပြောင်းလဲမှုများ စောင့်ကြည့်ဆန်းစစ်ရန်နှင့်ကြိုတင်ခန့်မှန်းရန် အမျိုးမျိုးသော စနစ်များကို ရရှိနိုင်ရန် ပေးအပ်ထားသည်။ GEOSS နှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များအတွက် http://www.earthobservations.org/geoss.shtml . ကို ဝင်ရောက်ကြည့်ရှုပါ။

GISP (Global Invasive Species Programme) ကမ္ဘာလုံးဆိုင်ရာ ထိုးဖောက်ပြန့်ပွား လွယ်သော မျိုးစိတ်များ အစီအစဉ်သည် ထိုးဖောက်ပြန့်ပွားလွယ်သော ပြင်ပမျိုးစိတ်များကြောင့်ဖြစ်ပေါ်သော ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်း၍၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် အပိုဒ် ၈ (ဇ) အကောင်အထည်ဖော်မှုကို အကူအညီပေးသည်။ GISP ၏ ဝဘ်ဆိုက်တွင် အချက်အလက်ဘဏ်များသို့ ချိတ်ဆက်ပေးထားသော ဝဘ်ဆိုက်လိပ်စာများ ပါရှိသည့်အပြင်၊ ထိုးဖောက်ပျံ့ပွားလွယ်သော မျိုးစိတ်များ နှင့်ဆိုင်သော အချက်အလက်များလည်း ပါရှိသည်။ သတင်းအချက်အလက်အသေးစိတ်ရရန် http://www.gisp.org ကို ဝင်ရောက်ကြည့်ရှုပါ။

GloBallast သည် သင်္ဘောများ တည်ငြိမ်မှုရရန် ဝမ်းစာအဖြစ် ဖြည့်သောရေတွင်ပါလာသည့် အန္တရာယ်ရှိ ရေနေသတ္တဝါများနှင့် သေးငယ်သော ဘက်တီးရီးယားများ ရွှေ့ပြောင်းမှုကို လျှော့ချရန် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီရန်နှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း အဖွဲ့အစည်း၏ သင်္ဘောဝမ်းစာအဖြစ်ဖြည့်သော ရေများ

စီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် လိုက်နာကျင့်သုံးရန် ကူညီပေးသည့်အစီအစဉ်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကိုhttp://archive.iwlearn.net/globallast.imo.org/index.html.တွင် ဝင်ရောက် ကြည့်ရှုပါ။

HCV (High Conservation Value) ကာကွယ်ထိန်းသိမ်းမှုတန်ဖိုးမြင့်သော သယံဇာတများ ကွန်ရက်သည် ကာကွယ်ထိန်းသိမ်းမှုတန်ဖိုးမြင့်မားသော နယ်မြေများကို ဆန်းစစ်ရန် လမ်းညွှန်ချက်များ၊ လက်စွဲစာအုပ်များ၊ နည်းလမ်းများနှင့် လေ့လာမှုအချက်အလက်များ ဖော်ပြပေးသည်။ အသေးစိတ်အချက်အလက်များရရန် https://hcvnetwork.org . ကို ဝင်ရောက်ကြည့်ရှုပါ။

IAIA (International Association for Impact Assessment) အပြည်ပြည်ဆိုင်ရာထိခိုက်သက်ရောက်မှုဆန်းစစ်ရေး အဖွဲ့အစည်းသည် Practitioner များ၏ ကွန်ရက်တစ်ခုဖြစ်၍ ထိခိုက်သက်ရောက်မှုဆန်းစစ်ခြင်းဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များကို အားပေးမြှင့်တင်သည်။ IAIA ဝဘ်ဆိုက်သည် ဇီဝမျိုးစုံမျိုးကွဲအားလုံးအပေါ် ထိခိုက်မှုဆန်းစစ်ခြင်းနှင့်ဆိုင်သည့် များစွာသော သတင်းရင်းမြစ်များ ဖော်ပြပေးသည်။ http://www.iaia.org . ကို ဝင်ရောက်ကြည့်ရှုပါ။

IBAT (Integrated Biodiversity Assessment Tool) ဇီဝမျိုးစုံမျိုးကွဲများ ဘက်စုံ ဆန်းစစ်ခြင်းစီမံကိန်းသည် BirdLife International, Conservation International, International Union for Conservation of Nature, and United Nations Environment Programme's World Conservation Monitoring Centre တို့ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းတစ်ခုဖြစ်သည်။ IBAT သည် မျိုးသုဉ်းမည့်အန္တရာယ်ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်များ တွေ့ရှိမှုနှင့်ဆိုင်သော မြေပုံ အခြေခံ သတင်းအချက်အလက်များနှင့် ကာကွယ်ထိန်းသိမ်းရန် ဦးစားပေးမှုမြင့်မားသော နေရာများ- ဥပမာ - သဘာဝကာကွယ်ထိန်းသိမ်းရေးနယ်မြေများနှင့် အဓိကကျသော ဇီဝမျိုးစုံမျိုးကွဲနယ်မြေများကို ဖော်ပြပေးသည်။ အသေးစိတ်အချက်အလက်များရရန် https://www.ibatforbusiness.org ကို ဝင်ရောက်ကြည့်ရှုပါ။

ICMM(International Council on Mining and Metals) သတ္တုတွင်းလုပ်ငန်းနှင့် ဓာတ်သတ္တုများဆိုင်ရာ အပြည်ပြည်ဆိုင်ရာကောင်စီသည် သတ္တုတွင်းလုပ်ငန်းနှင့် ဆိုင်သည့် ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များပေးသည်။ အသေးစိတ် အချက်အလက်များရရန် http://www.icmm.com/en-gb/environment/biodiversity. ကို ဝင်ရောက်ကြည့်ရှုပါ။

IFC၏ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ချက်များကို https://www.ifc.org/wps/wcm/connect/topics_ext_content/ifc_external_corporate_site/sustainability-at-ifc/policies-standards/ehs-guidelines. တွင် ရရှိနိုင်သည်။

IFC ၏ "ပုဂ္ဂလိကကဏ္ဍအတွက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ လမ်းညွှန်စာတမ်း ဇီဝမျိုးစုံမျိုးကွဲသည် မည်သည့်အတွက်ကြောင့်အရေးပါသလဲနှင့် စီးပွားရေးလုပ်ငန်း၏ တန်ဖိုးကို ဇီဝမျိုးစုံမျိုးကွဲများက ဘယ်လို ဖန်တီးပေးသလဲ" ကိုလည်းကြည့်ရှုပါ။ ဤ online လမ်းညွှန်ချက်စာတမ်းသည် ဖွံ့ဖြိုးဆဲဈေးကွက်များတွင် လုပ်ကိုင်နေကြသော

ကုမ္ပဏီများအနေနှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် ကုမ္ပဏီ၏ ထိတွေ့ဆက်ဆံမှုအပိုင်းကို ကောင်းစွာ နားလည်သဘောပေါက်ရန်နှင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များ တိုးတက်ရန်နှင့် ဇီဝမျိုးစုံမျိုးကွဲများမှ အကျိုးကျေးဇူးများရရှိရန် ထိုကိစ္စရပ်များကို မည်သို့ ထိရောက်စွာ ကိုင်တွယ်နိုင်ကြောင်း ရေးသားပြုစုထားခြင်းဖြစ်သည်။ ထိုလမ်းညွှန်စာတမ်းသည် သက်ဆိုင်ရာကဏ္ဍအလိုက် ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု ကိစ္စများနှင့် စပ်လျဉ်းသည့် အသုံးဝင်သော သတင်းရင်းမြစ်တစ်ခုကို ပေးအပ်သည်။ https://www.ifc.org/wps/wcm/connect/topics_ext_content/ifc_external_corporate_site/sustainability-at-ifc/publications/biodiversityguide.

IPIECA(International Petroleum Industry Environmental Conservation Association) အပြည်ပြည်ဆိုင်ရာ ရေနံကဏ္ဍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းတွင် ကဏ္ဍအလိုက် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်၏ ဝန်ဆောင်မှုများ စီမံခန့်ခွဲမှုကို အဓိကအသားပေးဖော်ပြထားသည်။ အသေးစိတ်အချက်အလက်များရရန် http://www.ipieca.org . ကို ဝင်ရောက်ကြည့်ရှုပါ။

IUCN (International Union for Conservation of Nature) သဘာဝထိန်းသိမ်း စောင့်ရှောက်ရေး နိုင်ငံတကာ သမဂ္ဂသည် နိုင်ငံအစိုးရများနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများ အဖွဲ့ဝင်အဖြစ် ပါဝင်၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ဗဟုသုတနှင့် နည်းလမ်းများ ပေးအပ်သည်။ IUCN နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များရရန် https://www.iucn.org ကို ဝင်ရောက်ကြည့်ရှုပါ။ IUCN က ပေးအပ်သော အဓိကသတင်းရင်းမြစ်များတွင် အောက်ပါတို့ပါဝင်သည်။

စီးပွားရေးလုပ်ငန်းနှင့် ဇီဝမျိုးစုံမျိုးကွဲ အစီအစဉ် (Business and Biodiversity Programme) https://www.iucn.org/theme/ business-and-biodiversity;

အဓိကကျသော ဇီဝမျိုးစုံမျိုးကွဲနယ်မြေများ (Key Biodiversity Areas) https://www.iucn.org/resources/conservation-tools/world-database-on-key-biodiversity-areas

သဘာဝကာကွယ် ထိန်းသိမ်းရေးနယ်မြေအုပ်စုများ (Protected Areas Categorization) https://www.iucn.org/theme/protected-areas/about/protected-area-categories;

Red List of Ecosystems, https://iucnrle.org ;

Red List of Threatened Species, http://www.iucnredlist.org;

မျိုးစိတ်များ ရှင်သန်ရေးကော်မရှင် (Species Survival Commission) https://www.iucn.org/species/about/ species-survival-commission.

Millennium Ecosystem Assessment produced *Ecosystems and Human Well-Being: ထောင်စုနှစ်ဂေဟစနစ်ဆန်းစစ်မှုက ထွက်လာသော ဂေဟစနစ်များနှင့် လူသားတို့ဘဝ သာယာဝပြောမှုများ - စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများအတွက် ၂၀၀၆ ခုနှစ်တွင် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ။* ယင်းတို့၏ ဝဘ်ဆိုက်တွင် စုစည်းပေါင်းစပ်ထားသော အစီရင်ခံစာအပြည့်အစုံများ၊ ဂရပ်ပုံ သတင်းအချက်အလက်များ၊

*Powerpoint Presentation* များနှင့် ဗွီဒီယိုများ ရယူနိုင်သော လိပ်စာများ ချိတ်ဆက်ဖော်ပြပေးထားသည်။ အသေးစိတ်အချက်အလက်များရရန် *http://www.millenniumassessment.org* . ကို ဝင်ရောက်ကြည့်ရှုပါ။

Natural Capital Project သဘာဝအရင်းအနှီးစီမံကိန်း - ဂေဟစနစ်၏ ထောက်ပံ့ ဝန်ဆောင်မှုများအပေါ် ဘက်စုံရှုထောင့်စုံမှ တန်ဖိုးတွက်ချက်ခြင်းနှင့် အပေးအယူ ပြုလုပ်ခြင်းများ (InVEST) သည် ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများကို မြေပုံပေါ်တင်ရန်နှင့် တန်ဖိုးဖြတ်ရန်အပြင် သဘာဝသယံဇာတ စီမံခန့်ခွဲမှု ပုံစံအမျိုးမျိုးနှင့် ဆက်စပ်နေသော အပေးအယူပြုလုပ်မှုများကို ဆန်းစစ်ရန် တစ်စုတစ်စည်းတည်းစုထားသော စီမံရေးဆွဲမှုဆိုင်ရာ Online ဆော့ဝဲများ၊ နည်းစနစ်များ၊အသေးစိတ်အချက်အလက်များရရှိရန် http://www.naturalcapitalproject.org . ကို ဝင်ရောက်ကြည့်ရှုပါ။

NatureServe ဝဘ်ဆိုက်သည် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အထောက်အကူပြုရန် မျိုးစိတ်များနှင့် ဂေဟစနစ်များဆိုင်ရာ သိပ္ပံနည်းကျအချက်အလက်များပေးအပ်သည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.natureserve.org . ကို ဝင်ရောက်ကြည့်ရှုပါ။

Plantlife International သည် သစ်ပင်များအတွက် အရေးပါသော နေရာများဆိုင်ရာ အချက်အလက်ဘဏ်တစ်ခုကို ပေးအပ်သည်။ အသေးစိတ်အချက်အလက်များရရန် http://www.plantlifeipa.org/home ကို ဝင်ရောက်ကြည့်ရှုပါ။

Protected Planet သည် IUCN နှင့် ယင်း၏ World Commission on Protected Areas တို့၏ အကူအညီဖြင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးနှင့် စောင့်ကြည့်ဆန်းစစ်ရေးစင်တာက ထိန်းသိမ်းထားသော ကမ္ဘာလုံးဆိုင်ရာ သဘာဝကာကွယ်ထိန်းသိမ်းရေးနယ်မြေ၏ မြေပုံအခြေပြု အချက်အလက်ဘဏ်တစ်ခုဖြစ်သည်။ အသေးစိတ်အချက်အလက်များရရန် https://www.protectedplanet.net. ကို ဝင်ရောက်ကြည့်ရှုပါ။

Ramsar သည် နိုင်ငံတကာ အသိုင်းအဝိုင်းအတွက်အရေးပါသော စိမ့်မြေများဆိုင်ရာ အချက်အလက်များ ဖော်ပြသည်။ အသေးစိတ်အချက်အလက်များရရန် https://www.ramsar.org. ကို ဝင်ရောက်ကြည့်ရှုပါ။

SER (Society for Ecological Restoration International) ဂေဟဗေဒ ပြန်လည် ထူထောင်ရေး နိုင်ငံတကာ အသင်းချုပ်သည် ဂေဟဗေဒဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့်ဆိုင်သည့် သိပ္ပံပညာ၊ အလေ့အကျင့်နှင့် မူဝါဒများကို ခေတ်မီ တိုးတက်စေသည်။ ထိုဝက်ဘ်ဆိုက်သည် ဂေဟဗေဒဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့်ဆိုင်သည့် သတင်းရင်းမြစ်များစွာကို မျှဝေထားသည်။ အသေးစိတ်အချက်အလက်များရရန် http://www.ser.org. ကို ဝင်ရောက်ကြည့်ရှုပါ။

SPE (Society of Petroleum Engineers) ရေနံအင်ဂျင်နီယာများအသင်းသည် ရေနံသဘာဝဓာတ်ငွေ့ကဏ္ဍအတွက် နည်းပညာဆိုင်ရာစာတမ်းများ စုစည်းထားသည့် OnePetro ဟု အမည်ရသော online စာကြည့်တိုက်တစ်ခုကို အထောက်အကူပြုပေးသည်။ ထိုစာကြည့်တိုက်တွင် ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုနှင့်ဆိုင်သော အကြောင်းအရာများ

လည်း ရရှိနိုင်သည်။ အသေးစိတ်အချက်အလက်များရရန် http://www.onepetro.org. ကို ဝင်ရောက်ကြည့်ရှုပါ။

TEEB(The Economics of Ecosystems and Biodiversity) ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ ဘောဂဗေဒ ဝက်ဘ်ဆိုဒ်သည် ဂေဟစနစ်ဝန်ဆောင်မှုများအား အကဲဖြတ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှုအတွက် စီးပွားရေးဆိုင်ရာ နစ်နာဆုံးရှုံးမှုများနှင့် ထိုဆုံးရှုံးမှုများကို လျှော့ချရန် ကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များ စသည်တို့နှင့်ဆိုင်သည့် အစီရင်ခံစာများနှင့် သတင်းရင်းမြစ်များ ထည့်သွင်းထားသည်။ အသေးစိတ်အချက်အလက်များရရန် http://www.teebweb.org. ကို ဝင်ရောက်ကြည့်ရှုပါ။

UNEP (United Nations Environment Programme) ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အောက်က ငွေကြေးဆိုင်ရာ ကနဦးအစီအစဉ်သည် UNEP နှင့် ငွေရေးကြေးရေးကဏ္ဍတို့အကြား ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်အသွင်ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သည်။ အဖွဲ့အစည်းပေါင်း ၁၉၀ ကျော်၊ ဘဏ်များ၊ အာမခံအဖွဲ့အစည်းများနှင့် ရန်ပုံငွေဆိုင်ရာ မန်နေဂျာများအပါအဝင်သည် ငွေကြေးဆိုင်ရာ လုပ်ဆောင်မှုများအတွက် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စဉ်းစားဆင်ခြင်မှုများကို နားလည်သဘောပေါက်စေရန် UNEP နှင့် လက်တွဲဆောင်ရွက်သည်။ လုပ်ငန်းသဘောတူ ပုဂ္ဂိုလ်အဖွဲ့အစည်းများအကြား ချိတ်ဆက်ထားသော ကွန်ရက်များ၊ သုတေသနနှင့် သင်တန်းများဖြင့် ငွေကြေးအဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုအဆင့်အားလုံးတွင် ပတ်ဝန်းကျင်ဆိုင်ရာနှင့် ရေရှည်တည်တံ့ရေးဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များကို ဖော်ထုတ်ရန်၊ အားပေးမြှင့်တင်ရန်နှင့် လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးရန် ဆောင်ရွက်ခြင်းဖြစ်သည်။ အသေးစိတ်အချက်အလက်များရရန် http://www.unepfi.org. ကို ဝင်ရောက်ကြည့်ရှုပါ။

UNEP(United Nations Environment Programme) – WCMC (World Conservation Monitoring Centre) သည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အရေးပါသော A မှ Z အထိ နယ်မြေများ (*A to Z Areas of Biodiversity Importance) ဟုခေါ်သော* online *အချက်အလက်ဘဏ်တစ်ခုကို ထူထောင်ထားသည်။ ထိုအချက်အလက်ဘဏ် သည် အောက်ပါအဓိကအုပ်စုကြီး ၂ ခု အတွင်း ကျရောက်သည်။ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အရေးပါသော နယ်မြေများကို ဦးစားပေးသတ်မှတ်ရန်နှင့် ကာကွယ်ရန် အသိအမှတ်ပြုထားသော စနစ်များကို စုစည်းထားသည်။ (က) နိုင်ငံအဆင့် သို့မဟုတ် ပြည်နယ်/တိုင်းအဆင့် အဖွဲ့အစည်းများနှင့် နိုင်ငံတကာ သဘောတူစာချုပ်များနှင့် အစီအစဉ်များတွင် ထောက်ခံအားပေးထားသော သဘာဝကာကွယ်ထိန်းသိမ်းရေးနယ်မြေဆိုင်ရာ မူဘောင်များ အောက်က နေရာများနှင့် (ခ) တက္ကသိုလ်ကောလိပ်များနှင့် ကာကွယ်ထိန်းသိမ်းရေးအဖွဲ့အစည်းများက ရေးဆွဲပြုစုသော ကမ္ဘာလုံးဆိုင်ရာ ဦးစားပေးသတ်မှတ်ခြင်းအစီအစဉ်များ။* အသေးစိတ်အချက်အလက်များ ရရှိရန်http://www.biodiversitya-z.org. ကို ဝင်ရောက်ကြည့်ရှုပါ။

UNEP (United Nations Environment Programme) – WCMC (World Conservation Monitoring Centre) သည် ပင်လယ်အချက်အလက် ကြည့်ရှုသူ များအား အထောက်အကူပြုသည်။ ရေငန်နှင့် ကမ်းရိုးတန်းဇီဝမျိုးစုံမျိုးကွဲ ကာကွယ် ထိန်းသိမ်းခြင်းနှင့်ဆိုင်သော မြေပုံအခြေပြုအချက်အလက်များ ဖော်ပြပေးသည်။ အသေးစိတ်အချက်အလက်များရရန် http://data.unep-wcmc.org. ကို ဝင်ရောက်ကြည့်ရှုပါ။

WBCSD (World Business Council for Sustainable Development) ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ကမ္ဘာ့စီးပွားရေးကောင်စီသည် ကုမ္ပဏီပေါင်း ၂၀၀ က CEO များ အဖွဲ့ဝင်အဖြစ် ပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာ CEO များ ဦးဆောင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအလေ့အကျင့်သို့ ကူးပြောင်း ဆောင်ရွက်မှု အရှိန်အဟုန်မြင့်တင်ရန်နှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်၏ ထောက်ပံ့ဝန်ဆောင်မှုများ စီမံခန့်ခွဲရေးဆိုင်ရာ သတင်းအချက်အလက်များ ပေးအပ်ရန် အတူပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ အသေးစိတ်အချက် အလက်များရရန် http://www.wbcsd.org. ကို ဝင်ရောက်ကြည့်ရှုပါ။

ZSL (Zoological Society of London) လန်ဒန်မြို့သတ္တဗေဒအသင်းသည် နိုင်ငံအဆင့် ထုတ်ပြန်ထားသော Red List ၏ အချက်အလက်ဘဏ်တစ်ခုကို ထိန်းသိမ်းထားသည်။ ထိုအချက်အလက်များကို https://www.nationalredlist.org. ဝဘ်ဆိုက်မှ ဝင်ရောက် လေ့လာနိုင်သည်။

ZSL (Zoological Society of London) လန်ဒန်မြို့ သတ္တဗေဒအသင်း၏ EDGE of Existence Program သည် သိသာထင်ရှားမှုအရှိဆုံး ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်နှင့် မျိုးသုဉ်းပျောက်ကွယ်မည်ကို စိုးရိမ်နေရသည့် ကမ္ဘာ့အဝှမ်းက မျိုးစိတ်များ (EDGE) ကို ဖော်ထုတ်ရန်နှင့် ကာကွယ်ရန် သိပ္ပံနည်းကျမူဘောင်တစ်ရပ်ကို အသုံးပြုသည်။ အသေးစိတ်အချက်အလက်များရရှိရန် https://www.edgeofexistence.org. ကို ဝင်ရောက် ကြည့်ရှုပါ။

## ရွေးချယ်ထားသော လူသုံးကုန်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲများနှင့် စံသတ်မှတ်ပြုစုသည့် အဖွဲ့အစည်းများနှင့် သတင်းရင်းမြစ်များ

ASC (Aquaculture Stewardship Council) ရေနေသတ္တဝါမွေးမြူရေး ကြီးကြပ်ကွပ်ကဲမှု ကောင်စီသည် တာဝန်ယူမှု ရှိသော၊ မွေးမြူမှုအလေ့အကျင့်များကို ထောက်ခံအသိအမှတ်ပြုသည့် စံနှုန်းတစ်ရပ်ကို အားပေးမြှင့်တင်ပေး သည်။ အသေးစိတ်အချက်အလက်များရရှိရန် https://www.asc-aqua.org. ကို ဝင်ရောက် ကြည့်ရှုပါ။

AWS (Alliance for Water Stewardship) ရေသယံဇာတ ကြီးကြပ်အုပ်ချုပ်မှု မဟာမိတ်အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ ရေသယံဇာတ ကြီးကြပ်အုပ်ချုပ်မှုအစီအစဉ် တစ်ရပ်ကို ထူထောင်ရန် ရည်ရွယ်သည်။ ထိုအစီအစဉ်သည် တာဝန်ယူမှုရှိသော ရေမန်နေဂျာများနှင့် အသုံးပြုသူများအတွက် ပိုမိုတိုးတက်လာသော လူထု၏ ရပ်တည်ချက်နှင့် ယှဉ်ပြိုင်မှုအကျိုးကျေးဇူးများ ရရှိရန် အခွင့်အရေးများ ဖန်တီးပေးခြင်းကာ၊ လုပ်ဆောင်မှုများကို အသိအမှတ်ပြုရန်နှင့် ဆုလာဘ်များ ချီးမြှင့်ရန် ဆောင်ရွက်သည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.allianceforwaterstewardship.org. ကို ဝင်ရောက် ကြည့်ရှုပါ။

BAP (Best Aquaculture Practices) အကောင်းဆုံးရေနေသတ္တဝါ မွေးမြူရေး အလေ့အကျင့်များအား အသိအမှတ် ပြုလက်မှတ်ထုတ်ပေးသည့် စနစ်တစ်ခု ဖြစ်သည်။ ထိုစနစ်သည် ကွင်းဆင်းစစ်ဆေးခြင်းများ၊ စွန့်ထုတ်သည့် ရေဆိုးရေညစ်များကို နမူနာကောက်ယူ၍ အညစ်အကြေးဆိုင်ရာ ထိန်းချုပ်မှုများ၊ ကုစားနိုင်သော ထိန်းချုပ်မှု များနှင့် ခြေရာခံနိုင်စွမ်းရှိခြင်းတို့ကို ပေါင်းစပ်ထားသော အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့် စနစ်တစ်ခု

ဖြစ်သည်။ အသေးစိတ်အချက် အလက်များရရှိရန် http://www.aquaculturecertification.org. ကို ဝင်ရောက် ကြည့်ရှုပါ။

Bonsucro (Better Sugar Cane Initiative) ပိုမိုကောင်းမွန်သော ကြံထုတ်လုပ်မှုဆိုင်ရာ ကနဦးအစီအစဉ်သည် ကြံထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှု များ လျှော့ချရန် ကြိုးပမ်းအားထုတ်သည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.bonsucro.com . ကို ဝင်ရောက် ကြည့်ရှုပါ။

CERFLOR (Brazilian National Forestry Certification Scheme) သည် ဘရာဇီးနိုင်ငံ ၏ သစ်တောဆိုင်ရာ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးသည့် စနစ်တစ်ခု ဖြစ်သည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.inmetro.gov.br/qualidade/cerflor.asp . ကို ဝင်ရောက် ကြည့်ရှုပါ။

CSA Group သည် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ သတင်းအချက်အလက်များအပါအဝင်၊ ကဏ္ဍများစွာအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့် ဝန်ဆောင်မှုများ ပေးအပ်သည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.csa-international.org. ကို ဝင်ရောက် ကြည့်ရှုပါ။

FSC (Forest Stewardship Council) သစ်တောကြီးကြပ်အုပ်ချုပ်မှုကောင်စီသည် သစ်တောဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းမှတစ်ဆင့် ကမ္ဘာ့သစ်တော စီမံခန့်ခွဲမှုအပိုင်းတွင် တာဝန်ယူမှုများကို အားပေးမြှင့်တင်သည်။ အသေးစိတ်အချက်အလက်များရရှိရန် https://ic.fsc.org. ကို ဝင်ရောက် ကြည့်ရှုပါ။

GAA (Global Aquaculture Alliance) ကမ္ဘာလုံးဆိုင်ရာ ရေနေသတ္တဝါမွေးမြူရေး မဟာမိတ်အဖွဲ့သည် အကျိုးအမြတ် မယူသော နိုင်ငံတကာ ကုန်သွယ်ရေးအဖွဲ့တစ်ခုဖြစ်၍ ပတ်ဝန်းကျင်နှင့်ကိုက်ညီသော လူမှုရေးဆိုင်ရာ တာဝန်ယူမှုရှိသော ငါး၊ ပုဇွန်မွေးမြူမှုများ တိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်သည်။ ငါး၊ ပုဇွန် မွေးမြူရေး အကောင်းဆုံးအလေ့အကျင့်များဆိုင်ရာ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသည့် စံနှုန်းများ ရေးဆွဲပြုစုခဲ့သည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.gaalliance.org. ကို ဝင်ရောက် ကြည့်ရှုပါ။

GlobalG.A.P. ကမ္ဘာဒေသအနှံ့အပြားမှ စိုက်ပျိုးထုတ်လုပ်မှုများကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ရန် ဆန္ဒအလျောက်လိုက်နာနိုင်သော စံနှုန်းများသတ်မှတ်ပေးသည်။ အသေးစိတ် အချက်အလက်များရရှိရန် http://www.globalgap.org. ကို ဝင်ရောက် ကြည့်ရှုပါ။

IFOAM (International Federation of Organic Agriculture Movements) Organic စိုက်ပျိုးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာအသင်းချုပ်သည် Organic စိုက်ပျိုးရေး အခြေခံသည့်စနစ်များ လက်ခံကျင့်သုံးမှုကို အားပေးသည်။ အသေးစိတ်အချက် အလက်များရရှိရန် http://www.ifoam.org. ကို ဝင်ရောက် ကြည့်ရှုပါ။

International Trade Centre သည် မှတ်ပုံတင်ထားသည့် သုံးစွဲသူများက ပုဂ္ဂလိကနှင့် ဆန္ဒအလျောက် လိုက်နာနိုင်သော စံနှုန်းများကို နှိုင်းယှဉ် သုံးသပ်နိုင်စေရန် “စံနှုန်းများ ဆိုင်ရာလမ်းပြမြေပုံ” တစ်ခုကို ထိန်းသိမ်းပေးသည်။ အသေးစိတ်အချက် အလက်များရရှိရန် http://www.standardsmap.org. ကို ဝင်ရောက် ကြည့်ရှုပါ။

ISEAL Alliance သည် လူမှုဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများအတွက် ကမ္ဘာ့အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့် "အလေ့အကျင့်ကောင်း ပြဋ္ဌာန်းချက်များ"ကို အားပေးမြှင့်တင်၍ ဆန္ဒအလျောက် စံနှုန်းများ ရေးဆွဲလိုက်နာသည့်စနစ်များ သတ်မှတ်ခြင်းနှင့် ပေါ်ထွက်လာစေရေးအတွက် လုပ်ကိုင်နေသည်။ အသေးစိတ် အချက်အလက်များရရှိရန် http://isealalliance.org/code. ကို ဝင်ရောက် ကြည့်ရှုပါ။

ISO (International Organization for Standardization) စံချိန်စံညွှန်းသတ်မှတ်ရေး နိုင်ငံတကာအဖွဲ့အစည်းသည် လွတ်လပ်အမှီအခိုကင်းသော အစိုးရမဟုတ်သည့် ကမ္ဘာ့အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထိုအဖွဲ့အစည်းသည် ဆန္ဒအလျောက် လိုက်နာနိုင်သော စံနှုန်းများ ပြုစုထုတ်ပြန်၍၊ နိုင်ငံအဆင့် စံချိန်စံညွှန်းအဖွဲ့အစည်း ၁၆၄ ဖွဲ့က အဖွဲ့ဝင်အဖြစ် ပါဝင်ထားကြသည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.iso.org/iso/standards development.htm. ကို ဝင်ရောက် ကြည့်ရှုပါ။

Leonardo Academy သည် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအလေ့အကျင့်များ ရေးဆွဲပြုစုသော အဖွဲ့အစည်းများကို ကူညီသည်။ ရေရှည် ဖွံ့ဖြိုးတိုးတက်သော စံနှုန်းများနှင့် ကိုးကားရန် စာကြည့်တိုက်တို့သည် ထိုအဖွဲ့အစည်း၏ ကြိုးပမ်းမှုများအနက် ထင်ရှားသောအရာများဖြစ်သည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.leonardoacademy.org/programs/standards/agstandard/development.html and https://sites.google.com/a/leonardoacademy.org/sustainableag-referencelibrary/standards .ကို ဝင်ရောက် ကြည့်ရှုပါ။

MSC (Marine Stewardship Council) ရေငန်ငါးလုပ်ငန်း ကြီးကြပ်အုပ်ချုပ်မှုကောင်စီသည် ရေ ငန်ငါးလုပ်ငန်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသည့်အစီအစဉ်တစ်ခုနှင့် သဘာဝပတ်ဝန်းကျင်နှင့်ညီညွတ်သော ပင်လယ်စာဟုသည့် အညွှန်းစာသားတံဆိပ်ကို အားပေးမြှင့်တင်သည်။ ရေရှည်တည်တံ့သော ငါးဖမ်းယူမှု အလေ့အကျင့်များကို အသိအမှတ်ပြုသည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.msc.org. ကို ဝင်ရောက် ကြည့်ရှုပါ။

PEFC (Programme for the Endorsement of Forest Certification) သစ်တောဆိုင်ရာ သက်သေခံလက်မှတ်ကို အသိအမှတ်ပြုသည့် အစီအစဉ်သည် အသေးစားသစ်တော ပိုင်ရှင်များအတွက် သစ်တောဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.pefc.org/. ကို ဝင်ရောက် ကြည့်ရှုပါ။

Rainforest Alliance မိုးသစ်တောမဟာမိတ်အဖွဲ့သည် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းနှင့် အာမခံခြင်းအပြင် စိုက်ပျိုးရေး၊ သစ်တောနှင့် ခရီးသွားလုပ်ငန်းများအတွက် သတင်းအချက်အလက်များ ကူညီပေးသည်။ အသေးစိတ်အချက် အလက်များရရှိရန် https://www.rainforest-alliance.org/business/solutions/sourcing/# ကို ဝင်ရောက် ကြည့်ရှုပါ။

RSB (Roundtable on Sustainable Biofuels) ရေရှည်တည်တံ့သော ဇီဝလောင်စာများ ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲသည် နိုင်ငံတကာ အစီအစဉ်တစ်ခုဖြစ်ပြီး ထိုအစီအစဉ်က လယ်သမားများ၊ ကုမ္ပဏီများ၊ အစိုးရမဟုတ်သော

အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများ၊ အစိုးရကိုယ်စားလှယ်များကို ဖိတ်ခေါ်၍ ဇီဝလောင်စာ ထုတ်လုပ်မှုနှင့် ပြုပြင်စီမံမှုလုပ်ငန်းများ ရေရှည်တိုးတက်ဖြစ်ပေါ်စေရေးကိစ္စများကို ဆွေးနွေးစေသည်။ အသေးစိတ်အချက်အလက်များရရှိရန် http://rsb.org. ကို ဝင်ရောက် ကြည့်ရှုပါ။

RSPO (Roundtable on Sustainable Palm Oil) ရေရှည်တည်တံ့သော ဆီအုန်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲသည် အကျိုးအမြတ်အတွက်မဟုတ်သော အစီအစဉ်တစ်ခုဖြစ်ပြီး ဆီအုန်းလုပ်ငန်း ကဏ္ဍ (၇) ခုမှ ပတ်သက်ဆက်နွယ်သူများကို စုစည်းပေးသည်။ ယင်းတို့မှာ ဆီအုန်းထုတ်လုပ်သူများ၊ ပြုပြင်စီမံသူများ သို့မဟုတ် ကုန်သည်များ၊ စားသုံးကုန်ထုတ်လုပ်သူများ၊ လက်လီရောင်းချသူများ၊ ဘဏ်များ/ ရင်းနှီးမြှုပ်နှံသူများ နှင့် အစိုးရမဟုတ်သော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာအဖွဲ့အစည်းများ (NGOs) ဖြစ်ကြသည်။ အဆိုပါ ပတ်သက်ဆက်နွယ်သူများသည် ရေရှည်တည်တံ့သော ဆီအုန်းလုပ်ငန်းဖြစ်စေရန် ကမ္ဘာလုံးဆိုင်ရာ စံချိန်စံညွှန်းများ ရေးဆွဲချမှတ် ကျင့်သုံးကြရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.rspo.org. ကို ဝင်ရောက် ကြည့်ရှုပါ။

RTRS(Round Table on Responsible Soy) ရေရှည်တည်တံ့သော ပဲပိစပ်ထုတ်ကုန်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲသည် အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာ့အဆင့် ပဲပိစပ်ထုတ်ကုန်များကို ထုတ်လုပ်ခြင်း၊ ပြုပြင်စီမံခြင်းနှင့် ကုန်သွယ်ခြင်းတို့တွင် တာဝန်ယူမှုကို အားပေးမြှင့်တင်သည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.responsiblesoy.org. ကို ဝင်ရောက် ကြည့်ရှုပါ။

SFI (Sustainable Forestry Initiative). ရေရှည်တည်တံ့သော သစ်တောအစီအစဉ်သည် နိုင်ငံတကာအသိအမှတ်ပြုသော ရေရှည်တည်တံ့သော သစ်တောဆိုင်ရာ အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးသည့် အစီအစဉ်တစ်ခုကို ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်သည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.sfiprogram.org. ကို ဝင်ရောက် ကြည့်ရှုပါ။

SFI သည် ဆန္ဒအလျောက် ဆောင်ရွက်မှုများကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့် အစီအစဉ်တစ်ရပ်ဖြစ်သည်။ အသေးစိတ်အချက်အလက်များရရှိရန် http://www.sfiprogram.org. ကို ဝင်ရောက် ကြည့်ရှုပါ။

2BSvs ထိုအစီအစဉ်သည် ကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြုသည့် biomass များ ရေရှည်တည်တံ့နိုင်ရန် ယူဆတောင်းဆိုမှုများနှင့် ထို biomass များမှ ဇီဝလောင်စာ ထုတ်လုပ်ခြင်းတို့နှင့်ဆိုင်သည့် အစီအစဉ်ဖြစ်သည်။ ဥရောပ လမ်းညွှန်ချက် 2009/28/EC ပါ စံနှုန်းများကို လိုက်နာသည်။ ထိုလမ်းညွှန်ချက်ကို 2015/1513 လမ်းညွှန်ချက်ဖြင့် ပြင်ဆင်ထားသည်။ အသေးစိတ်အချက်အလက်များရရှိရန် https://www.2bsvs. org. ကို ဝင်ရောက် ကြည့်ရှုပါ။

International Finance Corporation
Room 20-12-13, 20th Floor Sule Square
221 Sule Square Pagoda Road, Kyauktada
Township
Yangon 11182, Myanmar
Tel : +95 1 925 5020
Fax : +95 1 925 5021

https://www.ifc.org/hydroadvisory
https://www.ifc.org/sustainability

IFC International Finance Corporation WORLD BANK GROUP

*Creating Markets, Creating Opportunities*